# တာရာမင်းဝေ

၁၉၆၆–၂၀၀၇



## အမှတ်တရစာစုများ

အောင်ဇင် စီစဉ်သည်

ဩဂုတ်၊ ၂၀၀၉

# တဘရှဘမင်း ၈ဝ

အ မှ တ် တ ရ စ ာ စု မျ ား

## စာအုပ်မှတ်တမ်း

စာအုပ်အမည်
တာရာမင်းဝေ အမှတ်တရ စာစုများ

စီစဉ်သူ
အောင်ဒင်

စောင်ရေ
၅၀၀

တန်ဖိုး
စိတ်ဝင်စားလို့ ဖတ်ချင်သူများထံ မေတ္တာဖြင့်ပေးတဲ့ လက်ဆောင်၊ ရောင်းရန်မဟုတ်။

ထုတ်ဝေကာလ
၂၀၀၉ ဩဂုတ်

မျက်နှာဖုံး နှင့် နောက်ကျောဖုံး ပန်းချီဒီဇိုင်း
သန်းဌေးမောင်

အတွင်း ပန်းချီကားများ
ထိန်လင်း [www.hteinlin.com]
မုတ်သုန်
မောင်နိုး
ဘိုဘိုထွန်း

ထုတ်ဝေ၊ ဖြန့်ချိ အွန်လိုင်း
မိုးမခ မာလ်တီမီဒီယာ စာနယ်ဇင်းအဖွဲ့ [www.moemaka.com]
PO Box 320-207 San Francisco CA USA 94132-0207

စာမျက်နှာ အပြင်အဆင်
ကိုဦး၊ မသဉ္ဇာ

ပါဝင်ရေးသားကြသူများ
အောင်ဒင်၊ ရွှေဘုန်းလူ၊ တာရာမင်းဝေ၊ မင်းကိုနိုင်၊ ခေလွန်း၊ ကိုဖြိုး၊ မိုးလှိုင်ညာ၊ ညိမ်းညို၊ ပန်ဒိုရာ၊ စန်းစန်းတင်၊
နွေဆူးလက်ာ၊ ထိုက်သူနိုင်၊ မောင်အိုး၊ အောင်ဝေး၊ နေဘုန်းလတ်၊ ထင်မင်းမင်းလတ်၊ ခက်မာ၊ ဘိုကြည်၊
စိုးထက်ခိုင်၊ မေငြိမ်း၊ မင်းဇင်၊ မြင့်စိုး၊ ပန်းချီ ထိန်လင်း၊ မင်းလွင်၊ မောင်စွမ်းရည်၊ မောင်ရစ်

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အပိုင်း (၁)<br>ကျနော်နဲ့ ကဗျာရေးသော လူတယောက်အကြောင်း (သို့မဟုတ်)<br>ရွှေဘုန်းလှူ (သို့မဟုတ်) တာရာမင်းဝေ | ၁၂ |
| ၂။ | အပိုင်း (၂)<br>ရွှေဘုန်းလှူရဲ့ ၁၉၈၈ အရေးတော်ပုံကာလမှာရေးခဲ့တဲ့ တော်လှန်ရေး ကဗျာ ၄ ပုဒ် | ၂၇ |
| | (၁) ကျောင်းဖွင့်ချိန် | ၂၉ |
| | (၂) ကျောင်းသား အတ္တုပ္ပတ္တိ | ၃၇ |
| | (၃) ဥဒါန်း | ၄၃ |
| | (၄) မျှော် | ၄၅ |
| ၃။ | အပိုင်း (၃)<br>တာရာမင်းဝေရဲ့ ကဗျာရှည် ၃ ပုဒ် | ၄၇ |
| | (၁) ခေါင်းလောင်းသံ စာတမ်း | ၄၉ |
| | (၂) သစ္စာတရားအတွက် မီးအိမ်တလုံးနှင့် | ၅၉ |
| | (၃) မီးတောက် ရစ်သမ် | ၇၁ |
| ၄။ | အပိုင်း (၄)<br>ဈာပန မှတ်တမ်းဓာတ်ပုံများ | ၈၂ |
| ၅။ | အပိုင်း (၅)<br>တာရာမင်းဝေ အမှတ်တရ ကဗျာများ | ၉၅ |
| | (၁) ကြယ်ကြွေ သတို့သား (မင်းကိုနိုင်) | ၉၇ |
| | (၂) တာရာမင်းဝေသို့ အလွမ်း (အောင်ဒင်) | ၉၈ |

(၃) ထာဝရ အိပ်ပျော်သွားတဲ့ကြယ် (ခေလွန်း) ၁၀၀
(၄) လူမိုက်များနှင့် ခွဲခွာခြင်း (ကိုဖြိုး) ၁၀၁
(၅) မှော်သားမီးလျှံ (မိုးလှိုင်ည) ၁၀၃
(၆) လွှမ်းဆွတ်ကြယ် (ညိမ်းညို) ၁၀၄
(၇) တာရာကြွေတဲ့ည (ပန်ဒိုရာ) ၁၀၅
(၈) တာရာမင်းဝေ (စန်းစန်းတင်) ၁၀၆
(၉) ထာဝရလင်းမယ့် တာရာသို့ (နွေဆူးလင်္ကာ) ၁၀၇
(၁၀) ရွှေဘုန်းလူ (သို့မဟုတ်) တာရာမင်းဝေနဲ့ နယ်စည်းမခြား ကဗျာများ (ထိုက်သူနိုင်) ၁၀၉
(၁၁) အဝေးက ပန်းချီကား (မောင်အိုး) ၁၁၀
(၁၂) လုလင်ကြယ် (အောင်ဝေး) ၁၁၃

၇။ အပိုင်း (၆)
တာရာမင်းဝေ အမှတ်တရ စာစုများ ၁၁၅

(၁) မိုးခေါင်တဲ့လောကမှာ အကို့ကိုယ်စား ကျနော်တို့ (နေဘုန်းလတ်) ၁၁၇
(၂) ကျနော်မသိသော တာရာမင်းဝေ (ထင်မင်းမင်းလတ်) ၁၁၉
(၃) နှုတ်ဆက်ခြင်း (ခက်မာ) ၁၂၀
(၄) ရွှေဘုန်းလူကို သတိရခြင်း (ဘိုကြည်) ၁၂၉
(၅) ငရဲခန်းက ခြင်္သေ့ (စိုးထက်ခိုင်) ၁၃၃
(၆) ကြယ်ကြွေတပွင့် ... (မေငြိမ်း) ၁၃၇
(၇) ကိုရွှေဘုန်းလူ နှင့် တလှေတည်းစီး (မင်းဇင်) ၁၄၃
(၈) တာရာမင်းဝေ (သို့မဟုတ်) မြားထက်မြင့်အောင် ပျံတဲ့ငှက် (မြင့်စိုး) ၁၅၃
(၉) ပန်းခေတ်က လမင်းသို့ လွမ်းချင်း (ပန်းချီ ထိန်လင်း) ၁၆၁
(၁၀) ညီလေးမွန် အလည်လာတုန်းက (မင်းလွင်) ၁၇၁
(၁၁) တာရာမင်းဝေ နဲ့ သူ့မွေးစားအဖေအကြောင်း (မောင်စွမ်းရည်) ၁၇၉
(၁၂) ၈၈ ထဲက တယောက် (မောင်ရစ်) ၁၈၃

ကျေးဇူးမှတ်တမ်း ၁၈၇



“လမ်းတူသူများချင်းသာ
ဒဏ်ရာကို ပြုစု
သွေးတိတ်အောင် ကုသလို့
ဒို့နောက်က လူတွေလည်း
သတိရနေကြဦးတော့မယ် … ”

အောင်ချိမ့်

## ရွှေဘုန်းလူ (တာရာမင်းဝေ)
## (၁၉၆၆ – ၂၀ဝ၇)
## အတ္ထုပ္ပတ္တိ အကျဉ်း

အမည်ရင်းမှာ ချစ်ညီညီဖြစ်သည်။ ၁၉၆၆ စက်တင်ဘာ ၁၃ ရက်နေ့ ရန်ကုန်မြို့တွင် ဖခင် (ဦးကျော်ရှိန်) မိခင် ဒေါ်လှကြည် တို့က မွေးဖွားသည်။ မောင်နှမများအဖြစ် အကို ချစ်ကိုကို (အောင်ဒင်၊ U.S. Campaign for Burma, USA) နှင့် ညီမ ခင်စန္ဒာမိုး တို့ ဖြစ်သည်။ ၁၉၈၆–၈၇ တွင် အထက (၂) ရန်ကင်းမြို့နယ်က ၁၀ တန်းကို မြန်မာစာဂုဏ်ထူးဖြင့် အောင်မြင်ပြီး ၁၉၈၈ တွင် ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေတွင် အင်္ဂလိပ်စာအဓိက နှင့် ပညာသင်ကြားခဲ့သည်။

၁၉၈၈ လူထုအရေးတော်ပုံကြီးတွင် ကျောင်းသားတဦးအဖြစ် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ပြီး ၁၉၈၈ ဒီဇင်ဘာ – ဗကသများအဖွဲ့ချုပ်တွင် ဗဟိုကော်မီတီဝင်တယောက်အဖြစ် ဆောင်ရွက်ခဲ့သည်။ နိုင်ငံရေး လှုပ်ရှားမှုများကြောင့် ၁၉၉၀ မှ ၁၉၉၄ ခုနှစ်အထိ အကျဉ်းချခံခဲ့ရပြီး ၂၀ဝ၅ ခုနှစ် မေလတွင်လည်း မိသားစုနှင့်အတူ ယာယီ အထိန်းသိမ်းခံခဲ့ရသည်။

အရေးအခင်းကာလအတွင်း ရွှေဘုန်းလူ အမည်ဖြင့်'ကျောင်းဖွင့်ချိန်' ကဗျာရှည်မှာ ထင်ရှားသည်။ အလားတူ အခြားထင်ရှားသော တော်လှန်ရေးကဗျာများရေးသားသူ ကျောင်းသားခေါင်းဆောင်တဦး အဖြစ် သိရှိကြသည်။

ထောင်မှ လွတ်မြောက်လာပြီး 'တာရာမင်းဝေ' ကလောင်အမည်ကိုခံယူပြီး စာရေးဆရာ ကဗျာ ဆရာတဦးအဖြစ် စာပေလောကတွင် စတင်ရပ်တည်ခဲ့ရာ ၁၉၉၄ ရင်ခုန်သံမဂ္ဂဇင်းတွင် 'လေစီးကြောင်း ထဲမှ လူများ' သည် ၎င်း၏ ပထမဦးဆုံး စာမူဖြစ်သည်။

၁၉၉၅ ခုနှစ် 'စာပေဂျာနယ်'မဂ္ဂဇင်းတွင်ဖော်ပြခဲ့သော 'အာလူးစားသူများ' ဝတ္ထုတိုဖြင့် ဖြူး မိတ်ဆွေများ စာပေဆု ရရှိခဲ့သည်။ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာနှင့် ဆောင်းပါးများစွာရေးသားခဲ့ပြီး ၎င်း၏ အချို့သော ဝတ္ထုများကို ဗီဒီယိုရုပ်ရှင်များ ရိုက်ကူးခဲ့သည်။ မောင်ယော နှင့် စန်တီယာဂို ကလောင်ခွဲ တို့ဖြင့် စာပေဝေဖန်ရေးဆောင်းပါးများ ရေးသားခဲ့သည်။


ယင်းတို့အနက် မောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူး၍ ဒွေး၊ နန္ဒာလှိုင်တို့ သရုပ်ဆောင်ထားသော 'ကောင်းကင်အကြွေ ကောက်တဲ့လက်'၊ ဒါရိုက်တာ လွင်မင်း ရိုက်ကူးပြီး နေတိုး၊ အိန္ဒြာကျော်ဇင်

တို့ သရုပ်ဆောင်ထားသည့် 'တကိုယ်တော်ရေးတဲ့ ကကြီးခခွေး' တို့ ထင်ရှားသည်။ ဒါရိုက်တာ မောင်သုရ (ဇာဂနာ) ရိုက်ကူးခဲ့သည့် 'မြင်းစီးထွက်သော အိပ်မက်များ' ရုပ်ရှင်မှာမူ မြန်မာပြည်တွင်း၌ ပြသခွင့် မရရှိခဲ့ပါ။

၂၀၀၇ ဩဂုတ်လ ၅ ရက်နေ့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး (ကွာရှင်း) မနော်ဟရီ (စာရေးဆရာမ) နှင့် သား ခေတ်နေ တို့ ကျန်ရစ်ခဲ့သည်။

တာရာမင်းဝေ ရေးသားထုတ်ဝေခဲ့သည့် လုံးချင်းစာအုပ်များကို လက်လှမ်းမီသမျှ ဖော်ပြလိုက်ပါသည်။

၁။ ပန်းခေတ်က လမင်း
၂။ အရှေ့မြို့ရိုးမှ မိုးရေစက်များ
၃။ လူငယ်တယောက်ရဲ့ကျောက်ထွင်းရာဇဝင်
၄။ ပြာ
၅။ ပန်းလက်ဖဝါးမှာ ပါးအပ်ခွင့်မရှိတဲ့ ကောင်မလေး
၆။ ကျနော်နှင့် ဒေင်ကချေသည်
၇။ ကျနော်နှင့် ကြေးသွန်းယဉ်ကျေးမှု
၈။ ကျနော်နှင့် ကြယ်မြင်လမြင် လောကမံ
၉။ နတ်ပျိုမအတွက် ပန်း (ဒီဇင်ဘာ ၂၀၀၀)
၁၀။ ကိုယ့်လက်နဲ့ ဖမ်းမိတဲ့ နဂါးငွေ့တန်း (အောက်တိုဘာ ၂၀၀၂)
၁၁။ မိုးခေါင်လို့ တီးတဲ့ဗုံသံ (ဇူလိုင် ၂၀၀၄)
၁၂။ ပြိုင်မြင်းတို့ရဲ့ ခွာသံ (ဇန်နဝါရီ ၂၀၀၅) ဒုတိယအကြိမ်
၁၃။ ကျနော်တူးဖော်ခဲ့သည့် မြေစိုင်မြေခဲများ အကြောင်း (စက်တင်ဘာ ၂၀၀၅)
၁၄။ ရွှေဖိနပ်မှာ အစိမ်းရောင်ကြက်ခြေခတ်နဲ့ကောင်မလေး (ဇန်နဝါရီ ၂၀၀၆) တတိယအကြိမ်
၁၅။ ကောင်းကင်အကြွေ ကောက်တဲ့လက် (ဇန်နဝါရီ ၂၀၀၆)
၁၆။ ဘယ်ဘက်လက်ထဲမှာ ဖုက်ထားတဲ့ပုံပြင် (ဇွန် ၂၀၀၆)
၁၇။ အာလာဒင် မသိလိုက်တဲ့ မီးခွက် (ဇူလိုင် ၂၀၀၆)
၁၈။ ကျွန်းတော်မှ အပြန် (ဩဂုတ် ၂၀၀၆)
၁၉။ ဝင်္ကပါကို ဖွင့်တဲ့သော့ (စက်တင်ဘာ ၂၀၀၆)
၂၀။ မြင်းစီးထွက်သော အိပ်မက်များ (နိုဝင်ဘာ ၂၀၀၆)
၂၁။ မနက်ဖြန်ခါမှာ ထားခဲ့တဲ့မျက်နှာ (နိုဝင်ဘာ ၂၀၀၆)
၂၂။ ငါသည်သာ ပန်းဖြစ်၍ နောက်တကြိမ် ပြန်ပွင့်ခွင့်ရခဲ့သော် (ဒီဇင်ဘာ ၂၀၀၆) ဒုတိယအကြိမ်
၂၃။ ကျနော်နှင့် ဆောင်းရာသီဒဿန (ဇန်နဝါရီ ၂၀၀၇)
၂၄။ ကိုယ်ရေးကိုယ်တာ ပုရပိုက် (ဖေဖော်ဝါရီ ၂၀၀၇)
၂၅။ အလံမထူခဲ့သော လက်များ (မေ ၂၀၀၇)
၂၆။ သင်နှင့်နံနက်ခင်းကိုသာ ဝင်ခွင့်ပြုမည် (ဇွန် ၂၀၀၈) တတိယအကြိမ်
၂၇။ သူ့အိုးပုတ်ကလေးကို ကျနော် ပြန်မပေးပါ (ဇူလိုင် ၂၀၀၇)




မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချိသည်။

# အပိုင်း ( ၁ )

## ကျနော်နဲ့ ကဗျာရေးသော လူတယောက်အကြောင်း (သို့မဟုတ်) ရွှေဘုန်းလူ (သို့မဟုတ်) တာရာမင်းဝေ




# ကျနော်နဲ့ ကဗျာရေးသော လူတယောက်အကြောင်း (သို့မဟုတ်) ရွှေဘုန်းလူ (သို့မဟုတ်) တာရာမင်းဝေ

**အောင်ဒင်**

## (၁)

ကျနော့်ကိုမွေးပြီး ၄ နှစ်လောက်အကြာမှာ မေမေက ကျနော့်အတွက် ညီငယ်လေးတယောက် ထပ်မံမွေးဖွားပေးပါတယ်။ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာ လ ၁၃ ရက်၊ အင်္ဂါနေ့မှာပါ။ သူ့ကို မွေးဖွားတော့ လျှင်မလှုပ်ပါဘူး၊ လေကြီးမိုးကြီး မကျပါဘူး၊ မိုးကြိုးတွေလည်း မပစ်ပါဘူး၊ အရာခပ်သိမ်းက ပုံမှန်အတိုင်းပါပဲ။ ကျနော်တို့မိသားစုမှာ လူကလေးတယောက် တိုးတာကလွဲလို့ပေါ့။ မြန်မာနိုင်ငံကတော့ ဗိုလ်ချုပ်နေဝင်း ဦးဆောင်တဲ့ စစ်အုပ်စိုးမှုအောက်ရောက်တာ ၄ နှစ်ကျော်ခဲ့ပါပြီ။

ကျနော့်မိဘများက အမဝမ်းကွဲတယောက်ရဲ့စကားကိုနားယောင်ပြီး ကျနော့်ကို 'ချစ်ကိုကို' လို့ အမည်ပေးထားတာမို့ သူ့ကိုလည်း လွယ်လွယ်ကူကူပဲ 'ချစ်ညီညီ' လို့ အမည်ပေးလိုက်ကြပါတယ်။ မေမေက ကျနော့်ကို 'သားကြီး' လို့ခေါ်ပြီး သူ့ကိုတော့ 'သားငယ်လေး' လို့ ခေါ်ပါတယ်။ ဒီလိုနဲ့ သူ့ရဲ့ အိမ်နာမည်က အငယ်လေး ဖြစ်လာပါတယ်။ သူကလည်း စကားပြောရင် သူ့ကိုယ်သူ "ငယ်ငယ်" လို့ သုံးလေ့ရှိပါတယ်။

မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချိသည်။

နောက် ၂ နှစ်အကြာ ညီမအငယ်ဆုံးကိုမွေးတော့ ကျနော်က ၆ နှစ်သားရှိပြီး ဝတ္ထုစာအုပ်တွေ စဖတ်နေပါပြီ။ စာရေးဆရာ မိုးဝေ ရဲ့ စုံထောက်ဝတ္ထုတွေဖတ်ပြီး အလွတ်စုံထောက် တင်မောင်ဆွေနဲ့ သူ့ရဲ့လက်ထောက် မိုးစန္ဒာတို့ကို သဘောကျနေချိန်မို့ ညီမလေးကို 'ခင်စန္ဒာမိုး' လို့ အမည်ပေးလိုက်နိုင်ပါတယ်။ ကျနော်များလက်ဦးမှုမရခဲ့ရင်ဖြင့် ညီမလေးခမျာ 'ချစ်မမ' ဖြစ်လာစရာအကြောင်းရှိပါတယ်။

သားသမီး ၃ ယောက်ရှိရင် အကြီးဆုံးနဲ့ အငယ်ဆုံးက မိဘမေတ္တာပိုရပြီး အလတ်က မိဘမေတ္တာချို့တဲ့တယ်လို့ပြောကြတာ ကြားဖူး၊ တွေ့ဖူးပါတယ်။ ကျနော်တို့မိသားစုမှာတော့ အဲဒီလို မဟုတ်ပါ။ အလတ်ဖြစ်တဲ့ သူဟာ မိဘနှစ်ပါးစလုံးရဲ့ အချစ်ဆုံး နဲ့ အလိုလိုက် အခံရဆုံးပါ။ အကြီးဆုံး ကျနော်နဲ့ အငယ်ဆုံး ညီမလေးတို့ကတော့ အဆူခံရဆုံးနဲ့ မိသားစုတာဝန်တွေကို အများဆုံး မျှဝေယူရသူတွေဖြစ်ခဲ့ပါတယ်။

## (၂)

ကျနော်တို့မောင်နှမ ၃ ယောက်စလုံး တောင်ဥက္ကလာပမြို့နယ် ၉ ရပ်ကွက်က အမှတ် (၁၀) အခြေခံပညာ မူလတန်းကျောင်းမှာ သူငယ်တန်းကနေ လေးတန်းအထိ ပညာသင်ကြားခဲ့ရပါတယ်။ ကျနော်က ငါးတန်းတနှစ်ကို တောင်ဥက္ကလာပမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း အမှတ် (၃)မှာနေခဲ့ရပြီး ၆ တန်းကနေ ၁၀ တန်းအထိ ရန်ကင်း အထက (၂) စိန့်မိုက်ကယ်မှာ တက်ခဲ့ပါတယ်။ ဒါကြောင့်လည်း ကျနော့် ညီနဲ့ ညီမပါ ရန်ကင်း အထက (၂) ကျောင်းသားတွေ ဖြစ်လာခဲ့ကြပါတယ်။

ရွှေဘုန်းလူဟာ ငယ်ငယ်တုန်းကတော့ စာတော်တဲ့ ကျောင်းသားတယောက်ပါ။ အတန်းထဲမှာ ထိပ်ဆုံးမှာရှိပြီး ပထမ၊ ဒုတိယ၊ တတိယ ဆုတွေ စာမေးပွဲတိုင်းမှာ ရခဲ့တာပါ။ တတန်းပြီး တတန်းမှန်မှန်အောင်ခဲ့ပေမယ့် ၁၀ တန်းမှာ တစ်နေပါတော့တယ်။ ၁၀ တန်းစာမေးပွဲကို လေးကြိမ်၊ ငါးကြိမ်လောက်ဖြေရပြီး နှစ်ကြိမ်ဖြေရတဲ့ ညီမလေးထက် တနှစ်နောက်ကျပြီး ၁၉၈၆–၈၇ စာသင်နှစ်ကျမှပဲ ၁၀ တန်းကို မြန်မာစာဂုဏ်ထူးနဲ့ အောင်ပါတယ်။ ၁၉၈၈ မတ်လအရေးအခင်းဖြစ်ချိန်မှာ ကျနော်က ရန်ကုန်စက်မှုတက္ကသိုလ်မှာ စက်မှုအင်ဂျင်နီယာ နောက်ဆုံးနှစ်၊ ညီမလေး က ဓာတုဗေဒ အဓိက ဒုတိယနှစ်နဲ့ ရွှေဘုန်း က အင်္ဂလိပ်စာ အဓိကနဲ့ ပထမနှစ်၊ ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေမှာ ကျောင်းတက်နေကြတာပါ။

အဲဒီလို ၁၀ တန်းစာမေးပွဲ တဖုန်းဖုန်းကျရတာနဲ့ပတ်သက်ပြီး ဖေဖေ က မှတ်ချက်ချပါတယ်။ "ကဗျာ ရေးလို့ ..." တဲ့၊ ဒါလည်း မှန်နိုင်ပါတယ်။ သူ အလယ်တန်း ကျောင်းသားဘဝမှာကတည်းက ကဗျာတွေ ရေးနေပါပြီ။ ရေးတော့လည်း မြန်မာစာ ကဗျာညွန့်ပေါင်းကျမ်းကြီးတွေကို အသေအချာ ဖတ်ရှုလေ့လာ ပြီးရေးတာပါ။ ရေးကဗျာ ရေးဟန်များကိုအတုယူပြီး လေးချိုးတွေ၊ ဒွေးချိုးတွေ၊ အိုင်ချင်းတွေ၊ ရတုတွေ ရေးနိုင်ပါတယ်။ အဲဒီခေတ်က လူကြိုက်များတဲ့ သုံးကြောင်း ကဗျာလေးတွေ ရေးပါတယ်။ အဲဒီခေတ်က ရုပ်ရှင်ကြေးမုံ တို့၊ ဂီတပဒေသာ တို့၊ ယုဝတီ၊ ဂီတ သတင်းစဉ်စတဲ့ ဂျာနယ်တွေမှာ ဖော်ပြခံရပါတယ်။ စာမူခ မရပါ။ စာစောင်ကို ကိုယ့်ပိုက်ဆံနဲ့ ကိုယ် ဝယ်ရပါတယ်။ အဲဒီတုန်းက သူ့ကလောင်နာမည်က 'မီးခိုးဖြူ' ပါ။ ၁၉၈၂ မှာ သူ့ရဲ့ 'မီးခိုးဖြူ' နာမည်နဲ့ ပထမဆုံး မဂ္ဂဇင်းကဗျာ 'စစ်ပြန်' မဂ္ဂဇင်းမှာ ပုံနှိပ်ဖော်ပြပါတယ်။ အဲဒီကဗျာကလည်း လေးချိုးရှည်ကြီးပါပဲ။

မြန်မာစာကို နိုင်နင်းကျွမ်းကျင်လွန်းလို့ အတန်းထဲမှာ သူ့ရေးသားတဲ့ စာစီစာကုံးတွေဟာ အမှတ်အများဆုံးရပြီး ဆရာ၊ ဆရာမများရဲ့ အသိအမှတ်ပြုခြင်း၊ ချီးကျူးခြင်းခံရပါတယ်။ မြို့နယ်အဆင့်၊ တိုင်းအဆင့် စာစီစာကုံးပြိုင်ပွဲတွေမှာ ကျောင်းကို ကိုယ်စားပြုပါဝင်ရပြီး ဆုတွေလည်း ရခဲ့ပါတယ်။ သူ့ရဲ့ အဓိကအားနည်းချက်ကတော့ သိပ္ပံဆိုင်ရာ ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ တို့ကို စိတ်မဝင်စားတာပါပဲ။ ဒါကြောင့်လည်း ဝိဇ္ဇာ၊ သိပ္ပံ ဘာသာစုံဖြေရတဲ့ ၁၀ တန်းကို တော်ရုံနဲ့မအောင်တာပါ။ နောက်ပိုင်း ၁၀ တန်းကို ဝိဇ္ဇာ သတ်သတ်၊ သိပ္ပံ သတ်သတ်၊ ခွဲလိုက်တဲ့အခါကျမှပဲ ဝိဇ္ဇာတွဲသက်သက်ကိုယူပြီး စိတ်ကြိုက်မြန်မာစာ ဂုဏ်ထူးနဲ့ အောင်ပါတော့တယ်။ အင်္ဂလိပ်စာမှာလည်း ဂုဏ်ထူးမှတ်နီးပါးရလို့ ရန်ကုန်တက္ကသိုလ်ကို အင်္ဂလိပ်စာ အဓိကနဲ့ တက်ရောက်ခွင့်ရပါတယ်။ ဒါပေမယ့် ၁၉၈၈ မတ်လ အရေးအခင်းကစခဲ့တဲ့ လူထုအရေးတော်ပုံကြီးက သူ့ရဲ့ပညာရေးလမ်းကြောင်းကို အဆုံးသတ်ပေးလိုက်ပါတယ်။ ဘဝတက္ကသိုလ်က ကျောင်းပြီးခဲ့ပေမယ့် ရန်ကုန်တက္ကသိုလ်ကတော့ ကျောင်းမပြီးခဲ့ပါ။

## (၃)

၁၉၈၈ လူထုအရေးတော်ပုံကြီးဟာ မြန်မာနိုင်ငံက သန်းပေါင်းများစွာသော ပြည်သူတွေရဲ့ဘဝတွေကို အကြီးအကျယ် ရိုက်ခတ်ပြောင်းလဲစေခဲ့ပါတယ်။ အဲဒီထဲမှာ ကျနော်တို့မိသားစုကလေးလည်း ပါခဲ့တာပေ့ါ။ ဖေဖေက နိုင်ငံရေးသမားဟောင်း၊ သတင်းစာဆရာဟောင်းကြီးဖြစ်ပြီး သားသမီး ၃ ယောက်စလုံးက တက္ကသိုလ်ကျောင်းသားတွေ ဖြစ်နေတဲ့အခါ ကျောင်းသားလှုပ်ရှားမှုကစခဲ့တဲ့ နိုင်ငံလုံးဆိုင်ရာ လှုပ်ရှားမှုကြီးမှာ ကျနော်တို့မိသားစုတစုလုံး ကျရာနေရာကနေ တာဝန်ထမ်းဆောင်ခဲ့ကြတာပေ့ါ။ ကျနော်တို့ ညီအကိုနှစ်ယောက်စလုံး ကျောင်းသားခေါင်းဆောင် မောင်မောင်ကျော်နဲ့တွဲဖက်ပြီး 'ဗမာပြည် ပြည်သူ့လွတ်မြောက်ရေး လူငယ်တပ်ဦး' (Burma Youth Liberation Front) ကို ရန်ကုန်တက္ကသိုလ် ဖွန်အရေးအခင်း တပတ်ကြာဆန္ဒပြမှုတွေအပြီးမှာ မြေအောက် အဖွဲ့အစည်းတခုအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ကြပြီး နယ်စပ်ဒေသအခြေစိုက် တော်လှန်ရေးအဖွဲ့များနဲ့စတင် ဆက်သွယ်ခဲ့ကြပါတယ်။ မောင်မောင်ကျော်ကတော့ ဖွန်လကုန်မှာ ထိုင်း–မြန်မာ နယ်စပ်ကို လျှို့ဝှက်ထွက်ခွာသွားပါတယ်။ အဲဒီ နောက် ဩဂုတ်စ် ၈ ရက် လူထုအုံကြွမှုကြီး ပေါ်ပေါက်လာရေးအတွက် ကျနော်တို့အားလုံး မြန်မာနိုင်ငံတနံတလျား ခရီးတွေထွက်ပြီး ပြည်သူတွေ ကျောင်းသားတွေကြားထဲမှာ လျှို့ဝှက်စွာ စည်းရုံးရေး ဆင်းကြရပါတယ်။

၁၉၈၈ ဒီဇင်ဘာ၊ ဗကသများအဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းကြတဲ့အခါ ကျနော်က ဒု–ဥက္ကဋ္ဌ (၂) ဖြစ်လာပြီး ရွှေဘုန်းလူ က ဗဟိုကော်မီတီဝင် တယောက်ဖြစ်လာခဲ့ပါတယ်။ ၁၉၈၉၊ မတ်လ ၂၃ ရက်နေ့မှာ ဥက္ကဋ္ဌ မင်းကိုနိုင် အဖမ်းခံရ၊ ဧပြီ ၂၃ ရက်နေ့မှာ ကျနော် အဖမ်းခံရပြီးတဲ့နောက်မှာတော့ ရွှေဘုန်းလူတယောက် သူ့ရဲ့ 'ကျောင်းဖွင့်ချိန်' ကဗျာနဲ့ထင်ရှားလာပြီး ဗကသများအဖွဲ့ချုပ်ရဲ့ ဗဟိုအလုပ်အမှုဆောင် ကော်မီတီဝင်တယောက်လည်း ဖြစ်လာပါတယ်။ အဲဒီနောက် သူ အိန္ဒိယ နယ်စပ်ဘက်ကို ထွက်ခွာသွားပြီး လက်နက်ကိုင်တော်လှန်ရေးလုပ်ဖို့ ကြိုးစားပါသေးတယ်။ အဆင်မပြေမှုတွေများလွန်းတာနဲ့ မြန်မာနိုင်ငံထဲ ပြန်လည်ဝင်ရောက်လာပြီး ၁၉၉၀ ဖေဖော်ဝါရီမှာ အဖမ်းခံရပါတယ်။ စစ်ထောက်လှမ်းရေးရဲ့ စစ်ကြောရေးစခန်းမှာ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ခံရပြီးနောက် စစ်ခုံရုံးက သူ့ကို အလုပ်ကြမ်းနဲ့ ထောင် ၅ နှစ် ချလိုက်ပါတော့တယ်။

❖ ❖ ❖

**မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချီသည်။**

## (၄)

ကျနော်က အင်းစိန်ထောင်ထဲမှာ ၁၉၈၉ ဧပြီလကနေ ၁၉၉၀ မေလအထိ ၁၃ လ၊ ပုဒ်မ ၁၀ (က) နဲ့ အထိန်းသိမ်းခံခဲ့ရပြီး ၁၉၉၀ မေလ ၂၃ ရက်နေ့၊ ရွေးကောက်ပွဲလုပ်ဖို့ ၄ ရက်အလိုမှာမှ အင်းစိန်ထောင်တွင်း စစ်ခုံရုံးတင်ပြီး ပြစ်ဒဏ်ချခံရတာပါ။ ၁၃ လလုံးလုံး မိသားစုနဲ့ အဆက်အသွယ် မရခဲ့ပါ။ ပြစ်ဒဏ် ၄ နှစ်ကျခံရပြီးမှ တရားဝင် အကျဉ်းသားဖြစ်လာပြီမို့ နှစ်ပတ် တခါ ထောင်ဝင်စာ တွေ့ခွင့်ရပါတယ်။ ပထမဆုံး ထောင်ဝင်စာမှာပဲ ဖေဖေနဲ့ မေမေကပြောလို့ ရွှေဘုန်းလူတယောက် ထောင် ၇နှစ်ကျပြီး ၅ ဆောင်မှာ ရောက်နေတယ်ဆိုတာ သိရပါတယ်။

စတွေ့တွေ့ချင်း မေမေက ကျနော့်ကို "သားကြီးရယ် ...၊ မင်းညီလေးကို မင်းအနား ခေါ်ထားနိုင်ဖို့ ကြိုးစားကြည့်ပါကွယ်" တဲ့။ အဲဒီ အချိန်မှာ ကျနော်တို့ ထောင်ဝင်စာတွေ့ရတဲ့ အချိန်၊ နေ့ရက်ကလည်း မတူလို့ ဖေဖေနဲ့မေမေမျာ တပတ်ကို နှစ်ကြိမ်လာရပါတယ်။

အဲဒါနဲ့ ထောင်ပိုင်တန်းစီလှည့်တဲ့အချိန်မှာ ကျနော်က ကျနော့်ညီကို ကျနော်နဲ့အတူထားပေးဖို့တောင်းဆိုတော့ ထောင်ပိုင်က ခွင့်ပြုပါတယ်။ ဒီလိုနဲ့ ရွှေဘုန်းလူတယောက် ကျနော်ရှိရာ ၅ တိုက် (တိုက်အမှတ် ၅) ကို ရောက်လာပါတော့တယ်။ အဲဒီတုန်းက ကျနော်က ၅ တိုက်၊ အခန်းအမှတ် ၁၉ မှာပါ။ အခန်းဖော်တွေက ကိုတင်မြင့် (ဦးရဲထွန်း အမှုတွဲ)၊ သာကေတ NLD က မြင့်သောင်း နဲ့ လှသန်း တို့ပါ။ ရွှေဘုန်းလူ ရောက်လာတော့ ၈ ပေ၊ ၁၂ ပေ အခန်းကျဉ်းကလေးထဲမှာ ကျနော်တို့ ၅ ယောက် အတူနေကြရပါတယ်။

သူ ရောက်မလာခင်က ကျနော် စိတ်ပူခဲ့ရတာရှိပါတယ်။ သူနဲ့ ကျနော်က ညီအကိုအရင်းတွေ ဖြစ်ပေမယ့် သိပ်ပြီးတည့်လှတာ မဟုတ်ပါဘူး။ သူက ၄ ဂဏန်းသမားဖြစ်ပြီး ကျနော်က ၈ ဂဏန်း သမားဖြစ်နေလို့လားတော့ မသိပါဘူး။ မကြာခဏ ငြင်းခုန်၊ စိတ်ဆိုး၊ ဒေါသထွက်၊ ရန်ဖြစ်နေကျပါ။ ဒီ အခန်းကျဉ်းကလေးထဲမှာ ထပ်ပြီးအဆင်မပြေကြရင်ဖြင့် ကျနော်တို့နှစ်ယောက်တင်မက ကျန်တဲ့ အခန်းဖော်တွေပါ အကြီးအကျယ် စိတ်ညစ်ကြရမှာပါ။

ဒါပေမယ့် ကျနော် မျှော်လင့်ထားသလောက် ပြဿနာ များများစားစား မရှိခဲ့ပါ။ ထောင်ဝင်စာ တွေ့ဖို့လည်း အတူထွက်ခွင့်ရခဲ့လို့ ဖေဖေနဲ့ မေမေလည်း အတန်အသင့် စိတ်ချမ်းသာခဲ့ကြရပါတယ်။ သိပ်မကြာပါဘူး။ ညီအကိုနှစ်ယောက် တခန်းထဲအတူရှိနေတာကိုမကြိုက်တဲ့ ထောင်မှူးတယောက်က သူ့ကို ကျနော့်အခန်းထဲကနေ သုံးခန်းကျော် အခန်းအမှတ် ၂၂ ကို ရွှေ့ပြောင်းလိုက်ပါတယ်။

၁၉၉၀၊ စက်တင်ဘာ ၂၆ ရက်နေ့ကတော့ အင်းစိန်ထောင်မှာ သမိုင်းဝင်တဲ့ နေ့တနေ့ပါ။ ရွေးကောက်ပွဲအပြီး အာဏာလွှဲပြောင်းပေးဖို့ငြင်းဆန်နေတဲ့ နဝတ စစ်အုပ်စုကို အင်းစိန်ထောင်ထဲက နိုင်ငံရေးအကျဉ်းသားတွေက တညီတညွတ်တည်း ဆန္ဒပြခဲ့ကြတာပါ။ ၂ တိုက်နဲ့ အမျိုးသမီးဆောင်တွေ ကစတင်ခဲ့ပြီး ကျန်တဲ့တိုက်အားလုံးက နိုင်ငံရေးအကျဉ်းသားအားလုံး ပါဝင်ဆင်နွှဲပြီး နိုင်ငံရေး အကျဉ်းသားများအားလုံး လွတ်မြောက်ရေးနဲ့ အာဏာလွှဲပြောင်းရေး အော်ဟစ် တောင်းဆိုခဲ့ကြတာပါ။ တိုက်ခန်းကျဉ်းကလေးရဲ့ သံတံခါးကိုမျက်နှာအပ်ပြီး ဒီမိုကရေစီကြွေးကြော်သံတွေ အသံကုန်အော်ဟစ်

ခဲ့ကြတာပါ။ အာဏာပိုင်တွေဘက်ကလည်း ရက်ရက်စက်စက် အကြမ်းဖက် တုံ့ပြန်ခဲ့တာပါ။ တိုက်ခန်းတွေထဲက အကျဉ်းသားတချို့ကိုဆွဲထုတ်ပြီး ပြင်းပြင်းထန်ထန် နံပါတ်တုတ်တွေ၊ ခါးပတ်တွေ၊ လက်သီးတွေ၊ စစ်ဖိနပ်ကြီးတွေနဲ့ ရိုက်နှက်ခဲ့ပါတယ်။ အဲဒီထဲ ရွှေဘုန်းလူလည်းပါသွားခဲ့ပြီး ပြင်းပြင်းထန်ထန် ရိုက်နှက်ခံရပါတယ်။ အဲဒီနောက်မှာတော့ ရွှေဘုန်းလူကို ထောင်အာဏာပိုင်တွေက တိုက်ကနေ အဆောင် ၅ ကို ပြောင်းရွှေ့လိုက်ပါတော့တယ်။ တိုက်အားလုံးက နိုင်ငံရေးအကျဉ်းသားအားလုံးကိုလည်း ထောင်ဝင်စာ ၂ လ ပိတ်လိုက်ပါတယ်။ လူသတ်မှုတွေနဲ့ထောင်ကျတဲ့ နှစ်ကြီး ရာဇဝတ်အကျဉ်းသားတွေကို တိုက်တန်းစီးတွေခန့်ပြီး နိုင်ငံရေးအကျဉ်းသားတွေကို ကြမ်းကြမ်းတမ်းတမ်း အုပ်ချုပ်ပါတော့တယ်။

## (၅)

ဒီလိုနဲ့ ရွှေဘုန်းလူနဲ့ကျနော် ထောင်ထဲမှာ ကွဲကွာသွားပြီးတဲ့နောက် နောက်တကြိမ် ပြန်ဆုံကြရပြန်ပါတယ်။ ဒီတခါတော့ အင်းစိန်ထောင်မှာ မဟုတ်တော့ပါဘူး။ ရန်ကုန်ကနေ မိုင် ၂၀၀ ကျော်ကွာဝေးတဲ့ မကွေးတိုင်းအတွင်းက သရက်ထောင်မှာပါ။

ထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသားတယောက်ဟာ တနေရာတည်းမှာ ကြာကြာနေရလေ့ မရှိပါဘူး။ အာဏာပိုင်တွေက အကြောင်းအမျိုးမျိုးပြပြီး တနေရာက တနေရာ ပြောင်းရွှေ့နေတာပါ။ ကျနော်လည်း ၁၉၉၀ အကုန်လောက်မှာ ၅ တိုက်ကနေ ၄ ဆောင်ကို ရွှေ့ပြောင်းခံရပါတယ်။ အဲဒီအဆောင်မှာလည်း ၆ လလောက်ပဲနေလိုက်ရတယ် ထင်ပါတယ်။ ဆောင်းတွင်းကြီး အေးစက်စက်တညမှာ အင်းစိန်ထောင်က နိုင်ငံရေးအကျဉ်းသား ၉၉ ယောက်ကို သရက်ထောင်ကို ရုတ်တရက်ရွှေ့ပြောင်းလိုက်ပါတယ်။ မနက် ၂ နာရီလောက်မှာ လက်နက်အပြည့်အစုံနဲ့ အကျဉ်းထောင်ဝန်ထမ်းတွေက အဆောင်တွေကိုဝိုင်းပြီး အကျဉ်းသားအားလုံးကို အိပ်ရာကနိုးပြီး ပုံစံထိုင်ခိုင်းပါတယ်။ ပြီးတော့မှ ထောင်အရာရှိတွေက ထောင်ပြောင်းစာရင်းမှာပါသူတွေကို နာမည်ခေါ်ပြီး ရှိတဲ့ပစ္စည်းယူပြီး ထွက်လာခိုင်းပါတယ်။ တကယ်တော့ ဘာပစ္စည်းမှ ယူချိန်မရပါ။ ကိုယ့်အိပ်ရာလိပ်တောင် ပြည့်စုံအောင် မလိပ်နိုင်ခဲ့ပါ။ အသားလွတ်ကြီး ကြိမ်းမောင်းနေတဲ့ ဝန်ထမ်းတွေက ကျနော်တို့ကို နွားအုပ်ကြီးမောင်းသလို မောင်းပြီး ထောင်ဗူးဝကို ခေါ်သွားကြပါတယ်။ ထောင်ဗူးဝမှာတော့ အဆောင်ပေါင်းစုံနဲ့ တိုက်ပေါင်းစုံက ရွေးချယ်ခေါ်ထုတ်လာတဲ့ နိုင်ငံရေးအကျဉ်းသား ၉၉ ယောက်နဲ့ ကျနော်တို့ကိုထိန်းဖို့ရည်ရွယ်ပြီး ကျနော်တို့နဲ့အတူ ထောင်ပြောင်းလိုက်ရမယ့် နှစ်ကြီး ဝါရင့်ရာဇဝတ်အကျဉ်းသား စိုးမြတ်တို့ ဆုံကြရပါတယ်။ ဒီ ထောင်ပြောင်းအုပ်စုထဲ ကျနော်က ၄ ဆောင်ကပါလာပြီး ရွှေဘုန်းလူ က ၅ ဆောင်ကနေ ပါလာပါတယ်။ ထောင်ဗူးဝမှာ ကျနော်တို့ အားလုံးကို ပုံစံဆံပင် ညှပ်၊ ခြေကျင်း ရိုက်၊ ပြီးတဲ့နောက် အင်းစိန်ဘူတာကို ကားကြီး နှစ်စီးနဲ့ ခေါ်ဆောင်သွားပါတော့တယ်။ အင်းစိန်ကနေ ပြည်ကို လော်ကယ်ရထား အချုပ်တွဲနဲ့ခေါ်သွားပြီး ပြည် ထောင်မှာ တညအိပ်ရပါတယ်။ နောက်တရက်မှာ ပြည်ဆိပ်ကမ်းကနေ သင်္ဘောနဲ့ သရက်ကိုခေါ်ဆောင်သွားပြီး အင်မတန်မှနာမည်ဆိုးနဲ့ ကျော်ကြားလှတဲ့ သရက်ထောင်ကြီးထဲကို ကျနော်တို့ ရန်ကုန်က နိုင်ငံရေးအကျဉ်းသားတွေကို ပစ်ထည့်လိုက်ပါတော့တယ်။ သရက်ထောင်ရဲ့ ငရဲခန်းများအကြောင်းတော့ တနေ့ကျမှ ရေးပါဦးမယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျနော်တို့ ညီအကိုနှစ်ယောက် သရက်ထောင်၊ အဆောင် ၂ မှာ ပြန်ဆုံစည်း ကြရပြန်ပါပြီ။

သရက်ထောင်မှာ ကျနော်တို့မရောက်ခင်ကတည်းက နိုင်ငံရေးအကျဉ်းသားတချို့ ရှိနေပါတယ်။

ရှေ့နေ ဦးဇော်မျိုးဝင်း တို့၊ မကာသ ဥက္ကဋ္ဌ မင်းဇေယျ တို့ပါ။ ၁၉၉၀ စက်တင်ဘာ ၂၆ ထောင်တွင်း ဆန္ဒပြမှုကြီးကို ထောင်အာဏာပိုင်တွေက အကြမ်းဖက်ဖြိုခွဲအပြီးမှာ ရက်ရက်စက်စက် ရိုက်နှက်ပြီး သူတို့ကို ထောင်ပြောင်းလိုက်တာပါ။ သူတို့အားလုံး တိုက်ထဲမှာနေရပါတယ်။ ရောက်ရောက်ချင်း ကျနော်တို့အုပ်စုထဲက ၁၀ ယောက်ကို တိုက်ထဲပို့လိုက်ပြီး ကျန်တဲ့လူတွေကို အဆောင် ၂ ဆောင်မှာ ရာဇဝတ်အကျဉ်းသားတွေနဲ့ အတူထားပါတယ်။ သရက်မြို့ဟာ ခရိုင်မြို့ဖြစ်ပြီး ရန်ကုန်ကနေ မိုင် ၂၅၀ ကျော် ကွာဝေးပါတယ်။ ရန်ကုန်ကနေလာဖို့ဆိုရင် ပထမ ပြည်အထိ ကားနဲ့ဖြစ်စေ၊ ရထားနဲ့ဖြစ်စေ လာရပါတယ်။ အဲဒီနောက် ပြည်ကနေ အောင်လံ ကို ကားထပ်စီး၊ အောင်လံ ဆိပ်ကမ်းကနေ သဘော်(သို့မဟုတ်) ကူးတို့သမ္ဗာန်စီးပြီး ဧရာဝတီမြစ်ကြီးကိုဖြတ်ကူးပြီးမှ သရက်ကို ရောက်ပါတယ်။ ဧရာဝတီမြစ်ကြီး လှိုင်းကြီးချိန်မှာ မြစ်ကိုဖြတ်ဖို့မဖြစ်နိုင်လို့ ရေငြိမ်တဲ့အချိန်ထိ စောင့်ကြရတတ်ပါတယ်။

ကျနော်တို့အများစုက ရန်ကုန်သားတွေဖြစ်ကြပြီး မန္တလေးနဲ့ ပဲခူးတိုင်းများက လူတချို့လည်း ပါပါတယ်။ ဧရာဝတီတိုင်းနဲ့ ကရင်ပြည်နယ်က ဖထီးကြီးတွေလည်း ပါပါတယ်။ အင်းစိန်ထောင်မှာတုန်းကတော့ မိသားစုတွေက ၂ ပတ်တခါ ထောင်ဝင်စာလာနိုင်ကြပေမယ့် သရက်ထောင် ပြောင်းလိုက်တဲ့အခါမှာတော့ ပုံမှန် မလာနိုင်တော့ပါဘူး။ ခရီးကဝေးတဲ့အပြင် ကုန်ကျစရိတ်ကများလွန်းတော့ မိသားစုတွေ အတော်ဒုက္ခရောက်ကြရပါတယ်။ တချို့က ၃ လမှ တခါလောက်၊ တချို့က ၆ လမှ တခါလောက်ပဲ လာနိုင်ပါတော့တယ်။ အဲဒီတော့ မိသားစုကထောင်ဝင်စာလာတွေ့ရင်း ထောက်ပံ့တဲ့အစားအသောက်နဲ့ ဆေးဝါးတွေကိုသာ အားကိုးအားထားပြုနေရတဲ့ ကျနော်တို့အတွက်လည်း အဆင်မပြေမှုတွေ ပိုပြီး များလာတာပါပဲ။

## (၆)

ကျနော်တို့ရောက်တဲ့အချိန်မှာ သရက်ထောင်ပိုင်က ဗိုလ်ကြီး သောင်းညွန့်ပါ။ ရှေ့တန်းစစ်မျက်နှာမှာ ကျောင်းသားတပ်တွေနဲ့တိုက်ခဲ့ဖူးပြီး အရေးနိမ့်ခဲ့ပြီးတဲ့နောက် သူ့ဆရာ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်ဘုန်းမြင့်ရဲ့ စောင်မကြည့်ရှုမှုနဲ့ ထောင်ပိုင်ဖြစ်လာတာပါ။ ဒါ့ကြောင့် သူက ကျောင်းသားတွေ၊ ကရင်တော်လှန်ရေးသမားတွေ၊ နိုင်ငံရေးသမားတွေကို မုန်းပါတယ်။ ပြီးတော့လည်း ကျနော်တို့ကို အင်းစိန်ထောင်က ဆိုးလွန်းလို့ ထောင်ပြောင်းလိုက်တာလို့လည်း နားလည်ထားပါတယ်။ ဒါ့ကြောင့် သူက ကျနော်တို့အားလုံးကို သံမဏိစည်းကမ်းတွေနဲ့ တင်းတင်းကျပ်ကျပ် အုပ်ချုပ်ပါတယ်။ သူကစပြီး ရန်လိုနေမှတော့ သူ့လက်အောက်က အရာရှိတွေ ဝန်ထမ်းတွေကလည်း ကျနော်တို့အပေါ် အနိုင်ကျင့်ဆက်ဆံကြမယ်ဆိုတာ အထူးရှင်းပြဖို့လိုမယ်မထင်ပါ။ ကျနော်တို့နဲ့အတူနေရတဲ့ ရာဇဝတ်အကျဉ်းသားတွေကိုလည်း လျှော့ရက်တွေ ဆုချမယ်လို့မြူဆွယ်ပြီး ကျနော်တို့အပေါ် အနိုင်ကျင့်ခိုင်း၊ အပြစ်ရှာခိုင်း၊ ထောက်လှမ်းခိုင်းကြပါတယ်။ ရေဆွဲ၊ ဆန်အိတ်ထမ်း၊ တောင်ယာ စတဲ့ အလုပ်ကြမ်းတွေကိုလည်း နေပူကျဲကျဲမှာ လုပ်ကြရပါတယ်။

ဒီလိုနဲ့ပဲ ကျနော်တို့အားလုံးဟာ မကြာခဏ ထောင်တွင်းမှာပဲ ရိုးတင်ခံရ၊ အပြစ်ပေးခံရ၊ အရိုက်အနှက်ခံနေကြရတာပါ။ အဲဒီလို ဖိနှိပ်နေရတာကိုမှအားမရသေးလို့ နောက်တမျိုး ထပ်ထွင်ပြန်ပါသေးတယ်။ ဒီလိုပါ ...။

❖ ❖ ❖

တရက်မှာ ထောင်ပိုင်က အမိန့်တခု ထုတ်ပြန်ပါတယ်။ အဲဒါကတော့ အဲဒီအချိန်ကစပြီး အကျဉ်းသားတွေအားလုံးဟာ ထောင်ဝင်စာတွေ့ချိန်မှာ အချိန်စေ့ရင် တာဝန်ကျဝန်ထမ်းက ပုံစံလို့အော်မှာဖြစ်ပြီး အကျဉ်းသားက မိသားစုနဲ့ စကားပြောနေတာ ချက်ချင်းရပ်ပြီး မိသားစုရှေ့မှာတင် ကြမ်းပေါ်မှာ ပုံစံထိုင်ရမှာပါ။ အကျဉ်းသားက ပုံစံထိုင်နေတဲ့အချိန်မှာ မိသားစုက ထောင်ဝင်စာခန်းထဲက ထွက်ခွာသွားကြရမှာပါ။

ကျနော်တို့ ထောင်ထဲမှာ ပုံစံထိုင်ရပါတယ်။ ပုံစံ (၁) (၂) (၃) (၄)၊ ပုံစံကြီး ဆိုပြီး ရှိပါတယ်။ ပုံစံ (၁) က ထိုင်ပုံစံပါ။ ထောင်ဖွင့်ချိန်၊ ထောင်ပိတ်ချိန်၊ လူရေတွက်တဲ့အချိန်တွေမှာ ထိုင်ရပါတယ်။ တင်ပလ္လင်ခွေမှာ လက်နှစ်ဖက်ကိုရှေ့ဆန့်ပြီး လက်သီးဆုပ်ပြီး ဒူးပေါ်တင်ထားရပါတယ်။ မျက်နှာကိုလည်း ငုံ့ထားရပါတယ်။ ပုံစံ (၂)က ရပ် ပုံစံပါ။ ထောင်အရာရှိနဲ့တွေ့ရတဲ့အချိန်၊ အဆောင်မှာ ထောင်ပိုင်တန်းစီလှည့်တဲ့အချိန်တွေမှာ ရပ်ရပါတယ်။ မတ်တပ်ရပ်၊ လက်ဖဝါးနှစ်ဖက်ကိုချိတ်ဆက်ပြီး လုံချည်ခါးပုံစ ရှေ့မှာချထားရပါတယ်။ မျက်နှာကိုလည်း ငုံ့ထားရပါတယ်။ ပုံစံ (၃)က အရေးပေါ်ပုံစံလို့ ခေါ်ပါတယ်။ အလုပ်လုပ်နေတုန်း ထောင်အရာရှိ အနားရောက်လာတဲ့အချိန်မှာ အရေးပေါ် ထိုင်ရတာပါ။ ဆောင့်ကြောင့်ထိုင်ရင်း လက်နှစ်ဖက်ကို ရှေ့ထုတ်၊ လက်သီးဆုပ်ပြီး ဒူးပေါ်တင်ထားရပါတယ်။ မျက်နှာကတော့ ထုံးစံအတိုင်းငုံ့ထားရပါတယ်။ အခုထောင်ဝင်စာတွေ့ချိန်မှာ အဲဒီ ပုံစံ(၃) ထိုင်ရမယ်လို့ အမိန့်ထွက်လာတာပါ။ ပုံစံ (၄)ကတော့ အပြစ်ပေးပုံစံမို့ ရှေ့ကပုံစံသုံးခုထက် အများကြီး ပိုဆိုးပါတယ်။ ပုံစံကြီးဆိုတာကလည်း ထောင်တွင်းမှာ အရေးပေါ်အခြေအနေတခုဖြစ်ချိန်မှာထိုင်ရတာမို့ အလွန့်အလွန်ကို ဆိုးတယ်လို့ပဲ ပြောပါရစေ။ သေချာတာက အဲဒီပုံစံတွေအားလုံးမှာ မျက်နှာကိုငုံ့ထားရတာပါ။ ခွင့်ပြုချက်မရဘဲ မျက်နှာမော့ကြည့်ရင် အပြစ်ရှိပါတယ်။ ပုံစံထိုင်တာမမှန်ရင် အပြစ်ရှိပါတယ်။ တိုက်ပိတ်ခံရပါတယ်။ အရိုက်အနှက်ခံရပါတယ်။ လူတယောက်ကို စိတ်ဓာတ်ရေးရာ ချိုးနှိမ်ဖို့၊ အနိုင့်အထက်ပြုကျင့်ဖို့၊ လူတယောက်အပေါ် အခြားတယောက်က လူပါးဝ စော်ကားနိုင်ဖို့ စံနစ်တကျ တီထွင်ထားတာပါ။

ဒီ အမိန့်ထွက်လာတော့ သရက်ထောင်ထဲက အကျဉ်းသားအားလုံး မကျေမနပ် ဖြစ်ကြပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေတင် မကပါဘူး။ ရာဇဝတ်အကျဉ်းသားတွေပါ သူတို့ရဲ့မိသားစုဝင်တွေရှေ့မှာ ကိုယ်ရဲ့နှိမ့်ကျရမှုကို မပြချင်ကြပါဘူး။ ဘယ်ထောင်မှာမှ ဒီလိုစည်းကမ်းမျိုးမရှိတဲ့အတွက် ဒီထောင်ပိုင်က သက်သက် အာဏာအလွဲသုံးပြီး မတရားလုပ်တယ်ဆိုတာကို သဘောပေါက် နားလည်ကြပါတယ်။ ဒါပေမယ့် အမိန့်ကိုမလိုက်နာရင်လည်း အပြစ်ရှိတယ်ဆိုပြီး ထောင်ဝင်စာ အပိတ်ခံရမယ်၊ တိုက်ပိတ်ခံရမယ်၊ အရိုက်အနှက်ခံရမယ်။ ဒီတော့ ဒီမတရားမှုကြီးကို သူတို့အဖို့မှာတော့ လက်သင့်ခံလိုက်နာရုံကလွဲလို့ တခြားနည်းလမ်း မရှိကြပါဘူး။ ဒီလိုနဲ့ အဲဒီအမိန့်က အသက်ဝင်လာခဲ့ပြီး ဆိုးပါတယ် မိုက်ပါတယ်ဆိုတဲ့ ရာဇဝတ်အကျဉ်းသားတချို့ ထောင်ဝင်စာမှာ၊ သူတို့ရဲ့မိသားစုတွေရှေ့မှာ ကျကျနန ပုံစံထိုင်ပြီး ပြန်လာခဲ့ကြပါပြီ။ သူတို့အားလုံးက ကျနော်တို့ နိုင်ငံရေးအကျဉ်းသားတွေ ဘယ်လို တုံ့ပြန်ကြမလဲဆိုတာ စောင့်ကြည့်နေကြလေရဲ့။

ကျနော်တို့ နိုင်ငံရေးအကျဉ်းသားတွေမှာလည်း ထောင်ဝင်စာလာနိုင်တဲ့မိသားစုက နည်းတဲ့အပြင် ဝေးလံလွန်းလို့ ၃/၄ လ လောက်မှ တခေါက်လာနိုင်ကြတာပါ။ ဒီတော့ တပတ်မှာ နိုင်ငံရေးအကျဉ်းသား ၂ ယောက် ၃ ယောက်လောက်ပဲ ထောင်ဝင်စာလာတာ ရှိပါတယ်။ အဲဒီ အမိန့်ထွက်တဲ့

အပတ်မှာ ထောင်ဝင်စာလာဖို့ ကျနော်တို့အဆောင်က အလှည့်ကျတာက ကျနော်တို့ ညီအကို နှစ်ယောက်ပါ။ ရဲဘော်တွေအားလုံးက ကျနော်တို့ညီအကို ကို ဘာဖိအားမှ မပေးပါဘူး။ လွတ်လွတ် လပ်လပ်ဆုံးဖြတ်ပြီး ယုံကြည်သလို ရင်ဆိုင်ဖို့ပဲ ပြောကြပါတယ်။ ဟုတ်ပါတယ်၊ ဒါဟာဖြင့် တယောက် ချင်းရင်ဆိုင်ရမယ့် တိုက်ပွဲပါ။

ကျနော်တို့ ညီအကို နှစ်ယောက် ခေါင်းချင်းဆိုင်ကြပါတယ်။ ရွှေဘုန်း က ပြောပါတယ်။ "ကိုကို ဆုံးဖြတ်ပါ၊ ငယ်ငယ် နောက်ကလိုက်ပါ့မယ်" တဲ့။ ဒါနဲ့ ကျနော့်အစီအစဉ်ကို သူ့ကို ရှင်းပြတယ်။ သူက ချက်ချင်းပဲ သဘောတူပါတယ်။

ထောင်ဝင်စာလာတဲ့နေ့ကို ရောက်ပါပြီ။ မနက် မိုးလင်းကတည်းက ဘုရားရှိခိုးပြီး၊ ဘုရားစာတွေ ရွတ်ဖတ်ပြီး ကိုယ့်ကိုကိုယ် စိတ်ရှင်းလင်းအောင် လုပ်ကြပါတယ်။ ဘယ်သူနဲ့မှလည်း စကားမပြော ဖြစ်ပါ။ ဒီလိုနဲ့ မနက် ၁၀ နာရီလောက် ထောင်ဝင်စာရုံးက ဝန်ထမ်းတယောက်နဲ့ အဆောင်ထောင်မှူး ရောက်လာပြီး ကျနော်တို့ နှစ်ယောက်ကို ထောင်ဝင်စာတွေ့ဖို့ လာခေါ်ပါတယ်။ ညီအကိုနှစ်ယောက် စလုံး တပြိုင်တည်းမတွေ့ရပါ။ တယောက်ပြီးမှ တယောက် တွေ့ရမှာပါ။ ဒါနဲ့ တိုင်ပင်ထားတဲ့အတိုင်း ကျနော် အရင်လိုက်သွားခဲ့ပါတယ်။ အဆောင်ရုံးခန်းမှာပဲ ကျနော်က အဆောင်ထောင်မှူးကို သတင်းပို့ စရာရှိကြောင်း ပြောပါတယ်။ ထောင်မှူးကခွင့်ပြုတဲ့အခါကျမှ ကျနော်က ကျနော် ဒီနေ့ ထောင်ဝင်စာ တွေ့ရမယ့်အခွင့်အရေးကို စွန့်လွှတ်ကြောင်း၊ ထောင်ဝင်စာတွေ့မှာမဟုတ်တဲ့အကြောင်း တင်ပြလိုက် ပါတယ်။ သူ မမျှော်လင့်တာကြားလိုက်ရတဲ့အတွက် ထောင်မှူးလည်း အလန့်တကြား ဖြစ်သွားပါတယ်။ "ဘာဖြစ်လို့လဲ" လို့ အမောတကော မေးပါတယ်။

"ထောင်ဝင်စာတွေ့ချိန်မှာ ဆရာတို့က ပုံစံ လို့ အော်လိုက်ရင် ကျနော်တို့က မိသားစုနဲ့စကား ပြောနေတာ ချက်ချင်းရပ်ပြီး အရေးပေါ် ပုံစံထိုင်ရမယ်လို့ အမိန့်ထုတ်ထားတယ်လို့ ကျနော်တို့ သိရပါ တယ်။ အဲဒီလိုလုပ်ဖို့အတွက် ကျနော့်မှာ ပြဿနာရှိပါတယ်။ ကျနော့်ဖေဖေက အသက် ၇၀ ကျော်ပါပြီ၊ မေမေကလည်း အသက် ၆၀ ကျော်ပါပြီ။ သူတို့မှာလည်း နှလုံးရောဂါ၊ သွေးတိုးရောဂါတွေနဲ့ပါ။ ပြီးတော့ ဟိုးအဝေးကြီးကနေ ကျနော်တို့ကိုတွေ့ဖို့ ကားတတန်၊ ရထားတတန်နဲ့ ရောဝတီမြစ်ကြီးကိုဖြတ်ပြီး လှိုင်းတွေ၊ လေတွေကြားက စွန့်ပြီးလာကြရတာပါ။ ကျနော်တို့ကို ခဏတဖြုတ်တွေ့ရချိန်မှာပဲ ကျနော်တို့ သူတို့ရှေ့မှာ ပုံစံထိုင်ရတာကိုသာ တွေ့လိုက်ရရင် သူတို့ ရင်ကျိုးကြမှာပါ။ ကျနော့်ကြောင့် သူတို့ စိတ်ထိခိုက်ရ၊ ကြေကွဲရတာမဖြစ်စေချင်ပါဘူး။ ဒါ့ကြောင့် ကျနော့်ရဲ့ထောင်ဝင်စာတွေ့ရမယ့်အခွင့်အရေး ကို ကျနော် စွန့်လွှတ်ပါတယ်၊ ကျနော် မတွေ့နိုင်ပါ"

ထောင်မှူးလည်း ဘာပြန်ပြောရမှန်းမသိဖြစ်သွားပြီးတဲ့နောက် ကျနော့်ကို အဆောင်မှူး ရုံးခန်း မှာပဲ ဝန်ထမ်းတယောက်နဲ့ထားခဲ့ပြီး ထောင်ပိုင်ထံသတင်းပို့ဖို့ ထွက်ခွာသွားပါတယ်။ ၁၅ မိနစ်လောက် အကြာမှာတော့ ထောင်ဝန်ထမ်းတွေတအုပ်ကြီးနဲ့ ပြန်ရောက်လာပြီး ကျနော့်ကို ထောင်ပိုင်ရုံးခန်းဆီ အပြစ်ရှိသူတယောက်လို အတင်းဆွဲခေါ်သွားကြပါတော့တယ်။

ထောင်ပိုင် ရုံးခန်းထဲမှာတော့ ဒေါသအမျက် ချောင်းချောင်းထွက်နေတဲ့ ထောင်ပိုင်က ကျနော့်ကို ကြိမ်းမောင်းပါတော့တယ်။

"ဟော့ကောင် ... မင်း ဘာ လုပ်ပါးဝတာလဲ၊ ဒါ ထောင်ကွ၊ ငါက ထောင်ပိုင်ကွ၊ ငါထုတ်ပြန်တဲ့ စည်းကမ်းကို မင်း လိုက်နာရမယ်"

ကျနော်ကလည်း ပြန်ပြောပါတယ်။

"ဗိုလ်ကြီး၊ ထောင်ဝင်စာတွေ့တယ်ဆိုတာ ကျနော့်ရဲ့အခွင့်အရေးပါ။ အခု ကျနော့်ရဲ့အခွင့်အရေး ကို ကျနော့်ဘာသာ စွန့်လွှတ်တာပါ"

ထောင်ပိုင်မှာ ပြောစရာစကား မရှိတော့ပါဘူး။ ထောင်မှူးကို "ဒီကောင့်ကို ပြစ်ဒဏ်တိုက်ကို ပို့ လိုက်"လို့ ညွှန်ကြားပါတယ်။ ဒီလိုနဲ့ ကျနော့်ကို ပြစ်ဒဏ်တိုက်ထဲ ပို့လိုက်ပါတော့တယ်။

ပြစ်ဒဏ်တိုက်မှာ အခန်း ၁၂ ခန်းရှိပြီး တခြားတိုက်ပိတ်ခံရသူတွေ အဲဒီအချိန်မှာမရှိလို့ တတိုက် လုံးမှာ ကျနော်တယောက်တည်း ရှိပါတယ်။ သိပ်မကြာပါဘူး၊ ကျနော့်ဘေးက အခန်းတခန်း တံခါး ဖွင့်သံ၊ ပြန်ပိတ်သံ ကြားရပါတယ်။ ဝန်ထမ်းတွေ ထွက်ခွာသွားတဲ့အသံကြားရပြီး ခဏအကြာမှာတော့ "ကိုကို၊ ဘယ်အခန်းမှာလဲ" လို့ အော်မေးလိုက်တဲ့ ရွှေဘုန်းလူရဲ့အသံကို ကြားလိုက်ရပါတယ်။ သူနဲ့ ကျနော်နဲ့အကြား အခန်းတခန်း ခြားပါတယ်။ ကျနော်တို့ ကြိုတင်တိုင်ပင်ထားတဲ့အတိုင်းပဲ သူကလည်း သူ့အလှည့်မှာ ထောင်ဝင်စာတွေ့ဖို့ကို စွန့်လွှတ်ကြောင်း ကြေငြာလိုက်တဲ့အတွက်ကြောင့် ကျနော့်လိုပဲ ထောင်ပိုင်က ခေါ်တွေ့ ကြိမ်းမောင်းပြီး တိုက်ထဲပို့လိုက်တာပါ။

နောက်နာရီဝက်လောက်ကြာတော့ နောက်တယောက် ထပ်ရောက်လာပြန်ပါတယ်။ သူကတော့ (၁) ဆောင်က စည်သူထွတ် ပါ။ စက်မှုတက္ကသိုလ် ကျောင်းသားတယောက်ဖြစ်ပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဗဟိုကော်မီတီဝင်၊ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်ရဲ့သားပါ။ သူ့အမေ ကလည်း ဒီနေ့မှာပဲ ထောင်ဝင်စာလာတွေ့ပြီး သူကလည်း ကျနော်တို့လိုပဲ ပုံစံ မထိုင်ချင်လို့ ထောင် ဝင်စာ မတွေ့ချင်ကြောင်းငြင်းဆန်လို့ ထောင်ပိုင်က တိုက်ထဲပို့လိုက်တာပါ။ သူရောက်လာတဲ့အချိန် ဟာ နေ့လယ် တနာရီကျော်နေပါပြီ။ ကျနော်တို့ကို ဘယ်သူကမှ နေ့လယ်စာထမင်း မကျွေးပါ။ တိုက်ခန်း ကျဉ်းကလေးထဲမှာလည်း ထိုင်စရာ ဝါးဖျာတောင် မရှိပါ။

နေ့လည် ၃ နာရီလောက်မှာတော့ ကျနော်တို့ ညီအကိုနှစ်ယောက်ကို ထောင်ဝန်ထမ်းတွေက လာခေါ်ပါတယ်။ ထောင်ပိုင်ရုံးခန်းမှာတော့ ထောင်ပိုင်၊ ဒု ထောင်ပိုင်၊ ထောင်မှူးကြီး နဲ့ အခြား ထောင် အရာရှိတွေအပြင် ကျနော်တို့ရဲ့မိဘတွေပါ ရှိနေကြပါတယ်။ ကျနော်တို့အခန်းထဲကိုရောက် ရောက်ခြင်း ပဲ ထောင်ပိုင်က ကျနော်တို့မိဘတွေကို "ကဲ ...၊ ခင်ဗျား သားတွေကို ခင်ဗျားကိုယ်တိုင် မေးကြည့်၊ ကျုပ်တို့က ရိုက်သလား၊ မရိုက်သလား ဆိုတာ"

ဖေဖေက "သားတို့ ... ဖေဖေ့ကို မှန်မှန်ပြောစမ်း၊ မင်းတို့ကို ထောင်အရာရှိတွေက ရိုက်နှက်ထား သလား။ ညှဉ်းပန်းနှိပ်စက်သလား"

ကျနော်တို့ နှစ်ယောက်စလုံးက အရိုက်မခံရသေးကြောင်း ပြောပါတယ်။ အဲဒီတုန်းက ရွှေဘုန်း ရဲ့ဘယ်ဘက် မျက်လုံးမှာ သွေးခြေဥနေပါတယ်။ ညအိပ်တုန်းက မျက်လုံးနားကို ပိုးကောင် ဖြတ်သွား

လို့၊ ယားလို့ လက်နဲ့ပွတ်သပ်ရင်းက ဖြစ်တာပါ။ ဒါကိုမြင်တော့ မေမေက သူ့သား အရိုက်ခံထားရတယ်လို့ထင်ပြီး "ဟယ် ကြည့်စမ်း …၊ ငါ့သားလေး မျက်လုံးမှာ သွေးခြေဥနေပါလား၊ သားလေး၊ သားလေးကို သူတို့ရိုက်ထားသလား"ဆိုပြီး စိုးရိမ်တကြီး မေးပါတယ်။ ဒါနဲ့ပဲ ရွှေဘုန်းက သူ ညက အိပ်ရင်း မျက်လုံးကို လက်နဲ့ပွတ်မိလို့ဖြစ်တာပါလို့ အမြန်ပြန်ဖြေရပါတယ်။ ဖေဖေက ထောင်ပိုင်ဘက်လှည့်ပြီး "အခုထိ အရိုက်မခံရသေးဘူးဆိုတော့ ငါတို့ပြန်သွားရင် မင်းက ငါ့သားတွေကို ရိုက်မှာလား"

အသက် ၇၀ ကျော် ဖေဖေက ထောင်ပိုင်ကို "မင်း"နဲ့ "ငါ"နဲ့ပြောတာကို အသက် ၄၀ ကျော် ထောင်ပိုင် အတော်ခံရခက်နေပုံပါပဲ။ ဒေါသတကြီးနဲ့ တုံ့ပြန်ပါတယ်။ "ကျုပ် ခင်ဗျားသားတွေကို လက်ဖျားနဲ့တောင် မထိဘူး" ဖေဖေက သူ့ကိုမကြည့်တော့ဘဲ ကျနော်တို့ကို "ဘာကြောင့် ထောင်ဝင်စာမတွေ့နိုင်ရတာလဲ"လို့ မေးပါတယ်။ ကျနော်က ထောင်ပိုင် နောက်ဆုံးထုတ်ပြန်တဲ့ ထောင်ဝင်စာတွေ့ချိန် မိသားစုရှေ့မှာ ပုံစံထိုင်ရမယ့်အမိန့်ကိုရှင်းပြပြီး ကျနော်တို့အနေနဲ့ အဲဒီလို ဖေဖေနဲ့မေမေရှေ့မှာ ပုံစံ မထိုင်ချင်လို့ အခုလို ထောင်ဝင်စာတွေ့ခွင့် စွန့်လွှတ်ရတဲ့အကြောင်း ရှင်းပြပါတယ်။

အဲဒါနဲ့ ဖေဖေ က ထောင်ပိုင်ကို မေးပါတယ်။ "ဒီလို စည်းကမ်းမျိုး ဘယ်ထောင်မှာမှ မရှိဘူး၊ မင်းက ဘာလို့ ဒီအမိန့်ကို ထုတ်ရတာလဲ၊ အကျဉ်းသားတွေဟာလည်း လူတွေပဲ၊ သူတို့ကို လူတွေလိုပဲ ဆက်ဆံသင့်တယ်၊ ဒီအမိန့်ကတော့ အတော့်ကို လူမဆန်တဲ့အမိန့်ပဲ"

ထောင်ပိုင် ဒေါသပေါက်ကွဲပါတော့တယ်။ "ဒါ ကျုပ် ထောင်၊ ကျုပ် ကြိုက်သလို အုပ်ချုပ်မယ်၊ ကျုပ်ကြိုက်သလို အမိန့်ထုတ်မယ်၊ ခင်ဗျား ဘာမှ ပြောစရာမလိုဘူး။ ခင်ဗျားသားတွေ ဒီထောင်ထဲမှာ ရှိနေသရွေ့ ကျုပ်အမိန့်ကို နာခံရမှာပဲ"

မေမေက ဝင်ပြောပါတယ်။ "အေးကွယ်၊ မင်းက ဒီထောင်ကို အုပ်ချုပ်နေသလို၊ မင်းက တို့သားတွေကို အုပ်ချုပ်နေသလို၊ မင်းကိုလည်း အုပ်ချုပ်နေတဲ့လူရှိတာပါပဲ၊ မင်းနဲ့ဆွေးနွေးလို့မရရင် မင်းကို အုပ်ချုပ်တဲ့လူတွေနဲ့တို့ စကားပြောရမှာပေ့ါ"

ထောင်ပိုင် ဆက်ပြီး သည်းမခံနိုင်တော့ပါဘူး။ "တော်ပြီ၊ တော်ပြီ၊ ခင်ဗျားတို့ မကျေနပ်ရင် ကြိုက်တဲ့နေရာ တိုင်၊ ကျုပ် ဂရုမစိုက်ဘူး၊ ဟော့ကောင်တွေ … ဒီကောင် နှစ်ကောင်ကို ပြန်ခေါ်သွားတော့၊ ခင်ဗျားတို့လည်း သွားကြတော့ …"

ကျနော်တို့နှစ်ယောက်လည်း ကမန်းကတန်း ဒူးထောက်ပြီး ဖေဖေနဲ့မေမေကို ကန်တော့ကြရပါတယ်။ အဲဒီနောက် ဝန်ထမ်းတွေက ကျနော်တို့နှစ်ယောက်ကို တိုက်ထဲပြန်ထည့်လိုက်ကြပါတယ်၊ စည်သူထွတ်ကိုလည်း သူ့မိခင်နဲ့ ထောင်ပိုင်ရုံးခန်းမှာ အလားတူ ပေးတွေ့ပါတယ်။

နောက်မှ ကျနော်တို့သိရတာက ဖေဖေနဲ့မေမေကို ထောင်အရာရှိတွေက ကျနော်တို့နှစ်ယောက်က ထောင်ဝင်စာမတွေ့နိုင်ဘူးလို့ ငြင်းဆန်ကြောင်းပြောတာကို ဖေဖေနဲ့မေမေက လက်မခံပါဘူး။ "ဒါ မင်းတို့ ငါ့သားတွေကို ရိုက်နှက်ထားလို့၊ သူတို့ကိုယ်မှာ ဒဏ်ရာဒဏ်ချက်တွေရှိနေလို့၊ ငါ့သားတွေက ငါတို့ကို မတွေ့စေချင်တာပဲ ဖြစ်ရမယ်"လို့ ဖေဖေက စွပ်စွဲပါသတဲ့။ ပြီးတော့ ထောင်ပိုင်နဲ့ တွေ့ခွင့်

တောင်းတော့ ထောင်ပိုင်က တွေ့ဖို့ငြင်းဆန်ပါသတဲ့။ အဲဒီမှာတင် ဒီကိစ္စကိုတိုင်မယ်ဆိုပြီး သရက်မြို့ လယ်ခေါင်က ခရိုင် (ခဝတ) ဥက္ကဋ္ဌရုံးကို ချီတက်သွားပါသတဲ့။ (ခဝတ) ဥက္ကဋ္ဌက အတွေ့မခံပေမယ့် တာဝန်ရှိသူတယောက်က ထောင်ပိုင်ထံဖုန်းဆက်ပြီး ဒီကိစ္စကို တိုးတိုးတိတ်တိတ်ဖြေရှင်းဖို့ တိုက်တွန်း ပါသတဲ့။ အဲဒီအချိန်မှာ ရန်ကုန်ကလာတဲ့ အဘိုးကြီး၊ အဘွားကြီး နှစ်ယောက် သူတို့သား ကျောင်းသား အကျဉ်းသားတွေကို ထောင်ဝင်စာတွေ့ခွင့်မရလို့ ဒေါသပေါက်ကွဲနေကြတယ်ဆိုတဲ့သတင်းက သရက်မြို့ ကျဉ်းကျဉ်းကလေးမှာ ပျံ့နှံ့ကျော်ကြားနေပါပြီ။ အဲဒီ အဘိုးကြီး၊ အဘွားကြီး နှစ်ယောက်ကို ကြည့်မြင် ချင်လို့ သရက်ထောင်ရှေ့ကို စုဝေးရောက်လာကြသူများလည်း ရှိကြပါတယ်။ ဖေဖေက ခရိုင် (ခဝတ) ဥက္ကဋ္ဌရုံးကိုသွားမယ်ဆိုပြီး မြင်းလှည်းငှားတော့ လိုက်ပို့ပေးချင်တဲ့ မြင်းလှည်းသမား ၅ ယောက် ၆ ယောက်လောက် ရှိပါသတဲ့။ လိုက်ပို့ပေးတဲ့ မြင်းလှည်းဆရာကြီးကလည်း ခရိုင် (ခဝတ) ဥက္ကဋ္ဌရုံးမှာ စောင့်ပေး၊ ပြီးတော့ ထောင်ကိုပြန်ပို့ပေးတဲ့အပြင် ပိုက်ဆံပေးတော့လည်း မယူဘူးတဲ့၊ ဒါကြောင့်လည်း နောက်ဆုံးမှာ ထောင်ပိုင်က သူရိုက်နှက်ထားတာမဟုတ်တဲ့အကြောင်း သက်သေပြဖို့အတွက် ဖေဖေနဲ့ မေမေကို သူ့ရုံးခန်းကိုခေါ်ပြီး ကျနော်တို့နှစ်ယောက်နဲ့ ပေးတွေ့တာပါ။

တိုက်ကိုပြန်ရောက်ပြီး သိပ်မကြာခင်မှာ ကျနော်တို့ရဲ့ထောင်ဝင်စာပစ္စည်းတွေကို ဝန်ထမ်းတွေက လာပို့ပါတယ်။ ဖေဖေနဲ့ မေမေ သယ်ဆောင်လာကြတဲ့ အစားအသောက်တွေ၊ ဆေးဝါးတွေပါ။ အထုပ် တွေအားလုံးကတော့ သေသေချာချာရှာထားလို့ ဖရိုဖရဲဖြစ်နေပါတယ်၊ ညနေစောင်းမှာတော့ ဝန်ထမ်း တွေက ကျနော်တို့အဆောင်မှာကျန်ခဲ့တဲ့ အိပ်ရာလိပ်တွေ လာပို့ပြန်ပါတယ်။ တိုက်မှာ ကျနော်တို့ ကြာမယ်ဆိုတဲ့သဘောပါပဲ။

တိုက်မှာနေရတဲ့ကာလတွေဟာ ကျနော်တို့ညီအကိုနှစ်ယောက်ရဲ့ အနီးစပ်ဆုံး၊ အညီညွတ်ဆုံး၊ တယောက်နဲ့တယောက် နားလည်မှုအရှိဆုံး နေ့ရက်တွေပါ။ ကျနော်တို့ စကားတွေအများကြီးပြော ဖြစ်ကြတယ်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကျနော်တို့ဘဝတွေရဲ့ ကာလသုံးပါးအကြောင်းတွေ ဆွေး နွေးဖြစ်ကြတယ်။ ကဗျာတွေ အများကြီး စိတ်ကူးနဲ့ရေးပြီး တယောက်ရေးတဲ့ကဗျာ တယောက်ကို ရွတ်ဖတ်ပြပြီး ဝေဖန်အကြံပြုကြတယ်။

ညတညမှာတော့ သူက ကျနော့်ကို မေးပါတယ်။

"ကိုကို ထောင်ကလွတ်ရင် ဘာလုပ်မယ် စိတ်ကူးထားသလဲ"

ကျနော်က "အရင်ဆုံး အလုပ်တခုခု ရှာရမှာပေါ့ကွာ၊ ဖေဖေ ရော၊ မေမေ ရော၊ ညီမလေး ရော၊ သူတို့အားလုံး ပင်ပန်းလှပြီ၊ အိမ်မှာလည်း အကြွေးတွေတင်နေတာ များလှပြီ၊ ဒီအကြွေးတွေ အမြန် ဆုံးဆပ်နိုင်အောင် ကြိုးစားရမှာပေ့ါ"

သူက "ငယ်ငယ်တော့ ထောင်ကလွတ်ရင် စာပေလောကထဲ ခြေစုံပစ်ဝင်တော့မယ်၊ စာရေးဆရာ တယောက်အဖြစ် ရပ်တည်တော့မယ်"

ကျနော်က "ကောင်းပါတယ်ကွာ" လို့ ထောက်ခံလိုက်တဲ့အခါ သူက "ငယ်ငယ် ကိုကို့ဆီက တခု တောင်းချင်တယ်" လို့ ပြောပါတယ်။

"ဘာများလဲကွာ" လို့ ကျနော်ကမေးလိုက်တော့ သူက ...''တာရာမင်းဝေ' ဆိုတဲ့နာမည်ကို ငယ်ငယ့် ကလောင်နာမည်အဖြစ် သုံးချင်တယ်။ ကိုကို အဲဒီနာမည် ငယ်ငယ့်ကို ပေးနိုင်မလား?"

'တာရာမင်းဝေ'ဆိုတာ ကျနော့်ရဲ့ကလောင် အမည်ခွဲတခုပါ၊ 'ဒဏ္ဍ' ဆိုတဲ့ ကလောင်အမည်နဲ့ ကဗျာတွေရေးနေတဲ့အချိန်မှာပဲ စကားပြေရေးရင် သုံးဖို့ 'တာရာမင်းဝေ' ဆိုတဲ့ ကလောင်အမည်ကို မွေးထားခဲ့တာပါ။ ၁၉၈၆ လောက်ကထုတ်ဝေတဲ့ တောင်ဥက္ကလာပမြို့နယ် နှစ်လည်မဂ္ဂဇင်းတအုပ်မှာ ကျနော့်ရဲ့ 'ခေတ် ရဲ့ ဟာသ'ဆိုတဲ့ ကဗျာတပုဒ် 'တာရာမင်းဝေ'ကလောင်နဲ့ ဖော်ပြခဲ့ပြီးပါပြီ။ အခု ကျနော့်ညီက ဒီနာမည်ကို ကျနော့်ထံက တောင်းခံနေပါတယ်။ ကျနော် ကြည်ကြည်နူးနူးပဲ "ယူပါကွာ" လို့ ပေးလိုက်ပါတယ်။

(၇)

တိုက်မှာ နှစ်ပတ်လောက်နေပြီးတဲ့အခါ ကျနော်တို့ကို အဆောင်ပြန်ပို့ပါတယ်။ ထောင်ပိတ်ချိန် တန်းစီနေကြတဲ့အချိန်မှာ ဝန်ထမ်းတွေရောက်လာပြီးတော့ တိုက်ခန်းတံခါးတွေဖွင့်ပြီး ကျနော်တို့ကို ပစ္စည်းတွေသိမ်းပြီး ထွက်ခဲ့ကြဖို့ပြောပါတယ်။ အဲဒီနောက် အဆောင်ကို ပြန်ခေါ်သွားပါတယ်။ အဆောင်ကိုပြန်ဝင်တဲ့အချိန်မှာ ထောင်ပိတ်ချိန် လူရေတွက်ဖို့ ငြိမ်သက်စွာ တန်းစီနေကြတဲ့ အကျဉ်းသားအုပ်ကြီးကို ဖြတ်သန်းသွားရပါတယ်။ သူတို့အားလုံးက ကျနော်တို့ကို ဝမ်းသာတဲ့၊ ကျေးဇူးတင်တဲ့ မျက်လုံးများနဲ့ ကြည့်နေကြပါတယ်။ အဲဒီအချိန်မှာ ထောင်ပိုင်က ထောင်ဝင်စာတွေ့ချိန်မှာ ပုံစံထိုင်ရမယ့်အမိန့်ကို ပြန်ရုပ်သိမ်းလိုက်ပါပြီ။

ထောင်ပိတ်ပြီး တန်းဖြုတ်ပြီးတဲ့အချိန်မှာတော့ နိုင်ငံရေးအကျဉ်းသားတွေရော၊ ရာဇဝတ်အကျဉ်းသားတွေရော၊ ကျနော်တို့ညီအကိုနှစ်ယောက်အနား ဝိုင်းအုံရောက်ရှိလာကြပြီး ကျနော်တို့ကို ကျေးဇူးတင်စကား ပြောကြပါတယ်။ အမိန့်ရုပ်သိမ်းသွားလို့ အားလုံး ဝမ်းသာပျော်ရွှင်နေကြပေမယ့် ကျနော်တို့ကို အဆောင်ကိုပြန်ပို့လိုက်ပြီဖြစ်ပေမယ့် ကျနော်ကတော့ စိတ်ထင့်နေဆဲပါပဲ။ ထောင်ပိုင်က ကျနော်တို့အပေါ် တနည်းနည်းနဲ့ အကောက်ကြံလိမ့်ဦးမယ်လို့ ထင်နေဆဲဖြစ်ပါတယ်။ ကျနော်ထင်တာ မှန်ကြောင်း သိပ်မကြာခင်မှာပဲ သိလိုက်ရပါတယ်။

နောက်တပတ်လောက်အကြာ နေ့လယ်ဘက် ထမင်းစားပြီး အဆောင်ခဏပိတ်ချိန်မှာ ထောင်မှူးတယောက်နဲ့ ဝန်ထမ်းတွေရောက်လာပြီး ရွှေဘုန်းလူကို ပစ္စည်းတွေသိမ်းပြီးလိုက်ခဲ့ဖို့ ခေါ်ထုတ်သွားပါတယ်။ ရွှေဘုန်းလည်း သူ့ပစ္စည်းလေးတွေ ကမန်းကတန်းသိမ်းပြီး လိုက်သွားရပါတယ်။ အဆောင်ကို ပြန်ရောက်မလာတော့ပါ။ ညနေစောင်းလောက်မှာ ကျနော်တို့ကြားရတာက ရွှေဘုန်းလူကို သရက်ထောင်ကနေ သာယာဝတီထောင်ကို ပြောင်းလိုက်ပြီ တဲ့။ ထောင်ပိုင်က အကျဉ်းဦးစီးဌာန ညွှန်ချုပ်ဆီ စာတင်ပါသတဲ့။ 'အောင်ဒင်' နဲ့ 'ရွှေဘုန်းလူ' ညီအကို နှစ်ယောက်ကို တထောင်ထဲမှာ အတူထားရင် အုပ်ချုပ်ရခက်တာမို့ တယောက်ယောက်ကို သူ့ရဲ့သရက်ထောင်ကနေ အခြား ထောင်တထောင်ကို ပြောင်းရွှေ့ပေးဖို့ တောင်းဆိုပါသတဲ့။ ဒီလိုနဲ့ ကျနော်တို့ညီအကိုနှစ်ယောက် သရက်ထောင်မှာ အတူနေရတဲ့ကာလ အဆုံးသတ်ခဲ့ရပါတော့တယ်။

❖ ❖ ❖

(၈)

ကျနော်က ၁၉၉၃ ဂျူလိုင်လမှာ သရက်ထောင်က လွတ်ပါတယ်။ ရွှေဘုန်းလူက ၁၉၉၄ ဖေဖော်ဝါရီမှာ သာယာဝတီထောင်က လွတ်ပါတယ်။ သူ မလွတ်ခင်မှာ ကျနော် သာယာဝတီထောင် ကို သုံးကြိမ်သွားပြီး ရွှေဘုန်းလူကို ထောင်ဝင်စာတွေ့ခဲ့ပါတယ်။ သာယာဝတီထောင်ရဲ့ ကြမ်းကြုတ် ရက်စက်မှုတွေကို သူ ကြံ့ကြံ့ခံရင်ဆိုင်ခဲ့သလို သူ့အင်သူ့အားနဲ့ နိုင်သလောက်လည်း တုံ့ပြန်တော်လှန်ခဲ့ပါသေးတယ်။

သူလွတ်ပြီးတဲ့နောက် ၁၉၉၅ ဖေဖော်ဝါရီလမှာ ကျနော် စင်္ကာပူနိုင်ငံကို အလုပ်ရှာဖို့ထွက်ခွာသွားခဲ့ပါတယ်။ အဲဒီနောက် ၁၉၉၆ မတ်လမှာ နှစ်ပတ်ကြာ၊ ၁၉၉၈ ဇန်နဝါရီလမှာ သုံးပတ်ကြာ၊ နှစ်ကြိမ်ပြန်ခဲ့ချိန်တွေမှာ သူနဲ့ ပြန်တွေ့ခဲ့ပါသေးတယ်။ အဲဒီအချိန်မှာ သူဟာ 'တာရာမင်းဝေ' ဆိုတဲ့ အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာတယောက်ဖြစ်နေပါပြီ။ သူ့ရဲ့အောင်မြင်မှုအတွက် ကျနော် ဝမ်းသာ ဂုဏ်ယူရပါတယ်။ ၁၉၉၈ ဇန်နဝါရီလမှာ သူ့ကိုကျနော် နောက်ဆုံးတွေ့ခဲ့ရတာပါ၊ အဲဒီနောက် ကျနော် မြန်မာနိုင်ငံကို ပြန်မရောက်ဖြစ်တော့ပါဘူး။

သူ့ရဲ့နောက်ဆုံးအခြေအနေကို ကျနော့်ဆီအကြောင်းကြားတာက ကိုဇာဂနာပါ။ ၂၀၀၇ ဩဂုတ်စ် ၄ ရက်နေ့ နေ့လယ်ပိုင်း (ရန်ကုန်မှာတော့ ၄ ရက်နေ့ည) မှာ ကိုဇာဂနာနဲ့ကျနော်နဲ့ အွန်လိုင်းချက်တင်းလုပ်နေချိန်မှာပဲ ကိုဇာဂနာ က ပြောပါတယ်။ "ခင်ဗျားညီ အခြေအနေ မကောင်းဘူး" တဲ့။ သူက အဲဒီလိုပြောပေမယ့် ကျနော်က သိပ်ပြီးဆိုးတယ်မထင်ခဲ့မိပါ။ အဲဒီည မနက် ၃ နာရီလောက်မှာတော့ မလေးရှားမှာ အလုပ်လုပ်နေတဲ့ ညီမအငယ်ဆုံး ဖုန်းဆက်လာပါတယ်။ ညီမက ဖုန်းထဲမှာ ငိုရင်းနဲ့ "ကိုကိုရေ ... အငယ်လေး ခုနကတင် ဆုံးပြီ" လို့ ပြောပါတယ်။ အိပ်ရာက ကယောင်ချောက်ချားထရင်း သူ့ကို ကျနော်ပြန်မတွေ့နိုင်တော့ဘူးဆိုတာကို လက်ခံနားလည်လိုက်ရပါတော့တယ်။

အဲဒီရက်တွေအတွင်း ကျနော့်သူငယ်ချင်းတွေကို ဆက်သွယ်ပါတယ်။ မင်းကိုနိုင် ကို၊ ကိုကိုကြီး ကို၊ မြအေး ကို။ ကျနော် သူတို့တွေကို တောင်းဆိုပါတယ်။

"ငါ့ညီက္ခာ ... ဗကသ ခေါင်းဆောင်တယောက်လည်း ဖြစ်ခဲ့ပါတယ်။ နိုင်ငံရေးအကျဉ်းသားတယောက်လည်း ဖြစ်ခဲ့ပါတယ်။ သေတဲ့အထိလည်း အာဏာရှင်ကို ဒူးမထောက်ခဲ့ပါဘူး။ ဒီတော့ သူ့ရဲ့အသုဘမှာ ရုပ်အလောင်းကို ကျောင်းသားသမဂ္ဂရဲ့ ခွပ်ဒေါင်းအလံလွှမ်းခြုံပြီး ဗကသ ဥက္ကဋ္ဌ မင်းကိုနိုင် က အမိန့်ပြန်တမ်း ဖတ်စေချင်ပါတယ်"

ကျနော့်သူငယ်ချင်းတွေအားလုံး အလုပ်များကုန်ပါတယ်။ ကျနော့်ကိုလည်း သူတို့အလိုလိုက်ချင်ကြပါတယ်။ ရွှေဘုန်းလူကိုလည်း သူတို့ချစ်ကြပါတယ်။ တကယ်တော့ သူတို့အားလုံးက တချိန်ချိန်မှာ ရွှေဘုန်းလူတယောက် သူတို့နဲ့ပြန်လည်လက်တွဲပြီး '၈၈ မျိုးဆက်ကျောင်းသားများ' အုပ်စုမှာ ပါဝင်လာလိမ့်မယ်လို့ မျှော်လင့်နေခဲ့ကြတာပါ။ တဖက်မှာလည်း သူတို့မှာ အကန့်အသတ်တွေရှိနေပြန်ပါတယ်။ ရွှေဘုန်းလူကလည်း တိုက်ရင်းခိုက်ရင်း ကျဆုံးသွားတာ မဟုတ်ပြန်ပါဘူး။ နောက်ဆုံးတော့ သမဂ္ဂအလံလွှမ်းဖို့နဲ့ အမိန့်ပြန်တမ်းဖတ်ဖို့ဆိုတာ မဖြစ်နိုင်တဲ့အကြောင်း၊ ဒါပေမယ့်လည်း သူတို့အားလုံး အသုဘကိုသွားပြီး သူတို့သူငယ်ချင်းကို အကောင်းဆုံး နှုတ်ဆက်ကြမယ်လို့ အကြောင်းပြန်ပါတယ်။

ဒီလိုနဲ့ ၁၉၈၈ လူထုအရေးတော်ပုံကြီး ၁၉ နှစ် နှစ်ပတ်လည်မတိုင်မီ တရက်အလို၊ ၂၀၀၇ ခုနှစ် ဩဂုတ်စ် ၇ ရက်နေ့မှာ ရွှေဘုန်းလူ (သို့မဟုတ်) တာရာမင်းဝေ ကို ရေဝေး သုသာန်မှာ အားလုံး နှုတ်ဆက်ခဲ့ကြရပါတယ်။ မင်းကိုနိုင်၊ ကိုကိုကြီးနဲ့ ၈၈ မျိုးဆက်ကျောင်းသားများက ရွှေဘုန်းလူသို့ နောက်ဆုံးနှုတ်ဆက်ခြင်း ဆိုင်းဘုတ်ကိုင်ဆောင်တက်ရောက်ခဲ့ကြပြီး မင်းကိုနိုင်က အားလုံးရဲ့ကိုယ်စား 'ကြယ်ကြွေ သတို့သား' ကဗျာကို ရွတ်ဆိုဂုဏ်ပြုခဲ့ပါတယ်။

## (၉)

'ကဗျာရေးသော လူတယောက်အကြောင်း' ဆိုတာ ရွှေဘုန်းလူမဖြစ်ခင် တာရာမင်းဝေ မဖြစ်ခင် က 'မီးခိုးဖြူ' အမည်နဲ့ရေးခဲ့တဲ့ သုံးကြောင်း ကဗျာကလေးပါ။ ဒီစာစုကိုရေးတော့ ကျနော်နဲ့ သူနဲ့ ပတ်သက်ခဲ့သမျှ အတူဖြတ်သန်းခဲ့သမျှတွေထဲက အမှတ်တရဖြစ်ရတာတွေကို စုစည်းတင်ပြတာမို့ 'ကျနော်နဲ့ ကဗျာရေးသော လူတယောက်အကြောင်း' လို့ ခေါင်းစဉ်ပေးလိုက်ပါတယ်။


အကိုကြီး ကိုအောင်ချိမ့် ရဲ့ ကဗျာတပိုဒ်ကို သတိရမိပါတယ်။

'လမ်းတူသူများချင်းသာ
ဒဏ်ရာကိုပြုစု
သွေးတိတ်အောင် ကုသလို့
ဒို့နောက်ကလူတွေလည်း
သတိရနေကြဦးတော့မယ်' ... တဲ့။

အမှန်ပါပဲ။ လမ်းတူသူ၊ ဘာသာစကားတူသူ၊ ခံစားချက်တူသူများ၊ ရင်ခုန်သံတူသူများ အချင်းချင်း သာ တယောက်ရဲ့ဝေဒနာကို တယောက်ကသိနားလည်ပြီး အားပေးနိုင်ကြတာပါ။ ဖေးမပြုစုဖို့ မငြိငြင် ကြတာပါ။ သွေးစက်တွေကို မျက်ရည်များနဲ့ တိတ်စေကြမှာပါ။ အဲဒီလူတွေကိုလည်း ဘာသာစကား တူတဲ့၊ နှလုံးသားတူတဲ့၊ လမ်းတူတဲ့၊ ရင်ခုန်သံတူသူ နောက်လူတွေက အမှတ်ရနေကြမှာပါ။ အခု ရွှေဘုန်းလူ ကို တာရာမင်းဝေ ကို ကျနော်တို့ အမှတ်ရနေကြသလိုပေါ့။ ။

**လေးစားစွာ**

**အောင်ဒင်**
၁၇ ဇူလိုင် ၂၀၀၉




မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချိသည်။

အပိုင်း ( ၂ )
ရွှေဘုန်းလူရဲ့ ၁၉၈၈ အရေးတော်ပုံကာလမှာ ရေးခဲ့တဲ့
တော်လှန်ရေးကဗျာ ၄ ပုဒ်

ကျောင်းဖွင့်ချိန်
ကျောင်းသား အတ္တုပ္ပတ္တိ
ဉဒါန်း
မျှော်




# ကျောင်းဖွင့်ချိန်

**ရွှေဘုန်း လူ**

(၁)
ငါတို့ကျောင်းတော်ကြီးရဲ့
မော်ကွန်းထိန်းသိမ်းရေးအခန်းမှာ
ဟစ်တလာရုပ်ထုကို
လူတစု ထုဆစ်နေကြတယ်။
သူတို့ဟာ ...
ရုပ်တုရဲ့ရှေ့မှာ ကျိန်စာတွေ ရွတ်ဖတ်
ပျားရည်စက်တွေကို မီးရှို့ ပူဇော်
ဆိုင်ရာနိုက်ဖြူလျော်လျော်တွေ သွန်းကြဲပက်ချ
ဟစ်တလာပါးစပ်ထဲက
ကျည်ဆန်တတောင့် ထွက်အံကျလာတယ်။
သူတို့ဟာ ...
ကျောက်သင်ပုန်းပေါ်မှာ အဲဒီကျည်ဆံနဲ့
'ကျောင်းဖွင့်ပြီ' ဆိုတဲ့ စာကိုရေး
သွေးစွန်းလက်တွေနဲ့ ပျူငှာစွာ
ဖိတ်ခေါ်ကြပါပြီ။

(၂)
ငါတို့ကျောင်းတော်ကြီးရဲ့
ဟောင်းနွမ်းနေတဲ့ အခန်းလွတ်တခုဟာ
တဖြည်းဖြည်း နှစ်ငါးဆယ်လောက် ပြန်ငယ်ရွယ်သွားတယ်။
အရင်က မမြင်ရတဲ့ ဟိုတုန်းက အရိပ်တွေ
နံရံတွေ၊ ခုံတန်းလျားတွေဆီက လွန့်လူးထ
အဲဒါ … 'အောင်ဆန်း' တို့၊ 'ကျော်ငြိမ်း' တို့၊ 'သိန်းဖေ' တို့၊ 'ညိုမြ' တို့ရဲ့
ဝိဉာဉ်တွေပဲ …
ဗမာပြည်လွတ်လပ်ရေးကို သူတို့မြတ်နိုး
ဗမာပြည်လွတ်လပ်ရေးအတွက် သူတို့ရှန်းကန်
အာဏာရှင်ကို ဖီဆန်ခဲ့ကြတယ်။
ခု … သူတို့ရဲ့ ဝိဉာဉ်တွေဟာ
"ကမ္ဘာမကြေဘူး … … …
ငါတို့သွေးနဲ့ရေးခဲ့ကြတဲ့ မော်ကွန်းတေး …"
သီချင်းလေး နားဆင်ရင်း
ရာဇဝင်ရဲ့ တကျော့ပြန်စိမ်ခေါ်ပွဲကို
မျက်ရည်တဝဲဝဲနဲ့ စောင့်ကြည့်နေပါတယ်။

(၃)
ငါတို့ကျောင်းတော်ကြီးရဲ့
ဒီဘက်ခေတ် ၁၉၈၇ – ၈၈ နှစ်များထဲမှာပါ
တက္ကသိုလ်စာကြည့်တိုက်ထဲမှာ
ဖြူဝါးဝါးအရိပ်တချို့
စာထိုင်ဖတ်နေကြတယ်။
တချို့ဖတ်တာ … ကဗျာစာအုပ်
တချို့ဖတ်တာ … သမိုင်းစာအုပ်
တချို့ဖတ်တာ … နိုင်ငံရေးစာအုပ်
ရုတ်တရက်
အဖြူရိပ်တခုဟာ ထိုင်ရာကထ
"ဗမာပြည်ကို ကယ်တင်ရတော့မယ်"
နောက်ထပ် အဖြူရိပ်တခု စာအုပ်ပိတ်
"ဗမာပြည်ကို ကယ်တင်ရတော့မယ်
ဗမာပြည်ကို ထိတ်တုံးခတ်ပေးရမယ်"
သူတို့ဟာ တိတ်ဆိတ်စွာ
အခန်းပြင်ကို ထွက်သွားကြပါတော့တယ်။
စာကြည့်တိုက်ရဲ့ စာအုပ်ပိတ်သံများ
လွယ်အိတ်လွယ်သံများ

ဖိနပ်စီးသံများ အဆုံးမှာ
နောက်ထပ် အဖြူရိပ်တခု ထပ်ထွက် ...
... ... နောက်ထပ် ... ...
... ... နောက်ထပ် ... ...

(၄)
ငါတို့ကျောင်းတော်ကြီးရဲ့
စာမသင်ဖြစ်တဲ့ စာသင်ခန်းတခုမှာ
အရိုးစုတအုပ် အစည်းအဝေးလုပ်နေတယ်။
အရိုးစုတခုက ... ထိုင်ရာမှ ဖြည်းညှင်းစွာထ
"ကျနော်တို့ တော်လှန်ရေး
အာဇာနည်တွေ နောက်ဆုံးနေ့အထိ"
စသည်ဖြင့် ပြောကြား
အားလုံးငြိမ်သက်နားထောင်နေကြတယ်။
အခန်းထဲမှာ
အကျဉ်းထောင်က ပြေးထွက်လာတဲ့
ဗိုလ်ချုပ်ရဲ့ မိန့်ခွန်းတွေ
သတ္တိပုံးကို နှောင်ထုံးခတ်
ပတ်ကြားအက်နေတဲ့ ရန်သူ့မျက်နှာတွေ
အဲဒီမှာ ... အရိုးစုတခုက လက်သီးဆုပ်
သူ့နှုတ်က တိုးတိုးလေးပြော
"တောက အဖေနဲ့ အမေတော့
ကျနော့်ကို မျှော်နေကြတော့မယ်ဗျာ ..."
ကြေကွဲစွာ သူ့မျက်လုံးပေါက်ထဲက
မျက်ရည်ဖြူတစက်
စီးသက်ကျလာတယ်။

(၅)
ငါတို့ကျောင်းတော်ကြီးရဲ့
ပရဝဏ် အဝင်အထွက်လမ်းတွေမှာ
အချုပ်ကားပြာပြာကြီးတွေ
ဒရကြမ်း နှင်နေကြတယ်။
အဲဒီကားကြီးတွေထဲမှာ
"ကမ္ဘာမကြေ၊ ဗမာပြေ ... ဒါ တို့ပြေ
ဒါ တို့မြေ ... တို့ပိုင်တဲ့ မြေ" ဆိုတဲ့
တေးသံသာယာ
ညီညာစွာ ပဲ့တင်ပေါ်ထွက်

ကျောင်းသားလက်တွေ သွေးစိမ့်ယိုစီးခဲ့ပြီ
အချုပ်ကားပြာပြာကြီးရဲ့ ဦးထိပ်မှာ
သူတို့ရဲ့တံဆိပ် ... တို့ရဲ့အလံ
ဦးခေါင်းခွံမှာ အရိုးနှစ်ချောင်း ကန့်လန့်ဖြတ်ထားတဲ့ သင်္ကေတသာဖြစ်တယ်။
ကျောင်းခေါင်းလောင်းအိုကြီးဟာ
ထွက်ခွာသွားတဲ့ အချုပ်ကားနောက်
ပြေးလိုက်ခလုပ်တိုက်ပြီး လဲပြိုကျ
ချိုလွင်ရှတတဲ့ ခေါင်းလောင်းသံထွက်ရမယ့်အစား
"သားရေ ... အမေ လိုက်ရှာနေတယ်လေ ... သားရေ"
ဆိုတဲ့ ငိုရှိုက်ညည်းတွားသံအဖြစ်နဲ့သာ
ရာဇဝင်တုန်ခါအောင် မြည်ဟည်းလာခဲ့ပြီ။

(၆)
ငါတို့ကျောင်းတော်ကြီးရဲ့
နီမောင်းသောလမ်းကြီး၊ လမ်းငယ်များမှာ
ဒေါင်းအလံတလူလူ လွှင့်ထူလို့
ကျောင်းသားတွေ ချီလာပါပြီ
ရင်တအုံလုံးပွင့်ထွက်နေတဲ့ ကျောင်းသားက
ရှေ့ဆုံးက အလံကိုင်ပြီး သွေးပွက်ပွက်အန်ထွက်နေတဲ့
ကျောင်းသားတွေက
နောက်က ချီတက်လိုက်ပါလာတယ်။
"ဒီမိုကရေစီရရှိရေး ... တို့အရေး"
"အာဏာရှင်စနစ်ကျဆုံးရေး ... တို့အရေး" တဲ့။
ကိုယ့်ကိုကိုယ် တခါတည်း အသုဘချရင်း
တိုက်ပွဲဝင်ခဲ့ကြရတဲ့ ငါတို့ရဲ့တော်လှန်ရေး
ဘယ်တော့မှ ... အရှုံးမပေးဘူး ဟေ့ ...
သေနတ်သံတချက်ဖောက်ရင်
ရာဇပလ္လင် မီးဟုန်းဟုန်းတောက်သွားမယ် ...
နောက်ဆုံးနေ့အထိ ...

(၇)
ငိုက်မြည်းနေတဲ့ အင်းလျားရေပြင်ဟာ
ရုတ်တရက် ရဲရဲနီစွေးသွားတယ်။
ချက်ခြင်းပဲ ရေငွေ့ပျံတက်
ကောင်းကင်ထက်မှာ တိမ်အဖြစ် မိုးစက်ခို
ကျောင်းတော်ကြီးကို မိုးသွေးတွေ ပြန်ရွာချ
လျှပ်တွေပြက်၊ မိုးတွေခြိမ်း ... ... ...

ဒိန်းဒိုး ဆူညံသွားတယ် ...
အဲဒီအခါ ... ကျောင်းတော်မှာ ...
ပန်းတွေ ဖျတ်ကနဲ ပွင့်ကြ
ငှက်ဆိုးတွေ ဝေါကနဲ ထပျံကြ
သစ်ရွက်တွေ တလက်လက် တောက်ပကြ
ခုံတန်းလျားတွေ အုတ်ဂူအဖြစ် ပြောင်းလဲကြ
မြေကြီးတွေ တုန်ခါတော်လဲကြ
တို့အရေး ... တို့အရေး ... တို့အရေး ... တို့အရေး
ကြွေးကြော်သံတွေနဲ့
ဗမာပြည်ကြီး တဝုန်းဝုန်းရုန်းကန်
နိုးထပြီး နောက်ဆုံးငြိမ်သက်သွားတဲ့အခါ
ငါတို့ကျောင်းတော်ကြီးဟာ ... ...
တလဲ့လဲ့ တဝင်းဝင်း
သွေးနီရောင် တောက်ပခါ ...
အာဇာနည် သူရဲကောင်းတို့ရဲ့
ဂုဗိမာန်ကြီးပမာသာ တည်ရှိနေပါတော့တယ် ...။

(၈)
ကျောင်းသားတွေနဲ့ ကျောင်းတော်ကြီးကြား
ခု ... သွေးပင်လယ်ကြီး ခြားနေပါပြီ ...
"ကျောင်းဖွင့်ပြီ" ဆိုတဲ့ အာဏာရှင်တွေဟာ
သွေးပင်လယ်ကြီးကို ကျော်နင်း
ထုံးတံတားကြီးကို ကျောခင်းပေးတယ်။
တချို့တွေက ကျောင်းတက်လာကြလိမ့်မယ် ...
အဲဒီထဲက တချို့ဟာ ...
"အကြောင်းကြောင်းကြောင့်ပါ"လို့
စိတ်မကောင်းစွာပြောရင်း ...
ထုံးတံတားကို လျှောက်နင်း ...
ကျောင်းခန်းအတွင်း ဝတ္တရားအရထိုင်
ငါတို့ ... နားလည်ခွင့်လွှတ်နိုင်ပါတယ် ...
တချို့ကတော့ ...
'ဂုဏ်တု ဂုဏ်ပြိုင်' ကောင်းကြောင်းပြောရင်း
ထုံးနဲ့သင်းတဲ့ ပန်းခင်းကိုဖြတ် ...
ရည်းစားထားဖို့ ကျောင်းပြန်တက်လိမ့်မယ်။
အဲဒီလို ... လူစားတွေကိုတော့ ...
ငါတို့က ခွင့်လွှတ်သည့်တိုင်အောင်
ရာဇဝင်က ခွင့်မလွှတ်သရွေ့

သူတို့ဟာ … သမိုင်းမှာ …
'သစ္စာဖောက်' များသာ ဖြစ်တယ်။

(၉)
ကျောင်းသား နဲ့ ကျောင်း
တနေ့တော့ ပေါင်းရမှာပဲ
ငါတို့တွေ သွေးပင်လယ်ကို ဖြတ်ကူးပြီး
ကျောင်းကြီးဆီ အရောက်သွားကြမယ်။
သွေးပင်လယ်ကြီးဟာ
တငွေ့ငွေ့ပူခြစ် ဆူပွက်
ထက်ကောင်းကင် မုန်တိုင်းတို့ အစပျိုး
သွေးလှိုင်းတံပိုး တဝုန်းဝုန်းပြင်းထန်
ငါတို့တွေ
ငါတို့တွေ လှည့်မပြန်ဘူး၊
ငါတို့ထဲက တချို့ဟာ …
ကိုယ့်အရိုးကိုယ်ချိုး လှေအဖြစ် ထွင်းထု
ငါတို့အထဲက တချို့ဟာ …
ကိုယ့်အသားကိုယ်လှီး လှေနံရံအဖြစ် ခင်းရိုက်
ငါတို့အထဲက တချို့ဟာ …
ကိုယ့်လက်ဖဝါး ကိုယ်ရိုက်ဖြတ်
လှေရွက်အဖြစ် စပ်ချုပ်
မုန်တိုင်းကို ခွဲဝင်
သွေးပင်လယ်ကိုဖြတ်ပြီး
ကျောင်းတော်ကြီးဆီသွားဖို့
လုပ်နေတယ် …။

(၁၀)
နောက်ဆုံးမှာ …
ဒေါင်းအလံကို … ဖြောင်းဆန်အောင် လွှင့်ထူရင်း
အမှန်တရားတခုထံ
ငါတို့ သစ္စာအဓိဋ္ဌာန်ပြု
အို … သူရဲကောင်းတို့
အို … ကျဆုံးခဲ့လေသော
ဒီမိုကရေစီ တိုက်ပွဲဝင်
သူငယ်ချင်းဟောင်း …
သူရဲကောင်းတို့
ထာဝစဉ် မပျက်ပြယ်နိုင်လောက်အောင်

မြင့်မြတ်စွာ ကျဆုံးခဲ့သော ...
သင်တို့၏ ဝိညာဉ်တန်ခိုးတော်များသည်
ငါတို့၏ ရှေ့နောက်ဝဲယာ ...
ထက်အောက်ဝန်းကျင်၌
ပျံ့နှံ့တည်ရှိကြကုန်တော့၏။
ထိုသော ...
သင်တို့၏ ဝိညာဉ်တန်ခိုးတော်များသည်
ငါတို့၏ ခန္ဓာကိုယ်နေရာအနှံ့အပြားသို့
ထိုးဖောက်ယိုစိမ့်စီးဝင်ကာ
ရဲရင့်ခြင်းမှာ ငါတို့အားဖြစ်တည်စေတော့၏။
အို ... သူရဲကောင်းတို့
အို ... ကျဆုံးလေသော
ဒီမိုကရေစီတိုက်ပွဲဝင်
သူငယ်ချင်းဟောင်း သူရဲကောင်းတို့
ဗမာပြည်ကို ရှိခိုးကာ
ဤသွေးပင်လယ်အား
ငါတို့ ဖြတ်ကူးအံ့
မိုးလုံးပြည့် ကောင်းချီးသြဘာပေးသံများကြားမှာ
ငါတို့၏အရေးတော်ပုံ အောင်မြင်ပါစေသတည်း။ ။




ကျောင်းသား အာတ္ထုပ္ပတ္တိ

**ရွှေဘုန်း လူ**

(၁)

မင်းရဲ့ရုပ်အလောင်းဟာ
ခြသေ့်ဂူထဲမှာ ရှိလိမ့်မယ်
အမှောင်စုန်းစုန်းမှာ
အရာအားလုံး မေ့ဖျောက်ပစ်
နောက်တခေတ် မင်း အောင်မြင်စေကွယ်

အက်ကွဲနေသောလက်များနဲ့
ဘုရားသခင်ထံ ငါတို့ဆုတောင်း
မင်း ... ကောင်းရာသုဂတိလားပါစေ ... လို့
ငါတို့ရဲ့
သွေးတစက်ကို ထက်ဝက်ခွဲ
မင်း ခံတွင်းထဲ
တဲတဲလေးလျှောချကြည့်ရင်
နှုတ်ခမ်းသေများက
ဖွဖွတိုးတိုးလေး လှုပ်ရှားအော်မြည်
**ဒီ ... မို ... က ... ရေ ... စီ ...**
ဒီမိုကရေစီလို့ ... ဆိုလိမ့်မယ်

ညီလေးရယ်
ရနိုင်မယ်ဆိုရင်
မင်းရဲ့အရိုးတမှုန်ကို
နိဗ္ဗာန်ဘုံအထိယူပြီး
ဘုရားရှင်ကို ပြကြည့်ချင်တယ် ...
မင်းဟာ သူ့ရဲကောင်းလေး ဖြစ်တယ်
မင်းဟာ အာဇာနည်လေး ဖြစ်တယ်
မင်းဟာ ဗမာကျောင်းသားလေး ... ဖြစ်တယ်လေ။

(၂)
ရေငတ်သလို ... ငတ်ခဲ့ရတဲ့
ဗမာပြည်က 'လူ့အခွင့်အရေး'ဟာ
အကျဉ်းထောင်ထဲမှာ
သချိုင်းမြေမှာ
တရားရုံးရဲ့ ရာဇဝတ်မှုတွေထဲမှာ ... ရှိနေတယ်..
မင်း ... စွန့်ခွာခဲ့တဲ့
စာသင်ကျောင်းကလေး
မင်းသတင်းတွေ မေးနေပြီ
မင်းရဲ့ စာအုပ်ဟောင်းထဲမှာ
ဆရာမရဲ့ မှတ်ချက် ...
မင်းအတွက် ...
"နောက်ထပ်စာအုပ်အသစ်လဲပါ" တဲ့
စာအုပ် မလုံလောက်မှု
ဖောင်တိန် မလုံလောက်မှု
မုန့်စားဆင်းချိန်မှာ ကျောင်းခန်းထဲအိပ်နေမှု ... စတဲ့
လူမှုကိစ္စအဝဝ
မင်းချည်းမှ မဟုတ်ခဲ့ပါဘူးကွယ်
တိုက်ပွဲမှာ
ချွန်မြစွာ တောင်းဆိုနိုင်ဖို့
ခေါင်းလောင်းအိုကြီးကို နှုတ်ဆက်
ချီတက်လာတဲ့ အာဇာနည်လေးရေ ...
ခွပ်ဒေါင်းရဲ့
တကြောင်းစာချွန်
သမိုင်းစင်ကိုထမ်း
ရာဇဝင်ကြမ်းခက် သွေးစက်ရွှဲစို
ခုတော့ ...
မင်းရဲ့ ခုံနံပါတ်လေး 'ငို'နေပြီ ...။

(၃)
ရွှေဘုန်းရောင်လက်ဝင်းတဲ့
နှင်းပြာပြာ မနက်ဦးများမှာ
ဒို့ကမ္ဘာကို
ပြန်လာဦးမှာလား ... ဟင် ...
"အမျိုး ဘာသာ သာသနာအတွက်
သား ... နှုတ်ဆက်ခဲ့ပါတယ်" တဲ့
မင်းထားခဲ့တဲ့ စာတိုကလေး
မင်းတို့အိမ်ကို ပေးလိုက်ပြီ
ယိုင်နဲ့ကျဉ်းမြောင်းနေတဲ့
မင်းတို့ရဲ့ အိမ်ကလေးထဲမှာ
မင်းရဲ့ ဖေဖေဟာ
လက်သီးကို ကျစ်ကျစ်ပါအောင်
ဆုပ်ထားတယ် ...
မင်းရဲ့မေမေဟာ
အခန်းထောင့်မှာ
ငြိမ်သက်စွာထိုင်ပြီး
မျက်ရည်စီးကြောင်းတခုကို အဖော်ပြု
(ရင်ထဲမှာတော့)
သား ပြန်'လု'နေရှာတော့မယ်။

"ကောင်းမွန်စွာ
သင်္ဂြိုဟ် ပြီးစီးပါကြောင်း" ... တဲ့
အလောင်းကိုမှ
မမြင်ရ မတွေ့ရ
ဘယ်နေရာမှာ ကျဆုံးခဲ့သလဲ ညီလေးရယ် ...
ဒေါင်းရုပ်ကလေးလိုပဲ
မင်းရဲ့ အတ္ထုပ္ပတ္တိဟာ
အတောင်ပံပါတယ်
တိုက်ပွဲဝင်တယ်
နွယ်လိုပတ်ချည် ခိုင်ကျည်နစ်စူး
ရောက်လေရာဘဝအဆက်ဆက်မှာ
မင်း ... မော်ဖူးရခြင်းများစွာနဲ့
ကင်းဝေးပါလိမ့်မယ် ...။

(၄)
အိမ်ထရံမှာ
တခါခါ မင်းမျက်ရည်သုတ်တဲ့
စုတ်ချာချာ လွယ်အိတ်ကလေး
ခေတ်ဘေး ခေတ်ဒဏ်သင့်နေရှာတယ် ...
"ခေတ် လွတ်လပ်မှ
ကျောင်းသား လွတ်လပ်မယ်"
အရွယ်နဲ့မလိုက်အောင်တွေး
'ကျောင်းသားအရေး' ဆိုတာ
မင်းမှာ မရှိခဲ့ပါဘူး
"ဘုရားခေတ်မှာဆိုရင်
ရဟန္တာဖြစ်တဲ့အထိ လိမ္မာမယ်"
ဒါပေမယ့် ...
"အမှောင်ခေတ်မှာတော့
အာဏာရှင်ကို ဖီဆန်တယ်"
ညီလေးရယ် မင်းသိပ်မှန်တယ် ...

ခံယူချက်ကို
အမြောက်ဆံလို ပစ်ဖောက်
အဝေးဆုံး အမြင့်ဆုံး
ဘဝတဆုံး မင်းရောက်ခဲ့တယ် ...
စစ်မောင်းသံကြားရင်
ခွာတရုပ်ရုပ်ဖြစ်ချင်တဲ့
ခေတ်ရဲ့ စစ်မြင်းကလေးလို မင်းဟာ
ရာဇဝင်ကို ထိုးခွဲ
တိုက်ပွဲကို ဒုန်းဖောက်
မီးတောက်ဆူးခြစ်
ခေတ်သစ်ပူဇော်
တော်လှန်တဲ့ ညီလေးရေ
ခွပ်ဒေါင်းအပေါင်းရဲ့
ကောင်းချီးသြဘာသံစေ
မင်းရောက်ရာအရပ်က ကြားပါစေ ...

(၅)
ညီလေးရေ
ရာဇဝင်ရေးရာ
စာအုပ်ပိတ်

တော်လှန်ရေးမှာ 'အိပ်' တော့နော်
စိတ်ချသွားပါ
အရာအားလုံးကို မေ့ဖျောက်
သွေးနဲ့တည်ဆောက်တဲ့ အုတ်ဂူတလုံး
တလောကလုံး လင်းစေသားကွယ် ...
တိမ်သားရိုးရီ
ဒီမိုကရေစီ တောင်တက်လမ်းက
ခပ်ကြမ်းကြမ်းကျောက်လေးတွေအဖြစ်
စွဲနစ်ကျန်တင်လို့ ... အောင်မြင်မှာပါ
ဗမာပြည်အတွက်
လိုအပ်တဲ့
'လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ'
အရှေ့ဖက်အရပ်မှာ
ခြင်္သေ့တွေ ချီလာပြီ
စစ်မြင်းတွေ ပြိုင်လာပြီ
ခွပ်ဒေါင်းတွေ ပျံလာနေပြီလေ..
ညီလေးရယ်
ငြိမ်းချမ်းစွာ
အေးမြစွာ
ရှင်းသန့်စွာ
နောက်ဘဝမှာ မြင်ယောင်ကြည့်စမ်းကွယ်
ဘာပဲဖြစ်ဖြစ်
ယမ်းငွေ့တလူလူကြားထဲမှာ
မင်းချစ်တဲ့ ဗမာပြည်ကြီးဟာ
ဒေါင်းအလံကို ပန်းလို ပန်လို့ လှလို့ ...
သြော် ...
ဒေါင်းအလံကို ပန်းလို ပန်လို့
လှလို့ပါပဲ ... ညီလေးရယ် ... ။ ။

မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချိသည်။




ဥဒါန်း

## ရွှေဘုန်းလူ

ပြာဝင်းဝိုးဝါးတဲ့
ဆောင်းနှင်းများကသာ
သမိုင်းရဲ့ဘာသာစကားဖြစ်မယ်ဆိုရင်
တလိမ့်လိမ့် ခယွင်းတဲ့
သွေးနှင်းစက်တွေ
တို့မြေမှာ မှိုင်းမှိုင်းဝေရော့မယ်။

သေသူရဲ့ အရိုးတွေက
ရှင်သူကို ဘာလုပ်ရမယ်လို့
အံ့ချီးဖွဖွ ရည်ညွှန်းကြတာ
သမိုင်းလို့ ဆိုရမယ်။

ရာဇဝင်ဆိုးရဲ့
အရိုးတွန်သံ
ဘယ်သူ့ထံပါး
သယ်ဆောင်သွားမလဲ နှင်းတို့ရယ်။

ဒီဘက် ကမ္ဘာခေတ်ရဲ့
ရဲရင့်တဲ့ သမိုင်းကြောင်းဟာ
တို့ပြည်က ကျောင်းသားအလောင်းတွေဆီမှာ ရှိတယ်။


သားပျောက်ရှာနေတဲ့ အမေကို
သူ့အောက်က မြေက
"မေမေ" လို့ တိုးတိုးလေး ခေါ်နေတယ်
မေမေရယ် မေမေရယ် မေမေရယ်။

ဇာဘုရင်ရဲ့ စနစ်ဆိုးကြောင့်
ပြည့်တန်ဆာဖြစ်ရတဲ့
ရုရှားမလေးဟာ
အိပ်ရာထဲမှာ ငိုနေတယ်၊

နေဝင်းရဲ့စနစ်ကြောင့်
သူပုန်ဖြစ်ရတဲ့ ကျောင်းသားတွေ
လမ်းမပေါ်မှာ တိုက်ပွဲဝင်နေတယ်။

ဒီနေ့ပွဲဟာ
ရှုံးရှုံး နိုင်နိုင်
ယှဉ်ပြိုင်ခြင်းသာ အဓိက ဆိုတဲ့ ပွဲမဟုတ်ဘူး
သူသေကိုယ်သေ အပြိုင်နွှဲ
ဝိညာဉ်ချင်း ရိုက်ခွဲတဲ့ပွဲ ဖြစ်တယ်။

"ဟေ့ ... ကြိုးစင်"
ငါ ရင်ကော့ပြီး လာခဲ့မယ်။ ။




မျှော်
**ရွှေဘုန်းလူ**


မြန်မာပြည် ငြိမ်းချမ်းပါစေ
သွေးစတွေ စိုလူး
အလံဦးမှာ ကိုယ့်အမည်ချိတ်လို့
ကြိုးစင်ရိပ်ဝယ်
ကျနော်တို့ တိုက်ပွဲဝင်နေပါတယ်။

ပိတ်မထားရသေးတဲ့
သားကြီးတို့ရဲ့ ကျောင်းစာအုပ်မှာ
ဒေါင်းရုပ်လေးတွေ သားငယ်ဆွဲတော့
မေမေ မျက်ရည်ဝဲရော့မယ်။

ရစ်ဆယ့်ရစ်ခုနှစ်ရဲ့
လက်နက်နဲ့ လွယ်အိတ်တိုက်ပွဲများ
မှုန်ဝါးပြာဝေ
ကမ္ဘာမကြေဘူး
ဘီလူးတခေတ်၊ ဒေါင်းတခေတ်။

တနေ့နေ့လေ
မသေသေးရင် ပြန်လာချင်တယ်
ရင်ခွင်မှာ ထွေးလို့ကြိုပါ မေမေရယ်။

မြန်မာပြည် ငြိမ်းချမ်းပါစေ
သွေးစတွေ စိုလူး
အလံဦးမှာ ကိုယ့်အမည်ချိတ်လို့
ကြိုးစင်ရိပ်ဝယ်
ကျနော်တို့ တိုက်ပွဲဝင်နေပါတယ်။ ။




မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချီသည်။

အပိုင်း ( ၃ )

တာရာမင်းဝေ ရဲ့ ကဗျာရှည် ၃ ပုဒ်

ခေါင်းလောင်းသံ စာတမ်း
သစ္စာတရားအတွက် မီးအိမ်တလုံးနှင့်
မီးတောက် ရစ်သမ်




ခေါင်းလောင်းသံ စာတမ်း

**တာရာမင်းဝေ**

(၁)
ကြယ်တာရာတွေ စုံးစုံးဝါးဝါးငုံ့ကြည့်နေတဲ့ ကဝေည
မေမေ့ ... ကို ကျနော်သတိရလိုက်တာ ...
ညဥ့်ငှက်တွေက ကမ္ဘာအပေါ်ယံမှာ လူးလာပျံသန်း
လရောင်ကိုတောင်ပံနဲ့ တဖျန်းဖျန်းရိုက်ကြတယ် ...။

လောကအတုမှာ ... လူသားအတုတယောက်
ကိုယ့်ပေါက်ချွန်းကိုယ်ထမ်းပြီး လမ်းလျှောက်နေတယ်
မေမေ ...
ကျနော့်အတွက်တော့ မေမေ့ရင်ခွင်ဟာ
သောကကင်းဝေးတဲ့ ငြိမ်းချမ်းရေး 'နယ်' ပါ
အခု ... ဘယ်မှာလဲ
ဘယ်မှာလဲ ...။

မြူမှုန်မိုးနှင်းတွေက ရွှေရောင်တဝင်းဝင်းတောက်
မေမေ့အုတ်ဂူကို စောင့်ရှောက်ကြလိမ့်မယ်
ကောင်းရာဘုံသို့သွား အားလုံးကိုမေ့ထားခဲ့ပါတော့
မေမေ ...။

မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချိသည်။

(၂)
ကျနော်မှတ်မိသမျှ ...
မေမေ့မျက်လုံးဟာ ဆောင်းရာသီ ဆန်လွန်းတယ်
မြူတွေဖုံး၊ နှင်းစက်တွေဖုံး
နေရောင်တွေလည်း ခါးကုန်းအောင် ရုန်းခဲ့ရပေါ့
သစ်ကိုင်းခြောက်ကြီးက မီးတောက်ကလေးကို မွေးဖွား
ပြာအနန္တတိုင်အောင် ထွေးပိုက်ပျိုးထောင်သွားသလို
မေမေဟာ ...
သူ့ကိုယ်သူဖြန့်ခင်းပြီး ကျနော့်ကို လျှောက်နင်းခိုင်းခဲ့တယ် ...။

မှသားတလွှာ မာယာတထပ်၊ ဝတ်ရည်တစက်နဲ့
အို ... ခတ္တာရေ ...
ပုခက်လွှဲသောလက်တွေနဲ့ ကျနော့်ကိုစိုက်ပျိုးခဲ့ရုံသာမက
သူမ ... ကိုယ်တိုင်က ...
ကျနော့်အတွက်ဆိုရင် ပုခက်ဖြစ်ပြခဲ့တယ် ...။

**'အမေ'** အဖြစ်
စုန်ရေသစ်စီးကြောင်း၊ တောင်ကျချောင်းကလေး
အေးလို့မွေးလို့ တည်ခဲ့ပြန်တယ်။

(၃)
ခြေထောက်တွေက လှေကားထစ်အတိုင်းတက်သွားပြီး ...
လူက ... လှေကားခြေရင်းမှာ ကျန်ခဲ့ရတယ်
ဘယ်သူမဆို
ကိုယ့်အရိပ်ထဲမှာ ကိုယ်ပြန်ခိုချင်လို့မရဘူး
ကျနော့်ကို 'မေမေ' ပြန်ပေးကြပါ ...။

ပြက္ခဒိန်ထဲမှာ ကြယ်ပွင့်ပြရေးစရာမလိုတဲ့
သာမန်အညတရ မွန်းလွဲအိုတခုက
'မေမေ့'ကို လုသွားတယ် ...။

နေပူအရပ်ရဲ့ကောင်းကင်နက္ခတ်ဖြူများဟာ
လင်းအားပြင်းထန်၊ လူငယ်တယောက်ရဲ့နှလုံးသားအတွင်းကို
တရှူးထိုး ဆင်းချတယ် ...။
လက်ဖမိုးနဲ့ ဖျက်ဖျက် လက်ဖဝါးနဲ့ ဖျက်ဖျက်
ပါးပေါ်စီးတဲ့မျက်ရည်စက်လေးကတော့ ပျက်သွားမှာပါ
ဒါပေမယ့် မေမေရယ် ...။

မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချီသည်။

(၄)
မေမေ့မှာ
နာကျင်ခဲ့ရတဲ့ ဂန္တဝင်သက္ကရာဇ်များ
ဆက်ထုံးရှည်လျားလျားနဲ့ ရှိခဲ့တယ် ...။
ယယ်ယယ်တည်းက
'ဝ' လုံး ဘယ်မှာစဖတ်ရမှန်းမသိတဲ့ကျနော်ဟာ
မေမေ့အကြောင်းကိုလည်း ခုထိ စာလုံးမပေါင်းနိုင်ခဲ့ဘူး ...။

မေမေ့မှာ
ဘာသာဗေဒမတူ၊ ဖတ်တဲ့စာချင်းမတူ၊ ခူးတဲ့ပန်းချင်းမတူ
မိတ်ဆွေနဲ့မတူတဲ့ မိတ်ဆွေတွေရှိတယ် ...။

မေမေဟာ
အက္ခရာနဲ့ဖော်ပြလို့မစွမ်းတဲ့၊ ယဉ်ကျေးမှုအခန်းခန်းကို
လွှမ်းရုံဖန်ဆင်းထားသူဖြစ်တယ် ...။

ကျနော့်မေမေဟာ
သူများမေမေတွေထက် ... နို့ရည် ပိုမထွက်ပါဘူး ...
ဒါပေမယ့် မျက်ရည်တော့ ပိုထွက်ရင်ထွက်မယ် ...
ကျနော်ကလည်း ဆိုးခဲ့တယ်လေ ...။

(၅)
ဖုန်မှုန့်ပျံ့စင် ...
ကျနော့်ရဲ့ စိတ်ကူးတယဉ်ယဉ် တွင်းဟောင်း
အခု ... လင်းနို့တွေ အောင်းနေပြီမေမေ ...။

လွန်ခဲ့တဲ့အနှစ် ၂၀ ကျော်
ကျနော် မြင်းရုပ်စီးပြီး၊ သစ်သားခွာကြီးနဲ့ ခရီးတွေနှင်
မေမေ့လက်ခုပ်သံ တလွင်လွင်ပေါ့ ...။

စိတ်မလိုရင် ကောင်းဘွိုင်ဦးထုပ်ကို ဆွဲဖြုံ
ဂျစ်ကားတွေ တက်နင်း၊ ရထားတစင်းလုံး ဆောင့်ကန်
ကျနော့်ထမင်းပန်းကန် အထုအပါး
မေမေ ခွံ့ကျွေးမှစားခဲ့တယ်..။
မေမေက ဦးဖွလို့ မန်းမှုတ်ရင်
ဒုက္ခအပေါင်းဟာ တိတ်ဆိတ်ငြိမ်သက်
ကျနော့်ရှေ့မှောက်မှာ ကြောက်ရွံ့စွာ လက်ပိုက်ရပ်ကြတယ် ...။

"လူကလေးရဲ့အိပ်ချိန် တန်၊ ဗျိုင်းရှေ့က ပျံ"တဲ့
မိုးအုံ့နေတဲ့မျက်လုံးနဲ့ မေမေ့ပုခုံးမှာ မှီတွယ်ငိုက်မျဉ်း
ကျနော်ကလည်း အိပ်ပုပ်ကြီးတယ် ...
ကျနော်အိပ်တိုင်း မေမေ့ဗျိုင်းကလည်း ရှေ့မှာပျံတယ် ...။

ကျနော့်အိပ်မက်
မေမေ့လည်တိုင်ကို ဖက်လို့ပေါ့ ...။

(၆)
ဟင်းလင်းပွင့်နေတဲ့ ကျနော့်ရင်ဘတ်ကို ဖုံးဖို့
အင်္ကျီမှာ ကြယ်သီးတလုံးလိုနေပြီ ... မေမေ ...။

ငယ်ငယ်ကတည်းက ...
မေမေက ခံတပ်လုပ်၊ ကျနော်က သူရဲကောင်းလုပ်
ရန်သူတွေနဲ့ ဝေဝေဆာဆာ ဓားချင်းခုတ်ဖူးတယ် ...။

ကျနော့်ဘဝ တောက်လျှောက်
မေမေဟာ ခံတပ်ဆန်သူတယောက်ပါပဲ ...
ကျနော့်ဘက်မှာ ရပ်တည်၊ ကာကွယ်၊ တိုက်ခိုက်
သူမကိုတော့ မြားအစင်းစင်းစိုက်ခဲ့တယ် ...။

ကျနော့်ကို အလိုလိုက် ... ကျနော့်ကို မရိုက်
ကျနော့်ကိုရိုက်လည်း ကျနော် မငို ... မေမေပဲ ငို ...။

မေမေပြောတဲ့ ကျေးလက်နီတိ
"မတတ်ဘဲမန်းရင် တစ္ဆေမုန်းလိမ့်မယ်"
ဆေးမျက်လုံးနဲ့ ကြည့် ... တဲ့။

(၇)
လေကိုလေနဲ့မှုတ်တာကမှ လွှဲဦးမယ် ...
ကျနော့်ကို မေမေက ...
ပညာလုလုတတ်စေချင်တာ ... အသေအချာပေါ့ ...။

ကောင်းကင်ပေါ်က 'လ' နဲ့ ဗျည်းစာလုံးထဲက 'လ'
ဘာကြောင့်မတူတာလဲ ...
ကျနော်နဲ့ အဖော်များ
ကျောင်းတော်မှာ သဘောကွဲပြားကြ ...။

ကျနော်က လူပျင်း …
သစ်ပင်ခြေရင်းမှာ ရပ်လိုက်၊ သစ်ပင်ဖျားကို တက်လိုက်
စာမေးပွဲတွေမှာ …
အဆင့်တွေက ၁ မှ ၁၀၀ မရေရာ …။

တစတစ …
လူငယ်သီချင်း၊ နှင်းဆီဒေးသွား၊ ရင်ကြားစိုက်နစ်
ကျနော်ဟာ တေလေကုန်းမှာ ကဗျာဆရာဖြစ်လာတယ်…။
လူငယ်တယောက်ရဲ့ရင်ခေါင်းမှာ …
အိပ်မက်တွေ အမြှောင်းမြှောင်းထ …
ဂမ္ဘီရလမင်းကလည်း ဝိုက်အုပ်ဖြာဆင်းကျနေတော့တယ်…။

(၈)
တရက်မှာ
မြူပြာမှိုင်းမှုန်၊ အိပ်မက်ကို စောင်လိုခြုံဆဲ …
ကြယ်တွေအကုန်ကြွေတဲ့ ည
ကျနော့်အပေါ် ကြိုးပြတ်ကျတယ် …၊
ကျနော် …
မပျော်လေလွင့်၊ ရင်အနင့်ဆုံး ဆောင်း
နှင်းတွေ ပြောင်းပြန်စီးမျောလာ …။

မေမေဟာ …
ကျနော်ပြန်လာမယ့် သန်းခေါင်ယံကို ခြံရုံစောင့်ကြပ်
အလင်းရဲ့နတ်သမီးလို … မီးအိမ်ကိုင်ပြီး စောင့်နေတယ်…။
နာကြည်းပင့်သက်၊ အရက်သောက်လာတဲ့ သား
အမေ့အား စကားမဆို
အမေကား … သားကိုယ်စား မျက်ရည်မဲ့စွာ ငို …။

သား …
ဘဝဆိုတာ ရေစီးထဲကဖေဒါ … မရေရာဘူးကွဲ့
ဒါပေမယ့် …
မျှော်လင့်ချက်ရဲ့ အရုပ်များ၊ အရောင်များ၊ အရိပ်များ
လွှင့်မပစ်နဲ့ သိမ်းထား …
ဝိညာဉ်ရုန်းကန် တနေ့မှာ သူတို့ပြန်ရှင်သန်လိမ့်မယ်…။
မေမေ့စကားက
ကျနော့်ရဲ့မိုးခါးရေများကို
တစက်ချင်း … တစက်ချင်း … တစက်ချင်း … ချိုစေခဲ့ …။

(၉)
ဝါဆိုပန်းခူး၊ စံပယ်ဦးတို့ မွှေးသက်ဝေဝေ
မှတ်သုန်လေရဲ့မှတ်တမ်း
မီးကိုလည်း ကျနော် နမ်းခဲ့ ... ရေကိုလည်း ကျနော် နမ်းခဲ့ ...။

မေမေဟာ ...
ခြံထောင့်မှာ ဒေလီယာတွေပျိုးရင်း
မိုးစိုနေတဲ့ဆံနွယ်ခက်ကို လက်နဲ့သပ်တင်
သူမလည်း ရင့်ကျက်ကြည်လင်နေတယ်..။

မေမေချုပ်တဲ့
ဇာမဏီရုပ်နဲ့ အင်္ကျီချည်မျှင်ကြမ်းကြမ်း
ကျနော် ... လမ်းမှာဝတ်ရန် ...။

နွားက သူငုံ့စားတဲ့မြက်တွေကို
ဝံပုလွေတကောင်ရဲ့အော်သံကြားတယ်လို့ ပြောဆိုနေဆဲ
သွားကြစို့လေ ...

မဆိုးခြေထောက်များနဲ့ ကျနော်သွားရာ ကျနော်လိုက်
လေဆန်တွေ ပစ်စလက်ခတ်တိုက်တဲ့ ခင်တန်း
ပဒိုင်းပန်းတွေလည်း ဖောင်းလန်အောင် ခါရမ်း ပွင့်ဝေ ...။

(၁၀)
သား ...
"၁။ တိမ်တွေပုံ့တာ မိုးပေါ်မှာ ဘာနဲ့မှမငြိဘူး
၂။ တတောလုံးကိုလည်း ကြည့် တပင်ချင်းလည်း ကြည့်" တဲ့

မေမေ့ဆုတောင်း ဘုရားကျောင်းမှ ဝတ်ပြုသံ
လောကဓံအသစ်သစ်တွေနဲ့ မြင့်ရှိင်း
မိုးကုတ်စက်ဝိုင်းတခြမ်းကို ထိုးဖောက်
ကျနော် ဆက်လျှောက်နေတယ် ... (ဖိနပ်လည်း အခါခါပေါက်ခဲ့)

ညပေါင်း ၁၄၀၀
ဝက်ပါတောင်ကြားမှာ ... ကံနတ်ဘုရားနဲ့ စီးချင်းထိုး
ကျနော်ကြိုးစား၊ အမှားများလည်း ချင်းချင်းနီ ...။

ရောဝတီ မေမေ၊ ပိတောက်ပင်ဟာ မေမေ
ဖယောင်းတိုင်ဖြူဖြူဟာ မေမေ၊ နံနက်ခင်းကြေးရုပ်ဟာ မေမေ ...။
ခု ... မေမေဆုံးပြီဆိုတဲ့ သတင်းမှာ
ကျနော်ဟာ အရာရာဝင်းရှင်းပေါက်ကွဲ ... နီလဲ့ ...
လူတဆုံး ... ဝိညာဉ်တဆုံး၊ အကြွင်းမဲ့ ဗုန်းဗုန်းလဲကျ
**"မေမေ ..."**

(၁၁)
မေမေဟာ ... နာရီသံနဲ့ အိပ်၊ နာရီသံနဲ့ နိုး ...
ဘယ်တော့မှ ထမင်းအိုးဝေမကျတတ်တဲ့ မိန်းမမျိုး ဖြစ်တယ်..။

မီးလောင်နေတဲ့ ငရဲပင်ပျိုမှာ၊ ပွင့်အိုလေးပမာ၊ ဝါဝါနွဲ့နွဲ့
သတ္တိသစ်တွေနဲ့ ဝေရဲခဲ့တယ် ...။

သားငယ်ရဲ့မျက်နှာကို
အလင်္ကာလိုလည်း ဖတ်၊ ပုစ္ဆာလိုလည်း ဖတ်
ဆိုလိုရင်းကို ချက်ချင်းရှာဖွေတွေ့တတ်တယ်..။

လင်မရှိတော့ပေမယ့်
သားငယ်အတွက် ရင်ခွင်တခုရှိတဲ့မိန်းမ
လူကန္တာရတို့ရဲ့ ကျောက်တိုင်၊ မြေခိုးမြေငွေ့ကို ပိုင်တယ် ...။
(**အလင်းပြာမှတ်ကျောက်အတွက် မင်တပေါက်ဖြစ်တယ် ...**)

(၁၂)
အမေမရှိတဲ့သားမှာသာ
စေတန်ရဲ့လွှသွားကို ခါးသီးကွဲရှ
အရိုးမြုပ်အောင် ကိုက်မြိုခဲ့ရပြီ ...။

မျက်နှာကို လက်ဝါးနဲ့အုပ်ရုံကလွဲလို့
ဘာမှလည်းလုပ်မပေးနိုင်တဲ့နေရာ ... အဝေးမှာ ...
ကျနော်က ... ဟိုး ... အဝေးကြီးမှာ ...။
ကျန်တာတွေကတော့ ဘာမှမပြောင်းလဲပါဘူး
မီးခိုးငွေ့တွေကလည်း
ရိုးရာအခြေအနေအတိုင်း၊ လှိုင်းထကော့လန်
ဒရွတ်တိုက်ပျံတက်ဆဲ ...။

အမေ့ရဲ့ ခြေလို၊ လက်လို နေခဲ့တဲ့ကောင်
အမေမရှိချိန်မို့ လမ်းပေါ်မှာ ပြန့်လို့ ကျဲလို့ ...။

အများလက္ခဏာ၊ အမှန်လက္ခဏာ၊ ဘာနဲ့မှလာမတိုင်းတာနဲ့
**'အမေ'** ဆိုတာ ထာဝရ အကန့်အသတ်မဲ့တယ်
ချစ်သောမေမေ ... ကောင်းရာဘုံသို့ ရောက်ပါစေ ...။
**(ကောင်းရာဘုံတို့၏တံခါးသည် မိခင်များအတွက် ပွင့်စေသတည်း ...)**

(၁၃)
နောင် ... နှစ်ပေါင်းများစွာကြာရင်
မေမေ့အုတ်ဂူကို၊ ဝတ်ရုံဖြူနဲ့ လူတယောက်လာမယ်
အနက်ရောင်ကတ်ပြား မပါ၊ လွမ်းသူ့ပန်းခွေ မပါ
လေထန်လမ်းမှာ ဆံမျှင်တွေ လွင့်ဝဲ ...
အဲဒီလူဟာ ... သားပဲပေါ့ မေမေ ...
ဘယ်သံသရာမှာပြန်ရှာရင် မေမေ့ကိုတွေ့နိုင်မလဲ ...
ကျနော့်ရှေ့မှောက် လရောင်တွေ ကွေ့ကောက်လွှန်းလှချည့် ...။

အမေ့ကိုယ်စား ...
အမေ့ကိုယ်ပွား ...
ကြယ်စင်များကို လက်ဖဝါးနဲ့ပန်၊ မြင်းခွာသံမှာ အပ်နှံလိမ့်ဆင်း
အဝါရောင်မီးရှူးမီးပန်းလို
'လင်း' ပြီးမှ ပျောက်မယ် ...။

ကျနော် ...
မေမေ ...
မာယာတောင်ခြေမှ ဒရမ်တီးသူများ၊ မျက်လှည့်တီးလုံးများ
သီချင်းအကွဲအစ ... တပုဒ်ပြီးဆုံးသွားပါပြီ ...။
မေမေ ...
ကောင်းရာသုဂတိလားပါစေ ...
ခေါင်းလောင်းထိုးသံ တိုးတိတ်လွင့်ဝေ ...
ခေါင်းလောင်းထိုးသံ တိုးတိတ်လွင့်ဝေ ...
ခေါင်းလောင်းထိုးသံ တိုးတိတ်လွင့်ဝေ ...
... ... ...
... ... ...
... ... ... ॥ ॥

**မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချီသည်။**

(စီစဉ်သူရဲ့မှတ်ချက် ...
ဒီကဗျာကို စိတ်ကူးခံစားမှုနဲ့ ရေးဖွဲ့ခဲ့တယ်ထင်ပါတယ်။ သူ့စိတ်ထဲမှာ ကျနော်တို့ရဲ့ ကျန်းမာရေးမကောင်းလှတဲ့မိခင်ကြီး သူ့အရင်ကွယ်လွန်လိမ့်မယ်လို့ ထင်ထားခဲ့ပုံရပြီး ဒီ မေမေ့လွမ်းချင်း ကဗျာကို ကြိုရေးခဲ့တာဖြစ်ပါလိမ့်မယ်၊ သူချစ်တဲ့မေမေက ဒီစာအုပ်ကလေးထုတ်ဝေချိန်မှာ သက်ရှိထင်ရှားရှိနေဆဲပါ။ သူကသာ မေမေ့ကို အရင်ခွဲခွာသွားနှင့်တာပါ။
အောင်ဒင်)

(မနော်ဟာရီ ရဲ့ http://www.manorhary.blogspot.com/ မှ ကူးယူသည်)




# သစ္စာတရားအတွက် မီးအိမ်တလုံးနှင့်

**တာရာမင်းဝေ**

၁။

အရှင် …
သင်၏ခေါ်ရာ
ထပ်ချပ် … ငါ … လိုက်ပါမည်။
ကြယ်တပွင့်ကိုဆွဲယူ
ငါ့ကို … ထုပါ။

ဟိုးမှာ …
သေအံ့မူးမူးလူက
မြေပြင်ပေါ်က သူ့အရိပ်ကို
ကပျာကယာ အိတ်ထဲယူကောက်
လက်သည်းတွေတောင် ခွေခေါက်နေပြီ။
ဒီမှာ …
ဦးခေါင်းခွံထက်
ဆံဖြူတွေ ဝပ်တွားတက်နေတဲ့ အဘိုးအို
တောင်ဝှေးကျိုးကို ရီဝေကြည့်ငေး
သူ … ဘာတွေ တွေးပြီနည်း။

စမ်းရေကိုငုံ့သောက်မှ
ကိုယ့်မျက်နှာကိုယ် ပြန်မြင်ရသောလူများ
အခြား ဘာကိုတွေ့စွမ်းမလဲကွယ်။

အတ္တဆိုင်းဘုတ်ကို
လည်မျိုမှာ သံဒုတ်နဲ့ရိုက်
လမ်းမှားလိုက်သော ခရီးသည်များ
သံသရာရထားကို စောင့်နေသည်။

ဝါးတပင်ရိပ်မှာ
ခြသေ့်တို့ပင် အိပ်ဝံ့ပါသလား။
ဝါးတပင်ရိပ်၌
သူတော်စင်တို့ ပျော်ပိုက်ခဲ့ကြပြီ။

အမှောင်က နက်၏
ကြယ်က လက်မည်
ဤခရီးဝေးသလား
ငါ ... ရောက်အောင်သွားပါမည်လေ ...။

၂။
နွေ ... နွေ မိုး မိုး
တွင်းထဲမှာ နှင်းခဲတွေ ပုပ်သိုးနေရော့သလား။

ဆောင်းကိုပန်ပြီး
မြောက်ပြန်လေရောက်လာမှ
ပြာဝေမှိုင်းအုပ်
ဟော ... နှင်းတွေ တဆုပ်ပြီး တဆုပ်။

သဲကန္တာရက
သဲတွေနဲ့ဖွဲ့စည်းပြသလို
မာယာလောက
မာယာတွေနဲ့ မှုံရီအုံချနေတယ်။

ကျောက်ဆစ်ရုပ်က
ခေါင်းညိတ်ပြရုံမဟုတ်
လက်ခုပ်တီးပြီး လက်အုပ်ချီပြတာ
ငါ တွေ့ခဲ့ဖူးပြီ။

သွေးစက်တွေနောက်မှာ
လက်သည်းနီစက်ရဲရဲတောက်ပြတာ
ငါ တွေ့ဖူးပြီ။

ကျွဲချိုမှုတ်ပြီး
ကျွဲအုပ်ကို ဖျောက်ဖြေတာ
ပျော်စရာမှ မဟုတ်ပဲကွယ်။

၁၂ ကြိုးကသော
လောက၏ ကဝေလက်ချောင်းများ
ငါ့အား ... ဆွဲခေါ်
ငါ ... မမွေ့ပျော်တော့ပါပြီ အရှင်။

၃။
ငါသည် ... တခါက ဖယောင်းတိုင်ကဲ့သို့ဖြစ်၏
ထို့ကြောင့်
မီးတောက်ကို ချစ်လေသည်။

မိုး၏အမြင့်ကိုမသိ ... ဟု
ကိုယ့်ကိုယ်ကို အထင်ရှိ၏။
အမှန်ကား ...
မြေ၏အနက်မှာပင် ဝေဝါးဆဲ။

စီးမျောရာတွင်
ဗေဒါကို ကုပ်ဖက်
အနက်ရောင် လှိုင်းခေါင်းများကြားမှာ
ဒေါသအမျက်ချောင်းချောင်းပွားလျက်။

ထိုသော ... မနေ့ကငါသည်
ဝါကျင်ဟောင်းနွမ်း နေလုံးကိုထမ်း၍
တောင်စွယ်တန်းမှာ ဝင်ရောက်ပျောက်ကွယ်ခဲ့ပြီ။

ဤယနေ့ ... ငါ ... သည်
မီးခိုးကဲ့သို့ မိုးပေါ်ထိုးတက်
နှုတ်ဆက်ထွက်ခွာ
အားလုံးကို လွှတ်ချခဲ့ချင်ပါပြီ။

ငါသည် ငါ၏ ဘုရင်ဖြစ်၍
ငါသည် ငါ၏ ပြည်သူဖြစ်၏။
ငါ့ကို ငါက အုပ်ချုပ်၍
ငါ့အလုပ်ကို ငါ လုပ်ရပေတော့မည်။

၄။
ဥပုသ်သည် သီလကျိုးတော့
ဘုရားရှိခိုးရင်း ရက်လေသည်။

ငါတို့သည် ... လူသားများဖြစ်၏
လက်ဖဝါးမှာ
အမှားလက္ခဏာ ပါလေသည်။

ဟိုချိုး ... သည်ကွေ့
ချွတ်ယွင်းသော မောင်းတံဖြင့် ရွေ့လျား
လမ်းလျှောက်နေသော သချိုင်းမှတ်တိုင်များဖြစ်၏။

အပ်ချည်နှင့်ပြန်ချုပ်ထားသော
စက်ရုပ်၏အစိတ်အပိုင်းများပမာ
တခါတခါ
မှီတွယ်ရာလည်း မဲ့တတ်သည်။

အို ... လူသားအားလုံး ချမ်းမြေ့ပါစေသား ??
အားလုံးထဲမှာ
ငါသည်လည်း ပါဝင်ချမ်းမြေ့ပါစေသား။

သူတပါးကိုလည်း ခွင့်လွှတ်
ကိုယ့်ကိုယ်ကိုလည်း ခွင့်လွှတ်
အနာရွတ်မှန်သမျှ
ဆွဲချွတ်ဖယ်ရှားကြပါ။
နင်းလာသော ခြေထောက်ကို
မြေမှုန့်သဲကျောက်တို့က
ခွင့်လွှတ်ကြသလိုမျိုး
ရိုးသားပြည့်ဝ
တယောက်ကိုတယောက် ခွင့်လွှတ်ကြပါ။

၅။
ထမင်းဝိုင်းမှာ
လျှာနှင့်ခပ်၍စားကြသူများ
သွားကြားထိုးတံ စူးကြလေသည်။

စပါးစေ့ (၁၀၀) နှင့်
သင်လုံလောက်ပါက
စပါးစေ့ (၁၀၁)
နောက်လူအတွက် ဖြစ်ပါစေကွယ်။

ဆင်ဖြူတော်မှီပြီးတော့လည်း
ကြံမစုပ်ကြပါနှင့်၊
ကြံကျွေးပြီးတော့လည်း
ဆင်ကိုနှာမောင်း မဖြတ်ကြပါနှင့်။

ညောင်ရွက်တွေနဲ့မိုးတဲ့
ရေအိုးစင်လေးပမာ
သာယာမြေချမ်း
နေပူလမ်းမှာ တွဲခေါ်ကြပါ။

အမှန်စင်စစ်
ခေါင်းငုံ့ပေးလိုက်ခြင်းဟာ
ခေါင်းမော့ထားရခြင်းလောက်
ညောင်းညာလိမ့်မည် မဟုတ်ပါ။

ဝင်သက်နှင့်ယူခဲ့သမျှ
ထွက်သက်နှင့် ပြန်ပေးရမည်။
ဒါ ... ကမ္ဘာအစရဲ့
ပထမသီအိုရီပဲဖြစ်သည်။

ငါကတော့ (ရမည်ဆိုပါလျှင်)
သေလွန်ပြီးခါမှ
အင်အားတစ ပြန်ယူသုံး
ငါ့အခေါင်းကို ငါပဲ ဖုံးသွားချင်တော့၏။

၆။
ငြိမ်းချမ်းရေးအတွက်တော့
လင်းပွင့်မြင့်မြတ်ရဦးမည်။
ထို့အတွက်
ကိုယ့်ကိုယ်ကို တံမြက်စည်းလှဲပြီး
တဖွားဖွား ခြေချပစ်ရမည်။

လက်သီးဆုပ်ခြင်း ... ဆိုတာ
တုန်ခါဖြူဖျော့ ထော့လန်ကွေးလုပ်
လက်ချောင်းတွေအချင်းချင်း ပြန်ဖမ်းချုပ်ကြခြင်းဖြစ်၏။

ကိုယ့်ကိုယ်ကို ဒိုင်းနဲ့ကာထားပြီးမှ
သူတပါးကို ဓားဖြင့်ရွယ်ရဲလျှင်
သူရဲကောင်းဟု မခေါ်ချင်

တခါက
ဤလက်တို့ အလံလုခဲ့ကြ၏။
ထို ... ဆုတံဆိပ်
ယခု ဘယ်ဆီချိတ်မည်နည်း။

ငှါရိပ်မြို့ကို
ရုပ်ပုံစာတမ်း
ဘာမှမကပ်တမ်း
လမ်းဘေးမှာ မြက်ဖြင့်ဆောက်မည်။

မာနကိုဖြေလျှော့
ရေစင်အေးဖြင့် ငါ ကန်တော့ပါအံ့။
ခြေဖဝါးမှ ဦးကင်း
မေတ္တာဖြူဖြင့် လင်းလိုလှပါတော့သည် ငါ့အရှင် ...။

၇။
(လောကကြီးသည် အံ့ဖွယ်အတိပြီး၏။
နဂိုမူလ တိမ်သည်ဟုထင်ရသော တွင်းများပင်လျှင်
ဆင်းကြည့်ခါမှ နက်ရှုလိုက်စား
ပို၍ ... နိမ့်ဝင်သွားတတ်၏)

ကြက်ခြေခတ် ... ၏
ဆုံရပ်မှာနေ ရီဝေထွေပြားသောညများ
မိုးခါးရနံ့ သင်းပျံ့နေတတ်၏။

ငါ့ရှေ့မှလူများ
ငါ့ကိုပိတ်၍ကာထား၏
ငါ့နောက်မှလူများ
ငါ့ကိုတွန်း၍ ကျော်သွား၏။

ထို့နောက် ...
ချောက်ကမ္ဘားရောက်မှ
ကြောက်အားဖြင့် လှည့်ပြန်
ငါနှင့်တဖန် ...
လူချင်းလဲကြပြန်၏။

အောင်မြင်ကြပါစေကွယ်
နေရောင်လရောင် ဖြန့်ခင်း
အလင်းတဝေဝေနဲ့
နေ့တွေ ညတွေ
ငြိမ်းချမ်းသည်ထက် ငြိမ်းချမ်းပါစေ။

သူဖုန်းစားလည်း
မြေသားပန်းကန်မှာ
ကောက်နှံပင်တို့ဝေဖြိုး
အသရေ တိုးသည်ထက် တိုးပါစေ။

သူကြွယ်ကြီးလည်း
ငရဲပြည်က ခေါ်းကို
ရှောင်ရှားပိုင်းချင့်
နှိမ့်ချအပ်သော ဦးခေါင်းဖြင့်
မြင့်သည်ထက် မြင့်ပါစေ။

၈။
ဝိုင်ကြွေးဖို့အတွက်
အသက်ဝင်လာသောလူများ
သစ္စာတရားကို
ဟားတိုက်ရယ်မောနေကြသည်။

ရှင်သေမင်းက
အစွယ်တဝင်းဝင်းနှင့် စောင့်စား
သက်တမ်းကျဲ့သည်နှင့်
တမလွန်မှာ
အခွံခွာ၍ စားလိမ့်မည်။

ဟိုစဉ်ခါက
ငါသည်လည်း စိုးကြောက်
ကျောက်တောင်ကို ပန်းနှင့်ပြန်ပေါက်ရင်း
ခြေမြှောက် လက်မြှောက်
ခြောက်ခြားဖူးသည်။

တုတ်ကောက်မရှိသူ ... နှင့်
ချိုင်းထောက် မရှိသူ ...
လမ်းလျှောက်ရန်မှာပင်
ဒုက္ခချင်း မတူကြ။

တရှောက်ရှောက်နှင့်
နွံ့ရုပ်သားကောင်
မုဆိုးလိုပြန်လှောင်သည့်
မှော်ရုံထောင်ချောက်
မျက်လှည့်ဆရာတွေ ကြွေအံခေါက်နေသည်။

မျက်စိကိုမှိတ်ပြီး
ကိုယ်ထဲကို တိတ်တိတ်ကလေးပြန်ကြည့်သောအခါ
ညှို့ပြာယှက်သန်း
တလောကလုံး အနက်ရောင်လွှမ်းတော့၏။

ထိုသို့ဖြင့်
နှင်းရည်စိုသော
မှိုပွင့်ကလေး၏ပင်ခြေရင်းမှာ
မာနကိုအိပ်မွေ့ချ
ထာဝရ ငါ ... ထားခဲ့ချင်ပါပြီလေ။

**၉။**
လောကဓံတရားက
နဂါးရှစ်ကောင်ပမာ

မြေကိုထိုးခွဲ လေကိုဆွဲဖြဲ
လူတွေထဲမှာ
ပျံသန်းသွားလာနေသည်။

ယဉ်ကျေးမှုအရ
တနေရာတွင် ဖိနပ်စီးရသောငါတို့သည်
ယဉ်ကျေးမှုအရပင်
တနေရာတွင် ဖိနပ်ချွတ်ရဦးတော့မည်။

ဘုရားပြောတာကိုမှ
ငါ ... မယုံရဘူးဆိုလျှင်
မာရ်နတ်ပြောတာကို
ငါ ... ယုံရတော့မည်လော။

အစိုးမရသော
လောက၏နာရီစက်သံကို
လက်တံတို့က မောင်းနှင်ဖန်တီး
နီး ... နီး ... နီး၍ လာခဲ့ပြီ။

မီးကို ကျော်ဖြတ်
ရေကို ကျော်ဖြတ်
သံချပ်ကာဝတ်ရုံ
ခြုံလို့ မလုံပါဘူးကွယ်။

တရားရိပ်မှာ
စိတ်ကိုထုတ်ပြီး ဖုန်ခါ
ပြီးတော့ ...
ကိုယ်ထဲမှာ ပြန်လည်သော့ပိတ်
သုညကလေးလို
ငြိမ်သက်တိတ်ဆိတ်နေရမည်။

စေတီအိုဟောင်းမှ
ခေါင်းလောင်းသံ တိုးဖွတိုးညှင်း
အို ... အရှင် ...
မြေမှထသော ငါ့ကိုမြင်ပါ။

၁၀။

အချို့သောလူများ
လယ်ထွန်သွားရင်း
နွားပေါ် အိပ်နေကြပါသလား။
အချို့သောလူများ
လယ်ထွန်သွားရင်း
စပါးဖြစ်အောင် စိုက်ကြပါသလား။

လူသားတယောက်အနေနှင့်
မိုးကောင်းကင်အောက်မှာ
ခိုင်မာကျစ်လျစ်
တာဝန်ကျေသော ပေတဆစ်မျှတော့
ဖြစ်သင့်သည်။

အရပ်ရပ်မှလာသော လေတို့၌
မြေစိုက်ကျောက်တိုင်တို့
မတုန်လှုပ်ကြသကဲ့သို့
ငါတို့ နေသွားရမည်။

အရှင်ယူဆောင်သည့်
ကြယ်တထောင်မြင့်ခေါင် ဝင်းပသည့်ညကား
လှလှဖွေးဆွတ်
လုံသွားတို့ကိုပင် ခွေညွတ်စေတော့၏။

ဓမ္မတေးကို
သွေးအစက်စက်တိုင်အောင် ဖြန်းဆွတ်
နှုတ်ဆက်တော်ရွတ်ဆိုသံများ
တိုးကာ ကျယ်ကာ ငါ ... ကြားနေရ၏။

လေပြည်ညင်းတွင်
ရွှေအဆင်းဖြင့် သွားနှင့်ကြသူများ
ဥပေက္ခာကို
ဘာမှမပြောဘဲ ထားသွား၏။

ထိုသူတို့နောက်
ငါ တကောက်ကောက်လိုက်ပါတော့အံ့။
ထိုသူတို့နောက်

ငါ တောက်လျှောက်လိုက်ပါတော့အံ့။
ကြယ်ရောင်ကွေ့ကောက်
ထိုသော ကောင်းကင်မျဉ်းကြောင်းများအောက်မှပင်
ငါ့အား
လမ်းပြစေစားတော်မူပါလော့ … မြတ်သော ငါ့ …အရှင်။ ။

**(ဗုဒ္ဓ … သို့)**

(တာရာမင်းဝေ အမှတ်တရ http://www.taryarminwaimemorial.blogspot.com/ မှ ကူးယူသည်)

မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချီသည်။




မီးတောက် ရစ်သမ်

**တ ၁ ရ ၁ မင်း ၈၀**

(၁)
အခုလို ...
လှပအေးစက်နေတဲ့ညမှာပဲ
ငါ ... ပျိုးထားတဲ့ မြနှင်းဆီဟာ ...
ကြယ်တရာ ခြံရံပြီး ကြွေကျသွားခဲ့တယ်။

တိမ်လွှာမျဉ်းကောက်တွေကလည်း
ချစ်သူတစယောက်ရဲ့ မီးအိပ်မက်မှာ
ရွှေမျက်ရည်တွေ စိုလက်လာပြီလို့
မှိုင်းညို့နေတဲ့ ကောင်းကင်ကြီးကို
တီးတိုးပြောကြားလိုက်တယ်။

‘ချစ်ခြင်းမေတ္တာဟာ’ ... ဟာ
မှော်ဆရာတယောက်ရဲ့နိဂုံးလို
နောက်ဆုံးမှာ ...
မီးခိုးလုံးများ ဖြစ်သွားရော့မလား ... လို့
နှုတ်ခမ်းကိုက်ပြီး ... ငါ စဉ်းစားဖူးတယ်။

လူငယ်တယောက်ကိုပြုစားဖို့
ဘယ်နတ်ဘုရားထံမှာ
နင့်လက်တွေ ဖြန့်ကားတောင်းခံခဲ့သလဲ ...
ငါ့ရာဇဝင် ခပ်ကျဲကျဲကို
ငရဲမီးထဲ တွန်းချလိုက်ချင်တယ်။
သံယောဇဉ် ... ဆိုတာ
အရောဝင်လို့မကောင်းတဲ့ ခွေးကလေးပါပဲ ...။

လောကခံ ဦးတုန်းက ...
အလွန်အကြူးသောက်ခဲ့တဲ့ အရက်တခွက်
ခုမှ ... စံပယ်ရွက်ပေါ်မူးလဲ ...
အသည်းကွဲတယ် ... ဆိုတာ
သီချင်းလေးတွေ တိုးတိုးညည်းရင်းက ...
ထိရှခဲ့တဲ့ ... သွေးမဲ့ဒဏ်ရာ တချက်ပါ ...
သိုးကျောင်းသားရဲ့ ခံနိုင်ရည်နဲ့
နတ်ဘီလူးတွေရဲ့ သတိရခြင်းမျိုးက
ငါ့ကို ... စီးမိုးထားတယ် ...။

စက်ရုပ်ကို ဒူးထောက်ကျစေတဲ့
နင့်ရဲ့ ... မျက်ဝန်းစိမ်းလဲ့မှာ ...
ငါ ... ဘယ်လိုမှ မေ့မရတဲ့
မဟာလက်ာ တစပိုင်းတစ ... ရှိနေလေရဲ့။

အဲဒီလိုနဲ့ပဲ
ငါ ပြန်လည် ချည်နှောင်ခဲ့ပါမယ် ...
ချစ်သော ... ဖဲကြိုးဝါကလေးရယ် ...
(လက်နက်မပါဘဲ ...
စစ်ဝင်္ကပါမှာ ငါ ... မတိုက်ရဲဘူး ...)
ညံ့တယ်လို့ပဲ ...
လက်ညှိုးထိုးပြီး ပြောလိုက်ပါတော့ ...။

လျှပ်စစ်မျှင်တန်းလို ...
ပူလင်းပြင်းထန်လွန်းတဲ့
သူရူးတယောက်ရဲ့ ပွေ့ဖက်မှုတွေထဲ ...
ခု ... ရထားတို့ ဥသြဆွဲလိုက်ကြပြီ ...
" ... ပြီးဆုံးသွားပါပြီ ...
... အားလုံး ပြီးဆုံးသွားပါပြီ ..." တဲ့။

မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချိသည်။

(၂)
အရှေ့လေတွေတိုက်တုန်းက
ခါးကုန်းနေတဲ့ ငါတို့ရဲ့ မြရာပင်အိုကြီးဟာ
တုန်ယင်ချည့်နဲ့စွာ ယိမ်းထိုးနေတော့တယ် ...။
ကျောင်းတော်ရဲ့ စည်းအပြင်
နှောင်းရိပ်တွေ သစ်လွင်လွင်နဲ့
ထင်ယောင်ထင်မှား
လမ်းပေါ်မှာ ငါစဉ်းစားတာ ...
နင့်အကြောင်း ခေါင်းစဉ်များစွာပါပဲ။

ထိပ်ထားရယ် ...
အီဂျစ်ပြက္ခဒိန်ထဲက
မိုးတိမ်တွေ ရွာမယ့်နေ့
နင်နဲ့ငါ ပြန်လည်ဆုံတွေ့ကြရင်
ဒီအကြောင်းတွေ ပြောပြချင်ပါသေးတယ် ...။

ငါက ဆပ်ပြာပူဖောင်းကို ခိုစီးပြီး
မြင့်မိုရ်တောင်ကြီးနဲ့တိုက်မိမှာ
စိုးရိမ်ရှာသူ မဟုတ်ခဲ့ ...၊
ဒါပေမယ့်
လေပွေလမ်းကြောင်းများမှ
တုန်ဝါးဖျော့အေး
'သစ္စာ'ကို ပဲ့တင်သံနဲ့ပဲ ပြန်ပေးနိုင်ခဲ့သူ ...။

ငါ့ကိုသတ် ... ငါ့ရင်ဘတ်ကို ထိုးခွဲဖောက်လှန်ကြည့်
ငါ့လက်သီးထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့
သုညတလုံးပဲ ရှိလိမ့်မယ် ...။

ဝိုင်ယာကြိုးတွေ
'ထောင်း'ခနဲ မီးပွင့်ပြတ်တောက်ပြီး
ရုတ်ချည်း မှောင်အတိကျသွားတဲ့
'အန္တ'တို့ရဲ့ အိမ်အိုမှာ ...
တေလေပီသစွာ ... ငါနေတယ်။

တိတ်ဆိတ် ... ပြာလဲ့နေတဲ့ည ...
ရေတွင်းထဲ ခေါင်းငုံ့ပြီး ...
'...'ကို ချစ်တယ် ... လို့

ဘယ်ဆီဘယ်ဝယ် ... ဟစ်အော် တမ်းတရတာ ...
ဘာကြောင့်ပါလဲ ...။

'အုံ့ပုံးချစ်' သီချင်းကို
မဆိုချင်ဘဲ ဆိုရတာ
ရွှေရည်စိမ်ထားတဲ့ လက်ပစ်ဗုံးကို
ကိုက်မျိုရသလိုပါပဲ ... လို့
အက်ကွဲနေတဲ့ မယ်ဒလင်ကြီးက ...
ငါ့ကို ပြောပြတယ်။

အဲဒီလိုနဲ့ ...
မိုးကို ဆန့်မြောက်ထားတဲ့
မမီနိုင်သော ကမ်းလက်တွေဟာ
ဟိုး ... တုန်းကလိုပဲ
ငါ့ဆီမှာ ... မြေမှုန်တွေ စွန်းထင်လျှက်ပါပဲလေ ...။

(၃)
"လူဆိုတာ ...
လင်းဝေစိမ်းမြတဲ့ ပန်းညများစွာထက်
သရဲခြောက်ရာ ညတညကို ... ပိုသတိရတတ်တယ်"

ငါသေသွားခဲ့လို့ရှိရင်
ငါ့ရဲ့သင်္ချိုင်းဂူမှာ ...
ကြက်ခြေခတ်တခုကိုသာ
မှတ်တိုင်အဖြစ် စိုက်ပေးထားပါ။
တကယ်တော့ ... အဲဒါဟာ
ငါသိသမျှ လောကဓမ္မကို
အကြွင်းမဲ့ ဖော်ပြသွားခြင်းပဲ ဖြစ်လိမ့်မယ်။

ဟိုးငယ်ငယ် ... ကျောင်းမပြေးတတ်ခင်တုန်းက
ခရေပွင့်ပြထားတဲ့ သင်္ချာတပုဒ်
ငါ့အပေါ် ခုန်အုပ်ပြီး
မင်နီတွေ ရဲခနဲ သုတ်သွားဖူးတယ်။

ငါ ... သတ္တိကောင်းကင်မှာ ... နီလွင်ထစ်ချွန်း
တစ် ... နှစ် ... သုံး

အနက်ရှိုင်းဆုံး ထိုးကျပစ်လိုက်တယ်။
ထူးလှတယ်တော့လည်း မဟုတ်ပါဘူးလေ ...

ကြောက်မက်ဖွယ်ရာ လူတွေရဲ့
မဟာဘုတ် ဇေဒင်ထဲမှာမှ
ငါကလည်း 'အဓိပတိဘွား' ဖြစ်ချင်ခဲ့တာကိုး။

အိမ်အပြန် ညများစွာမှာ ...
ဘယ်သူမှ မပြောချင်တဲ့စကားတွေ ပွေ့ပိုက်
ကိုယ့်ကိုကိုယ် 'လူမိုက်'လို့ ပြန်ခေါ်ခဲ့ရတယ်။

၁၉၉၃ ... ၁၉၉၄ ...
ငါ့ကဗျာလေးတွေ ဆွေးမြေ့ကြေကွဲ
လမ်းဘေးအုတ်ခုံပေါ် လဲကျနေတယ် ...။

နှင်းမြားတလက်ရဲ့ အဆိပ်နဲ့
နိမိတ်မကောင်းတဲ့ပုံပြင်
မမြင်ဘူးသော နေ့များ ... ညများ
ပိတောက်ပိုင်းဖျားမှာ ... ဝပ်တွားစုရုံး
ငါ့ကို ... ချည်ထုံးခဲ့တာ ...
(ခု ... အချိန်တိုင်အောင် ...)
အလင်းစိမ်းတန်းတွေ ရစ်ဖွာလို့ကွယ်။

(၄)
မြို့ပြင်လမ်းကွေ့က
တွေ့ခဲ့ဖူးတဲ့ ဂျစ်ပစီတွေလို
ဖြစ်ခဲ့သမျှကို
ရယ်ကာမောကာ ပြန်ပြောနိုင်တဲ့ အကျင့်လေး
သွေးအေးအေးနဲ့ ကြိုးစားမွေးနိုင်ခဲ့ပြီ။

ဘာပဲဖြစ်ဖြစ်
ကျောက်ခေတ်၊ ကြေးခေတ်
နျူကလီးယား ကင်ဆာ၊ အနာဂတ်ခေတ်
အားလုံးအတွက်
သေချာတဲ့ ငါ ... ကြေညာချက်ကတော့
နင့်ကို ထာဝရ ချစ်နေမယ်ဆိုတာပါပဲ ...။

**မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချိသည်။**

ထိပ်ထားရယ် ...
ဖြစ်နိုင်မယ်ဆိုရင် ...
ဂွန္ထဝင် ပန်းပုရပုဒ်မှာ ...
နန်းသုံးအက္ခရာနဲ့ ခြယ်မှုန်း
နင့်နာမည်လေး စာသုံးလုံးကို
စီရီ သီကုံးပေးချင်တယ် ...။
နင့်အပေါ်ထားတဲ့ ငါ့ရဲ့ချစ်ခြင်းမေတ္တာဟာ
မိုးပေါ်ကို ဦးမော့ပြီး
ဝင်းပစွာ လင်းမြတုန်ခါနေတဲ့
ရွှေဝါရောင် မီးတောက်မီးလျှံလိုပါပဲ ...။

ကျောင်းရှေ့က စံပယ်ရုံမှာ
ဗီးနပ်စ်ရဲ့ နက္ခတ်တို့ တလက်လက် ပြာဝေမှုန်သင်း
ကျောင်းခန်းတွင်းမှာ ...
လမင်းကလေး သာခဲ့ဖူးတယ် ...

ချစ်သော ကျောင်းသွားဖော်ရဲ့
ပန်းရုပ်လွှာကို မျှော်တွေးရင်း
ဆွေးလျှညှိုးခွေ ဖြေမပြေသူလေး အတ္ထုပ္ပတ္တိ
မြရာပင်ကြီး သိပါတယ်။

ကမ္ဘာဦးလူတို့လည်း (ဂူနံရံမှာ)
ငယ်ကျွမ်းမျက်နှာဝေဝါး
ပညာရှင်ကြီးများရယ် ...
ပါဠိစာလုံးတွေနဲ့
ငါ့အပေါ် မဆုံးဖြတ်ပါနဲ့ဦး ...။

"ချစ်သူကိုတောင်
ချစ်တယ်လို့ မပြောရဲတဲ့ကောင် ...
ရာစုတထောင်နေရစ်ခဲ့ ...
ထိုသို့ဖြင့် စကားမဲ့စေသတည်း"

မြရာပင်ကြီးရဲ့
ညည်းတွားသဲ့သဲ့ သန်းခေါင်ယံ
ငှက်ဆိုးအုပ်နဲ့အတူ
ရတ်တရက် လန့်ပျံသွားတယ် ...။
ချို့တဲ့သော ကျောင်းသားဘဝ

ဆန္ဒရဲ့ မပြေလည်မှု
အနီရောင်မှတ်တမ်းတခုနဲ့ ချစ်သူအတွက် ပန်သစ္စာ
သြော် ... ငါ့ကိုလေ ...
နားလည်ပါ ... နားလည်ပါ ...
နားလည်စမ်းပါ ...။

(၅)
အဲ့ဒီနေ့ရက်တွေမှာ
မာရ်နတ်ရဲ့ ဘယ်ဘက်လက်က
အနက်ရောင် ကျမ်းချုပ်တပိုဒ်ဟာ
ငါ့ကို စီးနင်းတိုက်ခိုက်ဖို့
မြင်းကကြိုးတို့ကို ပြင်လို့ ‘သ’ လို့နေခဲ့ပေ့ါ။

ဘာပဲပြောပြော
ရွှေနဲ့စက်ဝယ်လို့မရတဲ့
နောက်ဆုံးကလူရဲ့ အတွေ့အကြုံမှာ ...
သံမှုန်တွေ ကပ်ပါနေရဲ့
ငါ ... ဘာကိုမှ မကြောက်ခဲ့ဘူး။

ဟောဒီလောက တောက်လျှောက်
“ကျောက်သင်ပုန်းပေါ်က သုညနဲ့စာရင်
ဗလာစာအုပ်ပေါ်က သုညက မြတ်တယ်”တဲ့
အဲဒီအော်သံကို ငါရယ်နေခဲ့တယ်။

“မင်းကကော ... ဘာလဲ”လို့
အနန္တတွေက ဝိုင်းမေးတော့
၁ ... ၂ ... ၃ ... ၄ ... ၅ ...
ငါ ... အကုန်စဉ်းစားတယ်
၆ ... ၇ ... ၈... ၉ ... ၀ ...
တခုမှမဟုတ်ဘူး
ငါ့အတွက် ဂဏန်းမရှိဘူး ...။

သွေးနဲ့ယက်တဲ့ ကတ္တီပါစလို
နီလွှရှင်းတောက်
ကြောက်ခမန်းလိလိ လှပတဲ့
နှလုံးသားက ဂီတသံစဉ်
နှင်းဆဝိဉာဉ်မှာ တင်တဲ့ကမ္ဗည်း

လက္ကွယ်ညရောက်တိုင်း … ငါ
ဂစ်တာတီးနေမယ် …။

ကျဆုံးတော့မယ့် စစ်သူရဲ့အိုက
ငယ်ဘဝက ခေးနဲ့ချစ်သူကို
ပြင်းရှစွာ သတိရလိုက်သလိုမျိုး
နင့်ကို ငါသတိရနေတယ်။

ထိပ်ထားရေ …
ထိပ်ထားရေ …
ထိပ်ထားရေ …
သစ်ခုတ်သမားတွေမရှိတဲ့ တိုင်းပြည်မှာ
ငါ … လယ်သမား ဖြစ်ချင်တယ် …
နင် … ဘုရင်မ … လာမလုပ်ရဘူးနော်။

တော်တော်ကြာ …
တံစဉ်တလက်ရဲ့ ကျင့်ဝတ်မှာ
သန်လျက်အတွက် ပန်းခူးပေးခွင့်မပါလို့ …
ရွှာဇနပုဒ်နဲ့ မိုးရေထဲ
ငါ … တယောက်တည်း
မျက်ရည်ဝဲနေရပါဦးမယ် …။

ငါကလည်း ခက်တယ် …
ကဗျာတပုဒ်နဲ့
နေမဝင် အင်ပါယာ
ဘယ်ဟာယူမလဲလို့ မေးလာရင်
ဒုတိယအရာကို ငါ …ငြင်းတယ် …။

အဲဒီလိုနဲ့ပဲ
မှောက်ထားတဲ့
ငါ့ရဲ့ ကံကော်ရွက် ဖဲချပ်ကလေးတွေ
လောကကြီးကို အမျှဝေရင်း
ကာလများစွာ … ကြာပြီကောလေ …။

(၆)
တောင်ညိုမှာ ပျိုးတဲ့မိုးတွေ
နင့်မျက်နှာလုံးကို တိုးသက်တဲ့အခါ

တောင်ပင်လယ်က ဇေဒါတွေဟာ
ဆောက်တည်ရာမရ ဖြစ်ကုန်ကြတယ်။

ဟေး ... ငါပြောမယ် ...
... ... အက်ဆစ်တိမ်ခိုး ... တို့
မုတ်သုန်ကို နှိုးပါ
ဒီလူဆိုးအတွက်လည်း
မိုးကြမ်းတို့ တစက်စက်ရွာပါ ...။

“မထိုက်တန်သူဆိုတာ
လွင့်မျောရမှာပါပဲ ...”
ခွဲခွာခြင်းဟာ ...
ခရမ်းပြာကျည်ဖူးကို
အဆိပ်ချိုတွေ လိမ်းသုတ်
နှလုံးသား တည့်တည့်ဆီ
ချိန်ရွယ် မောင်းဖြုတ်လိုက်တယ် ...။

သက်ပြင်းဝေဝေ
ခရေတို့ နှင်းစက်ဖားလျား
မျက်ရည်ကိုစားတဲ့
ချောက်ချားဖွယ် စကားမဲ့ည
ငါဟာ ... ထက်ပိုင်းချိုးခံရတဲ့
တခြမ်းပဲ့ ‘လ’ပဲ ဖြစ်တယ်။

အိပ်မက်ထဲက ကမ္ဘာစစ်လို
အရိုးပြိုင်းပြိုင်းညနေအိုက ...
မြေကိုရှိခိုး ...
မြူခိုးတို့ ပျောင်းအိညွတ်တွဲ
လူငယ်ဘဝရဲ့
ညရိပ်တို့ မှုန်ဝေဝမ်းနည်းခဲ့ရတယ်။

အခင်ဆုံး မဖြစ်ခဲ့ပေမယ့်
အခင်ဆုံးတွေအကြောင်း ပြောတိုင်း
သတိရမိနေကျ သူငယ်ချင်းတယောက်ဆီ
ငါ ... မရောက်ရောက်အောင် သွားမယ် ...။

ပြီးတော့ ...

ခရီးခရိုင် … လက်ဖက်ရည်ဆိုင်လေးမှာ
ကဗျာအကြောင်း စာအကြောင်းတွေပြောရင်း
ကိုယ့်ကိုကိုယ် ပြန်လည်ဖန်ဆင်းပစ်မယ် … ကွယ်။

အရက်သမားက
သူတပါးကို လွမ်းဆွတ်တာ
ရယ်စရာ မဟုတ်ပါဘူး
တရံတခါရဲ့
ပြန်မလာတဲ့သူတို့
သိကြဖို့ကောင်းတယ် …။

လေညင်းကလေးရေ …
ငါ ချစ်မြတ်ရတဲ့ ကမ္ဘာရဲ့ထိပ်ထားကို
သူ့ဆံနွယ်ခက်လေးတွေ
ဖွားခနဲ လွင့်ဝဲသွားရုံ
တချက်လောက် အုံ့သည်း တိုက်ခတ်ပေးပါ …။

လေစီးထဲမှာ
ဖွာကြဲလုပနေရှာမယ့်
သူ့ရဲ့ကေသာဆံမြကို
အဝေးကနေ … ရှိုက်မွှေး လွမ်းဆွတ်ပါရစေဦးနော် …။

(၇)
အထီးကျန်တောင်ကို အုပ်စိုးဖို့
နတ်ပြည်က ရွှာချတဲ့
ငါ့အတွက် … အညတရမိုး … ရေ
နေပါစေတော့ …။

အဲဒီညဟာ
တခြမ်းပဲ့ 'လ'က
အသက်ပေးပြီး ကာကွယ်ခဲ့ရတဲ့
အလံမလှဲမီ 'ည' … ဖြစ်တယ်။

မြက်ရိုင်းက …
မိုးကုပ်စက်ဝိုင်းကို နမ်းမရသလိုမျိုး
နေနဲ့လက …
တယောက်ကိုတယောက် မပိုင်ဆိုင်နိုင်ကြသလိုမျိုး

မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချီသည်။

ရိုးသားစွာ ... တို့ဝေးလိုက်ကြပါစို့။
ချစ်သူကို မြတ်နိုးရုံနဲ့
အရာရာကို လက်ဖြန့်မိုး စောင့်ရှောက်ချင်တဲ့လူငယ်
ခု ... ချွင်းချက်နဲ့ လက်နက်ချလိုက်ပါတယ် ...။

တေလေဘဝရဲ့
ပထမဆုရ အမှားတွေကို
လွယ်အိတ်ညိုထဲ ထည့်ပြီး
မီးအိမ်လက်ဆွဲ ...
ရာဇဝင်ထဲမှာ ခရီးဆက်ရဦးမယ်။

ထိပ်ထားရေ ...
ကချေသည်တို့ရဲ့ တေးတွေနဲ့
ငြိမ်အေးပျော်ရွှင် ထာဝစဉ် ချမ်းမြေ့စေသား ...
ကောင်းသော မိုးသောက်ချိန်၌လည်း
ငြိမ်သက်တည်ကြည်စေ ...
ငါ ... ဆုတောင်းပေးနေမယ် ...။

ပန်းခူးရင်း
သူငယ်ချင်းတွေနဲ့နေရင်း ...
စကားပြောရင်း ...
သီချင်းလေးတွေဆိုရင် ...
မင်း ... ငါ့ကို မေ့သွားမှာပါ ...။

ခုတော့ ... သွားတော့နော်
ငါ ချစ်မြတ်ရတဲ့ နေရောင်ခြည်တွေနဲ့ မိန်းမပျိုကို
'ဘဝ' ဆိုတဲ့ မာယာနိုင်ငံအိုက ...
စောင့်ကြိုလို့ နေရှာမယ် ...
သာမည လမ်းခွဲမှာ ...
ဝမ်းမနည်းသလို ငါတို့နှုတ်ဆက်
မနက်ဖြန်ခါမှာ ... အောင်မြင်ပါစေ
မနက်ဖြန်ခါမှာ ... အောင်မြင်ပါစေ
မနက်ဖြန်ခါတိုင်းမှာ ... အောင်မြင်ပါစေ ...
ထိပ်ထားရေ။ ။

(တာရာမင်းဝေ အမှတ်တရ http://www.taryarminwaimemorial.blogspot.com/ မှ ကူးယူသည်)

အပိုင်း ( ၄ )

**ဗျာပန မှတ်တမ်းဓာတ်ပုံများ**

(ဩဂုတ်စ် ၇၊ ၂၀၀၇ ခု၊ ရန်ကုန် ရေဝေး သုသာန်)

မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချီသည်။




ရွှေဘုန်းလူ (တာရာမင်းဝေ)
(၁၉၆၆ –၂၀၀၇)








- ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ၊ ၁၃–ရက်၊ အင်္ဂါနေ့တွင် မွေးဖွားခဲ့သည်။
- ၁၉၈၈ ရှစ်လေးလုံးအရေးတော်ပုံမှာ တက်ကြွတဲ့ ကျောင်းသား တစ်ယောက်အဖြစ်ပါဝင်ခဲ့သည်။
- ၁၉၈၉ ကျောင်းသားသမဂ္ဂပြန်ဖွဲ့ချိန် ဗ.က.သ ခေါင်းဆောင် တစ်ယောက်အဖြစ်တာဝန်ယူခဲ့သည်။
- မင်းကိုနိုင်၊ ကိုကိုကြီး၊ အောင်ဒင်တို့ အဖမ်းခံရချိန် ဗ.က.သ ခေါင်းဆောင်မှုကို တာဝန် အပြည့်ယူပြီး ခေါင်းအလံဆက်ကိုင်ခဲ့သည်။
- ၁၉၉၀မှာ ကျောင်းသားလှုပ်ရှားမှုကြောင့် အဖမ်းခံရ၊ အင်းစိန်ထောင်၊ သရက်ထောင်၊ သာယာဝတီထောင်များမှာ နေခဲ့ရ။
- ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၅) ရက်နေ နေ့လယ် (၁၂း၄၀) နာရီတွင် ကွယ်လွန်သည်။

ဈာပန လက်ကမ်း ကြော်ငြာ




OUTBACK













မိသားစုရဲ့ အမှတ်တရ လွမ်းသူ့ပန်းခြင်းလေးတွေပေါ့ ...




သူ့အတွက်
ဝမ်းနည်းခြင်းမှတ်တမ်း စာအုပ်လေး




သာယာဝတီထောင်မှ
သူငယ်ချင်းများရဲ့ လွမ်းသူ့ပန်းခြင်း



ရှစ်ဆယ့်ရှစ် မျိုးဆက်ကျောင်းသားများ ရဲ့ နောက်ဆုံး နှုတ်ဆက်စကား ...။



ဈာပန ကို လိုက်ပါပို့ဆောင်ပေးမယ့်သူများ ၃၃ လမ်း၊ လေထန်ကုန်းမှာ စုဝေးနေကြတာပါ။





ဈာပနကားကို ကိုယ်တိုင် လိုက်မောင်းပို့ပေးမယ့် ကိုကျော်သူ



ဈာပနကား ကို
ပြင်ဆင်နေတဲ့
ကိုကျော်သူ

ကိုကျော်သူ နဲ့ ကိုဇာဂနာ





မနော်ဟရီ နဲ့
မသန်းမြင့်အောင်





ရုပ်ကလပ်ကို ပြင်ဆင်နေကြတဲ့ ကိုကျော်သူ နဲ့ မသန်းမြင့်အောင်



မှန်ခေါင်းထဲက တာရာမင်းဝေ




ရုပ်အလောင်း ကို သယ်ဆောင်ကြစဉ်



ပန်းတွေကြားက
တာရာမင်းဝေ





ခေတ်နေလေး နှင့် မနော်ဟရီ



သားရဲ့ ဈာပနကိုသွားမယ့်
ဖေဖေ ဦးကျော်ရှိန်





သူ့ကို ချစ်ခင်ကြတဲ့
စာပေနယ်မှ ပုဂ္ဂိုလ်တချို့



၈၈ မျိုးဆက်ကျောင်းသားများကိုယ်စား မင်းကိုနိုင် ကိုယ်တိုင် ရေးဖွဲ့ရွတ်ဆိုတဲ့
ကြယ်ကြွေသတို့သား




၃၃ လမ်းမှာ ကားမရလို့ ဆန္ဒပြနေကြသူများ





ကိုကိုကြီး နှင့် မင်းကိုနိုင်

(ဓာတ်ပုံအချို့ကို အင်တာနက်က ယူပါတယ်။
ခွင့်ပြုချက် မတောင်းခံနိုင်ခဲ့ခြင်းအတွက် လေးစားစွာ တောင်းပန်အပ်ပါတယ်)


တာရာမင်းဝေ
လုံးချင်းဝတ္ထုသစ်
ငါသည်သာ
ပန်းဖြစ်၍
နောက်တစ်ကြိမ်
ပြန်ပွင့်ခွင့်ရခဲ့သော် . . .
design : bo bo htoon

အပိုင်း ( ၅ )

## တာရာမင်းဝေ အမှတ်တရ ကဗျာများ

ကြယ်ကြွေ သတို့သား (မင်းကိုနိုင်)
တာရာမင်းဝေသို့ အလွမ်း (အောင်ဒင်)
ထာဝရ အိပ်ပျော်သွားတဲ့ ကြယ် (ခေလွန်း)
လူမိုက်များနှင့် ခွဲခွာခြင်း (ကိုဖြိုး)
မှော်သားမီးလျှံ (မိုးလှိုင်ည)
လွမ်းဆွတ်ကြယ် (ညိမ်းညို)
တာရာကြွေတဲ့ ည (ပန်ဒိုရာ)
တာရာမင်းဝေ (စန်းစန်းတင်)
ထာဝရလင်းမယ့် တာရာသို့ (နွေဆူးလက်ာ)
ရွှေဘုန်းလူ (သို့မဟုတ်) တာရာမင်းဝေနဲ့ နယ်စည်းမခြား ကဗျာများ (ထိုက်သူနိုင်)
အဝေးက ပန်းချီကား (မောင်အိုး)
လုလင်ကြယ် (အောင်ဝေး)

မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချိသည်။

# ကြယ်ကြွေ သတို့သား

**မင်းကိုနိုင်**



သူငယ်ချင်း
မင်းဟာ ယုံကြည်ရာကို
ရင်သွေးလိုလည်း မွေးခဲ့တယ်။

သူငယ်ချင်း
မင်းဟာ ဒဏ်ရာတွေကို
ဆီမီးလိုလည်း ထွန်းခဲ့တယ်။

သူငယ်ချင်း
မင်းဟာ ကိုယ့်အနာ
ကိုယ့်လျှာနဲ့ ပြန်သပ်
ရှင်တတ်ခဲ့ပြီးပြီပဲ။

သူငယ်ချင်း
မင်းဟာ
ကိုယ့်အရေပြား ကိုယ်လွှာ
ကိုယ့်အရိုးကို အပ်လိုသွေး
ကိုယ့်ဝတ်စုံ ကိုယ်ချုပ်လို့
ကျကျနန လှခဲ့ပြီးပြီပဲ။

သူငယ်ချင်း
သွားနှင့် သူငယ်ချင်း
ကြယ်အစင်းစင်း ကြွေတဲ့
ဟောဒီကမ္ဘာမြေရဲ့ အနာတရတွေကို
စွမ်းသမျှ ကုစားဖို့
ငါတို့ နေရစ်ခဲ့ဦးမယ်။

သွားနှင့် သူငယ်ချင်း
နေအစင်းစင်းပူတဲ့
ကမ္ဘာမြေရဲ့ ဒဏ်ရာတွေကို
လက်ဖဝါးတွေနဲ့ ကာကွယ်ဖို့
ငါတို့ နေရစ်ခဲ့ဦးမယ်။

သွားနှင့် သူငယ်ချင်း
ကမ္ဘာမြေရဲ့ ကြေကွဲခြင်းခေတ်ပြားထဲ
မင်းရဲ့ ကဗျာတွေ
မာတိကာစီဖို့
ငါတို့ နေရစ်ခဲ့ဦးမယ်။

သွားနှင့် သူငယ်ချင်း
ကျောင်းနံရံတဝိုက်
ဒေါင်းအလံ ပြန်စိုက်တဲ့တနေ့
ငါတို့ ... ... ... ။ ။

[၂၀၀၇ ဩဂုတ်လ ၇ ရက်နေ့က တာရာမင်းဝေရဲ့ ဈာပနမှာ ၈၈ မျိုးဆက်ကျောင်းသားများကိုယ်စား မင်းကိုနိုင် ရေးဖွဲ့ရွတ်ဆိုတဲ့ ကဗျာ]



တာရာမင်းဝေသို့ အလွမ်း

**အောင်ဒင်**

ညီလေး
ဩဂတ်စ်ရဲ့ မိုးရေစက်တွေထဲ
မင်းကတော့ ခွဲခွာသွားခဲ့ပြီ
မှုန်မှိုင်းအေးစက်တဲ့ ကောင်းကင်မှာ
ပြိုင်မြင်းတကောင်ရဲ့ ခွာသံတွေသာ
ပဲ့တင်ထပ် ကျန်ရစ်ခဲ့ ...။

ညီလေး
မင်းချစ်တဲ့ ဘဝကို
မင်းအများကြီး ပြန်ပေးဆပ်ခဲ့
မင်းချစ်တဲ့ လူ့လောကကို
မင်းအနွေးထွေးဆုံး ရှိုက်နမ်းခဲ့
ဒဏ်ရာတွေအပြည့်နဲ့၊ မင်းရဲ့နှလုံးသားက
သွေးစက်စက်ကျ၊ ငိုညည်းနေတာတောင် ... မှ။

အနုပညာနဲ့ နိုင်ငံရေး
ဘဝနှစ်ခုစာ မွေးဖွား
ဘဝနှစ်ခုမှာ ကြီးပြင်း
ဘဝနှစ်ခုစလုံးကို ပခုံးပေါ်မှာထမ်း
တတ်စွမ်းသမျှ မင်းတာဝန်ယူခဲ့တာ
အင်းစိန်ထောင်ကြီး သိပါတယ် ...
သရက်ထောင်ကြီး သိပါတယ် ...
သာယာဝတီထောင်ကြီး သိပါတယ် ...
'အာလူးစားသူများ' ... သိပါတယ် ... ကွယ် ...


ကံကြမ္မာကို မယုံရဲခဲ့ပေမယ့်
တိုးတိုးလေး ဆုတောင်းခဲ့ဖူးပါရဲ့
"တနေ့တော့ ပြန်ဆုံတွေ့ကြမယ် ..." လို့
ခုတော့လည်း
ဒီကံကြမ္မာကပဲ
ငါတို့ကို ရက်ရက်စက်စက် ... ခွဲ ...

သွားနှင့်ကွယ်
ဘဝဆိုတာ တိုတိုလေး ... လို့
မင်း သက်သေပြခဲ့ပြီ
အဲ့ဒီ ... ဘဝတိုတိုလေးကိုပဲ
အနက်ရှိုင်းဆုံး ချစ်မက်ကြဖို့
အမြင့်မားဆုံး ပေးဆပ်ကြဖို့
အတောက်ပဆုံး တွယ်ဖက်ရဲကြဖို့
အရိုးသားဆုံး ကြေကွဲတတ်ကြဖို့
မင်း ... ငါတို့ကို သင်ပြခဲ့ပြီပဲ ...။ ။

ဩဂုတ်လ ၁၀၊ ၂၀၀၇

# ထာဝရ အိပ်ပျော်သွားတဲ့ ကြယ်

**ဇေလွန်း**




ကြယ်တပွင့်
လွင့်ထွက်ကြွေခိုက်
ပင့်သက်တွေ ရှိုက်ရပြန်တယ် ...။

'မပွင့်ဘဲ ဖူးခဲ့ရတဲ့ကောင်မို့ မှောင်တယ်' တဲ့
အခုတော့ ခင်ဗျား
အလင်းတွေကြား ထွက်သွားခဲ့ပြီ။

'တယ်လီဖုန်းခေါ်သံတွေ ကြားတာတောင်
ပြန်မထူးဖြစ်တဲ့ကောင်' တဲ့
အခုတော့ ခင်ဗျား
ပြန်ထူးစရာမလိုအောင် ထွက်သွားခဲ့ပြီ။

'ငါ့မှာတယောက်တည်း ဖြစ်နေရတဲ့အထဲ
ဝေါကနဲ ပျောက်ဆုံးလိုက်ရ' တဲ့
အခုတော့ ခင်ဗျား
အငွေ့တွေကြား ပျောက်ကွယ်သွားခဲ့ပြီ။

'လောကမာယာဆိုတာ
အတီးခံရတဲ့ဗုံတွေရဲ့ ဂီတပါပဲ' တဲ့
အခုတော့ ခင်ဗျား
ဗုံသံတွေမကြားတဲ့အရပ်ဆီ ထွက်သွားခဲ့ပြီ။

'ယုံကြည်ထားစမ်း ရေခိုးရေငွေ့တွေကလည်း
ပင်လယ်ကို ပစ်ပေါက်စိုက်ပျိုးနိုင်ရမယ်ဆိုတာ' တဲ့
အခုတော့ ခင်ဗျား
ပင်လယ်ကို စိုက်ပျိုးပြပြီး ထွက်သွားခဲ့ပြီ။

'မေမေရေ ... မိုးတိမ်တွေထဲ ခြေပစ်လက်ပစ်
သား ဝင်အိပ်ပစ်လိုက်ချင်ရဲ့' တဲ့
အခုတော့ ခင်ဗျား
ခြေပစ်လက်ပစ်အိပ်နေပုံများ
ကျနော်တို့ခေါ်တာတောင် မကြားတော့ဘူး။ ။

[ဘာလော့ဂ်ါ ညီညီ [သံလွင်] ရဲ့ ဘာလော့ဂ်တွင် ဩဂုတ်လ
၆ ရက် ၂၀၀၇ ရက်စွဲဖြင့် ဖော်ပြခဲ့သော ကဗျာ]

## လူမိုက်များနှင့် ခွဲခွာခြင်း


**ကိုဖြိုး**

လူတွေပေါ့ ...
နည်းနည်းတော့ ရူးနေကြတယ်
ဒါဟာ လူတယောက်သေတာ မဟုတ်ဘူး
အနုပညာတခုသေသွားတာ
ဘာနဲ့ အစားထိုးပြကြမှာလဲ
ကြေကွဲဖူးပါရဲ့လို့ ပြောပြနေရုံနဲ့ကော
ရင်ခုန်သံတွေ ပြန်ရနိုင်မှာလား
စကားအလွန်များတဲ့ လူတွေ
အခု သေနေကြပြီလား
ခင်ဗျားဟာ ပေါ့စတား မဟုတ်တာ
နည်းနည်းတော့ နာတယ်ဗျာ
မသာတွေ လိုက်ပို့ကြ
ဘုရားတွေ တည်လိုက်ကြ
ဝမ်းနည်းပြလိုက်ကြ
သတင်းတွေ ရောင်းစားလိုက်ကြ



ရင်ထဲက အောင့်ပြီးနာလာတယ်
ခင်ဗျား စောစောထွက်သွားတာလည်း
ခပ်ကောင်းကောင်းပါပဲဗျာ
လူတွေဟာ အနုပညာကို နားမှမလည်ကြတာ
ခင်ဗျားရဲ့ နှလုံးသားကြီးကို ချထားတာတောင်
ဘယ်ကောင်မှ လာမစားကြဘူး
ကျနော်တို့မှာက တမ်းတမိန်းမောနေရ
လဲသေကြ
လဲသေကြ
"ငါ့ဘဝတခုလုံးနဲ့ လဲသေလိုက်ကြ"
အတ္တမာနတွေကို ခဝါချပြီး
ခဏဖြစ်ဖြစ်ပေါ့ အနုပညာမြစ်ထဲ
ခုန်ချလိုက်တယ်
ကျနော် ဘာမှပြန်မရတော့ဘူး
အနုပညာကို ရုပ်တွေနဲ့ တန်ဖိုးဖြတ်နေကြတယ်
လူတွေ ဘဝပြောင်းကုန်ကြပြီ
ဗန်းဂိုးရဲ့ပန်းချီတချပ်ဟာ သန်းချီတန်ခဲ့ချိန်မှာ
မာရီလင်မွန်ရိုးရဲ့ခေတ်ပုံတချပ် ဘယ်လောက်တန်ပါသလဲ
ကျနော့်ရင်ထဲမှာ ခံပြင်းစိတ်တွေချည်းပဲ
ခပ်ရိုင်းရိုင်းပဲ ပြောလိုက်တော့မယ်
သောက်သုံးကိုမကျတဲ့ သေမင်းကွာ
အနုပညာကိုမှ ခေါ်သွားတယ်
ဘာမှ လာရှင်းပြမနေကြနဲ့တော့
ဘယ်လောက် ရိုင်းကြလဲဆိုတာ
ဘုရားပါ သိသွားပြီ
'လူမိုက်တွေကော လူကောင်းတွေကိုကော ခင်ဗျားထားခဲ့ပြီ'
ရင်ထဲမှာ အတားအဆီးမရှိသူတွေ
လွမ်းကြ ...။ ။

မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချိသည်။




## မှော်သား မီးလျှံ

**မိုး လှိုင်ည**

လူငယ်တယောက်ရဲ့ကျောက်ထွင်းရာဇဝင်
အပီပြင်ဆုံးဖြစ်စေမယ့်
ဟောဒီစကားလုံးများရဲ့လမ်းမဟာ
ခံစားချက်တွေကို ကိုယ်စားပြုဖက်တွယ်ခဲ့
၉၀ လွန်လူငယ်တွေဟာ
သူ့ယဉ်ကျေးမှုမှာ ထွန်းကားခဲ့ဖူးတယ်။

ဖယ်ပေးလိုက်ကြစမ်းပါ
မာန်နတ်ရဲ့အတွင်းသားကို
လှိုက်လှိုက်လှဲလှဲ စားသောက်ဖို့အတွက်
မှော်သားမီးလျှံ ခရီးထွက်သွားပြန်ပြီ။

မျှော်လင့်ချက်နဲ့ သေဆုံးနေသူတွေရဲ့
လမင်းကင်ဆာကို ကုစားဖို့
မှော်ဝင်နေတဲ့စကားလုံးတွေနဲ့
သူ့ကိုယ်သူ အလောင်ကျွမ်းခံခဲ့တဲ့
မှော်သားမီးလျှံ
ကာလနဲ့ အာကာသကိုပါ
ကူးစက်လောင်ကျွမ်းစေခဲ့ပြီ ...။ ။




# လွမ်းဆွတ်ကြယ်

**ညိမ်းညို**

'ဆောင်းတခုမှာ
ပါဝင်ခဲ့ဖူးတဲ့ နှင်းတစက်လို
စာရင်းလည်း မရှိ၊ နံပါတ်လည်း မသိ
ဘယ်အထိမှလည်း မကြီးကျယ်ပါဘူးကွယ်' တဲ့။

သူ့ကိုယ်သူ နှိမ့်ချ
မြေကြီးရဲ့ သင်္ကေတနဲ့
အနုပညာကို ပန်းလိုမွှေးမြစေခဲ့တယ်
လူငယ်တယောက်ကရေးတဲ့ ကျောက်ထွင်းရာဇဝင်တွေ
ကျနော်တို့ရင်အုံကို တည့်တည့်ပစ်ပေါက်လို့
ချစ်သူကို နှလုံးသားအသစ်နဲ့ ချစ်ကြည့်ဖို့
ဘဝကို ရှုထောင့်အသစ်နဲ့ချဉ်းကပ်ဖို့
လောကကို မြတ်နိုးခြင်းသက်သက်နဲ့ စောင့်ရှောက်ဖို့
သူ့ရဲ့အနုပညာ ပေါင်းချောင်လေးထဲမှာ
လောကပါလတရားကို စီကုံးရေးဖွဲ့
လေညင်းလေးလို တသွဲ့သွဲ့တိုက်ခတ်ခဲ့တယ်
အဲဒီ ... ကြယ်ကလေးတလုံးပေါ့
အုံ့ပျမှောင်ရီ လောကခံထစ်ချုန်းမှာ
ကျနော်တို့နှလုံးသားတွေ လင်းပွင့်ပျိုမြစ်ဖို့
သူရဲ့အနုပညာပုခုံးအားနဲ့ ထမ်းတင်ပေးနေဆဲ
ခရီးတခုကို ထွက်ခွာသွားခဲ့ရပြီ
နှလုံးသားရှိလို့ ကျနော်တို့ လွမ်းဆွတ်ရ
နှလုံးသားရှိလို့ ကျနော်တို့ ကြေကွဲရ
နှလုံးသားရှိလို့ ကျနော်တို့ နမျောတမ်းတရ
အကိုရေ ...
လွမ်းဆွတ်ကြယ်ကလေးက ပေးတဲ့အလင်းရောင်မှာ
အောက်မေ့သတိရခြင်းတွေ ထပ်ပေါင်းလို့
အကို ကောင်းရာသုဂတိရောက်ပါစေဗျာ ...။ ။

## တာရာကြွေတဲ့ ည

**ပန်ဒိုရာ**




အဲဒီညက
ကြယ်တွေအားလုံး
ရေဆင်းသောက်ကြတယ် ...
ပင်လယ်ရဲ့ ငန်ပျပျဂုဏ်သတ္တိမှာ
အားလုံး စိုစိုစွတ်စွတ်နဲ့ ...
လမင်းက မကြည့်ရဲလို့
မျက်နှာလွှဲသွားတယ် ...
...
...
ခေါးသွားတွေ ပြုံးပြုံးပြက်ပြက်
လက်လက်ထတဲ့ ည
မကောင်းဆိုးဝါးတွေ မြူးထ
ရင်ခုန်သံတပြုံတမနဲ့ ဗုံတီးက
ကဗျာတွေ ဖိတ်စင်ထွက်ကျ
ပန်း ပွင့် တွေ ခြွေ ချ
ပဥ္စလက် မိုးတွေ ရွာ ကျ
မောဟ ဟိုက် နွမ်း လျ
...
...
ဟိုး ထောင့်တနေရာမှာတော့
ဝတ်စုံဖြူတလွင့်လွင့်နဲ့
ဂျူနိုရယ်
နောက်ထပ်ကြယ်တပွင့်ရယ်
အမှောင်ထဲကိုစိုက်လို့
ငေးကြည့်နေလိုက်တာ
အကြာ ... ... ကြီး ...။ ။

# တာရာမင်းဝေ

**စမ်းစမ်းတင်**



လောကကို ခုံမင်
လောကကို ချစ်ခင်
လောကကို အလှဆင်

ခုံမင်ဆဲ ချစ်ခင်ဆဲ အလှဆင်ဆဲ
လောကက ဆုံးရှုံးသွား

တာရာမင်းဝေ
ကြယ်တပွင့်
ကြွေလင့်စေပေမယ့်
စာကောင်းကင်
အခင်းအကျင်းမှာ
တာရာမင်းဝေ
လင်းလက်လို့နေ
ကမ္ဘာမပျက်လေသရွေ့ ...။ ။

ဆိုင်းသံ ဗုံသံမပါဘဲနဲ့
ခင်ဗျားထွက်သွားတဲ့နေ့က
မိုးတွေ ညို့နေလိုက်တာ ...။

တာဝန်ကျေခဲ့ပါတယ်ဆိုတာထက်
ပိုပြီးတန်ဖိုးရှိအောင်
ခင်ဗျား နေထိုင်ခဲ့တာပါ။

လူ့အခွင့်အရေးနဲ့ လွတ်လပ်ခွင့်တွေ
မိုးလိုခေါင်နေတဲ့ခေတ်မှာ
ခင်ဗျားတီးပြခဲ့တဲ့ ဗုံသံတွေက
အားမာန်အစစ် ဖြစ်စေခဲ့တယ်။

အလံမထူခဲ့တဲ့ လက်တွေနဲ့
ဘယ်လက်ထဲမှာ ဝှက်ထားတဲ့ပုံပြင်တွေကို
မပြောနိုင်တော့ပေမယ့်
မနက်ဖြန်မှာထားခဲ့တဲ့
ခင်ဗျားရဲ့ မျက်နှာကို
အဆုံးမရှိအနာဂတ်များစွာတိုင်
လူနံပါတ် ၁၃ အဖြစ်နဲ့
မြင်ယောင်နေကြဦးမှာပါ ...။




ထာဝရလင်းမယ့် တာရာသို့

**နွေဆူးလက်ဘ**

ခင်ဗျားရေးခဲ့တဲ့
သံသရာတေးသွားထဲကလို
ယမမင်းဆီမှာ နီကိုရဲနဲ့တွေ့ရဲ့လား?
ဒါပေမယ့် သေချာပါတယ်
ခင်ဗျားက ဘယ်သူ့ရဲ့ထိုင်ခုံကိုမှ
အတင်းအဓမ္မ မလုခဲ့ဘူးဆိုတော့
ကောင်းရာမွန်ရာကိုပဲ ရောက်ရမှာပေါ့ ...။

ခင်ဗျားထားခဲ့တဲ့
ကျနော်တို့နေတဲ့နိုင်ငံက
ခင်ဗျား မမြင်လိုက်ရတဲ့
ရွှေဝါရောင်တော်လှန်ရေးအကြောင်း
ခင်ဗျားကို ပြောပြချင်လိုက်တာ။

အာဏာရူး ဖက်ဆစ်လက်သစ်တွေရဲ့
ရက်စက်မှုတွေ ... ရိုင်းပျမှုတွေ ...
အို ... အကို ရွှေဘုန်းလူ
ကြုံတဲ့အခါ ခင်ဗျားရဲ့ အိပ်မက်တွေနဲ့
မြင်းစီးထွက်ပြီး ကြည့်လှည့်ပါဦး။ ။

[ဆရာ တာရာမင်းဝေ သို့ အမှတ်တရ]



ရွှေဘုန်းလှူ (သို့မဟုတ်) တာရာမင်းဝေနဲ့ နယ်စည်းမခြား ကဗျာများ

**ထိုက်သူနိုင်**

ပိတ်မသွားရသေးတဲ့
သားကြီးတို့ရဲ့ ကျောင်းစာအုပ်မှာ
ဒေါင်းရုပ်ကလေးတွေ သားငယ်ဆွဲတော့
မေမေ ... မျက်ရည်ဝဲရော့မယ်။

ရွှေဘုန်းလှူ (မျှော် ကဗျာမှ)

စက်ဘီးတွေ စီးလာတဲ့ အဖြူအစိမ်းဝတ် ကျောင်းသားတစု လမ်းဘေးမှာရပ်ပြီး ဒေါင်းအလံကို ရုတ်တရက် ဖြန့်လိုက်ကြတယ်။ ဖမ်းဆီးကျောင်းသား ပြန်လွှတ်ရေး၊ ကျောင်းသားသမဂ္ဂ ဖွဲ့စည်းရေး တောင်းဆိုတဲ့ ကြွေးကြော်သံတွေ ၈၄ လမ်းပေါ်မှာ ညံသွားတယ်။ ခဏကြာတော့ စစ်ကားတွေ လုံထိန်းတွေ ရောက်လာတယ်။ လူစုမခွဲခင် သူငယ်ချင်းက ရွှေဘုန်းလှူရဲ့ ကဗျာစာရွက်လေး မမေ့ခင်ပေးလိုက်ဖို့ ပြောတယ်။ ၁၉၉၀ ခုနှစ် ဇူလိုင်လ၊ မန္တလေး မြို့ပြ၊ လူထုတိုက်ပွဲနဲ့ လမ်းမပေါ်က သူရဲကောင်းတွေ၊ ကျနော် အဲဒီ အဖြစ်အပျက်လေးကို အမှတ်တရ ရှိနေတတ်ပါတယ်။

ပြာဝင်းဝိုးဝါးတဲ့
ဆောင်းနှင်းများကသာ
သမိုင်းရဲ့ ဘာသာစကားဖြစ်မယ်ဆိုရင်
တလိမ့်လိမ့်ခယွန်းတဲ့
သွေးစွန်းနှင်းစက်တွေ ... တို့ပြည်မှာ မှိုင်းမှိုင်းဝေရော့မယ်။

ရွှေဘုန်းလှူ (ဥဒါန်း ကဗျာမှ)

လေတချက်တချက် တိုက်လိုက်တိုင်း လရောင်အောက်က ဝါးရွက်တွေ ကျနော့်လက်ပေါ်မှာ အရိပ်လာလာ ထိုးနေတယ်။ ဝါးဆစ်ကို ဖြတ်ထားတဲ့ ရေနွေးကြမ်းခွက်တွေကို စီသိမ်းပြီး စစ်ပုခက်ပေါ်တက်အိပ်ဖို့ ကျနော် ပြင်ဆင်မိတယ်။ ညဉ့်နက်နေပြီလေ။ ခင်ဗျား ခုန ရွတ်ပြတဲ့ ရွှေဘုန်းလှူရဲ့ ကဗျာလေး ချရေးထားရင် ကောင်းမယ်။ ကြာရင် မေ့သွားလိမ့်မယ် တဲ့။ လရိပ်ဖြိုတဲ့ ရိုးမ၊ သောင်ရင်းရဲ့ စစ်ချီသီချင်းတွေ၊ သွေးနဲ့ရေးတဲ့ မှတ်တိုင်တွေ တခါတခါ ကျနော် သတိရမိတတ်တယ်။ ဆယ့်ငါးနှစ် ဆယ်ခြောက်နှစ်တော့ ကြာခဲ့ပါပြီ။ ကဗျာနဲ့ကျစ်တဲ့ကြိုးတွေ ရိုးမကို တခါက ရစ်ပတ်ခဲ့ဖူးတယ်။

သွားနှင့် သူငယ်ချင်း
နေအစင်းစင်းပူတဲ့
ကမ္ဘာမြေရဲ့ ဒဏ်ရာကို
လက်ဖဝါးတွေနဲ့ ကာဖို့
ငါတို့ နေရစ်ခဲ့အုံးမယ်။

မင်းကိုနိုင် (၂၀၀၇ ခုနှစ် ဩဂုတ်စ်လ၊ တာရာမင်းဝေရဲ့ဈာပနမှာ ရှစ်ဆယ့်ရှစ် မျိုးဆက်ကျောင်းသားတွေရဲ့ကိုယ်စား ရွတ်ဆိုတဲ့ ကြယ်ကြွေသတို့သား ကဗျာမှ)


ဒီဘက် ကမ္ဘာခေတ်ရဲ့
ရဲရင့်တဲ့ သမိုင်းကြောင်းဟာ
တို့ပြည်က ကျောင်းသားအလောင်းတွေဆီမှာ ရှိတယ်တဲ့။

ကိုအောင်ဒင်ရေ
ကမ္ဘာမြေရဲ့ ကြေကွဲခြင်းပုံရိပ်တွေကို
ဆေးကြောသန့်စင်ဖို့
သူ့ကဗျာတွေကို ကျနော်တို့ ရွတ်ဖတ်ခဲ့ဖူးတယ်။

အိမ်မက်မရှိတဲ့ ညတွေထဲ
ပျောက်ဆုံးနေတဲ့ ညီအကိုတွေကိုရှာဖို့
သူ့ ကဗျာတွေကို
ကျနော် မီးထွန်းခဲ့ရဖူးတယ်။

အနှစ် ၂၀ ဗျာ ...
ရင်ဘတ်ပေါ်မှာသာ အက္ခရာ မတင်ခဲ့ရင်
လေတိုက်စားလို့ လွင့်ပြီပေါ့။ ။

[ကိုရွှေဘုန်းလှူ ကွယ်လွန်ခြင်း ၂ နှစ်ပြည့်]




## အဝေးက ပန်းချီကား

**ဇေယျာလင်း**

ကျနော်ကြည့်လေ့ရှိတဲ့
ပန်းချီကားတွေ ရှိတယ်။
တချို့က အနီးကပ် ပန်းချီကားတွေ။
တချို့က အဝေးက ပန်းချီကားတွေ။
ကိုရွှေဘုန်းလူဟာ
ကျနော်ကြည့်လေ့ရှိတဲ့
ကျနော်ရဲ့ အဝေးက ပန်းချီကားတချပ်ပေါ့။
သူ့ကို
သူ့အကိုကြီးလောက်
သူ့မိဘတွေလောက်
ကျနော် မရင်းနှီးခဲ့။
ကျနော့်ရဲ့ အဝေးက ပန်းချီကား။
သူ့ကို
ကဗျာဆရာလေး
၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်လေးအဖြစ် သိခဲ့
ကျနော့်ရဲ့ အဝေးက ပန်းချီကား။
၈၈ အရေးတော်ပုံကြီး မဖြစ်ခင်ကတည်းက
သူတို့ညီအကိုရဲ့ ကဗျာတွေ
လက်ရေးမူတွေနဲ့ ဖတ်ခဲ့ရ။
အရေးတော်ပုံသွေးတွေကို
ထုံးတွေနဲ့ သုတ်တဲ့ကာလတွေမှာ
သူ့ကဗျာတွေက ပိုလို့တောက်ပခဲ့။
မိစ္ဆာတွေ ကျောင်းဖွင့်ချိန်
ဂုဏ်တုဂုဏ်ပြိုင်ပြဇာတ် သွားကြည့်ကြမယ့်
ဖောက်ပြန်သူတချို့ကို သရော်ထားတဲ့
သူ့ရဲ့ကျောင်းဖွင့်ချိန် ကဗျာ
ကျောင်းသားတွေကြား ကျော်ကြားခဲ့
ရွှေဘုန်းလူဆိုတာ
တော်လှန်တဲ့ မော်ဒန်ကဗျာဆရာ ဖြစ်ခဲ့ပြီ
ကျနော့်ရဲ့ အဝေးက ပန်းချီကား။

၈၉ မတ်လထဲ
သူ့အကိုကြီး အဖမ်းခံရပြီးနောက်ပိုင်း
သာမန်ကျောင်းသား မဟုတ်တဲ့သူ
ရန် ငါ စည်းပြတ်တဲ့သူ
ဗကသ၊ ရကသ အစည်းဝေးတွေမှာ
ကျောင်းသားခေါင်းဆောင်လေးအဖြစ် တာဝန်ကျေခဲ့
ကျနော့်ရဲ့ အဝေးက ပန်းချီကား။
တော်လှန်တဲ့ မော်ဒန်ကဗျာဆရာ
ရှစ်လေးလုံး မျိုးဆက်ကျောင်းသား ခေါင်းဆောင်လေး
ရွှေဘုန်းလူဆိုတာ အောင်ဒင်ရဲ့ညီပေါ့။
သူ့အဖေက နိုင်ငံရေးသမားဟောင်းကြီး
သားတွေလည်း မပြောင်းလဲတဲ့စိတ်ထားနဲ့
၈၈ မျိုးဆက်ကျောင်းသားတွေအဖြစ်
စစ်အာဏာရှင်ကို တော်လှန်ခဲ့
ကျနော့်ရဲ့ အဝေးက ပန်းချီကား။
အဲဒီပန်းချီကားက
ရေကြည်အိုင်မှသည်
အင်းစိန်၊ သရက်၊ သာယာဝတီထောင်တွေအထိ ကျော်ကြားခဲ့ပေါ့။
ကျနော့်ရဲ့ အဝေးက ပန်းချီကားကို
၉၁ ခုနှစ်မှာ
အင်းစိန်ထောင်မှာ ထောင်ဝါဒါတွေကိုစိန်ခေါ်လို့
ဆန္ဒပြလို့ဆိုပြီး
ထောင်အာဏာပါးကွက်သားတွေက
သာယာဝတီထောင် သီးသန့်တိုက်ထဲကို
ပြောင်းရွှေ့ခဲ့။
ဆရာစံပန်းချီကားချပ်ကြီးရှိတဲ့
သာယာဝတီထောင် ဈေးတိုက် တိုက်ခန်းနဲ့ကပ်လျက်မှာ
ကျနော့်ရဲ့ အဝေးက ပန်းချီကား ရောက်နေတာသိပေမယ့်
ကျနော်သွားကြည့်ခွင့် မရှိခဲ့။
ဒီလိုနဲ့
၉၂ မှာ ကျနော် ထောင်ကလွတ်ချိန်အထိ
ကျနော့်အဝေးက ပန်ချီကားနဲ့ မဆုံဖြစ်လိုက်ကြ
အဲဒီနောက် ကျနော့်ပန်းချီကားကို
သရက်ထောင် ထပ်ပြောင်းရွှေ့လိုက်တယ်လို့
ကြားသိခဲ့ရ။
ဒေါင်းအလံကိုင်စွဲ
ထောင်ထဲဝင်သွားတဲ့

ကျနော့် အဝေးက ပန်းချီကား
၉၄ ခုနှစ်မှာ
ကလောင်တံ ကိုင်စွဲပြီး ပြန်ထွက်ခဲ့။
မကြာခင် တာရာမင်းဝေ ဆိုတဲ့
မော်ဒန်စာရေးဆရာလေးအဖြစ်
ကျော်ကြားလာခဲ့
ကျနော့်ရဲ့ အဝေးက ပန်းချီကား။
သူ့ကလောင်လက်နက်နဲ့
စစ်အာဏာရှူးတွေကို နိမိတ်ပုံပြု တိုက်ခိုက်ခဲ့။
သူ့ရဲ့အောင်မြင်ခြင်းတွေနဲ့အတူ
မနော်ဟရီ ဆိုတဲ့ ကဗျာဆရာမလေးတယောက်နဲ့လက်ထပ်ခဲ့
သူ့ရဲ့ဘဝမှာ အပျော်ဆုံးကာလများပေါ့။
၂၀၀၂ ခုနှစ် ကျနော် ပြည်ပရောက်ချိန်
ကျနော့် အဝေးက ပန်းချီကားကို
သတိရမိခဲ့။
ဒါပေမယ့်
အမိမြေကို မပစ်
ပြည်ပမြေကို မချစ်တဲ့ သူ့အတွက်
သူ့အောင်မြင်မှုတွေက
သူနဲ့ နီးကပ်စွာရှိနေခဲ့
ကျနော့်ရဲ့ အဝေးက ပန်းချီကား။
တော်လှန်တဲ့ မော်ဒန်ကဗျာဆရာလေး
ကျောင်းသားခေါင်းဆောင်လေး
မော်ဒန်ဝတ္ထုရေးဆရာလေး
ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာလေး
သူ့အောင်မြင်မှု မှတ်တိုင်တွေ
တိုင်ပေါင်းများစွာ စိုက်ထူနိုင်ခဲ့။

သူ့ကောင်းသတင်းတွေ
အဝေးကနေ ကြားနေရသလို
သူ့ဆိုးသတင်းတွေလည်း
ကြားလာခဲ့ရ။
သူ့သားလေးတယောက်ရပြီးခါမှ
အိမ်ထောင်ရေးပြိုကွဲ
သားကွဲ မယားကွဲ အရက်စွဲ
ကျနော့် အဝေးက ပန်းချီကားလေး
အရောင်တွေ ဖျော့တော့ကြေကွဲ
ဒီလိုနဲ့
ပြန်ပြင်ရေးချိန်မရလိုက်ရှာတဲ့
ကျနော့်ရဲ့ အဝေးက ပန်းချီကား
သူ့ကင်းဘတ်စ်ပေါ်မှာ ရေးလိုက်တဲ့
ပလုံ ဆိုတဲ့ နောက်ဆုံးကဗျာလေးဟာ
၂၀၀၇ ဩဂုတ်စ် ၅ မှာ
လူ့လောကထဲက နောက်ဆုံးထွက်ခွာဖို့
နိမိတ်ပုံပြ ရေးလိုက်လေရော့သလား
ကျနော့်ရဲ့ အဝေးက ပန်းချီကားရေ။ ။

[၂၀၀၉၊ ဇွန် ၁၅]





လုလင်ကြွယ်

**အောင်ဝေး**

**တာ** ဝန်ကျေခဲ့တဲ့ ၈၈ ခွပ်ဒေါင်း
**ရာ** သက်ပန် အကြမ်းမဖက် တော်လှန်ရေးသမား
**မင်း** ဆိုးမင်းညစ်ကို ပုန်ကန်ခြားနားသူ
**ဝေ** ဖူးလာမယ့် ပန်းသစ်တွေ မျိုးစေ့ချခဲ့လေတယ်။ ။

[ဇူလိုင် ၁၈၊ ၂၀၀၄]




မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချီသည်။

အပိုင်း ( ၆ )

## တာရာမင်းဝေ အမှတ်တရ စာစုများ

မိုးခေါင်တဲ့လောကမှာ အကို့ကိုယ်စား ကျနော်တို့ (နေဘုန်းလတ်)
ကျနော် မသိသော တာရာမင်းဝေ (ထင်မင်းမင်းလတ်)
နှုတ်ဆက်ခြင်း (ခက်မာ)
ရွှေဘုန်းလူကို သတိရခြင်း (ဘိုကြည်)
ငရဲခန်းက ခြသေ့် (စိုးထက်ခိုင်)
ကြယ်ကြွေတပွင့် ... (မေငြိမ်း)
ကိုရွှေဘုန်းလူ နှင့် တလှေတည်းစီး (မင်းဇင်)
တာရာမင်းဝေ (သို့မဟုတ်) မြားထက်မြင့်အောင် ပျံတဲ့ငှက် (မြင့်စိုး)
ပန်းခေတ်က လမင်းသို့ လွမ်းချင်း (ပန်းချီ ထိန်လင်း)
ညီလေးမွန် အလည်လာတုန်းက (မင်းလွင်)
တာရာမင်းဝေ နဲ့ သူ့မွေးစားအဖေအကြောင်း (မောင်စွမ်းရည်)
၈၈ ထဲက တယောက် (မောင်ရစ်)




မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချိသည်။

## မိုးခေါင်နေတဲ့လောကမှာ အကို့ကိုယ်စား ကျနော်တို့ ... ...

**နေဘုန်းလတ်**

ပန်းခေတ်က လမင်း ...

ပန်းချီဆရာလေးတယောက်၊ နောက် သူချစ်တဲ့အနုပညာ၊ သူချစ်တဲ့ကောင်မလေး ...၊ သူ့ရဲ့ အနုပညာအပေါ် ရူးသွပ်မှု ... နောက်ဆုံး အနုပညာရဲ့ အဆုံးမဲ့တဲ့စွမ်းပကား ...။ ထပ်ခါ ထပ်ခါ ဖတ်ဖြစ်သလို ဖတ်မိတဲ့အခါတိုင်း ကျနော် မျက်ရည်ဝဲရတယ် ...။

သင်နှင့် နံနက်ခင်းကိုသာ ဝင်ခွင့်ပြုမည် ...။ အဲဒီ့စာအုပ်လေးကို ဖတ်အပြီးမှာ ကျနော်ရဲ့စိတ်ထဲကို ဖိုးကြယ်ရဲ့ဝိဉာဉ်က ကပ်ပါလာတယ်။

အရှေ့မြို့ရိုးပေါ်က မိုးရေစက်များ ...။ ဂျူနိုဆိုတဲ့ ကချေသည်မလေး ကျနော်ရဲ့အာရုံထဲမှာ ပြေပြေစ်လှပစွာ ကနေတယ် ...။ အနုပညာရှင်မလေးဂျူနိုရဲ့ နှလုံးခုန်သံတွေက ကျနော့်နှလုံးခုန်သံတွေနဲ့ ထပ်တူကျသွားတယ်။

သိုးဆောင်းဂစ်တာတလက်ရဲ့ မှတ်တမ်း ...။ အနုပညာမှော်ဝင်နေတဲ့ မီးတောက်ရစ်သမ်ဆိုတဲ့ ကဗျာရှည်တပုဒ် ... ကျနော့်ရဲ့နှလုံးသားကို ညင်ညင်သာသာလေး ဖမ်းဆုတ်ယူငင်သွားတယ်။ ဝတ္ထုလေးရဲ့အဆုံး ... အနုပညာသမားတယောက်ရဲ့စိတ်ကို ရှင်းရှင်းကြီးမြင်သိသွားချိန်မှာ ကျနော် ကြက်သီးမွေးညှင်းထမိတယ်။

ခေါ်သွားပေါ်မှာကတဲ့ ဆပ်ကပ် ...
ပင်လယ်တဝက် တောင်တန်းတဝက်ဖြစ်နေတဲ့ ကောင်လေး ...
ဒေင် ကချေသည် ...
လူငယ်တယောက်ရဲ့ ကျောက်ထွင်းရာဇဝင် ...
ပြိုင်မြင်းတိုရဲ့ ခွာသံ ...

လွမ်းတယ် ... လွမ်းတယ် ...။
လှပပြေပြစ်တဲ့ စကားလုံးအတွဲအဆက်တွေရဲ့ အရှင်သခင် ...
လူငယ်တွေရဲ့စိတ်ထဲကို ထွင်းဖောက်ဝင်ကြည့် စိတ်ဝိဉာဉ်တခုလုံးမှာ အနုပညာအတိပြီးတဲ့
ကျနော်လေးစားအားကျခဲ့ရတဲ့ စာရေးဆရာ ...

အကိုရေ ...

အကိုတူးဖော်ခဲ့တဲ့ မြေစိုင်မြေခဲတွေကို ဖက်တွယ်ရင်း ...
အကိုရေးလို့မပြီးခဲ့တဲ့ ကျောက်ထွင်းရာဇဝင်ကို ကျနော်တို့ ဆက်ထွင်းမယ် ...
မိုးခေါင်နေတဲ့လောကမှာ အကို့ကိုယ်စား ကျနော်တို့ ပုံတွေ ဆက်တီးမယ်ဗျာ ...။ ။

# ကျနော် မသိသော တာရာမင်းဝေ

## ထင်မင်းမင်းလတ်

သူ့ကို တာရာမင်းဝေအဖြစ်နဲ့ မကြုံဘူး၊ မတွေ့ဘူးလိုက်ရပါ၊ သူ့စာတွေကိုသာ ဖတ်ခွင့်ရင်းနှီး ခွင့်ရခဲ့ပါတယ်။ သူ့ကို သိခဲ့ ရင်းနှီးခဲ့တုန်းက ညီညီ၊ နောက် ရွှေဘုန်းလူအဖြစ်နဲ့သာ။

သူနဲ့ကျနော်တို့တတွေ စတင်တွဲခဲ့တာက လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်၊ ၈၈ အရေးအခင်းကြီး ဖြစ်ခါစ၊ ကျနော်တို့ကျောင်းသားတွေ တိုးတိုးတိတ်တိတ်နဲ့ မြေအောက်လှုပ်ရှားမှုတွေ လုပ်နေချိန်၊ သူငယ်ချင်းလည်း ဖြစ်၊ ညီမတပိုင်းလည်းဖြစ်တဲ့ သူတို့(ကိုအောင်ဒင်၊ ရွှေဘုန်းလူ) ညီမက ကျနော့်ကို တောင်ဥက္ကလာပဘက်က အိမ်ကြီးတအိမ်ကို ခေါ်သွားတယ်။ အဲ့ဒီအိမ်ရောက်တော့ အိမ်အပေါ်ထပ် မှာ ကိုအောင်ဒင်ကို လှဲပြီးအနားယူနေတာ တွေ့ရတယ်။ ပင်ပန်းပြီး ကောင်းကောင်း မအိပ်ရသေးတဲ့ ပုံပါပဲ။ ကိုအောင်ဒင်နဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ အနည်းငယ်ပြောပြီး ကိုအောင်ဒင်က အခုသူလုပ်နေ တဲ့အကြောင်းတွေ၊ ရှေ့လုပ်ငန်းစဉ်တွေ ရှင်းလင်းပြောပြခဲ့တယ်။ နောက် ကိုအောင်ဒင်နဲ့စကားပြောပြီး ပြန်မယ်အလုပ်မှာ ရွှေဘုန်း ရောက်လာတယ်။ ဒါနဲ့ ရွှေဘုန်းနဲ့ပါ စကားဆက်ပြောဖြစ်ခဲ့တယ်။ အဲ့ဒီ နောက်ပိုင်းကစပြီး သူနဲ့ အလုပ်အတူတူ လုပ်ဖြစ်ခဲ့တာပါပဲ။

အကြောင်းအမျိုးမျိုးကြောင့် သူ ကျနော်တို့အိမ်မှာ လာနေတယ်၊ သူရယ် ကျနော်ရယ် အခြား အပေါင်းအသင်းတွေ ပေါင်းပြီး ပြည်သူ့ကိုယ်ရံတော်တပ်ဦး ကို ဖွဲ့တယ်။ သူက ဥက္ကဌ။ ပဋ္ဌမနိုင်ငံတော် စာစောင်ကို ထုတ်ဝေခဲ့တယ်။ အဲ့ဒီကတည်းက သူဟာ အနုပညာသမားစစ်စစ်မှန်း သိသာထင်ရှား ခဲ့တယ်။ လက်ရေးလက်သားကအစ စာရေးခြင်းအတတ်ပညာ၊ အိုင်ဒီယာပါ ထူးထူးခြားခြား ရှိခဲ့တယ်။ သူ ကျနော်တို့အိမ်မှာနေခဲ့တဲ့တလျှောက်လုံး သူ့ကို စာဖတ်နေတာရယ်၊ စာရေးနေတာရယ်ပဲ အတွေ့ ရ များတယ်။ ကျနော်တို့သူငယ်ချင်းညီအတွက် သီချင်းတပုဒ်လည်း ရေးပေးခဲ့ဖူးတယ်။ တခါတလေ ကျနော်တို့ တခွက်တဖလား သောက်ကြတယ်။ အဲဒီတုန်းက သူ ကောင်းကောင်း မသောက်တတ်သေး။

သိပ်ကြိုက်ပုံလည်းမရ။ မှတ်မှတ်ရရ ၁၉၈၈ ရဲ့ခရစ်စမတ် အကြိုည ... ကိုအောင်ဒင်ရယ် သူရယ် ကျနော်ရယ် နည်းနည်းပါးပါးသောက်ရင်း စကားပြောဖြစ်ကြတယ်။ သောက်ရင်းနဲ့ပေါက်ကွဲလာပြီး ကိုအောင်ဒင်ကို ဝေဖန်ပြောဆိုနေတဲ့ သူ့ရဲ့ပုံကို မြင်ယောင်မှတ်မိနေပါသေးတယ်။

ဗကသကို ပြန်လည်ဖွဲ့စည်းတဲ့အချိန်မှာ သူရော ကျနော်ပါ ပါဝင်ခဲ့တယ်။ သူဟာ နိုင်ငံရေးကို လည်း တစိုက်မတ်မတ်လုပ်ခဲ့တယ်။ သူ့ခေါင်းထဲမှာတချိန်လုံး အဲ့ဒီကိစ္စပဲရှိနေခဲ့ပါလိမ့်မယ်။ နောက်ပိုင်း မှာ အားလုံးလိုလို အဖမ်းခံရတယ်၊ သူလည်း ပါသွားခဲ့တယ်။ အမှန်အတိုင်းပြောရရင် ထောင်ဝင်စာ တော့ ကြောက်လို့ သွားမတွေ့ဖြစ်ခဲ့ပါ။ ထောင်ထဲက သူ့သတင်းတွေတော့ ကြားနေခဲ့ရတယ်။ ၁၉၉၁ မှာ ကျနော်လည်း မြန်မာပြည်က ထွက်ခဲ့တယ်။ သူ သရက်ထောင်ရောက်သွားတာ၊ ထောင်ထဲမှာ ပုံစံမထိုင်နိုင်ဘူး ငြင်းတာတွေ ကြားနေရတယ်။ ၁၉၉၅ လောက်ဖြစ်မယ်ထင်တယ်။ ကိုအောင်ဒင်ဆီက သူ တာရာမင်းဝေ နာမည်နဲ့ စာအုပ်ထုတ်မယ့်အကြောင်း ကြားရတယ်။ နောက် သူ့စာအုပ်တွေ နေချင်းညချင်းပဲ ကျော်ကြားလာတယ်။ ကျနော်လည်း လက်လှမ်းမီသလောက် ရှာဖတ်ခဲ့ပါတယ်။ သူ့စာအုပ်တွေထဲမှာ သူ့ရဲ့ နဂိုပင်ကိုပုံစံကို မြင်ရတယ်။ သူ အရက်သောက်နေတာ ကြားရတယ်၊ နောက် သူအိမ်ထောင်ပြုတဲ့အကြောင်း၊ ခေတ်နေလေး မွေးတဲ့အကြောင်း သိရတယ်။ ဖုန်းတွေဘာတွေ တော့ မခေါ်ဖြစ်တော့၊ သူသာ သေသွားရော သူ့ကို တာရာမင်းဝေအဖြစ်နဲ့ ကျနော်စကားမပြောဖြစ်ခဲ့။ အဆက်အသွယ် မလုပ်ဖြစ်ခဲ့ပါ။

ကျနော်သိတဲ့ ကျောင်းသားခေါင်းဆောင် ချစ်ညီညီ၊ တော်လှန်ရေးသမား ရွှေဘုန်းလူ၊ သူဟာ တာရာမင်းဝေ မဖြစ်ခင်ကတည်းက အနုပညာသမားစစ်စစ် ဖြစ်ခဲ့တာတော့ ကျနော် ရဲရဲကြီးပြောရဲ ပါတယ်။ (သူနဲ့ပတ်သက်ပြီး အသေးစိတ်ရေးချင်တာ ပြောချင်တာလေးတွေရှိသေးပေမယ့် စာသိပ်ရှည် မှာစိုးတဲ့အတွက် မရေးဖြစ်တော့ပါ)။ တော်လှန်ရေးသမား ရွှေဘုန်းလူ ကို လွမ်းတယ်။ အနုပညာသမား တာရာမင်းဝေ ကို နှမြောနေမိပါတယ်။ ။

# နှုတ်ဆက်ခြင်း

## ခက်မာ

တကယ်တော့ သူနှင့်ကျမက စာတစောင်ပေတဖွဲ့ ရေးရလောက်အောင် မရင်းနှီးခဲ့ပါ။ ဒါပေမယ့် သူနှင့်ပတ်သက်သော အမှတ်ရစရာလေးတွေ ကျမမှာ ရှိနေခဲ့သည်။

❖ ❖ ❖

သူနှင့်ပတ်သက်ပြီး ပထမဆုံးမှတ်မိနေတာက သူ၏ 'အာလူးစားသူများ' ဝတ္ထုတိုကလေး ဖြစ်သည်။ ဝတ္ထုကိုဖတ်ပြီးပြီးချင်း အဲ့ဒီလိုရေးတတ်ချင်လိုက်တာဟု စဉ်းစားခဲ့ဖူးတာ သတိရသည်။ နောက်တော့ အဲ့ဒီဝတ္ထုတိုလေးက ဖြူးမိတ်ဆွေများ စာကြည့်အသင်းမှပေးသော ဝတ္ထုတိုဆု ရသည်။ ထိုဆုပေးပွဲတွင် ကျမ ရှိနေခဲ့၏။ ဆုရဝတ္ထုတိုရေးသူအနေနှင့် ကျေးဇူးတင်စကားပြောရန် သူ စင်ပေါ်တက်လာခဲ့သည်။ ရိုးစင်းသော ဝတ်စားဆင်ယင်ပုံ၊ တည်ငြိမ်သောမျက်နှာနှင့် "ကျနော် ရွှေဘုန်းလူပါ" ဆိုသောစကားဖြင့် စတင် မိတ်ဆက်သည်။ ဖြောင့်ဖြောင့်စင်းစင်း ဆံပင်တွေက သူ့နဖူးပေါ် ဝဲကျနေသည်။ သူက မရယ်မပြုံးသော်လည်း မတည်တင်းသောမျက်နှာဖြင့် စကားကို တည်တည်ငြိမ်ငြိမ် ပြောသွားသည်။ ဘာကြောင့်မှန်းသိပေမယ့် ကြည်ကြည်လင်လင် မျက်နှာပေးဖြင့် "ကျနော် ရွှေဖုန်းလူပါ" ဟု နှုတ်ဆက်စကားကို စတင်လိုက်တာ ကျမ တော်တော် သဘောကျသွားသည်။ နှစ်လိုဖွယ်ကောင်းသော လူငယ်ကလေးအဖြစ် ခင်မင်မိသွားသည်။

အဲ့ဒီပွဲမှာ ကိုဇာဂနာက သူနှင့်ကျမကို မိတ်ဆက်ပေးခဲ့သည်။ သို့သော် သူကလည်း ခပ်အေးအေး နေတတ်သူ ကျမကလည်း လူမှုရေးညံ့ဖျင်းသူဆိုတော့ ပြုံးပြနှုတ်ဆက် အသိအမှတ်ပြုခဲ့ကြရုံအပြင် စကားဝေဝေဆာ မပြောဖြစ်ခဲ့ကြပါ။ (အခုအချိန်မှာတော့ ကျမ၏ လူမှုရေးညံ့ဖျင်းမှုကို အတတ်နိုင်ဆုံး ကြိုးစားပြင်နေပါသည်။)

သရဖူမဂ္ဂဇင်းကို ဦးငြိမ်းအေးအိမ်လုပ်တော့ သရဖူမဂ္ဂဇင်းတိုက်သို့ သွားတိုင်းလိုလို သူ့ကို တွေ့ရသည်။ မဂ္ဂဇင်းတိုက်မှာ ဟိုဟိုသည်သည် စကားတွေ ပြောဖြစ်ကြသည်။ ထိုကာလများတွင် သူက တာထွက်ကောင်းသော လူငယ်စာရေးဆရာကလေးအဖြစ် ဝတ္ထုတို၊ ဝတ္ထုရှည်၊ စာပေဆောင်းပါးတွေကို အားကောင်းမောင်းသန် ရေးနေသည်။ သူ့စာတွေ ဆက်တိုက်လိုလိုတွေ့ရတော့ ကျမ ဝမ်းသာသည်။ အားကျသည်။ ဝီရိယစိုက်၍ လေ့လာအားထုတ်နိုင်သူ လူငယ်တဦးအဖြစ် အသိအမှတ်ပြု ချီးကျူးမိသည်။ ဒါပေမယ့် ကျမရဲ့အားနည်းချက်ကတော့ သူနှင့်ဆုံတွေ့ချိန်တွေမှာ သူနှင့်ပတ်သက်သော ကျမ၏ခံစားချက်တွေကို ပြောမပြဖြစ်ခဲ့ခြင်းပင် ဖြစ်သည်။

အဲ့ဒီလို စကားတုံ့ဆိုင်းတတ်ခြင်း၏ မနှစ်မြို့ဖွယ်အကျိုးကို မကြာခင်မှာပဲ ကျမ သိခဲ့ရသည်။ သူ့ သူငယ်ချင်းတွေက ကျမ သူငယ်ချင်းတွေပဲဆိုတော့ သူ့စာတွေဖတ်နေရချိန်နှင့် တပြိုင်တည်းလိုလိုမှာပင် သူ့အကြောင်းတွေလည်း ကြားနေရသည်။ အဲ့ဒီသူငယ်ချင်းများထဲမှ တယောက်ပြန်ပြောပြသော ကျမနှင့်ပတ်သက်သည့် သူ့ခံစားချက်ကိုကြားရတော့ ကျမ တော်တော်စိတ်မကောင်းဖြစ်ရသလို နှုတ်စလျှာစ နည်းခြင်း အားနည်းချက်ကို ပြင်ဖို့လိုပြီဆိုတာလည်း မှတ်မှတ်မှတ်ရရ သတိမူမိခဲ့သည်။

"ခက်မာက ကျနော့်ကို လှိုက်လှိုက်လှဲလှဲ Welcome မလုပ်သလိုပဲဗျ ..."

အဲသည်လို သူ ပြောခဲ့သတဲ့။ ကျမ တကယ်ပဲ စိတ်မကောင်းပါ။ သူနှင့်ကျမ လူချင်းမနီးစပ်ကြပေမယ့် သူနှင့်ပတ်သက်သော ကျမ ရင်ထဲက အမှတ်ထင်ထင်ရှိမှု၊ တန်ဖိုးတခုသတ်မှတ်၍ အလေးအနက်ထားမှုကို ကျမကိုယ်တိုင် အသိဆုံး မဟုတ်လား။ သူစာရေးသလို ကျမ မရေးနိုင်တာ၊ သူ လေ့လာအားထုတ်သလို ကျမ မလေ့လာ အားမထုတ်နိုင်တာ ကျမကိုယ် ကျမသိသည်လေ။

သူ့စကားကြောင့် စိတ်မကောင်းဖြစ်မိသော ကျမက တရက်မှာ ဦးငြိမ်းအေးအိမ်နှင့် စကားဝိုင်းဖွဲ့မိစဉ် သူ့အကြောင်း စကားစပ်မိကြသည်။ သူ့ကြိုးစားအားထုတ်မှုတွေအကြောင်းပြောရင်း ကျမက ရုတ်တရက် မှတ်ချက်ပေးမိသည်။

"ကိုရွှေဘုန်းက Sensitive ဖြစ်တယ်နော်"

သူ့ကိုချစ်သော ဦးငြိမ်းအေးက ဘယ်လို အဓိပ္ပာယ်ကောက်ယူသည် မသိ။ "အို ... အဲဒီလို မဟုတ်ပါဘူး" ဟု ချက်ခြင်းငြင်းသည်။

"Sensitive ဖြစ်တယ်ဆိုတာ သူ ထိခိုက်ခံစားလွယ်တာကို ပြောချင်တာပါ"

ကျမက အဲဒီလိုထပ်ရှင်းပြတော့မှ ဦးငြိမ်းအေးက "အေး ... ဒါဆို ဟုတ်တယ်"ဟု သဘောတူတော့သည်။ တကယ်တော့ သူမှမဟုတ်ပါ။ ကျမတို့လို အနုပညာနှင့် တနည်းတဖုံ ပတ်သက်နေမိသူများအားလုံးက ခံနိုင်ရည်ရှိသည့်နေရာတွင် အံ့မခန်း ခံနိုင်ရည်ရှိကြသလောက် စိတ်ထိခိုက်လွယ်ကြပြန်တော့လည်း သာမန်လူတွေ ပြုံးချင်စရာကောင်းလောက်အောင် နူးညံ့နေကြပြန်ရောလေ။

❖ ❖ ❖

**မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချီသည်။**

နောက်ပိုင်းမှာတော့ ကျမအပေါ်ရှိခဲ့သော သူ့ထင်မြင်ချက်တွေ ပြောင်းသွားပုံရသည်။ သရဖူမဂ္ဂဇင်းတိုက်ရှိရာ ၃၂ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ၊ ဘားလမ်းထဲက ကိုထွန်းရီ လက်ဖက်ရည်ဆိုင်မှာ ကျမတို့ထိုင်ဖြစ်လျှင် သူက ရယ်ရယ်မောမော ပူးပေါင်းပါဝင်လာသည်။ များသောအားဖြင့် သူရော ကျမပါ နားထောင်သမားသက်သက်ပမာပင်။

၁၉၉၆ ခုနှစ် နိုဝင်ဘာလဆန်းထဲက တရက်မှာ ကျမ လက်ထပ်တော့ မင်္ဂလာဆွမ်းကျွေးပွဲကို သူကသုတ်ကရက် ရောက်လာသည်။ မင်္ဂလာဆွမ်းကျွေးပွဲမှာကျွေးသော ဒန်ပေါက်ထမင်းကိုပင် မစားဘဲသွားတော့မည် ပြင်၏။ ကသုတ်ကရက်နိုင်လွန်းသော သူ့ဟန်ကြောင့် ကျမ စိတ်မကောင်းတာကိုမြင်တော့ ကျမ ပခုံးကို ခပ်ဖွဖွပုတ်ကာ ကျမ သဘောကျသော ကြည်ကြည်လင်လင်အပြုံးဖြင့် သူ ပြောခဲ့သည်။

"ကျနော် လာချင်လွန်းလို့ ရောက်အောင်လာတာ ...။ ကျနော့်အကို စင်္ကာပူက ပြန်လာမှာမို့ လေယာဉ်ကွင်း သွားကြိုရမယ်။ တော်ကြာ လေယာဉ်ဆိုက်နှင့်နေရင် အကို စောင့်နေရလိမ့်မယ်။ ဒါကြောင့်ပါ။ နောက်တော့ အေးအေးဆေးဆေး စားတာပေါ့ ..."

အဲဒီနေ့က သူ ကျမတို့ကို ဝက်ဝံရုပ်ကြီးတရုပ် မင်္ဂလာလက်ဖွဲ့ခဲ့သည်။ ကျမတို့မင်္ဂလာဆောင်မှာ သူတယောက်တည်း အရုပ်လက်ဖွဲ့ခဲ့တာမို့ မှတ်မှတ်ရရ ရှိခဲ့ကြသည်။

တိုက်တိုက်ဆိုင်ဆိုင် ကျမ အမျိုးသား၏အမက သူနှင့်အတူ ဆယ်တန်းမှာ ကျူရှင်အတူတက်ဖက်အလွန်ရင်းနှီးသော သူငယ်ချင်းတွေ ဖြစ်ခဲ့ကြသတဲ့။ ကျမ ယောင်းမက စကားစပ်မိတိုင်း သူ အင်္ဂလိပ်စာမှာ တော်ကြောင်း၊ သူငယ်ချင်းတွေကို ဖေးမကူညီတတ်သည့်အကြောင်း ရွှန်းရွှန်းဝေအောင် ပြောပြတတ်သည်။ ဖေဖော်ဝါရီလထဲက တရက်မှာ သူတို့သူငယ်ချင်းတွေစုပြီး ကျိုက်ကဗ္ဗစံကွင်းထဲက ပြည်ထောင်စုပွဲကို သွားကြသတဲ့။ ညမှောင်ခါနီးမှာ အိမ်ပြန်လာကြပြီး အိမ်ရောက်ခါနီးမှ ကျမ ယောင်းမက ပြခန်းတွေထဲမှာ ထီး ကျန်ခဲ့တာ သတိရခဲ့သည်။ ဝန်ထမ်းသားသမီးမို့ ချွေတာ စည်းကမ်းရှိရသူ ယောင်းမက ထီးမပါဘဲအိမ်ပြန်လျှင် မိခင်ဆူမှာစိုးပြီး လမ်းခွဲပြီးစမှာပဲ သူ့အိမ်ကို လိုက်သွားခဲ့သတဲ့။ သူနှင့်တွေ့ကာ အကျိုးအကြောင်းပြောပြတော့ အိမ်ရောက်ခါစ ထိုင်ပင်မထိုင်ရသေးသောသူက ကျမ ယောင်းမနောက် စွေ့ကနဲလိုက်သွားပြီး ကျိုက်ကဗ္ဗဆံကွင်းဆီ နောက်တခေါက် ထပ်သွားခဲ့ကြသည် တဲ့။ ညကြီးမင်းကြီး ကျိုက်ကဗ္ဗဆံကွင်းထဲက ပြခန်းပေါင်းများစွာမှာ တခန်းဝင် တခန်းထွက် ထီးပျောက် အရှာထွက်ခဲ့ကြသတဲ့။

အဲဒီဇာတ်လမ်းကို ယောင်းမထံမှ ကျမ ဆယ်ခါထက်မနည်း ကြားခဲ့ဖူးသည်။ ဇာတ်လမ်းဆုံးတိုင်း ယောင်းမဖြစ်သူက စည်စည်လွင်လွင်ရယ်မောကာ "အဲဒီကောင်လေး သိပ်ခင်ဖို့ကောင်းတယ်" ဟု ပြောဖို့ကိုလည်း ဘယ်တော့မှ မမေ့ခဲ့ပါ။

သူက ကျမကို တခါမေးခဲ့ဖူးသည်။

"မမြင့်မြင့်သန်းက ခက်မာအမျိုးသားရဲ့ အမဆို"

“ဟုတ်တယ်လေ”

“လောကကြီးက ကျဉ်းလိုက်တာဗျာ။ ကျနော်တို့က သိပ်ခင်ကြတာ”

“အမလေး … သိပါတယ်။ ညကြီးမင်းကြီး ထီး အရှာထွက်ကြတဲ့ ဇာတ်လမ်းတွေလေ”

သူက ထုံးစံအတိုင်း ကြည်ကြည်လင်လင် ရယ်လေသည်။ သူ အဲဒီလိုရယ်မောတော့ ဘာကြောင့် မှန်းမသိ “ကျနော် … ရွှေဘုန်းလူ ပါ” ဟု သူ့ကိုယ်သူ စတင်မိတ်ဆက်ခဲ့သည့် ဆုပေးပွဲမှာ သူ့ကိုစတင် မြင်တွေ့ခဲ့ပြီး နှစ်လိုစွာ ခင်မင်ခဲ့မိတာကို ပြန်အမှတ်ရသွားသည်။

❖ ❖ ❖

၂၀၀၇ ခုနှစ် ဩဂုတ်လအတွင်းမှ တရက်တွင် ကျမကို လူတော်တော်များများ ဖုန်းခေါ်ကြသည်။ ကျမအိမ်တွင် ဖုန်းမရှိတာကြောင့် ဖုန်းခေါ်ပေးရသူ အိမ်နီးချင်းအမကြီးကပင် ဒီနေ့ ဖုန်းတွေလာလှ ချည်လားဟု မေးရှာသည်။ ထိုဖုန်းအားလုံးက သူ သေဆုံးကြောင်း လှမ်းကာအသိပေးကြသော ပြည်တွင်းပြည်ပမှ ဖုန်းများဖြစ်သည်။ ပြည်ပမှမိတ်ဆွေ သူငယ်ချင်းများက “သူ့အိမ်မှာ သူ့အဖေနဲ့ အမေ နှစ်ယောက်ပဲရှိတယ် သွားကြည့်လိုက်ပါအုံး” ဟု တိုက်တွန်းကြသလို ပြည်တွင်းမှမိတ်ဆွေ သူငယ်ချင်းများက “သူ့အိမ်ကို သွားကြရအောင်” ဟု ချိန်းဆိုကြသည်။

သူ့အိမ်မှာ လောကဓံကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နေသော သူ့ မိဘ နှစ်ပါးကို တွေ့ရသည်။ အိမ်နံရံများနှင့်အပြည့် စာအုပ်တွေကို တွေ့ရသည်။ သူ့ကိုချစ်ခင်ကြသော သူ့မိတ်ဆွေ သူငယ်ချင်း တွေနှင့် သူစာပေကို အလေးထားကြသော မဂ္ဂဇင်းဂျာနယ်များမှ သတင်းထောက်တွေအပြင် သူ့နှင့် ရော သူ့မိသားစုနှင့်ပါ မိတ်ဆွေသူငယ်ချင်း မဟုတ်သော၊ မေးခွန်းချည်းသက်သက်မေးဖို့ ရောက်လာ ကြသူများကိုလည်း တွေ့ရသည်။ သူစာရေးနေကျ စားပွဲပေါ်တွင်တင်ထားသည့် သူ့ဆဲလ်ဖုန်းလေး ကလည်း မကြာခဏ တဂွမ်ဂွမ် မြည်ရှာသည်။ ရပ်နီးရပ်ဝေးမှ သူ့မိတ်ဆွေသူငယ်ချင်းများ၏ ဖုန်းဖြင့် မေးသံ၊ သူ့နောက်ဆုံးခရီးအတွက် တာဝန်ခွဲဝေယူနေကြသော သူ့မိတ်ဆွေ သူငယ်ချင်းများထံမှ ဆက်သွယ်သံများဖြစ်သည်။

“ပန်းဖလက်ကိစ္စ ပြီးသွားပြီ အမေ”

“ယပ်တောင်နဲ့ ရေသန့်ဘူးစီစဉ်တဲ့ဘက်က အဆင်ပြေပြီလား”

“ဒံပေါက် ဘယ်မှာ မှာမလဲ”

“လေထန်ကုန်းမှာ ကားဘယ်နှစီးထားမလဲ အမေ”

“အမေ လိုတာရှိရင် ကျနော်တို့ကို လှမ်းပြောနော်”

"အမေ ဘာမှ စိတ်မပူနဲ့နော်။ အားလုံးကို ကျနော်တို့အဆင်ပြေအောင် စီစဉ်မယ်"

သူ့နောက်ဆုံးခရီးအတွက် ပြင်ဆင်နေကြချိန်တွင် သူ အပါအဝင် သူ့မိခင်၏ သားသမီးအရင်းများ ထိုအိမ်တွင်ရှိမနေပေမယ့် ထိုအိမ်ပတ်ဝန်းကျင်တွင် အမေ ခေါ်သံများ လွှမ်းနေခဲ့သည်။ သူ့အမေသည် သူ၏မိတ်ဆွေသူငယ်ချင်းများ သူ့အကို သူ့ညီမအားလုံးတို့၏ မိတ်ဆွေသူငယ်ချင်းများအတွက် အမေ သဖွယ်ဖြစ်နေခဲ့သည်။ ဧည့်ခန်းနံရံတွင် ကပ်ထောင်ထားသော ဓာတ်ပုံထဲမှသူကတော့ ပျားပန်းခပ် သလို စီစဉ်လှုပ်ရှားနေကြသော ဧည့်ခန်းအတွင်းမှလူများကို မပြုံးတုံ့တုံ့ဖြင့် ကြည့်နေခဲ့လေသည်။

❖ ❖ ❖

သူ့ကိုသဂြိုဟ်မည့်နေ့တွင် ရန်ကုန်မြို့တွင်းရှိစုရပ် လေထန်ကုန်းသို့ ကျမတို့ ခပ်စောစောရောက် နေခဲ့သည်။ လေထန်ကုန်း လက်ဖက်ရည်ဆိုင်ကလေးအတွင်းရှိ ခုံပုကလေးများတွင် သူ့ကို ခင်မင် လေးစားသော နိုင်ငံရေးနှင့် စာပေအသိုင်းအဝိုင်းမှလူများနှင့် ပြည့်နှက်နေသဖြင့် ၃၃ လမ်းကိုဖြတ်ကာ ဗိုလ်ချုပ်လမ်းမပေါ်တွင် ရပ်စောင့်နေကြသော ဟီးနိုးကားများပေါ်တွင် ကျမတို့နေရာယူထားကြ သည်။ ကားတွေပေါ်မှာလည်း လူတော်တော်များများ ရောက်နေပြီ။ ကားပေါ်တွင် နီးစပ်ရာ အုပ်စုလိုက် စကားဝိုင်းဖွဲ့နေကြတာ သူ့အကြောင်းတွေဖြစ်သည်။ ကျမတို့ စကားဝိုင်းမှာတော့ မနှင်းဝေငြိမ်းက သူမ နှင့် တာရာမင်းဝေ ပတ်သက်နီးစပ်ခဲ့ပုံတွေကို ထုံးစံအတိုင်း ခြေဟန်လက်ဟန်နှင့် မာန်ပါပါ ပြောနေ လေသည်။ ကျမကလည်း ထုံးစံအတိုင်း ေးမောနားထောင်ပြီး ရယ်စရာရှိ ရယ်လိုက်၊ ဝမ်းနည်းစရာရှိ မျက်ရည်ဝဲလိုက်ရှိနေခဲ့သည်။

အားလုံးက စကားဝိုင်းမှာ အာရုံနစ်မြုပ်နေစဉ် ကျမတို့နေရာယူထားသောကား၏ ဒရိုင်ဘာ ဖြစ်ပုံရသူတဦး ကားပေါ်တက်လာပြီး ခပ်ကျယ်ကျယ် ပြောသည်။

"တခြားကား ပြောင်းစီးကြပါ။ ဒီကား ထွက်လို့မရတော့ဘူး ..."

ကားပေါ်မှလူများ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ ဘာဖြစ်လို့လဲ ဘာကြောင့်လဲ မေးခွန်းသံတွေ ဆူညံလာသလို တချို့က တခြားကားမှာ တနေရာရရေး ပြေးဦးဖို့ ကြိုးစား၏။ သို့သော် တခြားကား ပေါ်မှ လူများလည်း အလျှိုလျှိုဆင်းလာကြသည်။

"ကားတွေ အားလုံး ထွက်ခွင့်မရဘူး ... တဲ့"

"မထသ ... က လာတားသွားတာ"

"ဟ ... အသုဘပို့တဲ့ကားကို တားရသတဲ့လားကွာ"

တယောက်တပေါက် စကားသံတွေဖြင့် လူတွေလမ်းပေါ် ပြန့်ကျဲကုန်သည်။ လက်ကိုင်ဖုန်းတွေ တကွီကွီ တဂွမ်ဂွမ် မြည်ကုန်သည်။ ဒေါသတကြီး လှုပ်ရှားဟန်တွေဖြင့် ပတ်ဝန်းကျင်က ရုတ်ရုတ်သဲသဲ

ဖြစ်သွားသည်။ ထူးခြားသောအခြေအနေမို့ လမ်းသွားလမ်းလာတွေ တက္ကစီသမားတွေက ရပ်ကြည့်ဝေဖန်ရင်း လူအုပ်က ပိုကြီးမားသွားသည်။

ကျမနှင့် မနှင်းဝေငြိမ်း တယောက်မျက်နှာ တယောက်ကြည့်ရင်း ကားလမ်းမကို ဖြတ်ကူးလိုက်သည်။ တက္ကစီကား တစီးပေါ်တက်ပြီး "ရေဝေး ကို …"ဟုပြောတော့ ကားသမားက "လေးထောင်"ဟု တုံးတိတိ ပြန်ဖြေသည်။ ကျမတို့နှစ်ယောက်ကလည်း "သွားမယ်"ဟု ခပ်ပြတ်ပြတ်ပင် ပြန်ဖြေလိုက်သည်။ သူ၏နောက်ဆုံးခရီးကို ရောက်မသွားရသောအဖြစ်မျိုး ကျမတို့ အဖြစ်မခံနိုင်ပါ။ နောက်ကျမှ ရောက်သွားတာမျိုးပင် မဖြစ်ချင်ပါ။ ဂူးကနဲထွက်လာသော ကားလေး၏နောက်မှာတော့ ဒေါသဖြင့် ရုတ်ရုတ်သဲသဲဖြစ်နေသော လူအုပ်ကြီး ကျန်ခဲ့လေသည်။

ကျမတို့ရေဝေးသုသာန်ကိုရောက်တော့ သူ့ရုပ်ကလပ်ကိုပင် မထုတ်ရသေး။ ရုပ်ကလပ်ထားရာ ရေခဲတိုက်အဝတွင် နိုင်ငံရေး၊ စာပေနှင့် အနုပညာအသိုင်းအဝိုင်းမှလူတွေ ရုတ်စုရုတ်စုဖြစ်နေသည်။ ကိုဇာဂနာ၊ ဦးငြိမ်းအေးအိမ်၊ မောင်မျိုး (ကြောင်နှစ်ကောင်)၊ ကျော်သူ၊ မသန်းမြင့်အောင် ပြီးတော့ သူ့ဇနီးသည် မနော်ဟရီ နှင့် သူတို့၏ ချစ်စဖွယ် သားလေး ခေတ်နေ။

ကျမတို့ စောရောက်နေသူအချင်းချင်း နှုတ်ဆက်ညှော်ခံကြသည်။ တဖွဲဖွဲရောက်လာကြသူများအား ကြိုဆိုသင့်သူကို ကြိုဆို၊ နေရာချပေးသင့်သူကို နေရာချထားပေးရင်း ငယ်ငယ်ရွယ်ရွယ်နှင့် ကြွေလွင့်ရရှာသော သူ့အတွက် နှမြောတသကြသည်။ တချိန်က တလှေတည်းစီးခဲ့ကြပေမယ့် ယခုအချိန်မှာတော့ လူမှုရေးကိစ္စတခုခုရှိမှ တွေ့ဆုံကြရလေသော သူငယ်ချင်း၊ ရဲဘော်ရဲဘက်တွေ သူ့ဈာပနကို အကြောင်းပြုပြီး ဆုံဆည်းကြရလေသောအခါ ဆုံဆည်းရမှုအတွက် ဝမ်းသာကြရပေမယ့် ဆုံဆည်းရသော အကြောင်းအရာအတွက် ရင်နာ ဝမ်းနည်းကြရလေသည်။

သူ့မိတ်ဆွေသူငယ်ချင်းတွေ သူ့ရုပ်ကလပ်ကို တွန်းပြီးထွက်လာကြချိန်မှာတော့ သူက ပန်းပွင့်များအလယ်တွင် ငြိမ်သက်စွာအနားယူရင်း လိုက်ပါလာလေသည်။ ကျမတို့တတွေ သူ့ကို တိတ်ဆိတ်စွာ နှုတ်ဆက်ကြသည်။

နှုတ်ဆက်နေသူအားလုံးက ကြေကွဲစွာတိတ်ဆိတ်နေပေမယ့် အားလုံးရင်ထဲတွင် သူ့ကို ကျယ်လောင်စွာနှုတ်ဆက်စကားတွေ ပြောနေကြမည်ဆိုတာ ကျမ သိသည်။

"သားလေးရေ … သားအမှားတွေပြုခဲ့တာရှိရင် မေမေ ခွင့်လွှတ်တယ် … သိလား။ စိတ်ဖြောင့်ဖြောင့်သာ သွားနော် …။ နောက်ဘဝကျရင် လူကောင်းလေးအဖြစ်ပြန်လာပြီး အသက်ရှည်ရှည်နေနော် သားလေး …"

အသက်မဲ့နေသော သားမျက်နှာကို တည့်တည့်စိုက်ကြည့်ကာ မျက်ရည်မကျဘဲ သက်ရှိလူတယောက်ကို ပြောနေသည့်အလား လေသံမှန်မှန်နှင့်ပြောနေသည့် သူ့မေမေ၏အသံက ကျမကိုတော့ မျက်ရည် ပိုးပိုးပေါက်ပေါက်ကျလာစေပါသည်။

❖ ❖ ❖

**မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချိသည်။**

ကျမတို့ သူ့ကို အလေးပြုခဲ့ကြသည်။ နှုတ်ဆက်ကဗျာတွေ၊ နှုတ်ဆက်စကားတွေ ပြောခဲ့ကြသည်။ သူ့အတွက် ဂုဏ်ယူခဲ့ကြသည်။ သူ့အတွက် ကြေကွဲခဲ့ကြသည်။ သူ့အတွက် နှမျောတသခဲ့ကြသည်။ မီးခိုးခေါင်းတိုင်မှ လွင့်ပျံထွက်လာသော သူ့၏ နောက်ဆုံး ရုပ်ခန္ဓာဓာတ်တစအဖြစ် မှတ်ယူရမည့် မီးခိုးငွေ့ မီးခိုးမျှင်တွေကိုကြည့်ပြီး ဆုတ်ဆိုင်းသော ခြေလှမ်းများဖြင့် ကျမတို့ အိမ်ပြန်ခဲ့ကြသည်။ ကားပေါ် ... အပြန်လမ်းမှာ မပြုံးတုံ့တုံ့ သူ့ရုပ်လွှာက ကျမမျက်စေ့ထဲ ဝေ့ဝဲနေသလိုလို၊ သူ့အသံကိုလည်း ကြားယောင်နေသလိုလို။

"ခက်မာက ကျနော့်ကို လိုက်လိုက်လဲ့လဲ့ မကြိုဆိုဘူးလို့ ကျနော်ထင်ခဲ့ပေမယ့် ဝမ်းပန်းတနည်းတော့ လိုက်ပို့ခဲ့သားဗျ ..."

သူသာ ကျမကို စကားပြောခွင့်ရှိဦးမည်ဆိုလျှင် မပြုံးတုံ့တုံ့မျက်နှာဖြင့် ဤကဲ့သို့ နောက်သလိုလို အတည်လိုလို ပြောလေမလားဟု စဉ်းစားခဲ့မိပါသည်။ ။




မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချီသည်။

# ရွှေဘုန်းလူ ကို သတိရခြင်း

## ဘိုကြည်

တာရာမင်းဝေ ဆုံးသွားတာ ၂ နှစ်တောင်ရှိပြီ။ သူ့အကြောင်းအမှတ်တရ စာအုပ်လေးထုတ်ချင်တယ် တဲ့။ တခုခုရေးပေးပါဆိုပြီး စာအုပ်ထုတ်ဖို့စီစဉ်နေတဲ့ မိတ်ဆွေတွေက တောင်းခံလာပါတယ်။ တကယ်တော့ ကျနော်သိခဲ့တာက တာရာမင်းဝေအနေနဲ့ မဟုတ်ပါဘူး။ ရွှေဘုန်းလူအနေနဲ့၊ သပိတ်မှောက်ကျောင်းသားတယောက်အနေနဲ့ သူနဲ့ ကျွမ်းဝင်ခဲ့တာပါ။

သူနဲ့ကျနော်နဲ့ စသိတာက ၁၉၈၈ ခုနှစ်အရေးတော်ပုံအတွင်းက မဟုတ်ပါ။ သူလည်း သူ့နယ်မြေ၊ သူ့အဖွဲ့အစည်းနဲ့ လုပ်နေတာဆိုတော့ လူချင်းမဆုံဖြစ်ပါဘူး။ လူပုံစံက အရပ်ပုပု၊ အသားကလတ်လတ်၊ ကြည့်လိုက်ရင် မထုံတက်တေးနဲ့ပေါ့။ သူနဲ့ လူချင်းစဆုံဖြစ်တာကတော့ ၁၉၈၉ ခုနှစ်မှာမှ စသိ၊ စတွဲဖြစ်တာပါ။ ဒါပေမယ့် ကျနော်တို့ နှစ်ယောက်ဟာ စဉ်းစားပုံချင်း သိပ်မတူကြသလို၊ ဝါသနာချင်းလည်းတူကြတာ မဟုတ်ပါ။ ဒါပေမယ့် ကျနော်တို့နှစ်ယောက်ကြားမှာ တူတာကတော့ ဒီမိုကရေစီလိုချင်တယ်၊ အမှန်တရားကို ချစ်မြတ်နိုးတယ်၊ လူသားတွေကို အကျိုးပြုချင်တယ်။ ဒီလိုနဲ့ ကျနော်တို့နှစ်ယောက် အတူအိပ်၊ အတူစား၊ အတူပုန်းခိုကြရင်း တယောက်နဲ့ တယောက် ပိုနားလည်လာကြ၊ တယောက်အကြောင်းတယောက် ပိုသိလာကြပါတယ်။

အဲဒီအချိန်တွေကတည်းက ကျနော်သိတာက သူ ကဗျာ ရေးကောင်းတယ်ဆိုတာကို သိတယ်။ တနေ့နေ့မှာ အောင်မြင်တဲ့ ကဗျာဆရာ ဒါမှမဟုတ် စာရေးဆရာဖြစ်နိုင်တယ်ဆိုတာကို ကျနော် သိနေတယ်။

**ပန်းကလေးများ ပွင့်တော့မည်**
**ဖူးတံဝင့်လို့ချီ**
**နေခြည်မှာရွှေရည်လောင်း**
**ငါတို့ အချုပ်ကျောင်း ... ...**

အထက်ပါကဗျာလေးကတော့ ကျနော်တို့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ ချုပ်မှထုတ်ဝေခဲ့တဲ့ သမဂ္ဂသတင်းစာထဲက ကဗျာလေးတပုဒ်ပါ။ ကျနော်တို့က သင်ပုန်းကြီးလို့ အမည် ပေးထားတယ်။ ဒီခေါင်းစဉ်ကို အကြံပေးပြီး ရေးတာကလည်း နောင်တချိန်မှာ တာရာမင်းဝေ ဖြစ်လာ မယ့် ရွှေဘုန်းလူပါပဲ။ အချိန်ကာလကတော့ ၁၉၈၉ ခုနှစ်ကပါ။ အဲဒီအချိန်က ကျနော်တို့ရဲ့ သမဂ္ဂ သတင်းစာကိုဖတ်ခဲ့တဲ့ ပရိတ်သတ်အကြိုက် ကဗျာကလေးပါပဲ။

အလားတူ ကဗျာတွေ အများကြီးလည်း သူ ရေးခဲ့ပါသေးတယ်။

နောက်ထပ် အဲဒီခေတ် အဲဒီအချိန်နဲ့ ကိုက်ညီတဲ့ ကဗျာတပုဒ်ကတော့ 'ကျောင်းဖွင့်ချိန်' ကဗျာ လေးပါ။ အချိန်ကလည်း စစ်အုပ်စုက ကျောင်းတွေပြန်ဖွင့်တော့မယ်ဆိုပြီး လေသံပစ်နေချိန်။ ကျနော် တို့ ကျောင်းသားထုအတွင်းမှာလည်း ကျောင်းတက်မယ်၊ မတက်ဘူး ငြင်းခုန်နေကြချိန်ပေ့ါ။ အဲဒီ အချိန်မှာ သူက ကျောင်းတက်မယ်၊ မတက်ဘူးဆိုတဲ့ သူ့ရဲ့သဘောထားကို 'ကျောင်းဖွင့်ချိန်' ဆိုတဲ့ ကဗျာရှည်ကြီးနဲ့ ထင်ဟပ်စေခဲ့တယ်။ အဲဒီကဗျာရှည်က ကျောင်းသားတွေကို အသတ်ခံခဲ့ရတဲ့ မြင်ကွင်း တွေကို မေ့ပျောက်မသွားအောင် ခြယ်မှုန်းထားတာပါ။ အဲဒီ ကဗျာရှည်ကြီးဟာ အခုချိန်အထိ ၈၈ မျိုးဆက်တွေကြားထဲမှာ စွဲကျန်ရစ်နေတဲ့ ကဗျာတပုဒ်ပါ။

'ကျောင်းဖွင့်ချိန်'

ကျောင်းသားတွေနဲ့ ကျောင်းတော်ကြီးကြား
ခ ... သွေးပင်လယ်ကြီးခြားနေပါပြီ ...
'ကျောင်းဖွင့်ပြီ' ဆိုတဲ့ အာဏာရှင်တွေဟာ
သွေးပင်လယ်ကြီးကို ကျော်နင်း
ထုံးတံတားကြီးကို ကျောခင်းပေးတယ်
တချို့တွေက ကျောင်းတက်လာကြလိမ့်မယ် ...
အဲဒီထဲက တချို့ဟာ ...
"အကြောင်းကြောင်းကြောင့်ပါ"လို့
စိတ်မကောင်းစွာပြောရင်း
ထုံးတံတားကို လျှောက်နင်း
ကျောင်းခန်းတွင်း ဝတ္တရားအရထိုင်

ငါတို့ ... နားလည်ခွင့်လွှတ်နိုင်ပါတယ် ...
တချို့ကတော့ ...
'ဂုဏ်တုဂုဏ်ပြိုင်' ကောင်းကြောင်းပြောရင်း
ထုံးနဲ့သင်းတဲ့ ပန်းခင်းကိုဖြတ် ...
ရည်းစားထားဖို့ ကျောင်းပြန်တက်လိမ့်မယ် ...
အဲဒီလို ... လူစားတွေကိုတော့
ငါတို့က ... ခွင့်လွှတ်သည့်တိုင်အောင်
ရာဇဝင်က ခွင့်မလွှတ်သရွေ့
သူတို့ဟာ ... သမိုင်းမှာ ...
'သစ္စာဖောက်' များသာ ဖြစ်တယ် ...။

အဲဒီလိုနဲ့ စာသင်ခန်းကိုကျောခိုင်း တိုက်ပွဲဆက်ဝင်ရင်း ၁၉၈၉ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှာ သူ အဖမ်းဆီးခံလိုက်ရတယ်။ အဲဒီနောက် ထောင် ၄ နှစ်ကျသွားခဲ့တယ်။ ဒါပေမယ့် သူဟာ စိတ်ဓာတ် မကျဘူး။ ထောင်ထဲကို ရောက်နေပေမယ့်လည်း ကဗျာတွေ ဆက်ရေးနေတယ်။ အကျဉ်းထောင်ဟာ သူ့အတွက် ထောင်လို့ မခံစားရဘူး ထင်တယ်။ ရေးလိုက်တဲ့ ကဗျာတွေဟာလည်း မနည်းပါပဲ။ အဲဒီထဲ က ထင်ရှားပြီး အခြားထောင်တွေဆီကို ပျံ့နှံ့လာတာက 'လွတ်လပ်ရေး နတ်သမီး' တဲ့။

ဒီလိုနဲ့ ကျနော် ပထမအကြိမ် ထောင်ကလွတ်လာပြီး ၁၉၉၃ ခုနှစ်အကုန်ပိုင်းလောက်မှာ ထင် တယ်။ သူ ပြန်လွတ်လာတယ်။ ပြီးတော့ ကျနော်တို့ ပြန်တွေ့ဖြစ်ကြတယ်။

၁၉၈၈ ခုနှစ်မှာ သူက အင်္ဂလိပ်စာမေဂျာ ပထမနှစ် ကျောင်းသားတယောက်ပါ။ အဲဒီတော့ ကျနော်က မေးတယ်။ "မင်း ကျောင်းပြန်တက်မလား"ပေါ့လို့။ ဒါပေမယ့် သူက ခေါင်းခါပြီး အဖြေပေး တယ်။ "ဒါဆို မင်းဘာဆက်လုပ်မှာလဲ"မေးတော့ "ငါ ... စာရေးမယ်"လို့ တုံးတိတိ ပြန်ဖြေတယ်။ "မင်း စာပေစိစစ်ရေးကနေ လွှတ်အောင်ရေးနိုင်ပါ့မလား"လို့ ထပ်မေးတော့ "ကြိုးစားရမှာပေါ့ကွာ" လို့ ပြန်ဖြေပါတယ်။ ဒီလိုနဲ့ သူနဲ့ကျနော်မတွေ့ဖြစ်ဘဲ တလလောက်ကြာသွားတယ်။ ပြီးတော့ ပြန်တွေ့ တဲ့အချိန်မှာ သူ ထောင်ကထွက်ပြီး ပထမဆုံးပြန်ရေးတဲ့ ကဗျာလေးတပုဒ်ကို ကျနော့်ကို ပြတယ်။ ကျနော်လည်း ခေါင်းစဉ်မမှတ်မိတော့ပါ။ ဒါပေမယ့် ဒေါသသံနည်းနည်းများနေတယ်ဆိုတာကိုတော့ သတိပြုမိတယ်။ ဒေါသသံ နည်းနည်းလျှော့ဖို့တော့ အကြံပေးဖြစ်တယ်။ တဖက်ကလည်း ကိုယ့်ဘာသာ သိနေသည်က အချိန်က သူ့ကို ကုစားပေးလိမ့်မယ်။

နောက်တော့ သူ့ကဗျာတွေ မဂ္ဂဇင်းတွေမှာ ပါလာတာကို တွေ့ရတယ်။ အရမ်းဂုဏ်ယူခဲ့ရတာ ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ထောင်ထွက်တွေဟာ ထောင်ကထွက်လာပြီးရင် သုံးစားလို့ရတဲ့ ကောင်တွေ မဟုတ်ပါဘူးလို့ ထင်မြင်နေကြတဲ့ပတ်ဝန်းကျင်ကို အနိုင်ယူနိုင်ခဲ့လို့ပါ။

ဒါပေမယ့် ကျနော်က သူ့ကဗျာတွေကို ဖတ်ခွင့်များများ မရနိုင်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်က ထောင်ပြန်ကျသွားလို့ပါ။ ဒါပေမယ့် ထောင်နံရံကိုကျော်ဖြတ်ပြီး တာရာမင်းဝေ ရေးခဲ့တဲ့ ကဗျာတွေ၊ ဝတ္ထုတွေ ရောက်လာခဲ့ပါတယ်။ 'အာလူးစားကြသူများ၊ ပန်းခေတ်က လမင်း' တဲ့။

အဲဒီလိုနဲ့ ကျနော်ထောင်ကနေ ပြန်ထွက်လာတော့ သူနဲ့ သူ့အမျိုးသမီး (မနော်ဟရီ) တို့ ကျနော့်အိမ်ကိုလာပြီး သူ့အိမ်ကိုလိုက်ခဲ့ဖို့ ခေါ်ကြတယ်။ ကျနော်လည်းလိုက်သွားပြီး သူနဲ့စကားတွေ အများကြီး ပြောဖြစ်ကြတယ်။ ဒါပေမယ့် ကျနော်သတိထားမိတာက သူ အရက်တော်တော်သောက် ဖြစ်နေပြီ။ မိတ်ဆွေတယောက်အနေနဲ့ သူ့ကို အရက်လျှော့သောက်ဖို့ အကြံပြုပါသေးတယ်။ အဲဒီနေ့ဟာ သူနဲ့ကျနော် နောက်ဆုံးတွေ့ခဲ့ခြင်းပါပဲ။ မှတ်မှတ်ရရ ၁၉၉၈ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့။

သေခြင်းတရားကို လူတိုင်းက လွန်ဆန်နိုင်မှာမဟုတ်ဘူးဆိုတာ သိပါတယ်။ ဒါပေမယ့် အခုလိုမျိုး ငယ်ငယ်ရွယ်ရွယ်မှာ သေဆုံးသွားမယ်လို့တော့ မထင်ခဲ့မိပါဘူး။ ဒါဟာ အနုပညာလောကအတွက် ဆုံးရှုံးမှု၊ တိုင်းပြည်အတွက် ဆုံးရှုံးမှုပါ။ အခုတော့လည်း ကြွေလွင့်စောလိုက်တာ ...။ ။

# ငရဲခန်း က ခြသေ့်

## စိုးထက်ခိုင်
## (အင်းစိန် နှင့် တောင်ငူ ထောင်ထွက်)

၁၉၉၀ ပြည့်ရွေးကောက်ပွဲအကြိုကာလမှာ တပေါင်းနွေနဲ့အတူ ကျောင်းသားများ၊ ကျောင်းသားခေါင်းဆောင်များ၊ ပါတီဝင်၊ ပါတီခေါင်းဆောင်များ၊ အင်းစိန်ထောင်ရဲ့တိုက်အသီးသီးမှာ ရောက်ရှိနေချိန်မှာ သူ (ရွှေဘုန်းလူ) နဲ့ ကျနော်ဆုံခဲ့တယ်။ ကျနော်က ၅ တိုက် ၁၅ ခန်းမှာ နေရပြီး ကိုအောင်ဒင်က ၁၉ ခန်းမှာ၊ ရွှေဘုန်းလူက အခန်း ၂၂ မှာနေရပါတယ်။ သူနဲ့အတူ ကိုထက်မိုး(ကျဆုံး – အေဘီအက်စ်ဒီအက်ဖ် – စီအီးစီ)၊ ကိုကျော်တင့် (ဒလ အန်အယ်လ်ဒီ အဖွဲ့ဝင်) တို့အတူ တခန်းထဲနေရပါတယ်။

ကျနော်တို့ ၅ တိုက်မှာ အခန်းပေါင်း ၂၂ ခန်း ရှိတယ်။ အခန်း ၁ မှာ ဂျင်မီ (၈၈ မျိုးဆက်)၊ အခန်း ၆ မှာ စစ်ကိုင်နိုင် (ခ) စိုးသိမ်း အစရှိတဲ့ နာမည်ကြီး ကျောင်းသားခေါင်းဆောင်တွေ ရှိကြတယ်။ မကသ အတွင်းရေးမှူး ဇော်မျိုးအောင်နဲ့ ဒု ဥက္ကဋ္ဌ အောင်မျိုးတင့်က အခန်း ၁၈ မှာပါ၊ လူရွှင်တော် အရိုင်း နဲ့ ၈၈ မျိုးဆက် ကိုမြအေးတို့က အခန်း ၁၆ မှာပါ။ ၅ တိုက်မှာ ကျနော်နဲ့ ကျနော့်ညီအရင်း အောင်မျိုးသိန်း ညီအကိုအရင်း နှစ်ယောက်နေကြသလို၊ ကိုအောင်ဒင်နဲ့ ရွှေဘုန်းလူ ညီအကိုအရင်း နှစ်ယောက်လည်းရှိနေကြတဲ့ ၅ တိုက်ရဲ့ ထူးခြားတဲ့ကာလတခုပေါ့။

အဲဒီကာလက သူဟာ ကဗျာတွေရေးနေချိန်ပါ။ ရေချိုးဆင်းချိန်လေး ၁၅ မိနစ်မှာ ရေအပြေးအလွှားပြေးချိုးပြီးရင် သူ့အခန်းရှိရာသို့ ကျနော်သွားကာ သူရွတ်တဲ့သူ့ကဗျာတွေကို ကျနော် နားထောင်တတ်တာ ပုံမှန်အလုပ်တခုလို ဖြစ်ခဲ့ပါတယ်။ သူ့ရဲ့ မှော်ဆန်တဲ့အတွေးအခေါ်တွေကို ကျနော်တို့နားထောင်ကြရင်း နောင်တချိန် (အနာဂတ်မှာ) နာမည်ကြီး စာရေးဆရာတယောက်ဖြစ်လာလိမ့်မယ်ဆိုတာ ဘယ်သူမှ မခန့်မှန်းခဲ့ကြပါဘူး။

၁၉၉၀ မေလရွေးကောက်ပွဲအပြီး NLD တာဝန်ခံ ဦးကြည်မောင်ထံသို့ ထောင်ထဲက ကျောင်းသား ခေါင်းဆောင်တွေက သဘောထားတင်ပြချက်ကို လျှို့ဝှက်စွာ ပေးပို့ခဲ့ကြတယ်။ အဲဒီ လှုပ်ရှားမှုမှာလည်း ရွှေဘုန်းလူတို့ညီအကိုနှစ်ယောက် ရဲဝံ့စွာပါဝင်ခဲ့ကြတာ မမေ့နိုင်တဲ့သမိုင်းမှတ်တိုင်တခုပါ။

အဲဒီနောက်ပိုင်းကာလတွေမှာလည်း ထောင်ထဲမှာ နိုင်ငံရေးဆွေးနွေးပွဲတွေ ပိုမိုပြင်းထန်လာတယ်။ စစ်အစိုးရက အာဏာမလွှဲရင်ဆိုတဲ့ခေါင်းစဉ်အောက်မှာ သဘောထားအမျိုးမျိုးရှိကြတဲ့အတွက် ၂ တိုက်မှာရှိတဲ့ လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ ကိုအောင်ဇေယျ နဲ့ ကြိုးသမားများဟာ ၁၉၉၀ စက်တင်ဘာ ၂၆ ရက် မနက်မှာ အကျဉ်းသားလွတ်မြောက်ရေး၊ အာဏာလွှဲပြောင်းရေး တောင်းဆိုချက် ၂ ချက်နဲ့ ဆန္ဒပြပွဲ စတင်လုပ်ချိန် ၂ တိုက်ဘက်က ကြွေးကြော်သံတွေကြားလာရပြီး သိပ်မကြာခင် အမျိုးသမီးအဆောင်ဘက်က ကျောင်းသားသမဂ္ဂသီချင်း သီဆိုသံတွေ ကြားလာရတယ်။ မကြာခင် ကျနော်တို့ ၅ တိုက်လည်း ဆန္ဒပြပွဲထဲ ပါဝင်ခဲ့တယ်။

စစ်အာဏာရှင်စနစ် ကျဆုံးပါစေ။ ဒီမိုကရေစီ အရေးတော်ပုံ အောင်ရမည် … စတဲ့ ကြွေးကြော်သံတွေကို ကိုအောင်ဒင်က ရှေ့ကတိုင်ပေးပြီး ကျနော်တို့က နောက်က လိုက်ဆိုခဲ့ကြတယ်။ မကြာခင် ထောင်အာဏာရှင်တွေဘက်က ထောင်ဗူးဝဘက်ကနေ ပိုမိုကျယ်လောင်တဲ့ သီချင်းသံများ တိုးချဲ့ဖွင့်ထားပြီး ထောင်တွင်းဆူပူသံကို ထောင်အပြင်ဘက်က မကြားရအောင်လုပ်ပြီး ထောင်တွင်းဆန္ဒပြပွဲကို စတင်ဖြိုခွဲခဲ့ကြတယ်။

ထောင်ဝါဒါတွေ နံပါတ်တုတ်တွေနဲ့ တိုက်ဝင်းထဲဝင်လာပြီး အခန်းတံခါးတွေဖွင့်ကာ ဆန္ဒပြသူတွေကို အခန်းထဲက ဆွဲထုတ်၊ ဝင်ရိုက်လုပ်ကြတယ်။ နေ့လယ် ၂ နာရီလောက်မှာ အခန်းထဲက လူတွေကို ပုံစံထိုင်ခိုင်းတယ်။ ပြီးတာနဲ့ အကျဉ်းဦးစီးဌာန ဒု–ညွှန်မှူးချုပ် သေနတ်ခါးကြားထိုးပြီး ၅ တိုက်ကို ရောက်လာတယ်။

တခန်းဝင်တခန်းထွက်သွားရင်း သူ့ခါးမှာရှိတဲ့ သေနတ်ကိုပုတ်ပြရင်း "အပြင်မှာ ဒါနဲ့အုပ်ချုပ်တာ၊ ဒီမိုကရေစီတော့မရဘူး … ဒါပဲရမယ်" ဆိုပြီး လမ်းလျှောက်ရင်း သူ့ဘောင်းဘီကို ချွတ်ပြပါသေးတယ်။ ရွှေဘုန်းလူတို့နေတဲ့ အခန်း ၂၂ ရှေ့ကိုရောက်တော့ (အာဏာရှင် လက်တိုင်တုတ်) ဒုညွှန်ချုပ်က ရွှေဘုန်းကို "မင်းသတ္တိရှိလားလို့" မေးတော့ "ရှိတယ်" လို့ ဖြေလိုက်တယ်။

"ကြွေးကြော်သံအော်သေးလား" လို့ ထပ်မေးတော့ "အော်တယ်" လို့ သူက ပြန်ပြောတယ်။ "မင်းနဲ့ငါနဲ့ ချမလား" လို့ ဒုညွှန်ချုပ်ကမေးတော့ သူ့ကို စော်ကားတဲ့အသံပဲလို့ ရွှေဘုန်းက မခံမရပ်နိုင်ဖြစ်ပြီး "ချမယ်ကွာ … " လို့ ရဲရဲဝံ့ဝံ့ ပြန်ပြောလိုက်တယ်။


အဲဒီနောက် အာဏာရှင် လက်ပါးစေတွေ ထပ်ရောက်လာပြီး အခန်း ၂၂ က ၃ ယောက်လုံးကို အပြင်ဆွဲထုတ်ပြီး ပုံစံထိုင်ခိုင်းတယ်။ စစ်ဖိနပ်တွေနဲ့ ကန်တယ်။ ခြေထောက်တွေ လက်တွေကို တက်နင်းကြတယ်။ ရွှေဘုန်းရဲ့မျက်နှာကို ဒုညွှန်ချုပ်ကိုယ်တိုင် စစ်ဖိနပ်နဲ့ကန်တာ သူ့မျက်လုံးထဲ သွေးခြေဥသွားတဲ့အထိ ခံစားခဲ့ရတယ်။

❖ ❖ ❖

ကိုရွှေဘုန်းရေ ... ခင်ဗျားနဲ့ တဒင်္ဂခဏ ထောင်ထဲ ကြုံဆုံခဲ့ရ ...။ ခင်ဗျားရဲ့ အာဏာရှင်ကို တော်လှန်တဲ့ ရဲရင့်တဲ့စိတ်ဓာတ်ကို တွေ့ခဲ့ရ ...။ ခင်ဗျားရဲ့စိတ်ဓာတ်ဟာ စစ်အာဏာရှင်တွေရဲ့ လက်ပါးစေတွေကို တကယ် တုန်လှုပ်စေခဲ့တယ်။ ကျောင်းသားမျိုးဆက်တွေကို ရဲရင့်တဲ့စိတ်တွေ အမွေ ပေးနိုင်ခဲ့တယ်ဆိုတာ ကျနော်ကိုယ်တိုင် တွေ့ခဲ့ရသလို ... ခင်ဗျားရဲ့ အခန်း ၂၂ ထဲ ပြန်ရောက်တော့ လည်း "ငါ၏ဦးခေါင်းတွင် သွေးချင်းချင်းတို့ နီရဲနေလင့်ကစား ငါကား ဦးမညွတ်"လို့ ကြွေးကြော်ခဲ့ သေးတယ် မဟုတ်လား။

အခု ခင်ဗျားကွယ်လွန်တဲ့ ၂ နှစ်ပြည့်မှာ တာရာမင်းဝေ (ရွှေဘုန်းလူ) အမှတ်တရ ခင်ဗျားရဲ့ အင်းစိန်ထောင်တွင်းက ဆန္ဒပြပွဲသမိုင်းကို မှတ်တိုင်တခုအဖြစ် ကမ္ပည်းထိုးလိုက်ပါတယ်ဗျာ ...။ ။

(၂၀၀၉ ဇူလိုင် ၁၄)


တာရာမင်းဝေ
လုံးချင်းဝတ္ထုသစ်
ဝေးသွားအမှတ်-၁၀၀၁
DESIGN : BO BO HTOON

# ကြယ်ကြွေတပွင့် ... ...

## မေငြိမ်း

ကျမတို့ကောင်းကင်မှာ လင်းလက်တောက်ပနေဆဲကြယ်တွေ အချိန်မတန်ဘဲ ကြွေ ကြွေကျခဲ့ရတာ ... များလှပြီ။ မောင်ချောနွယ်ကတော့ ကြွေတာကိုက ပွင့်ခြင်းပဲ ... တဲ့ ...။ ဟုတ်မှာ ကြယ်အကြွေတွေ တဖျတ်ဖျတ်တောက်ပနေဆဲရှိတာကို ကျမတို့ မြင်နေရတာပဲလေ ...။

ဒါပေမယ့် ဆက်ပြီး အလင်း အသစ် အသစ်တွေ မွေးဖွားတောက်ပတာမျိုးတော့ မဟုတ်တော့ပြီ။ သူတို့ရဲ့ လောင်ကျွမ်းတောက်ပဖူးခဲ့တဲ့ အလင်းဟောင်းတွေသာ ... တငွေ့ငွေ့ ...။ အဲဒီအခါ မကြွေခဲ့ဘူးဆိုရင် ... သူတို့ရဲ့အလင်းသစ်တွေကို လောကက စားသုံးခွင့်ရဦးမှာလို့တော့ နှမြောတသဖြစ်ရတာတွေတော့ ခံစားရတာပေါ့လေ။ သိသိသာသာ မှတ်မှတ်ရရ ကြယ်ကြွေတွေ ... မြို့မငြိမ်း ... ဖော်ဝေး ... မဇ္ဈိမလှိုင်း ကိုမောင်မောင် ... ဖိုးချို ... စိုးလွင်လွင် ... ဒိုးလုံး ... အယ်လ်ဖြူ ... ထူးအိမ်သင် ... မောင်ချောနွယ် ... လွှမ်းမိုး ... တာရာမင်းဝေ ... သူတို့ဟာ အသစ်ဖန်တီးရှင် ကြယ်ပွင့်တွေချည်း ...။ ခုတော့ ပူပူနွေးလက်လွှတ်ခဲ့ရတဲ့ ကြယ်တပွင့် တာရာမင်းဝေတောင်မှ ကြွေခဲ့တာ ... ၂ နှစ်ရှိခဲ့ပြီ ...။

❖ ❖ ❖

သူ့အကြောင်း တခုခုရေးဖို့စဉ်းစားတော့ ကျမအတွက် အခက်တွေ့ရပါတယ်။ ဒါပေမယ့် စဉ်းစား ကြည့်တော့ အဲဒီအခက်ကပဲ ရေးစရာကောင်းနေခဲ့တော့တာ။

ရန်ကုန်တက္ကသိုလ်လောက အကျဉ်းလေးထဲမှာ ကျောင်းသူဘဝရော ဆရာမဘဝပါ ပေါင်းရင် နှစ် အစိတ်ကျော် ကျင်လည်ခဲ့တဲ့ ကျမက ကျမထက် တနှစ်လောက်ပဲငယ်တဲ့ တာရာမင်းဝေနဲ့ တခါမှ မဆုံဘူးခဲ့ပါ။ ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေမှာ ဆရာမ ဖြစ်တော့လည်း ကျမက ကျောင်းတွင်း ကဗျာ စာအုပ်တွေမှာ ဝင်ဝင်ရေးတတ်တဲ့ ဆရာမမို့ ကျောင်းသားလောကနဲ့ တော်တော် နီးစပ်တာပါ။ မဆီမဆိုင် စက်မှုတက္ကသိုလ်တို့ ဆေးတက္ကသိုလ်တို့က ကျောင်းသားတွေထုတ်တဲ့ ကဗျာစာအုပ်ထဲမှာ တောင် ကဗျာရေးဖူးတာပါ။ ဒါကြောင့် တာရာမင်းဝေရဲ့အကိုကြီး RIT က 'ဒတ္တ'နဲ့တောင် ကဗျာ စာအုပ်တအုပ်ထဲမှာ ဆုံဖူးပါသေးတယ်။ အဲဒီအခါ ကျောင်းသားဘဝကတည်းက သူ့နေရာနဲ့သူ နာမည်ရှိနေခဲ့တဲ့ ရွှေဘုန်းလူ (တာရာမင်းဝေ) နဲ့ တခါသားမှ မဆုံခဲ့ဖူးတာ … မသိကျွမ်း မရင်းနှီးခဲ့ဖူး တာဟာ ကျမအတွက်တော့ အမှတ်တရပါပဲ။ (ပြီးတော့ သူ့သူငယ်ချင်းဆိုသူတွေကလည်း ကျမနဲ့ သိကျွမ်းခင်မင်သူတွေပါ)။

နောက်တော့ ၁၉၉၄ လောက်မှာ တာရာမင်းဝေဆိုတဲ့နာမည်နဲ့ ဝတ္ထုတိုတွေကို ကျမ စပြီး သတိထားမိလာပါတယ်။ ကျမစိတ်ထင် … ဟန်သစ် မဂ္ဂဇင်းမှာပါ။ နောက်တော့ သရဖူ။ Modern လို့ လူတွေသတ်မှတ်တဲ့ သူ့ဝတ္ထုတွေကို စကားလုံးအသုံးအနှုန်းအသစ် … ရေးဟန်အသစ်နဲ့ အတွေး အခေါ်သစ်တွေကြောင့် ကျမ မှတ်မှတ်ရရရှိတာပါ။ နောက်တော့ လုံးချင်းဝတ္ထုသစ် ကြော်ငြာတာမှာ ဝတ္ထုခေါင်းစဉ်ကစ ကျမကို စိတ်ဝင်စားအောင်ဆွဲဆောင်ခဲ့တာ မှတ်မိပါတယ်။ 'ပန်းခေတ်က လမင်း …' တဲ့။ 'ခေတ်'ဆိုတဲ့ စကားလုံးကို 'ပန်း'ဆိုတာနဲ့ တွဲသုံးတာဟာ တကယ့်ကို အသစ်ပါ။ အဓိကကတော့ စကားလုံးတွေရဲ့ ကဗျာဆန်မှု …။ စထွက်တဲ့ လုံးချင်းထဲမှာကိုပဲ 'အခန်းထဲမှာ တငွေ့ငွေ့ တိတ်ဆိတ် လာသည် …'ဆိုတာမျိုး၊ 'လမ်းလေးက တသွင်သွင်စီးနေသည် …' 'မြူကြွေကျသံတွေကို နားထဲမှာ တဖွားဖွား ကြားနေရတယ် …'ဆိုတာမျိုး၊ အဓိပ္ပာယ်ပိုပေါ်လွင်စေတဲ့ … အသစ် …။ စကားလုံး လော်လီမှုမပါတဲ့ အသစ် …။ အဲဒီ ပထမဆုံး လုံးချင်းဝတ္ထုဟာ လူငယ်တွေကြားထဲမှာ စီစီညံညံ မြည်သွားခဲ့တယ်။ ပန်းခေတ်ရဲ့ လမင်းဟာ စာပေခေတ်တခေတ်မှာ တာရာမင်းဝေကို ကြယ်တပွင့် လတစင်း ဖြစ်သွားစေခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်ရှေ့က တောင်ပိန္နဲပင်တွေအောက် က ကင်တီးထိုင်ခုံတွေမှာ အေးတိအေးစက် … မပြုံးမရယ်နဲ့ လာထိုင်ဖူးတဲ့ ရုပ်သန့်သန့် လူငယ်လေးကို အချင်းချင်း လက်တို့ပြပြီး "အဲဒါ … တာရာမင်းဝေ"လို့ စိတ်ဝင်တစားကြည့်သူတွေရှိလာတဲ့အချိန် … ကျမ သူ့ကို သေသေချာချာမြင်ဖူးချိန်မှာတော့ သူက တာရာမင်းဝေရယ် လို့ ကိုယ်ပိုင်အလင်းနဲ့ ဟုန်းဟုန်းတောက်နေခဲ့ပြီ။ သူ့အောင်မြင်မှုက မြန်မာစာပေ ပင်လယ်ပြင်ထဲမှာတော့ လှိုင်းလုံးကြီး တလုံးလို တဝုန်းဝုန်းရိုက်ခတ်လာတာ ငြင်းမရ။ တာရာမင်းဝေခေတ်ရယ်လို့ ရှိခဲ့ပြီ။

နောက်တော့ ရန်ကုန် စာပေအသိုင်းအဝိုင်းကျဉ်းကျဉ်းလေးထဲ … ကျမမှာ သူငယ်ချင်း မိတ်ဆွေ တွေအများကြီးနဲ့ လေထန်ကုန်း ထိုင် …။ သူ့ကိုတော့ လေထန်ကုန်းမှာထိုင်နေတာ တခါမှမတွေ့ဖူး ပါဘူး။ လေထန်ကုန်းရှေ့ကဖြတ်လျှောက်ပြီး တချို့ကိုနှုတ်ဆက်လည်း သူက ကျန်တဲ့သူတွေကို လှည့် ပတ်ကြည့်လေ့မရှိတော့ သူနဲ့ ကျမက တခါမှ မိတ်ဖြစ်ဆွေဖြစ် ပြုံးပြရတာမျိုးတောင် မရှိခဲ့တာ …၊ ကျမအတွက်တော့ အဲဒါက ဆန်းပါတယ်။ ဘာလို့ဆို ကျမက သိပ် မိတ်ဆွေပေါတာကိုး။ သူ မှုန်ကုပ်

ကုပ် ခပ်တည်တည်နေတတ်တော့ အမှန်အတိုင်းပြောရရင် အင်မတန် မိတ်ဆွေဖြစ်လွယ်တဲ့ ကျမတောင် သူ့ကို နှုတ်ဆက်ဖို့ တွန့်ခဲ့ပါတယ်။ ကျမက နီကိုရဲတို့ ... မင်းခိုက်စိုးစန်တို့နဲ့ မောင်နှမအရင်းတွေလို ရယ်မော ပြောင်နောက်နေတတ်ပေမယ့် ကိုရွှေဘုန်းနဲ့တော့ တခါမှ မျက်နှာချင်းမဆိုင်ခဲ့ဖူးပါဘူး။ ဒါပေမယ့် သူ့အနုပညာနဲ့ စာပေအယူအဆ ဆောင်းပါးတွေကိုတော့ ကျမ မပြတ်ဖတ်ဆဲ ...။ ဘဝထဲ လက်ပမ်းကျနေတဲ့ အသက် ၃၀ ကျော် မိန်းမတယောက်အနေနဲ့ သူ့ရဲ့တချို့လုံးချင်းဝတ္ထုတွေကို ရင်မခုန်တတ်တော့ပေမယ့် သူ့အနုပညာကိုတော့ အသိအမှတ်မပြုဘဲ မနေနိုင်ပါဘူး။ သူ့ရဲ့ အင်တာဗျူးတခုထဲမှာ ... ဖြစ်နိုင်ရင် ခုချိန်မှာ ကိုယ့်ကိုယ်ကို လေနဲ့မှုတ်ပြီး ငြိမ်းပစ်ချင်တယ်လို့ပြောတာလေးကိုတောင် သဘောကျလွန်းလို့ ငှားပြောဖြစ်တတ်ပါသေးတယ်။ တကယ်ပဲ အငွေ့လေးလို ပျောက်ပျက်သွားမှာ ဘယ်လောက်ကောင်းလိုက်သလဲပေါ့။ နောက်တော့ ကျမက မြို့ပြအသိုက်အဝိုင်းကနေထွက်ပြေးပြီး နယ်မြို့လေးတမြို့မှာ တောရိပ်ခို။ အဲဒီကာလတွေ စာရေးတာတွေတောင် ခပ်ကျဲကျဲ ...။ တာရာမင်းဝေကတော့ တရှိန်ရှိန် တောက်ပဆဲ ...။ နောက်တော့ သူနဲ့အတူ လှပတဲ့ နာမည်လေးတခု ယှဉ်တွဲ ...။ မနော်ဟရီ ... တဲ့။ နတ်သမီးလေးတပါးရဲ့ နာမည်။ အဲဒီ နာမည်လေးက လှိုင်တက္ကသိုလ်ရဲ့ နောက်ဆုံးအချိန်တွေမှာကတည်းက ကျမသိခဲ့ရတဲ့ ကဗျာနတ်သမီးလေးပေ့ါ ...။ အဲဒီနာမည်နှစ်ခုရဲ့ အနုပညာတွေလည်း ယှဉ်တွဲ ဖူးပွင့်တောက်ပတဲ့ ကာလတခု။ ဒါဟာ ကြယ်နှစ်စင်း အပြိုင်ထွန်းလင်းတဲ့ ကောင်းကင်တခု။ နောက်တော့ ကြယ်နှစ်စင်းရဲ့အလင်းတွေ စုစည်း ... နေတစင်း အသစ်ထွန်းလင်းသတဲ့။

'ခေတ်နေ' ...။

❖ ❖ ❖

ကိုယ်တိုင် ဒီလိုလောကဓံကို ရင်ဆိုင်ခဲ့ဖူးတာမို့ 'တာရာမင်းဝေ' လို့ တွေးလိုက်ရင် ... 'ခေတ်နေ' ဆိုတာက ပဲ့တင်ထပ်ပြီး လိုက်လာတယ်။ နေတစင်းလို ထွန်းပမယ့် ခေတ်တခေတ်မှာ ကြယ်တစင်းလို အေးမြတဲ့ အလင်းပေးမယ့် အဖေ ဆိုတာက တကယ်တော့ စိတ်အင်အားတခု ...။

အဲလိုနဲ့ ပြန်းဆို ... ကာလယန္တယားကြီးက တွန်းတွန်းတိုက်တိုက် လည်ပတ် ...။ ဘာမှန်းမှ မသိလိုက်ရခင် ... ၂၀၀၇ ဆိုတာကြီးက ကျမဆီ မြန်မြန်ကြီးရောက်လာတယ်လို့ ခံစားရဆဲ ...။ ၁၉ နှစ်ပြည့် ရ လေးလုံးအရေးတော်ပုံအတွက် အထိမ်းအမှတ်စာတွေ ရေးမယ်ပြင်ဆဲ ...။ ၈ လေးလုံးရဲ့ သွေးသောက်ရဲဘော်တယောက်ဖြစ်တဲ့ တာရာမင်းဝေ ဆိုတဲ့ ကြယ်တပွင့် ကြွေပြီတဲ့။ လွန်ခဲ့တဲ့ ၁၉ နှစ်ရဲ့ ၈ လေးလုံးမှာ ကြွေခဲ့တဲ့ကြယ်တွေအကြောင်း ရေးဖို့ပြင်နေတဲ့ကျမ လတ်တလော ကြွေသွားရတဲ့ ၈ လေးလုံးရဲ့ကြယ်တပွင့်လည်းဖြစ်တဲ့ သူ့ကြွေခြင်းကိုသာ အရင်ရေးလိုက်ရတော့တယ်။ အဲဒီတုန်းက ကျမ ဘလော့မှာရေးဖြစ်ခဲ့တဲ့ ဝမ်းနည်းစာလေးမှာ ကျမရဲ့ နှမြောတသမှုကို ခုလိုရေး ဖြစ်ခဲ့ပါတယ်။

မြန်မာပြည်ရဲ့ ရသစာပေလောကထဲ လှုပ်လှုပ်ရှားရှားဖြစ်သွားတဲ့ အချိန်တချိန်ကို တာရာမင်းဝေက ဖန်တီးနိုင်ခဲ့ပါတယ်။ လူငယ်တွေရဲ့ ခံစားချက်တွေ ရင်ခုန်သံတွေ ပေါက်ကွဲမှုတွေ အားလုံးကို သူက ကိုယ်စားပြုနိုင်ခဲ့တယ်။ တနည်းအားဖြင့်တော့ ခေတ်ကိုအမီကိုယ်စားပြုနိုင်တဲ့ အနုပညာတွေ အသိတွေ သူ ပေးနိုင်ခဲ့တယ်။ သူ့စာတွေက လူငယ်တွေ လူလတ်တွေကို အများဆုံး လွှမ်းမိုးခဲ့တယ်။ မြန်မာပြည် ရသစာပေ ရေစီးကြောင်းထဲမှာ အနုပညာအနေနဲ့ အားကောင်းသလို ဈေးကွက်အရပါ အားကောင်း

ထိပ်တန်းရောက်နိုင်တယ်ဆိုတာ အလွန်နည်းပါးတာပါ။ အနုပညာ အားကောင်းပေမယ့် ဈေးကွက်မှာ မအောင်မြင်သူတွေ ...။ ဈေးကွက်အရ အောင်မြင်ပေမယ့် အနုပညာမှာ တန်းမဝင်သူတွေသာ များတာ။ တာရာမင်းဝေကတော့ ဝတ္ထုတို ... လုံးချင်းဝတ္ထု ... ပြီးတော့ ကဗျာ။ နေရာတိုင်းမှာ ဗိုလ်စွဲနိုင်ခဲ့သူ။ သူ့ကဗျာတွေ အတွေးတွေကို ရွှေဘုန်းလူ ဆိုတဲ့ ကဗျာရေးသူဘဝကတည်းက သဘောကျခဲ့တာပါ။

သူက အင်တာဗျူး ဖြေတာမှာတောင် အနုပညာနဲ့ အတွေးအခေါ်ပါသူ။
ခေတ်အပေါ် တာဝန်ကျေသူ။ အဲဒီအပြင် နိုင်ငံရေးမှာလည်း တာဝန်ကျေသူ။
ဘာအတွက်နဲ့မှ အာဏာရှင်တွေကို ဒူးမထောက်ခဲ့သူ။
ခု သူ့သတင်းကိုကြားတော့ သူ အင်တာဗျူးတခုမှာပြောဖူးတဲ့ စကားတခုကို သတိရသွားပါတယ်။
အဲဒီမှာ သူပြောခဲ့တာ ...
ကိုယ့်ကိုယ်ကို လေနဲ့မှုတ်ပြီး ငြိမ်းလိုက်ချင်တယ် ... တဲ့။

တာရာမင်းဝေ (ရွှေဘုန်းလူ)
အသက် (၄၀) နှစ်
၅၊ ၈၊ ၀၇ (တနင်္ဂနွေနေ့) နေ့လယ် ၁၂း၄၀ တွင် ကွယ်လွန်။

ခုတော့ .. သူ ပြောခဲ့သလို ငြိမ်းခဲ့ပြီပေါ့။
ဒါဟာ ခေတ်သစ်စာပေလောကမှာလည်း ဆီမီးတတိုင် ငြိမ်းသွားတာပါပဲ။

တိုက်တိုက်ဆိုင်ဆိုင် ...
အမှတ်ရစရာ ဩဂုတ်လမှာ အောက်မေ့ဖွယ် မှတ်တိုင်တတိုင် တိုးပြန်ပေါ့။

ဒီနေရာမှာ ထူးအိမ်သင် အမှတ်တရအနေနဲ့ ကဗျာဆရာ စောဝေ ရေးခဲ့ဖူးတာလေး သတိရတယ်။

“သေမင်းက အကောင်းကြိုက်လွန်းလို့ အလွမ်းကို ရွက်ကုန်ဖွင့်ထားရတယ် ... ” တဲ့။

မေငြိမ်း
(ဩဂုတ် ၆၊ ၀၇)

❖ ❖ ❖

တိုက်တိုက်ဆိုင်ဆိုင် ဗမာပြည်ရဲ့ ဩဂုတ်လမှာ ၈၈ သွေးစွန်းနေ့တွေ ရှိခဲ့တယ်။ ထူးအိမ်သင်နဲ့ ဆရာမင်းသုဝဏ် ရက်ဆင့် ဆုံးခဲ့တယ်။ နောက်တော့ တာရာမင်းဝေ ...။ ကျမကတော့ စောကြွေသွားကြတဲ့ကြယ်တွေရဲ့ တောက်ပနိုင်သေးတဲ့ အလင်းတွေကိုပဲ နှမြောတသ လွမ်းဆွတ်တာပါ။ ပြီးတော့ အဲဒီကြယ်တွေက ရှားရှားပါးပါး အားရှိတဲ့အလင်းရောင်နဲ့ လင်းပတဲ့ကြယ်တွေ ...။ တခါတခါတော့ အဲဒီကြယ်တွေက သူတို့ကိုသူတို့ ချွေချပစ်နေကြတာပဲလို့လည်း ခံစားမိပါတယ်။ ဘာကြောင့် အဲလို

တွေ့ဖြစ်နေကြရတာလဲလို့ အကြောင်းရင်းကိုဆန်းစစ်မိတဲ့အခါ စိတ်ထဲ တဆစ်ဆစ် နာကျင်ကိုက်ခဲရပါတယ်။ ဒီတော့လည်း တာရာမင်းဝေရဲ့ ဈာပနနေ့ ဩဂုတ် ၇ ရက်နေ့ (တိုက်တိုက်ဆိုင်ဆိုင် ၈ လေးလုံးအကြိုနေ့)မှာ ကျမ ဘလော့မှာပဲ နောက်ထပ် ဝမ်းနည်းစာတပိုဒ် ရေးဖြစ်ခဲ့ပါတယ်။

တကယ်တော့ အင်္ဂါနေ့ဆိုတာ သူ့ရဲ့မွေးနေ့။
ဒါပေမယ့် သူ့မိဘတွေခမျာ သူတို့ သားကလေးကို မွေးထုတ်ခဲ့ရတဲ့နေ့မျိုးမှာပဲ
သူတို့ မွေးခဲ့ရတဲ့ အဲဒီ သားလေးရဲ့ ရုပ်ခန္ဓာကို နိဂုံးချုပ်ပေးရတော့မယ်။
ဒါပေမယ့် … အဲဒီသားလေးဟာ
လောကကြီးထဲကနေ လူအနေနဲ့သာ ပျောက်ကွယ်သွားပေမယ့်
နာမည်နဲ့ သမိုင်းကြောင်းတခုတော့ ကျန်ရစ်နိုင်ခဲ့သူမို့
မိဘတွေအဖို့တော့ နာကျင်ကြေကွဲရပေမယ့် ဂုဏ်ယူစရာလို့ ဆိုရမှာပါ။
… နမျောစရာ ကောင်းလှပါတယ်။
သိပ်တော်တဲ့ စာရေးဆရာတယောက် …
သိပ်မှော်အောင်တဲ့ ကဗျာသမားတယောက် …
သိပ်ချွန်တဲ့ စာပေသမားတယောက် …
ကျမတို့ ဆုံးရှုံးရပြန်ပြီ။
တကယ်တော့ သူလုပ်ချင်တာတွေ
သူလုပ်နိုင်စွမ်းတာတွေ အများကြီး ကျန်နေဦးမှာ။
ကျမတို့ တာရာမင်းဝေ ကို ဆုံးရှုံးရတာဟာ
စာပေအနုပညာလောကကြီးတခုလုံးရဲ့ ဆုံးရှုံးမှုတခုလည်း ဖြစ်ပါတယ်။

အဲဒီ ဝမ်းနည်းစာ ၂ နှစ်ပြည့်ခဲ့ပါပြီ။

ဒါပေမယ့် … ကျမတို့ရဲ့ နမျောတသမှု ဆုံးရှုံးမှုတွေကတော့ လတ်ဆတ်ဆဲ …။ ပြီးတော့ … ခေတ်နေလေးအတွက်လည်း တာရာမင်းဝေ ဆိုတဲ့ ကြယ်တပွင့် လင်းလက်ခဲ့တဲ့ ကောင်းကင်က တောက်ပဆဲ …။ ။

(၁၅ ဇူလိုင်၊ ၂၀၀၉)


မောင်မျိုး
စီစဉ်သည်
တာရာမင်းဝေ
လုံးချင်းဝတ္ထုသစ်
တကားခုနစ်ကြိမ်ကြာခဲ့ပြီးသည့်နောက်

# ကိုရွှေဘုန်းလူ နှင့် တလော့တည်းစီး

## မင်းဇင်

(အပိုင်း ၁)

အများအကျိုး ဆောင်ရွက်ခွင့်ရခြင်းသည် ဘဝကို အဓိပ္ပာယ် ပြည့်ဝရင့်ကျက်စေသည်ဟု ထင်ပါသည်။ ချစ်မြတ်နိုးခြင်း၊ အနစ်နာခံခြင်း၊ တာဝန်ယူတတ်ခြင်း၊ စောင့်ထိန်းတတ်ခြင်း၊ သည်းခံနားလည်ခြင်း၊ လေးစားခြင်း၊ ခွင့်လွှတ်ခြင်း စတဲ့ အရည်အသွေး ကောင်းတို့သည် အများနဲ့ဆက်စပ်မှ အများနဲ့ဆိုင်တဲ့ အလုပ်ကိုလုပ်မှသာ ဖြည့်ဆည်းခွင့်ရသည့် အလေ့အထများ ဖြစ်ပါသည်။ အများကောင်းကျိုးဆောင်ကြည့်ဖူးမှသာ ခံစားချက်နဲ့လူ၊ ရည်မှန်းချက်နဲ့လူ စတဲ့ လူထဲက လူတွေကိုသာမက ယုံကြည်ချက်နဲ့လူဆိုတဲ့ လူစားမျိုးကိုပါ ရင်းနှီးလေးစားခွင့်ရတတ်တာ ဖြစ်ပါသည်။

ကိုရွှေဘုန်းနှင့် တလော့တည်းစီးခဲ့ရခြင်းကို ပြန်စဉ်းစားမိတိုင်း ဒီလိုအတွေးမျိုးတွေ ပိုခိုင်မာလာတတ်ပါသည်။

(အပိုင်း ၂)

"ဒီကဗျာက မင်းတို့အတွက် ရေးထားတာ။ ဟော့ဒီမှာ ..."

ပြောပြောဆိုဆိုနဲ့ပဲ ကိုရွှေဘုန်းက အဖြူအစိမ်း ၂ ရောင်အဖုံးနဲ့ချုပ်ထားတဲ့ စာအုပ်ပါးလေးတွေကို အထပ်လိုက် ကျနော့်လက်ထဲ ထည့်ပေးသည်။

'ကျောင်းဖွင့်ချိန်' ... တဲ့။

၁၉၈၉ ခုနှစ် ဇွန်လထဲမှာဟု မှတ်မိနေပါသည်။ ကျနော်က ၁၅ နှစ်ဝန်းကျင် အထက်တန်းကျောင်းသား။ အ–က–သ လို့အတိုကောက် လူသိများတဲ့ အခြေခံပညာကျောင်းသားသမဂ္ဂကို လုပ်ဖော်ကိုင်ဖက်တွေနဲ့အတူ ရန်ကုန်တိုင်းမှာဖွဲ့စည်းပြီးလို့ တပြည်လုံးအနှံ့ ဖွဲ့စည်းနိုင်ဖို့ ကြိုးစားနေကြတဲ့အချိန်။ ဗကသ (ဗမာနိုင်ငံ လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်)မှာလည်း အ–က–သ ကိုယ်စားလှယ်အဖြစ်နဲ့ ကျနော်က တာဝန်ယူရသည်။

၁၉၈၈ ခုနှစ် နှောင်းပိုင်းလတွေထဲကစလို့ ဗကသအစည်းအဝေးတွေမှာပဲ ကိုရွှေဘုန်းနဲ့ ဆုံဖြစ်ခဲ့သည်။ ကိုရွှေဘုန်းသွင်ပြင်က ခပ်ပိန်ပိန်၊ မျက်နှာ ဝိုင်းဝိုင်း။ ဘေးခွဲဆံပင် ဖြောင့်စင်းစင်းက သူ့ညာဘက်မျက်လုံးကို မကြာခဏ ဖုံးဖုံးသွားတတ်သည်။ မျက်လုံးတွေက ခပ်ညို့ညို့နှင့် အဆွေးရိပ်သန်းနေတတ်သလို ဂျစ်ကန်ကန်နဲ့ မမှုတတ်တဲ့အကြည့်ကိုလည်း သူ့မျက်လုံးမှာ တွေ့ရသည်။ ဒါပေမယ့် ကိုရွှေဘုန်း ရယ်ရင်တော့ သိသိသာသာပဲ မျက်လုံးနဲ့ စရယ်တတ်သည်။ ပြီးမှ ကွမ်းသွေးနဲ့နီရဲနေတတ်တဲ့ နှုတ်ခမ်းကို ထောင့်မှ စကွေးပြီး ပြုံးရယ် ရယ်လေ့ရှိသည်။ ကိုရွှေဘုန်းက စပို့ရှပ်နဲ့ ရှပ်အင်္ကျီလက်တို ခပ်နွမ်းနွမ်းကိုပဲ သပ်သပ်ရပ်ရပ် ဝတ်တတ်သည်။ အဲ့ဒီကာလက ခေတ်စားနေသလို ပုဆိုးကို ခပ်တိုတိုမဝတ်ဘဲ ခပ်ရှည်ရှည်နဲ့ ပုံကျကျ ဝတ်သည်။

ကျနော် အပါအဝင် အထက်တန်းကျောင်းသား အရေးတော်ပုံသမားတွေကတော့ ကိုရွှေဘုန်းနဲ့ အဖွဲ့ကျတာ များသည်။ စကားကို တိုးတိုးနဲ့ ခပ်ဖြည်းဖြည်းပြောတတ်တဲ့ ကိုရွှေဘုန်းက ကျနော်တို့ကို အချိန်ပေးသည်။ ၈၈၊ ၈၉ ကာလတလျှောက် ကျနော်နဲ့ လက်ပွန်းတတီး အနေများသူတွေကို အမှတ်တရပြောရရင် ကိုပေါ် (ကိုမင်းကိုနိုင်)၊ ကိုဂျင်မီနှင့် ကိုရွှေဘုန်းတို့ကိုသာ သတိရတတ်သည်။ ကျန် ဗကသ ခေါင်းဆောင်တွေက သူ့အလုပ်နဲ့သူရှုပ်နေတာ များသည်။ ကိုမိုးသီးဇွန်က လူ့ဘောင်သစ်ပါတီ ခရီးစဉ်တွေ၊ အစည်းဝေးတွေနဲ့ မအားလပ်တတ်။ ကေကျ(ကိုကိုကြီး)နဲ့က အစည်းအဝေး အပြင်ချိန်ဆိုလို့ သူ ပုန်းရှောင်နေတတ်တဲ့ ကန်တော်လေးအိမ်သွားမှသာ တွေ့ရတတ်သည်။ ဆံပင် ဂုပ်တဝက်ထောက်အရှည်နဲ့ ကိုအောင်ဒင်ကတော့ ခပ်တည်တည်နေတာ များသည်။ ကိုညိုထွန်း ကတော့ သူ့အစုအဖွဲ့လေးနဲ့ သူ။ ဒီအထဲမှာပဲ ကိုရွှေဘုန်းကိုတော့ တော်လှန်ရေးနဲ့ အနုပညာတွဲနေသူမို့ ကျနော်တို့ခေတ်ရဲ့ ကိုဗဟိန်းပဲ ဖြစ်လေမလားလို့ လေးစားမိသည်။

စစ်တပ်က အာဏာသိမ်းပြီးနောက် ရွှေဂုံတိုင်က ဖဆပလခြံ ခြောက်ထပ်ကြီးနဲ့ လှည်းတန်း ဗကသ အစည်းအဝေးတွေမှာ ဆုံဖြစ်ကြသည်။ ဗကသလှုပ်ရှားမှုတွေမှာ အလုပ်ခွဲဝေ တာဝန်ယူခဲ့ကြသည်။

လက်ဖက်ရည်ဆိုင်မှာ ဒူးချင်းခတ်၊ တတောင်ချင်းတိုက်ထိုင်ပြီး စကားတွေ အများကြီး ပြောဖြစ်ကြသည်။ စစ်အစိုးရက ကျောင်းတွေပြန်ဖွင့်မယ်လို့ ကြေညာတော့လည်း ကျနော်တို့ ခေါင်းချင်းဆိုင် ဖြစ်ကြသည်။

"ကျောင်းသားတွေနဲ့ ကျောင်းတော်ကြီးအကြား
ခု သွေးပင်လယ်ကြီး ခြားနေပါပြီ
'ကျောင်းဖွင့်ပြီ' ဆိုတဲ့ အာဏာရှင်တွေဟာ
သွေးပင်လယ်ကြီးကို ကျော်နင်း
ထုံးတံတားကြီးကို ကျောခင်းပေးတယ်။
တချို့တွေက ကျောင်းတက်လာကြလိမ့်မယ်"

'ကျောင်းဖွင့်ချိန်' ကဗျာထဲက အပိုဒ်တပိုဒ်။

၁၉၈၉ မေလ အလယ်ပိုင်း မန္တလေးမှာ ကျောင်းသားညီလာခံ လုပ်သည်။ ကျနော်နဲ့ အကလသ လုပ်ဖော်ကိုင်ဖက်တချို့ သွားတက်ခဲ့သည်။ အဓိက ဆွေးနွေးရတဲ့ကိစ္စတခုက စစ်အစိုးရက ကျောင်းပြန်ဖွင့်တာကို ကျောင်းသားသမဂ္ဂတွေအနေနဲ့ သပိတ် မှောက်သင့်၊ မမှောက်သင့် ဖြစ်သည်။ ကျနော်က ကျောင်းဖွင့်တာကို သပိတ်မမှောက်သင့်၊ ကျောင်းသား ကျောင်းတက်ပြီး ကျောင်းထဲမှာပဲ ကျောင်းသားလှုပ်ရှားမှုတွေ ဆက်လုပ်သင့်သည်ဟု ယူဆသည်။ ကျောင်းဖွင့်တာကို သပိတ်မှောက်ရင် ကျောင်းသားအများစု လိုက်ပါနိုင်မှာမဟုတ်လို့ ကျောင်းသားသမဂ္ဂဟာ ကျောင်းသားနဲ့ ကင်းကွာသွားလိမ့်မည်ဟု ဆွေးနွေးသည်။ ဒါဟာ အကလသ အတွင်းမှာ အများသဘောတူ ဆုံးဖြတ်ထားတဲ့ မူလည်း ဖြစ်သည်။ မန္တလေး မစိုးရိမ်ကျောင်းတိုက်မှာလုပ်တဲ့ ညီလာခံ အကြိုအစည်းအဝေးတွေမှာ ညလုံးပေါက် ငြင်းခုန်ခဲ့ကြရသည်။ ငြင်းရင်းနဲ့ပဲ ကြမ်းပြင်ပေါ်မှာ အိပ်ပျော်သွားခဲ့တာကို မှတ်မိနေသည်။

ဒီလို ကျောင်းတက်ရေး၊ မတက်ရေး ဆွေးနွေးငြင်းခုန်နေတဲ့ကာလတွေမှာ ကိုရွှေဘုန်းက သူ့ရဲ့ 'ကျောင်းဖွင့်ချိန်' ကဗျာစာအုပ်တွေကို ကျနော့်လက်ထဲ လာထည့်တာဖြစ်သည်။ စာအုပ်အဖုံးကို အစိမ်းရောင်နဲ့ ပုံနှိပ်ထားကိုက အဖြူအစိမ်းဝတ် အထက်တန်း ကျောင်းသားလေးတွေရဲ့ စွန့်လွှတ်မှုကို ဂုဏ်ပြုချင်လို့ လို့ ကိုရွှေဘုန်းက ရှင်းပြသည်။ ကဗျာရဲ့ အနုပညာခွန်အားကလည်း ကြီးမားလှသည်။ အကလသ အစည်းဝေးတွေ၊ အခမ်းအနားတွေနဲ့ ဆန္ဒပြပွဲတွေမှာပါမကျန် ကိုရွှေဘုန်းရဲ့ ကျောင်းဖွင့်ချိန် ကဗျာထဲက အပိုဒ်တွေကို ရွတ်ကြသည်။ ရွတ်သူရော၊ နာသူပါ မျက်ရည်ဝဲ ကြေကွဲရသည်။ အားပြန်မွေးဖို့ လက်ချင်းဆုပ်ကိုင် မာန်တင်း ဖြစ်ကြသည်။

ဒါပေမယ့် သူ့ကဗျာရဲ့မက်ဆေ့ချ်က ပြင်းထန်သည်။ အောင်ပွဲနဲ့သာ ကျောင်းတော်ဆီ ပြန်သွားရေး ဖြစ်သည်။ စစ်အစိုးရဖွင့်တဲ့ ကျောင်းကို ပြန်မတက်ရေးဆိုတဲ့သဘောဘက် ယိမ်းသည်။ ကျနော်တို့ အကလသတွေ အားလုံး ဘာလုပ်ရမှန်း မသိ။ အကလသရဲ့မူနဲ့ ဆန့်ကျင်နေတဲ့ ဒီကဗျာစာအုပ်ကို အကလသ မြို့နယ်နဲ့ ကျောင်းကိုယ်စားလှယ်တွေ အားလုံးဆီ ဖြန့်ပေးရမလား၊ မဖြန့်ဘဲထားရမလား ရက်တရက် မဆုံးဖြတ်နိုင်။ နောက်ဆုံးတော့ အကလသ ခေါင်းဆောင်တချို့နဲ့တိုင်ပင်ပြီး စာအုပ်ကို ဖြန့်ပေးဖို့ ကျနော် ဆုံးဖြတ်ခဲ့သည်။ အယူအဆစွဲ ပြင်းထန်လှတဲ့ နိုင်ငံရေး သွေးနုသားနုအရွယ်မှာ အယူအဆမတူတဲ့ ကဗျာရှည်တပုဒ်ကို ဖြန့်ပေးဖို့ဆုံးဖြတ်ခဲ့တာကို အံ့သြနေမိသည်။ ဒါဟာ ကိုရွှေဘုန်းရဲ့အနုပညာကြောင့်

လား၊ ကိုရွှေဘုန်းဆိုတဲ့ ပုဂ္ဂိုလ်ရေးသံယောဇဉ်ကြောင့်လား၊ နှစ်ခုစလုံးကြောင့်လား၊ ဘာကြောင့်လဲ အခုချိန်ထိ မဝေခွဲတတ်။

"ကျောင်းသားနဲ့ ကျောင်း
တနေ့တော့ ပေါင်းရမှာပဲ
ငါတို့တွေ သွေးပင်လယ်ကို ဖြတ်ကူးပြီး
ကျောင်းကြီးဆီ အရောက်သွားကြမယ်"
ဒီကဗျာပိုဒ်လေးကိုတော့ ဒီနေ့ထိ စွဲနေမိသည်။

(အပိုင်း ၃)

၁၉၈၉ ခုနှစ် ဇူလိုင်လရောက်တော့ ကျနော် စတိမ်းရှောင်ရသည်။ ၁၉၉၀ မှာ ကိုရွှေဘုန်း အဖမ်းခံရတဲ့ သတင်းကြားရသည်။ နောက် ကိုရွှေဘုန်းနဲ့ ကိုအောင်ဒင် ညီအစ်ကို နှစ်ယောက်စလုံးကို သရက်ထောင်ပြောင်းလိုက်တာ ကြားရသည်။ သက်ဝင်းအောင်၊ စိုးမိုး၊ နန်းနွယ်၊ ဖိုးညီ စတဲ့ ကျနော့် လုပ်ဖော်ကိုင်ဖက်တွေက ကိုရွှေဘုန်းတို့အိမ် အဝင်အထွက် ရှိသည်။ သတင်းမေးသည်၊ စွမ်းသမျှ ကိုယ်အားနှုတ်အားတို့ဖြင့် ကူညီသည်။ မိဘတွေ စားဝတ်နေရေး ကျပ်တည်းတာ၊ ကိုရွှေဘုန်းတို့ ညီအစ်ကို ကိုထောင်ဝင်စာ အဝေးကြီးလိုက်တွေ့ရတဲ့ အဖေနဲ့ အမေရဲ့ ဒုက္ခတွေကို ကြားရသည်။

၁၉၉၂၊ ၁၉၉၃၊ ၁၉၉၄ ခုနှစ်တွေဟာ နိုင်ငံရေးလှုပ်ရှားမှုတွေ ရေချိန်အနိမ့်ဆုံးလို့ ဆိုရမည်ထင်သည်။ စီးပွားရေးအပေါ် အာရုံစိုက်မှုတွေ ပိုများလာသည်။ အပစ်ရပ် ငြိမ်းအဖွဲ့တချို့က ကုမ္ပဏီတွေ ထောင်သည်။ ငွေမည်းတွေ ငွေဖြူဖြစ်လာသည်။ လေပြိုင်ပွဲ၊ မာရသွန်ပြိုင်ပွဲ၊ စတော့ချ်ရှိုး၊ လေထီးခုန်သူခုန်နဲ့ ပျော်ပျော်မော်မော် မြို့ပြလူတန်းစားတရပ် ပေါ်လာရော့သလားလို့ တွေးမိသည်။ ဒီမိုကရေစီရေးလုပ်လို့ ကျဆုံးခဲ့သူ၊ အနစ်နာခံနေရသူတွေကို လူတွေက မေ့များမေ့နေပြီလားဟု ကျနော် ခံစားမိသည်။ စာတွေကို သဲသဲမဲမဲ ဖတ်ဖြစ်သည်။ ဒွေ့စတိုယက်စကီး၊ ကပ်ဖကာ၊ ကမူး၊ နီရှေးစတဲ့ နတ္ထိဝါဒဆန်ဆန်၊ ဖြစ်တည်မှုအဓိက အတွေးအခေါ်ဆန်ဆန်တွေက ကျနော်တို့ကို လွှမ်းမိုးနေတဲ့ကာလ ဖြစ်သည်။

တခါတော့ သက်ဝင်းအောင်က ဆေးပေါ့လိပ် ဖင်စီခံ စာရွက်အပိုင်းအစတွေမှာ လက်ရေးသေးသေးနဲ့ရေးထားတဲ့ ကဗျာပိုဒ်တချို့ကို ကျနော့်ဆီ ယူလာပြသည်။

"ဒါ ... ကိုရွှေဘုန်း ထောင်ထဲကနေ ရေးပေးလိုက်တာ"

မှင်ရောင် ခပ်မှိန်မှိန် ကဗျာအပိုင်းအစတွေကို အားစိုက်ဖတ်ကြည့်ရသည်။
"ကြောက်မက်ဖွယ်ရာ လူတွေရဲ့
မဟာဘုတ် ဗေဒင်မှာမှ
ငါကလည်း 'အဓိပတိဘွား' ဖြစ်ချင်ခဲ့တာကိုး။

အိမ်အပြန် ညများစွာမှာ ...

ဘယ်သူမှ မပြောချင်တဲ့ စကားတွေ ပွေ့ပိုက်
ကိုယ့်ကိုယ်ကိုယ် 'လူမိုက်' လို့ ပြန်ခေါ်ခဲ့ရတယ်။"

"ထိပ်ထားရေ ...
ကချေသည်တို့ရဲ့ တေးတွေနဲ့
ငြိမ်းအေးပျော်ရွှင် ထာဝစဉ် ချမ်းမြေ့စေသား ...
ကောင်းသော မိုးသောက်ချိန်၌လည်း
ငြိမ်သက်တည်ကြည်စေ ...
ငါ ... ဆုတောင်းပေးနေမယ် ...
ပန်းခူးရင်း
သူငယ်ချင်းတွေနဲ့ နေရင်း ...
စကားပြောရင်း ...
သီချင်းလေးတွေဆိုရင်း ...
မင်း ... ငါ့ကို မေ့သွားမှာပါ ...။"

ကျနော်တို့ ခံစားနေရတဲ့ အပစ်ပယ်ခံ ခံစားမှုမျိုးကို အကျဉ်းထောင်တွင်းက ကိုရွှေဘုန်းလည်း ခံစားရဟန်တူသည်။

တခါတလေကျတော့လည်း အများအကျိုးဆောင်သူတွေရဲ့ဘဝဟာ သစ်မြစ်တွေနဲ့ တူများ တူသလားလို့ တွေးကြည့်ဖူးသည်။ သစ်ပင်တပင် ရှင်သန်ကြီးထွားပြီး အကိုင်းအလက် အခက် အပွင့် အသီးတွေ ဝေဖြာဖို့၊ နေရောင်ခြည်ရှိရာကို တိုးမြင့်နွေးထွေးစေဖို့၊ သစ်မြစ်တွေဟာ ဟိုးအနက်ရှိုင်းဆုံး၊ အမှောင်မဲဆုံးထဲကို ထိုးဖောက်ခွဲ ပုန်းလျှိုး ကုတ်တွယ်ပေးထားရသည်။ အဲ့ဒီကာလက ကိုရွှေဘုန်းရဲ့ ယုံကြည်ချက်အမြစ်တွေ သန်မာအားကောင်းလှပါသည်။

## (အပိုင်း ၄)

၉၅၊ ၉၆ ခုနှစ်တွေဟာ
ကျနော့်ဘဝရဲ့ အခက်အခဲဆုံးကာလတွေပါ၊
ကိုရွှေဘုန်းက 'တာရာမင်းဝေ' ရယ်လို့ စ အောင်မြင်နေချိန်
ကျနော်တို့နဲ့ ကျောချင်းကပ်
"စိတ်ဓာတ်မကျနဲ့ ညီလေးရေ ..." လို့
အားပေးခဲ့တာ အမြဲအမှတ်ရမိပါတယ်။
ဒဂုံမြို့သစ်ရဲ့ မှောင်မှောင်မဲမဲ၊ မိုးထဲ ရေထဲ
ညီအစ်ကိုတွေ ဖြတ်သန်းခဲ့ရပုံပါ"

ကိုရွှေဘုန်း ဆုံးပြီ ဆိုတော့ ဒီစာတိုလေးကို ကောက်ခြစ်မိသည်။
၁၉၉၄ ခုနှစ် ကိုရွှေဘုန်း ထောင်က ပြန်လွတ်လာတဲ့အချိန်မှာ ကျနော်တို့ အကသ တွေက ဗကသ

တာဝန်တွေကို အင်ပြည့်အားပြည့် တာဝန်ဆက်ယူနေကြချိန်ဖြစ်သည်။ ကိုရွှေဘုန်းက တာရာမင်းဝေ ကလောင်အမည်နဲ့ အနုပညာလောကကို ခြေလှမ်းကျဲကျဲနဲ့ ပြန်ဝင်သည်။ ကျနော်သိသလောက် ဒီကလောင်နာမည်က ကိုအောင်ဒင့်ရဲ့ ကလောင်နာမည်တခု ဖြစ်သည်။ ကိုရွှေဘုန်းက ညီလေးမွန် အမည်နဲ့ စာအနည်းငယ်ရေးပြီးမှ ကိုအောင်ဒင်ဆီက ကလောင်နာမည်ကို ဆက်ခံယူခြင်း ဖြစ်သည်။ ကိုအောင်ဒင်ကတော့ ထောင်ကပြန်လွတ်တာတောင် စစ်အစိုးရရဲ့ အနှောင့်အယှက်အမျိုးမျိုးကို ကြုံရပြီး ပြည်တွင်းမှာ လုပ်ကိုင်စားသောက် မရလောက်အောင်ဖြစ်ခဲ့သည်။ နောက်တော့ ကိုအောင်ဒင် စင်ကာပူထွက်ပြီး အလုပ်လုပ်သည်ဟု ကြားရသည်။

၁၉၉၄ ခုနှစ်မှာ ကျနော် တိမ်းရှောင်နေရာကို ပုံမှန်ဝင်ထွက်နေတဲ့ ကျောင်းသားတချို့ အဖမ်းခံရသည်။ ကျနော်လည်း မြေအောက် နိုင်ငံရေးလှုပ်ရှားမှုတွေကို ခဏအရှိန်လျှော့ကာ စာရေးတဲ့အလုပ်ကို အလှည့်ပေးဖြစ်သည်။ တာရာငြိမ်းချမ်း ကလောင်အမည်ဖြင့် ၁၉၉၄ ခုနှစ် နိုဝင်ဘာလထုတ် ရန့်သစ် မဂ္ဂဇင်းမှာ ဆောင်းပါးတပုဒ် စ ရေးဖြစ်သည်။ ဒီနောက် စာပေဂျာနယ်၊ အတွေးအမြင် စတဲ့မဂ္ဂဇင်းတွေမှာပါ နိုင်ငံရေးဒဿနဆိုင်ရာ ဆောင်းပါးတွေ ရေးသည်။ အဓိကကတော့ အဲ့ဒီကာလက ခေတ်စားနေတဲ့ 'စိတ်ကောင်းရှိတဲ့ အာဏာရှင်စနစ်' အတွေးအခေါ်နဲ့ စီးပွားရေး လွတ်လပ်ခွင့်သာပေးပြီး နိုင်ငံရေး လွတ်လပ်ခွင့်ကို ထိန်းချုပ်ထားသင့်သည်ဆိုတဲ့ အာရှတန်ဖိုး အယူအဆတွေကို ရှုထောင့်ပေါင်းစုံ ဝေဖန်ရေးသားခဲ့တာဖြစ်သည်။

ကျနော် တာရာငြိမ်းချမ်း ကလောင်အမည်နဲ့ စာတွေရေးနေပြီဆိုတာကိုသိတော့ ကိုအောင်ဒင်က "ဒီကောင်ရေးတာ ဟုတ်ရင်တော့ ကောင်းတာပေါ့"လို့သာဆိုကြောင်း ကိုအောင်ဒင်နဲ့ဆုံခဲ့တဲ့ သက်ဝင်းအောင်က ကျနော့်ကို ပြန်ပြောပြသည်။ ကျနော်က သိပ် ဘဝင်မကျ။ ကိုယ်လေးစားခဲ့တဲ့ ခေါင်းဆောင်တွေဆီက ဒီ့ထက်ပိုတဲ့ အသိအမှတ်ပြုမှုမျိုးကို ကျနော် မျှော်လင့်ခဲ့ဟန်တူသည်။ ဒါပေမယ့် ကိုရွှေဘုန်း သိတော့ ဝမ်းသာသည်ဟု ဆိုသည်။ သက်ဝင်းအောင်ကတဆင့် ကျနော်နဲ့တွေ့ဖို့ စီစဉ်ခိုင်းသည်။ ဒီလိုနဲ့ပဲ ဒဂုံမြို့သစ်က အိမ်တအိမ်မှာ ကျနော်တို့ ပထမဆုံးအကြိမ် ပြန်တွေ့ဖြစ်ကြသည်။ ရုပ်နည်းနည်းရင့်သွားတာကလွဲလို့ ကိုရွှေဘုန်းက သိပ်မပြောင်းလဲ။ အရင်ကလိုပဲ ဟက်ဟက်ပက်ပက် ရှိသည်။ နှုတ်ခမ်းထောင့်ကို စကွေးပြီး ပြုံးရယ်တတ်တာကလည်း အရင်လိုပင်။ "ဟော့ရောင် (ကောင်) မင်း စွပ်စွပ် မလုပ်နဲ့ဦး" လို့ အရင်ကလိုပဲ ကျနော့်ကို သတိပေးတုန်းပင်။

ကျနော် တိမ်းရှောင်နေရတဲ့ အခြေအနေတွေနဲ့ ဗကသလုပ်ငန်းတွေအကြောင်း မေးသည်။ အဲ့ဒီကာလက ဗကသအမည်နဲ့ လှုပ်ရှားနေတဲ့ အဓိက အစုအဖွဲ့ နှစ်ခု ရှိသည်။ ကျနော် အပါအဝင် အကသ လူဟောင်းတွေဆက်ခံတဲ့ ဗကသနဲ့ အခြားတစုက ဗကသ စည်းရုံးရေးကော်မတီ အမည်ခံသည်။ ကိုရွှေဘုန်း အပါအဝင် အပြင်မှာရှိသည့် ဗကသ လူဟောင်းအတော်များများကတော့ ကျနော်နဲ့ လူရင်းဖြစ်တာရော၊ နိုင်ငံရေးအယူအဆ နီးစပ်တာတွေရောကြောင့် ကျနော့်ကို ပံ့ပိုးကူညီကြသည်။ ကိုရွှေဘုန်းက ထောင်တွင်းကြုံခဲ့ရတာတွေကို ပြန်ပြောပြသည်။ အဲ့ဒီကာလက တချို့က ကိုအောင်ဒင်နဲ့ ကိုရွှေဘုန်းတို့ ထောင်တွင်းတိုက်ပွဲတွေကို ရှောင်သည်၊ ကြောက်သည်ဟု စွပ်စွဲတာ ကျနော်တို့ ကြားရဖူးသည်။ ကိုရွှေဘုန်းက ထောင်တွင်းကာလ သူတို့ညီအစ်ကိုတွေ တိုက်ပွဲဝင်သင့်တိုင်း ပြတ်ပြတ်သားသား တိုက်ပွဲဝင်ခဲ့ပုံနဲ့ ကွန်မြူနစ် အစွဲသန်သူတွေနဲ့ အယူအဆ မတိုက်ဆိုင်ခဲ့တဲ့အတွက် အခုလို သွားပုတ်လေလွင့် စွပ်စွဲခံခဲ့ရပုံတွေကို ရှင်းပြသည်။ ကိုရွှေဘုန်းရှင်းပြနေပုံက ခပ်အေးအေး။ သူ့ကိုယ်သူ ခုခံကာကွယ်နေပုံ

တစက်မျှမပေါက်။ လိပ်ပြာသန့်လွန်းတာလား၊ သူ့မျက်လုံးတွေမှာ တွေ့ရတတ်သည့် ဂရုမစိုက်ဘူးဆိုတဲ့ သဘောထားမျိုးလား ကျနော်က အဓိပ္ပာယ်ရှာနေမိသည်။

နိုင်ငံရေးလှုပ်ရှားမှုအတွင်း ကွန်မြူနစ်အစွဲသန်တဲ့တချို့ကြောင့် မလိုအပ်ဘဲ အားကုန် အင်ကုန် တွေ ဖြစ်ရတာ၊ စိတ်ဝမ်းကွဲ မညီမညွတ်ဖြစ်ရတာတွေလည်း များလှသည်။ တကယ်တော့ ကိုရွှေဘုန်း အဖေရော၊ ကျနော့်အဖေပါ လက်ဝဲနိုင်ငံရေးနဲ့ ကျောင်းသားလှုပ်ရှားမှု အသိုင်းအဝန်းထဲက ဖြစ်သည်။ အဖေ့သူငယ်ချင်းတွေ၊ အဲ့ဒီ အနစ်နာခံတဲ့ လက်ဝဲသမားတွေရဲ့လက်ပေါ်မှာပဲ ကျနော်တို့ ကြီးပြင်းခဲ့ကြ တာဖြစ်သည်။ ကျနော်တို့အမြင်မှာတော့ သူတို့ဟာ တကယ် တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်တွေပဲဖြစ်သည်။ သူတို့ကို လေးစားကြည်ညိုသည်၊ တန်ဖိုးလည်းထားသည်။ ကျနော် ကလောင်နာမည်ယူတာကိုက ဆရာဒဂုန်တာရာကို မြတ်နိုးလွန်းလို့ တာရာငြိမ်းချမ်းလို့ ယူခဲ့သည်။ ကိုအောင်ဒင်နဲ့ ကိုရွှေဘုန်းတို့ လည်း ထို့အတူပင်။ စာဖတ်နှံ့စပ်သူတိုင်း ဆရာတာရာရဲ့ သမိုင်းအစဥ်အလာနဲ့ ရပ်တည်ချက်ကို သိကြ သည်ချည်းသာ။

ဒါပေမယ့် ကျနော်နဲ့ ကိုရွှေဘုန်းအကြားမှာ တူညီတာတခုရှိသည်။ အဲ့ဒါက အမှီအခိုကင်းချင် တာ၊ လွတ်လပ်ချင်တာပဲ ဖြစ်သည်။ အင်္ဂလိပ်စကားမှာ Independent ဖြစ်တယ် ဆိုတာရှိသည်။ ကျနော် သိပ်ယုံကြည်သည်။ ဘယ်နိုင်ငံရေး လောင်းရိပ်မှ မမိချင်၊ ပါတီလိုင်း လမ်းစဥ်တခုခုအောက်မှာ နို့သက်ခံ မစို့ချင်တာပဲ ဖြစ်သည်။ နိုင်ငံရေးဆရာမွေး တပည့်မွေး အစဥ်အလာကို မယုံကြည်တော့။ ကိုယ်ယုံတာ ကိုယ်လုပ်မည်။ ကျောင်းသားသမဂ္ဂဆိုတာ လွတ်လပ်ရမည်။ ကိုယ်မှားရင် ကိုယ်တာဝန်ယူမည်။ ကျနော့် ဆောင်းပါးတွေမှာ လွတ်လပ်တဲ့ လူမှုအဖွဲ့အစည်း Civil Society ရဲ့ အရေးပါပုံကို အဲ့ဒီတုန်းကတည်းက စ ရေးသားဖူးခဲ့သည်။ Civil Society အယူအဆကို ဟောဂယ် Hegel ကစလို့ ကျနော် မိတ်ဆက်ပေးခဲ့ သည်။ အတွေးအမြင် စာစောင်မှာဟု ထင်သည်။ ကိုရွှေဘုန်းက လှိုက်လှိုက်လှဲလှဲ ထောက်ခံသည်။

အဲ့ဒီ ပထဆုံးတွေ့တဲ့နေ့မှာပဲ ကျနော်စာတွေရေးတဲ့အကြောင်း ပြောဖြစ်ကြသည်။ ကိုရွှေဘုန်းက ဝီဘာ Max Weber စာတွေဖတ်ဖြစ်သလားလို့ ကျနော့်ကိုမေးတာ မှတ်မိနေသည်။ ပြီးတော့ ရသ ဆိုင်ရာ ဆောင်းပါးတွေရေးဖို့ တိုက်တွန်းသည်။ ဒါနဲ့ပဲ 'ပေါ်ဦးသက်၊ ခရိုချေးနှင့် ရသတန်ဖိုးများ' ဆိုတဲ့ ဆောင်းပါးကို ဟန်သစ်မဂ္ဂဇင်းမှာ ကျနော်ရေးဖြစ်ခဲ့သည်။ ပေါ်ဦးသက်ရဲ့ အနုပညာအမြင်ကို အီတလီ တွေးခေါ်ရှင် ခရိုချေး Benedetto Croce ရဲ့ ရသဗေဒသဘောတရားနဲ့ ဆက်စပ်ရေးခဲ့ခြင်း ဖြစ်သည်။ ဒီဆောင်းပါး ပါပြီးနောက် ဟန်သစ်မဂ္ဂဇင်းက 'အတွေးဟန်သစ်' ဆိုတဲ့ကဏ္ဍ ဖွင့်ပေးသည်။ ကျနော် တပုဒ်လားပဲ ထပ်ရေးဖြစ်သည်။ နောက် မရေးဖြစ်တော့။

ကိုရွှေဘုန်းနဲ့တော့ မကြာခဏ တွေ့ဖြစ်သည်။ ကျနော်ပုန်းနေတဲ့နေရာအထိ သူက လိုက်လာ တွေ့တတ်သည်။ တခါတလေတော့လည်း သူ့ ဒဂုံအိမ်နားက လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး စကားတွေ အမျှင်မပြတ် ပြောဖြစ်သည်။ တခါတလေတော့ အရက်ခွက်ချင်းတိုက်ပြီး မျက်ရည်တွေ တွင်တွင်ကျခဲ့ကြ ဖူးသည်။ စကားတွေကတော့ ဆက်ပြောမြဲ။ 'အာလူးစားသူများ' လည်း ပါသည်။ ဒေါ်အောင်ဆန်းစု ကြည် နဲ့ ကျနော်တို့ ဆက်သွယ်ဆွေးနွေးမှုတွေ အကြောင်းလည်း ပါသည်။ ဟန်တင်တန် Samuel Huntington နဲ့ ဇင်ဗုဒ္ဓဘာသာအကြောင်းလည်း ပါသည်။ မောင်ယောရဲ့ 'ပြိုင်မြင်းတို့ရဲ့ ခွာသံ' လည်း ပါသည်။ ဗကသ၊ မကသ နဲ့ အောက်ဗမာပြည် ဗကသတွေ အကြောင်းလည်း ပါသည်။ ဂါစီယာ

မားကွတ်စ် Garcia Marquez နဲ့ မီလန်ကွန်ဒရာ Milan Kundera လည်းပါသည်။ အမျိုးသားညီလာခံ လည်းပါသည်။ နောက်ဆုံးတော့ အဲ့ဒီတုန်းက သူကြိုက်နေသည့် ယဉ်ကျေးမှုတက္ကသိုလ်က ကောင်မလေး အကြောင်းနဲ့ပဲ အဆုံးသတ်သွားတတ်တာ များသည်။ စာအုပ်အငှားဆိုင် ဖွင့်ထားတဲ့ အဲ့ဒီကောင်မလေး အကြောင်း ပြုံးဖြီးဖြီးနဲ့ ပြောနေတတ်သည်။

တခါတလေတော့ ကျနော်က ကိုရွှေဘုန်းကို ‘စ’ သည်။

“လက်ဖက်ရည်ဆိုင်ထိုင်လိုက်၊ မြို့ထဲထွက် မဂ္ဂဇင်းတိုက်တွေသွားလိုက်၊ တခါတလေ ကျနော်တို့ နဲ့ အရက်ဝိုင်းဖွဲ့လိုက်၊ ကောင်မလေး ပြန်လာတဲ့လမ်းမှာ စောင့်နေလိုက်နဲ့ ကိုရွှေဘုန်း စာဖတ်ချိန်ရော ရှိရဲ့လား”

အဲဒီအခါမျိုးကျရင်တော့ ကိုရွှေဘုန်းဆီက စကားပြန်မရ။ ခပ်တည်တည်နဲ့ မသိချင်ယောင်ဆောင် နေတတ်သည်။ နောက်ကျတော့ သူ့ကို ပါရမီရှင်တယောက်အဖြစ် ကျနော်ပိုမြင်လာမိသည်။ သူ့ဘာသာ သူ အနုပညာမှာ မှော်အောင်ပြီးသူပင် ဖြစ်သည်။

တခါတလေကျတော့လည်း ကိုရွှေဘုန်းကိုကြည့်ရတာ တခုခု လျှို့ဝှက်ထားသူတယောက်လို ကျနော် ခံစားရသည်။ ဒါပေမယ့် ကျနော်တို့ အပေါ်မှာတော့ အမြဲနွေးထွေးသည်သာ။ တရက်တော့ ကျနော်တို့နဲ့အတူ ထမင်းစား၊ တနေကုန်နီးပါးအတူနေပြီး ညဘက် အရက်သောက်ရင်း ကျနော်နဲ့ သက်ဝင်းအောင် ဂစ်တာတီးတာကို ခပ်တွေတွေနဲ့ နားထောင်နေသည်။ ဒဂုံမြို့သစ်အိမ်ရဲ့ သစ်သား ပြူတင်းပေါက်ကနေ အဆီးအတားမရှိ ဖြာဆင်းလင်းကျနေတဲ့ လရောင်သာသာ၊ ပုရစ်တွေ တစီစီမြည် နေတဲ့ညမှာ ကျနော့်ပုခုံးကိုကိုင်ပြီး “စိတ်ဓာတ်မကျနဲ့ ညီလေးရေ”လို့ ကိုရွှေဘုန်းက အားပေးခဲ့သည်။

## (အပိုင်း ၅)

၁၉၉၅၊ ၁၉၉၆ ခုနှစ်တွေအတွင်း ဗကသလှုပ်ရှားမှုကို ယူဂျီခေါ် မြေအောက်အသွင်သာမက မြေပေါ်လှုပ်ရှားမှုတချို့အဖြစ် စာကြည့်တိုက်ဖွင့်တာ၊ စာပေဟောပြောပွဲတွေကို စီစဉ်တာ၊ တက္ကသိုလ် အတွင်း ကဗျာစာအုပ်နဲ့ စာစောင်တွေထုတ်တာ လုပ်ခဲ့ကြသည်။ ‘စုစည်းမှု’၊ ‘ရာစုသစ်မြစ်ကျဉ်း’ စတဲ့ စာအုပ်တွေက သက်သေဖြစ်ခဲ့သည်။ အဲ့ဒီကာလမှာပဲ ကိုရွှေဘုန်းက ဆေးတက္ကသိုလ် ကျောင်းသား မော်ဒန် စာရေးဆရာ လူငယ်တယောက်နဲ့ဆက်သွယ်ဖို့ တိုက်တွန်းသည်။ ကျနော်တို့ သီးခြား ချိန်းဆို တွေ့ဖြစ်သည်။ မြေအောက်နိုင်ငံရေးကိစ္စတွေအပြင် ပညာရေးနယ်ပယ်မှာ လွတ်လပ်တဲ့ Civil Society သင်းဖွဲ့လှုပ်ရှားမှုတွေလုပ်ရေး ဆွေးနွေးဖြစ်ကြသည်။ အလွတ်စာသင်တန်းတွေနဲ့ သင်ရိုးပြုစုရေး တွေအတွက် ဘယ်သူက ဘယ်တာဝန်ယူမည်၊ ဘယ်ဆရာသမားတွေကို ထပ်ချဉ်းကပ်ကြမည် စသဖြင့် ပြောဖြစ် ဆိုဖြစ်ကြသည်။

၁၉၉၆ နှစ်လယ်လောက်ရောက်တော့ မန္တလေးနဲ့ ရန်ကုန်က ဗကသလှုပ်ရှားသူတချို့ အဖမ်းခံရ သည်။ ဆေးကျောင်းသား မော်ဒန် စာရေးဆရာလေးရဲ့အိမ်ကိုလည်း ထောက်လှမ်းရေးက ဝင်ရှာသည်။ သူက အိမ်မှာ မရှိ၊ နောက်မှ ရဲစခန်းကိုသွားပြီး အဖမ်းခံကာ ထောက်လှမ်းရေးနဲ့ တွေ့သည်ဟု ဆိုသည်။ အခြား ဖမ်းဆီးခံရတဲ့ ကျောင်းသားအများစုရဲ့အပြောအရတော့ ထောက်လှမ်းရေး စစ်ဆေးရေးကာလ အတွင်း ထိုဆရာလေးရဲ့ထွက်ချက်သည် ဖြောင့်ချက်သဖွယ် အကုန်ဖော်သည်ဟု ဆိုသည်။ ကျနော်တို့

အတွက် အထိနာခဲ့သော်လည်း ကျောင်းသား လှုပ်ရှားမှုအရှိန်ကတော့ မသေ။ ကျောင်းတွေဆက်ဖွင့်နေတာနဲ့ ဒေါ်စုရဲ့ စနေ၊ တနင်္ဂနွေ တရားပွဲတွေက နိုင်ငံရေးအသိကို နိုးကြားစေသည်။ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်ကစလို့ နယ်မြို့ကျောင်းတွေအထိ အချိတ်အဆက်မိနေသည်။ အထက်တန်းကျောင်းသားတွေကြားမှာလည်း စာဝေ၊ စာဖြန့်လှုပ်ရှားမှုတွေ တွေ့ရသည်။ အစုအဖွဲ့အားလုံး ကိုယ်နည်းကိုယ့်ဟန်နဲ့ လှုပ်ရှားကြ၊ အချင်းချင်း ဆက်စပ်လှုပ်ရှားကြသည့်အတွက် နောက်ဆုံး တော့ ၁၉၉၆ ဒီဇင်ဘာ ကျောင်းသားလှုပ်ရှားမှု ပေါ်လာခဲ့သည်မှာ အထင်အရှားပင်။

အဲ့ဒီကာလဝန်းကျင်တုန်းက ကိုရွှေဘုန်းနဲ့ပြန်တွေ့တော့ ဆေးကျောင်းသား မော်ဒန်ဆရာလေး အကြောင်း စကားစပ်မိကြသည်။ ကိုရွှေဘုန်းက သိပ်စိတ်ဆိုးဟန် မပြ။ စာပေသမားချင်း ကိုယ်ချင်းစာ လို့ပဲလား၊ ဒါမျိုးတွေဖြစ်တတ်တယ်ဆိုတာ သတိထားနေတတ်သူမို့လား မပြောတတ်။ ဒါပေမယ့် နိုင်ငံရေးမှာ ကိုယ့်အထွာ ကိုယ်သိဖို့၊ မနိုင်တဲ့ကိစ္စမလုပ်ဖို့ လိုတဲ့အကြောင်းကိုတော့ သံဝေဂသဖွယ် သင်ခန်းစာထုတ် ပြောပြနေသည်။

ဒီ့နောက်ပိုင်းတော့ ကျနော်တို့ ထပ်မတွေ့ဖြစ်။ လုပ်ဖော်ကိုင်ဖက်တွေကတဆင့် သတင်းမေးတာ၊ ဆက်သွယ်တာတော့ ရှိနေသည်။ ကျနော်လည်း လုံခြုံရေးအရ ပိုပြီး ကျပ်သထက်ကျပ်လာသည်။ ရွှေ့ရ ရှောင်ရ ပိုများ၊ ပိုခက်လာသည်။ ကျနော်၊ သက်ဝင်းအောင်နဲ့ လုပ်ဖော်ကိုင်ဖက်တချို့ ရန်ကုန်ကနေ အပစ်အခတ်ရပ် တိုင်းရင်းသားအဖွဲ့တဖွဲ့ရဲ့ဒေသဆီ ရွှေ့ပြောင်းတိမ်းရှောင်ဖို့ဆုံးဖြတ်တော့ ကိုရွှေဘုန်း ကို အကြောင်းကြားသည်။ ကိုရွှေဘုန်းက ဂရုစိုက်ဖို့မှာသည်။ ပြီးတော့ သူ မင်္ဂလာဆောင်တော့မည့် အကြောင်း ပြုံးဖြီးဖြီးနဲ့ပြောပြသည်ဟု ဆိုသည်။ ယဉ်ကျေးမှုတက္ကသိုလ်က ကောင်မလေးတော့ ဟုတ်ဟန် မတူ။ ကိုရွှေဘုန်းက တာရာမင်းဝေ အဖြစ်နဲ့ အောင်မြင်သထက် အောင်မြင်နေပြီ။

## (အပိုင်း ၆)

ကျနော် ထိုင်းရောက်ပြီး နှစ်အနည်းငယ်ကြာတော့ ကိုအောင်ဒင်နဲ့ ပြန်ဆုံသည်။ အလွန် ပျော်ဖို့ ကောင်းသည်။ စကားတွေ အများကြီး ပြော၊ ရှေးဟောင်းနှောင်းဖြစ်တွေ မေးမြန်း၊ တချို့တဝက် သိထား တာတွေက ပြန်ဆုံပြောလိုက် နားထောင်လိုက်မှ ရုပ်ပုံကားချပ်တခု ဖြစ်လာသည်။ သက်ဝင်းအောင် ပြည်တွင်းပြန်ဝင်ပြီး အဖမ်းခံရသည့်အကြောင်းနဲ့ ကိုရွှေဘုန်းအကြောင်းတွေလည်း ပြောဖြစ်သည်။ မိသားစုစားဝတ်နေရေး လုံးပမ်းနေရလို့ ကာလတခုအတွင်း နိုင်ငံရေးတာဝန်တွေ လစ်ဟင်းခဲ့တာကို ကျနော်တို့ရဲ့ခေါင်းဆောင်တယောက်အနေနဲ့ စိတ်မကောင်းတဲ့ အရိပ်အယောင်ကို ကိုအောင်ဒင် မျက်နှာမှာ တွေ့ရသည်။ ကျနော်တို့အပေါ်လည်း ပို အားကိုးလာသည်။ ဒါပေမယ့် သူ့စိတ်အခန့် မသင့် ရင်တော့ အရင်တုန်းကလို မျက်နှာထားတည်တည်နဲ့ ဆူတုန်းပင်။

နောက်ပိုင်း ကျနော် ဝါရှင်တန်ဒီစီပြောင်းပြီး ရေဒီယိုအလုပ်လုပ်ဖြစ်တော့ ကိုအောင်ဒင်နဲ့အတူ တအိမ်တည်း အခန်းဖော်အဖြစ်နေသည်။ ၄ နှစ်နီးပါး ကြာခဲ့သည်။ ကျနော်တို့ စကားဆုံတိုင်း ကိုရွှေဘုန်းအကြောင်းက မကြာမကြာ ပါမြဲ။ ၂၀၀၄ ခုနှစ်အတွင်း ကိုပေါ်၊ ကေကျူနဲ့ ၈၈ မျိုးဆက်တွေ ထောင်ကပြန်လွတ်ပြီး လှုပ်ရှားမှုတွေပြန်လုပ်လာတော့လည်း သူတို့နဲ့ စကားစမြည်ပြောဖြစ်ရင် ကိုရွှေဘုန်းအကြောင်း တခါတလေ ပါလာမြဲ။ ကျနော်တို့အားလုံး သူ့ကို ချစ်သည်။ သူ့ပါရမီကို အလွန်

လေးစားတန်ဖိုးထားသည်။ တချိန်တည်းမှာပဲ သူ့ဆီက ဒီ့ထက်ပိုပြီး မျှော်လင့်နေတာတွေရှိသည်။

၁၉၈၈ ခုနှစ်ကစလို့ တလှေတည်းစီးခဲ့တဲ့ သမဂ္ဂညီအစ်ကိုတွေ တချို့ ပျံသန်းဆဲ၊ တချို့ လှောင်ချိုင့်ထဲ၊ သက်ဝင်းအောင်တယောက်တော့ အဆုံးစွန်ထိ ပေးဆပ်သွားခဲ့သည်။ အဲ့ဒီကာလတွေတုန်းက ကျနော့်ကိုယ် ကျနော်လည်း အားမရ၊ ကိုရွှေဘုန်းကိုလည်း အားမရ။ နောက်ဆုံးတော့ ခေတ်ဆိုးကြီးကိုပဲ မြည်တွန်တောက်တီးနေမိသည်။

## (အပိုင်း ၇)

"မင်းဇင်ရေ ..."လို့ နှိုးသံကြားတော့ အိပ်ရာပေါ်က ရုတ်တရက် ထထိုင်မိသည်။ သြဂုတ်လရဲ့ ညက နက်သထက်နက် မှောင်လို့ ကောင်းဆဲ။

"မင်းဇင်ရေ၊ ရွှေဘုန်း ဆုံးပြီ ..."

ကိုအောင်ဒင့်ရဲ့အသံကိုကြားတော့ စိတ်ထဲ ပြာမွန်းသွားသည်။ ကိုအောင်ဒင်က ကိုသူရ (ဇာဂနာ) ပြောတဲ့ ကိုရွှေဘုန်းရဲ့ ဆေးရုံပေါ် နောက်ဆုံးအခြေအနေအကြောင်းကို တုန်ယင်စွာ ရှင်းပြသည်။ ယောကျ်ားသားဆိုလို့ ကိုအောင်ဒင်မှာက သူနဲ့ ကိုရွှေဘုန်း ညီအစ်ကိုနှစ်ယောက်တည်းရှိသည်။ ညီအစ်ကိုလည်း ဟုတ်သည်၊ စာပေမိတ်ဆွေလည်း မှန်သည်၊ တော်လှန်ရေး ရဲဘော်ရဲဘက်လည်း ဖြစ်ခဲ့ကြသည်။ ကိုအောင်ဒင်ကိုပဲ အားပေးရမလား၊ ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်အားပေးရမလား ဘာကို ဦးစားပေးရမှန်းတောင် ကျနော် မသိတတ်တော့။ ဒါနဲ့ ရန်ကုန်က အဖေနဲ့ အမေ နေကောင်းလား၊ မိဒီယာတွေကို အကြောင်းကြားပြီးပြီလားစတဲ့ လက်တွေ့ကိစ္စတွေကိုပဲ မေးနေမိသည်။ ကိုရွှေဘုန်းကတော့ သွားနှင့်ခဲ့ပြီ။

၁၉၈၈ ခုနှစ် အရေးတော်ပုံတုန်းက ပြည်သူတွေက မျှော်လင့်အားကိုးစိတ်နဲ့ကမ်းခဲ့တဲ့ ထမင်းထုပ်ကို သပိတ်စခန်းမှာ သစ္စာဆို စားခဲ့ဖူးပါသည်။ "အများပြည်သူရဲ့ မျှော်လင့်ချက် တောင့်တချက်တွေကို ဖြည့်စွမ်းပေးနိုင်ရပါလို၏" တခါက ဒီအကြောင်းကို ကိုရွှေဘုန်းနဲ့ စကားစပ် ပြောဖြစ်ခဲ့ဖူးသည်။ ထမင်းထုပ်အကြွေးတွေ များလှသည်။ ထမင်းထုပ်ကြွေးတွေမကျေခင် အကြွေစောသူတွေက စောနှင့်ခဲ့ပြီ။ ကျန်သူတွေကတော့ သစ္စာပြည့်အောင် ခရီးဆက်ရအုံးမည်။ သွားနှင့်ဦးတော့ ကိုရွှေဘုန်း။

ကောင်းရာ သုဂတိလားပါစေ။ ။

July 16, 2009

## တာရာမင်းဝေ (သို့မဟုတ်) မြားထက်မြင့်အောင် ပျံတဲ့ငှက်

## မြင့်စိုး (သရက်ထောင်၊ ၁၉၉၁–၂၀၀၅)

ရွှေဘုန်းလူအကြောင်းစဉ်းစားမိတော့ ပြောချင်တာတွေဖြစ်လာတယ်။ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးဖြစ်တော့ ကျောင်းသားလူငယ် တော်တော်များများ ထောင်ထဲ ရောက်ကုန်ကြတယ်။ ထောင်ထဲမှာ အချိန်တွေကုန်တယ်။ ထောင်ထဲမှာ ဘာမှလုပ်လို့မရဘူးဆိုတဲ့ အယူအဆတွေကို သာမန်သဘောလောက် ရေးကြ ပြောကြတာမျိုးတွေကြားရတော့ ပြောချင်စိတ်တွေ ပိုဖြစ်လာတယ်။ နမူနာပြစရာစဉ်းစားရင် ရွှေဘုန်းလူက ကျောင်းသားလူငယ်တွေအတွက် စံနမူနာကောင်းတခုပဲ။ နောက်လူတွေ စစ်အာဏာရှင်အောက်မှာ ပြည်သူတွေဘက်ကရပ်တည်ရင်း ထောင်ထဲရောက်သွားခဲ့ရင်တောင် ဘာတွေလုပ်လို့ရတယ်ဆိုတာ ပြောချင်လာတယ်။

ရွှေဘုန်းလူ ထောင်ထဲရောက်တော့ အသက်က ၂၀ ဝန်းကျင်ရှိမယ် ခန့်မှန်းတယ်။ စာပေနဲ့ပတ်သက်တဲ့ အတွေ့အကြုံ၊ နိုင်ငံရေးနဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေကလည်း တပုံတပင်နဲ့ဆိုတော့ ထောင်ထဲမှာ ပြောစရာစကားလည်းရှိတယ်။ အသက်ကငယ်သေးတော့ သင်ယူချင်စိတ်ရှိရင် လေ့လာလိုစိတ်ရှိရင် ထောင်ထဲမှာ သင်ယူစရာလေ့လာစရာ တပုံတပင်ကြီးပါပဲ။ မူလဓာတ်ခံကလည်း ထက်မြက်တဲ့ စိတ်ဓာတ်နဲ့ ဖွဲ့ကောင်းကောင်း ခေါင်းမာမာဆိုတော့ သူလိုသမျှကို ယူရုံပါပဲ။ ရွှေဘုန်းက ၁၉၉၀ မှာ အင်းစိန်ထောင် (၅)တိုက်ကနေ အဆောင်ကို ရောက်တယ်။ အင်းစိန်ရဲ့စက်တင်ဘာအရေးအခင်းလို့ ထောင်တွင်းအသိများတဲ့ ထောင်တိုက်ပွဲမှာ ရိုက်နှက်ခံရပြီး အဆောင်ကို ပို့ခံလိုက်ရတာပါ။

(ထောင်တွင်းတိုက်ပွဲတွေအကြောင်းပြောမယ်ဆိုရင် ၁၄ နှစ်စာလောက်ဆိုတော့ အတော်များမယ့် သဘောရှိပါတယ်။ အခုတော့ ရွှေဘုန်းအကြောင်းပြောရင် တိုက်ပွဲနဲ့ဆက်စပ်နေတဲ့အကြောင်းတွေကို ပါ ပြောရင်ကောင်းမယ်ဆိုတော့ စာလည်းရှည်သွားမှာစိုးတယ်။ နောက်ကြုံရင်တော့ သမိုင်းမှတ်တိုင် တွေနဲ့ ထောင်တွင်းနေထိုင်မှု လေးစားစရာကောင်းတဲ့သူတွေအကြောင်း ပြောချင်ပါသေးတယ်)

ရွှေဘုန်းလူနဲ့တွေ့တော့ သူစာတွေရေးခဲ့တယ်ဆိုတဲ့အကြောင်း ပြောတယ်။ ရဲဒိုးစာရေးဆရာ လို့လည်း ပြောတယ်။ ဘယ်စာရေးဆရာအတွက် သူရေးတဲ့စာတွေကို ဘယ်စာအုပ်တိုက်က ဝယ်တယ်။ ဘယ်လောက်ပဲရတယ်ဆိုတာလည်း ပြောတယ်။ (သူ့အဖေက နိုင်ငံရေးသမား သတင်းထောက်ဟောင်း ကြီးဆိုတော့ ဝင်ငွေမရှိသလောက်။ အကိုလုပ်သူကလည်း သူ့ကျောင်းစာရိတ်သူ ရှာတက်နေရတဲ့ အချိန်။ ညီမလေးကလည်း ငယ်သေးတော့၊ တခါတလေ သူ စာရေးပြီး မဆိုစလောက် ငွေလေးရလာရင် သူ့အဖေသောက်ချင်လျက်နဲ့ မသောက်ရရှာတဲ့ ရမ်အရက်ကို တကူးတကဝယ်လာပြီးပေးတဲ့အခါ သူ့ အဖေက အားရဝမ်းသာဖြစ်တတ်ကြောင်းကို ပြောပြတတ်တယ်။ သူကတော့ အရက်ကို လုံးဝ မသောက်တတ်သူပါ)။ တခါတလေလည်း ကဗျာတွေရေးပြီး မဂ္ဂဇင်းတိုက်တွေပို့တော့ တပုဒ်စ နှစ်ပုဒ်စ ဖော်ပြခံရဖူးတယ်။ ဒါပေမယ့် ကဗျာရေးလို့ရတဲ့ ဥာဏ်ပူဇော်ခဆိုတာ အဲဒီခေတ်က မဆိုစလောက်ပါ။

ဒီလိုနဲ့ ၁၉၈၈ ရောက်တော့ ညီအကိုနှစ်ယောက်စလုံး မိသားစုအရေးကိုလျစ်လျူရှုပြီး နိုင်ငံရေး ထဲ ခြေစုံပြစ်ဝင်ကြတယ်။ နှစ်ယောက်စလုံးထောင်ကျတာ သေချာတာပေါ့။ ထောင်ပြောင်းခံရတော့ လည်း အတူတူ။ ညီမလေးက ဖိနပ်ကော်ကပ်တဲ့ အလုပ်လုပ်ပြီး မိဘလည်း ရှာကျွေး။ အကိုတွေ ထောင်ဝင်စာအတွက်လည်း စီစဉ်ပေါ့။ (ထောင်ထဲမှာ လမ်းလျှောက်ရင်း သစ်ပင်စိုက်ရင်း၊ ရေဆွဲရင်း တယောက်မိသားစုအကြောင်း တယောက် ပြောတတ်ကြ။ စာနာတတ်ကြ။ အားပေးလေ့ရှိတတ်ကြ တယ်လေ)၊ ရွှေဘုန်းက အချိန်ရရင် မဂ္ဂင်ဆရာတော်ကြီးဆီသွားပြီး မဟာယာနရဲ့ ဇင် ဗုဒ္ဓဘာသာ အကြောင်း မေးလေ့ရှိတယ်။ (ဆရာတော်ကြီးက ဗုဒ္ဓဘာသာနဲ့ပတ်သက်ရင် ကျမ်းကြီးပေါက်။ ဘာသာ စကား ရှစ်မျိုးလောက်ကျွမ်းကျင်ပြီး အရာရာမှာအတော် နှံ့စပ်တယ်)။ ဆရာတော်ကြီးဟောတဲ့ ဇင် အကြောင်းတွေမှာ စဉ်းစားစရာတွေအပြည့်ပေါ့။ (တာရာမင်းဝေဖြစ်လာတော့ အဲဒီက အချက်တချို့ ပြန်ရေးတာ တွေ့ရတယ်။ အထူးသဖြင့် မဂ္ဂဇင်းဝတ္ထုတိုတွေမှာပေါ့)

ရွှေဘုန်းနဲ့ပတ်သက်လို့ ကျနော် မဖြစ်မနေ အံ့သြတဲ့အချက်ကတော့ ထောင်ထဲမှာ ကဗျာစပ်တဲ့ နည်းစနစ်ပါပဲ။ ကဗျာစပ်သူအများစုက ကဗျာတိုလေးတွေဆိုရင် နှုတ်နဲ့တတွတ်တွတ် ရွတ်ပြီးစပ်တယ် (လေးငါးဆယ်ကြောင်းပေါ့)။ တချို့ကတော့ သံမံတလင်းကြမ်းပြင်မှာ ထုံးကျောက်ခဲနဲ့ ရေးလိုက် ဖျက်လိုက်နဲ့ စပ်ကြတယ်။ သိပ်ပြီး စွန့်စားလွန်းတတ်တဲ့ (ဒါမှမဟုတ် ပိုင်တဲ့သူတွေလောက်သာ) စာရွက် ပေါ်မှာ ခဲတံနဲ့ရေးပြီး စပ်တတ်ကြတယ်။

(ထောင်ထဲရောက်မှ ငါတို့တော်လှန်ရေးမှာ ကဗျာဆရာတွေအများသားလို့ တောင်ထင်မိလေ ရဲ့)၊ ကဗျာဆရာတွေက သူတို့ရေးစပ်ပြီးတဲ့ ကဗျာတွေ အချင်းချင်းလည်း ရွတ်ဖတ်ပြ။ တခြားသူတွေ လည်း မနေရ။ ဘယ်လိုနေလဲနဲ့ မေးတတ်ကြတော့တာကိုး၊ ရွှေဘုန်းရဲ့အကို အောင်ဒင်ကတော့ ၈၈ မတိုင်ခင်ကတည်းကိုက ကဗျာတွေ အပုဒ် ၈၀ ဝန်းကျင်လောက် မဂ္ဂဇင်းစာမျက်နှာတွေမှာ ဖော်ပြတာ ခံခဲ့ရလို့ ကဗျာဆရာစစ်စစ်လို့ပြောနိုင်ပေမယ့် အများစုကတော့ ကဗျာလက်သင်တွေပါ။ ကျနော်တို့က

တော့ စာရေးတာသားတာ ဝါသနာတော့ ပါ ပါရဲ့။ ရှင်းရှင်းပြောရရင်တော့ မော်ဒန်ကဗျာလိုမျိုးခံစား ရေးဖွဲ့တာမျိုးကို အတော်နားလည်အောင် ကြိုးစားရသူပါ။ ကဗျာရေးဖွဲ့တဲ့သူတွေက သူတို့ကဗျာတွေ နားထောင်ဖြစ်အောင် ဆေးပေါ့လိပ်တလိပ်လောက်ပေးပြီး စည်းရုံးခဲ့တော့။ ကျနော်လိုကောင်မျိုး နားထောင်ရတာပေါ့ ( ဆေးလိပ်သောက်ချင်တာလည်း ပါတာပေါ့လေ)။ ရွှေဘုန်းကတော့ မနက်စော စော အိပ်ဆောင်ဖွင့်ပြီဆိုတာနဲ့ ကျနော့်ဆီတန်းလာပြီး "ဟေ့လူကြီး ... ရော့ သောက် ကျနော် ညက တပုဒ်ရတယ်ဗျ" လို့ပြောပြီး ကဗျာရွတ်ဖို့ ပြင်တော့တာပဲ။ တကယ်ဆို မျက်နှာတောင် သစ်ရသေးပုံ မပေါ်ဘူး။ ပြီးတော့ မျက်တွင်းတွေကလည်း ချောင်လို့။ ကျနော်ကလည်း "ကောင်းဗျား" လို့ ပြောရင်း ဆေးလိပ်မီးညှိလိုက်တာပဲ။ ညက ဝေစုနဲ့ရတဲ့ ကျနော့်ဆေးလိပ်က ကုန်ပြီ။ ရွှေဘုန်းက မုန်ညှင်းစိုက်ခင်း ဘောင်ပေါ် ဖိနပ် ဖင်ခုထိုင်လိုက်ရင်း ကောင်းကင်ကို မော့ကြည့်။ ကဗျာကို ဖြည်းဖြည်းချင်း စပြီးရွတ် တယ်။ မှတ်မှတ်ရရ အဲဒီနေ့က ၁၉၉၁ ဒီဇင်ဘာလ ၁၀ ရက်နေ့ပါ။

"ကျောက်ဂူထဲက<br>
တလှမ်းချင်းထွက်လာတဲ့<br>
ခြသေ့်ကြီးတကောင်ဟာ<br>
သူ့ကိုယ်ပေါ်က လည်ဆံမွှေးတွေကို<br>
ခါချလိုက်တယ်<br>
နေ့သစ်တနေ့ရဲ့အစပေါ့"

အမှန်ပြောရရင် ကျနော်လည်း သိပ်တော့ မမှတ်မိတော့ပါဘူး။ ဒါပေမယ့် တိုက်တိုက်ဆိုင်ဆိုင် အရှေ့ဘက်ကထွက်လာတဲ့ နေမင်းကြီးကိုကြည့်မိရက်သားဖြစ်နေတော့ နေထွက်တာကို တင်စားပြော တာပဲလို့ နားလည်မိတယ်။ ရွှေဘုန်းလူကိုယ်တိုင်ရွတ်ပြတဲ့ကဗျာကို နားထောင်ရင်း ကျနော် ကြက်သီး တွေ တဖြန်းဖြန်းထလာတာ သတိထားမိတယ်။ သူရွတ်ပြတဲ့နေ့က နိုင်ငံတကာ လူ့အခွင့်အရေးနေ့။ ဒေါ်အောင်ဆန်းစုကြည် နိုဘယ်လ်ဆုယူရမယ့်နေ့။ ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုရေးစပ်ထားတဲ့ ကဗျာရှည်ကြီးက စာကြောင်းရေ ၈၀ ကျော်မယ် ထင်တယ်။ နမိတ်ပုံတွေ၊ စကားလုံးရွေးချယ်မှုနဲ့ ဒဿန တွေ၊ အင်အားတွေ ခံစားချက်တွေ၊ အနာဂတ်တွေတပုံကြီးနဲ့ပါပဲ။ ကျနော် တုန်တုန်လှုပ်လှုပ်ပါပဲ။ ဒီလို ကဗျာမျိုး မကြားခဲ့ဖူးလို့ပါ၊ တောင်းပန်ပြီး ၂ ခါလောက်ရွတ်ပြဖို့ပြော အသေအချာလည်း နားထောင် တယ်။

ပြီးတော့မှ ခင်ဗျားဘယ်လိုစပ်တာလဲလို့မေးမိတော့ ... "ညက တညလုံးအိပ်ယာထဲမှာ ပက်လက် လှန်ပြီး စပ်တာ။ ဖျက်လိုက် ပြင်လိုက်နဲ့ပေါ့။ အဆောင်ဖွင့်မှပဲ အပြီးသတ်တော့တယ်။ ခင်ဗျားကို အရင်ဆုံး လာရွတ်ပြတာ" လို့ပြောတော့ ကျနော် မျက်မှောင်ကြုတ်မိတယ်။ အိပ်ဆောင်မှာ ဘယ်လို အိပ်ရတယ်ဆိုတာ အတွေ့အကြုံရှိပြီးသားပါ။ ထောင်ထဲမှာ အိပ်တယ်ဆိုတာတောင် လွတ်လွတ်လပ် လပ်နဲ့ ကောင်းကောင်းမွန်မွန် အိပ်ရတာမဟုတ်ပါဘူး။ အိပ်နေတဲ့ ဘေးမှာ ဘာယာအစောင့်တွေရဲ့ အော်သံတွေ၊ ညစ်ပတ်နံစော်နေတဲ့ ထောင်ကျအကျဉ်းသားတွေရဲ့ နေလောင်စော်နံ၊ ကြွမ်းပိုးတွေ ပြေးလွှားနေတဲ့ ဖျာစုတ်ပေါ်မှာ ဒီလိုပဲရအောင်အိပ်ဖြစ်အောင် အိပ်ကြရတာပါ။ အင်း ... ရွှေဘုန်းက တော့ အိပ်ချိန်မှာတောင် မအိပ်နိုင်ဘဲ စိတ်ထဲကနေ စာတွေရေးလိုက်၊ မကြိုက်ရင် ပြင်လိုက်၊ ပက်လက် လှန်အနေအထားနဲ့ မျက်စိမှိတ်တဲ့အခါ မှိတ်။ ဖွင့်တဲ့အခါဖွင့်နဲ့ စိတ်ကူးစာရေးနေရတဲ့ဘဝပါ။ မအိပ်ချင်

လို့ဆိုပြီး ထထိုင်နေလို့မရတဲ့ဘဝ၊ အေးအေးဆေးဆေး စာထိုင်ရေးနေလို့မှမရတဲ့ အနေအထားကနေ ဒီလောက်တောင်ကောင်းတဲ့ ကဗျာမျိုးထွက်လာအောင် ရေးနိုင်တယ်ဆိုတာ ကျနော့်အဖို့တော့ အလွန်ကို အံ့သြစရာပါပဲ။

ရွှေဘုန်းလူအနေနဲ့ ထောင်ထဲမှာ စာရွက်မသုံး(မရှိလို့) ခဲတံ၊ ဘောပင်မသုံးဘဲ စပ်ဆိုခဲ့တဲ့ ကဗျာတွေ အပုဒ်ပေါင်း ၈၀ လောက်ရခဲ့တယ်လို့ သိရတယ်။ ကဗျာတင်မကပါဘူး ဝတ္ထုတိုတွေလည်း စိတ်နဲ့ရေးခဲ့တာပဲ။ ထောင်ထဲမှာ နောက်ထပ် အံ့သြရတဲ့အချက်တခုကတော့ သူစပ်ထားတဲ့ ကဗျာတွေအားလုံးကို သူကိုယ်တိုင် မှတ်မိနေတာပဲ။ 'သံလှောင်အိမ်ကြီးကို ခေါင်းပေါ်ရွက်ထားရတဲ့ ဆပ်ပြာဘူဖောင်းလေးရဲ့ဘဝမျိုး' ဆိုတဲ့ အသုံးအနှုန်းမျိုးကို ထောင်တွင်းဘဝ နေမှုထိုင်မှုကနေ တိုက်ရိုက်ခံစားလို့ရအောင် ရွတ်ပြခဲ့တာမျိုးပေါ့။ အချိန်မရွေး နေရာမရွေး၊ ပေါက်ကွဲပျက်စီးသွားနိုင်တာမျိုးလေ။

အနုပညာသမားလို့ပြောရုံနဲ့ ဘယ်လုံလောက်ပါ့မလဲ။ ကြံ့ခိုင်တဲ့ နိုင်ငံရေးသမား၊ ပြတ်သားတဲ့ နိုင်ငံရေးသမားလို့လည်း မြင်တယ်။ (ထောင်တွင်းဖြတ်သန်းမှုဆိုတာ ထောင်ထဲမှာနေရတဲ့ နှစ်အပိုင်းအခြားအလိုက် ဘယ်လောက်ပဲ နည်းနည်း များများ။ စိတ်ဓာတ်ကြံ့ခိုင်မှု ရှိမရှိဆိုတာ မီးတင်စစ်ဆေးခံရတဲ့ နေရာဖြစ်တယ်။ တချို့က ထောင်ထဲမှာ လေးငါးဆယ်နှစ်ကြာလာတဲ့အခါ တင်းခံထားတဲ့ စိတ်ဓာတ်တွေ လျော့ပါးလာတတ်ကြတယ်။ မိသားစုအခြေအနေအရပဲဖြစ်ဖြစ်၊ ကျန်းမာရေးအခြေအနေအရပဲဖြစ်ဖြစ် တည်ဆောက်ထားတဲ့ စိတ်ဓာတ်တွေ ပြိုအိကျလာတတ်တယ်။

တချို့ကျတော့ ထောင်ထဲမှာ သုံးလေးလတောင် မနေရသေးဘူး၊ နောင်ကို နိုင်ငံရေးမလုပ်တော့ပါဘူး။ မသိလို့မှားမိတာပါ စသဖြင့် ယောင်ယောင်ကန်းကန်း ပြောတတ်ကြတယ်။ အာဏာပိုင်ဆီကိုလည်း တိုးလျှိုးတောင်းပန်တတ်ကြတယ်။ လျှို့ဝှက်ပြီးတော့လည်း အသနားခံစာ ရေးတတ်ကြတယ်။ တချို့ကျတော့ နဝတ၊ နအဖ ထောက်လှမ်းရေးနဲ့တွေ့တဲ့အခါ ယုံကြည်ချက်ကိုပြောင်းလဲဖို့ အစီအစဉ်မရှိတဲ့အကြောင်း၊ အမှန်တရားအပေါ် ပြည်သူအပေါ်ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ကြောင်း ယုံယုံကြည်ကြည် ခိုင်ခိုင်မာမာနဲ့ ပြောတတ်ကြတယ်။ အဲဒီလူတွေအကြောင်းကိုတော့ ကြုံရင်ပြောပြချင်သေးတယ်။ ဒူးထောက်ခဲ့တဲ့သူတွေအကြောင်း ပြောဖို့တော့ စိတ်မဝင်စားဘူး)

အမှန်အတိုင်းပြောရရင်တော့ ကျနော်လည်း ကြည့် ကျက်တော့ နေခဲ့ရတာပဲ။ ကိုယ်က ကိုင်းကြီးကြီးမှာနားတော့ အင်အားကို ချွေတာသုံးရတယ်။ ထောင်ထဲ ကိုယ့်ရှေ့မှာ မတရားတာ မြင်တိုင်း၊ မဟုတ်တာလုပ်တာတွေ့တိုင်း အာဏာပိုင်တွေနဲ့ ရန်လိုက်ဖြစ်နေမယ်ဆိုရင် မဟုတ်သေးဘူး။ ဒါမှမဟုတ် အာဏာပိုင်တွေရဲ့ လုပ်ချင်သလိုလုပ်ခိုင်း၊ နေစေချင်သလိုနေခိုင်းတာမျိုးကျပြန်တော့လည်း ၅ ညသွေးမရှိသလိုဖြစ်နေမယ်။ ဒီတော့ ထောင်တွင်းပြဿနာ တော်တော်များများကိုဖြေရှင်းရင် စိတ်ခံစားမှုကို တတ်နိုင်သမျှလျှော့ပြီး ဆင်ခြင်တုံတရားနဲ့ ဖြေရှင်းရတယ်။ အကန့်အသတ်ထားရတယ်။ သူ့ဘက်ကိုယ့်ဘက် ကြည့်ရတယ်။ အတိုးအဆုတ် ချင့်ချိန်ရတယ်။ ဒီတော့ ထောင်တွင်းတိုက်ပွဲတွေမှာ နိုင်တာရှိတယ်။ ဆုံးရှုံးရတာတွေ ရှိတယ်။ ဘာပဲဖြစ်ဖြစ် ထောင်ထဲက မလွတ်သရွေ့ကတော့ ဒီလိုပဲ ကျဉ်းလိုက် ကျယ်လိုက်။ ကြပ်လိုက် ချောင်လိုက်နဲ့ သံသရာလည်နေတာပါပဲ။ ဒါပေမယ့် တချို့ကိစ္စတွေကျတော့ နိုင်ငံရေးသမား ဂုဏ်သိက္ခာတွေနဲ့ဆိုင်တဲ့ တိုက်ပွဲတွေဆိုရင်တော့ အရှုံးခံ အနာခံ တိုက်ရတာတွေလည်း ရှိတယ်။ သေချင်လည်းသေ ထောင်ထဲမှာနောက် ထပ်ထောင်ချချင်လည်းချ အပြစ်ပေးချင်လည်းပေး မလျှော့နိုင်

ဘူးပေ့ါ။ ထောင်တွင်းတိုက်ပွဲတွေကတော့ များလည်း များ၊ အမျိုးအစားကလည်း စုံလှတော့ တထိုင် တည်းပြောရုံနဲ့ မလုံလောက်ပြန်ဘူး။ အစားအသောက် အနေအထိုင်၊ ရပိုင်ခွင့်၊ နိုင်ငံရေးအခန်းအနား များ၊ စာပေလေ့လာမှုသင်ကြားမှု၊ မိလ္လာ၊ စိုက်ပျိုးရေး၊ သန့်ရှင်းရေး အပါအဝင် အလုပ်တာဝန်ချထားမှု၊ လုံခြုံရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး စသဖြင့် နေ့စဉ် နေ့တိုင်းကို ထိပ်တိုက်တွေ့ချင်စရာတွေချည်းပါပဲ။ နေ့စဉ်နဲ့အမျှ ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းနေရတာပါပဲ။

ဥပမာတချို့ပြောရရင် တနေ့မှာ ထောင်ရိက္ခာ ဆန်တင်တဲ့ကားက အကျဉ်းသားတွေ ညနေပိုင်း ထမင်းစားပြီးတဲ့အချိန်ကျမှ ထောင်ထဲဝင်လာတယ်။ တကယ်ဆိုရင် ထောင်ဝင်းအထဲထိအောင်ကို မောင်းဝင်လာလို့ရပေမယ့် (၅ ည) တွေကို ထောင်ပိုင် သောင်းညွန့်က ပညာပေးချင်တော့ ထောင်ဖူးဝ မှာပဲ ဆန်ကားကို ရပ်ခိုင်းတယ်။ ထောင်ဖူးဝကနေ ဆန်တွေထားသိုမယ့်နေရာအထိဆိုရင် အနည်းဆုံး ခြေလှမ်း ၂၀၀ ဝန်းကျင်လောက် ဆန်အိတ်ကိုထမ်းပြီး သွားရမယ်။ ပြီးရင် အပေါ်ထပ်ကို လှေခါးထစ် ၃၀ လောက် တက်ရမယ်။ အဆောင်ထဲက ၅ ည တွေကိုထုတ်ပြီး ဆန်ထမ်းခိုင်းတာပေ့ါ။ ဆန်အိတ် ထမ်းနိုင်မယ့် ခပ်တောင့်တောင့်လူတွေ ထွက်ရမယ်ဆိုတော့ တကယ်လို့ ကိုယ်သာမထွက်ရင် ကိုယ့် သူငယ်ချင်းတွေထဲက ထွက်ရတော့မယ်။ (လူ ၂၀ ဆို ၂၀ ပြည့်အောင် ထွက်ရတယ်) ကမ်းနားတွေမှာ ဆိပ်ကမ်းအလုပ်သမားတွေ ဆန်အိတ်တွေထမ်းပြီး တန်းစီသယ်ပိုးနေကြတဲ့မြင်ကွင်းလိုပါပဲ။ ၅ ညတွေ ကားပေါ်က ဆန်အိတ်ချတဲ့သူကချ သယ်တဲ့သူကသယ်ပေ့ါ။ ကျနော်က အလေ့အကျင့်မရှိပေမယ့် (ဘယ်သူမှလည်း အသားလွတ် ဆန်အိတ်ထမ်းတဲ့ အလေ့အကျင့်တော့ မရှိပါဘူး) ဆန်တအိတ်ထမ်း ပြီး ခြေလှမ်း၂၀၀ လောက်ကို ခပ်မှန်မှန်သွားဖို့ ကြိုးစားတယ်။ သူများတွေတောင် လုပ်နိုင်ရင် ငါဘာလို့ မလုပ်နိုင်ရမှာလဲဆိုတဲ့ စိတ်ကလည်း ပါတာပေ့ါလေ။ ဒါပေမယ့် လက်တွေ့ကျတော့ ခြေလှမ်း၂၀၀ လောက်ကို ခပ်မှန်မှန်လှမ်းနိုင်ပေမယ့် ဆန်အိတ်ထမ်းပြီး လှေခါးထစ် ၃၀ လောက်ကို တက်တဲ့နေရာ ကျတော့ ပြဿနာတက်ပါလေရော့။ လှေခါးထစ် ၁၀ ထစ်လောက်အရောက်မှာ ခြေလှမ်းတွေက ယိုင် လာတယ်။ ဒူးတွေက မခိုင်ချင်ဖြစ်လာတယ်။ ဒါပေမယ့် လှေခါးကကျဉ်းတော့ ကိုယ်မတက်နိုင်လို့ လှေခါး လက်ရမ်းကို အားပြုပြီး ရအောင်တက်မယ်ဆိုရင်လည်း လှေခါးကကျဉ်းတော့ ကိုယ့်နောက်က ဆန်အိတ် ထမ်းပြီးလိုက်တဲ့သူကပါ ဆန်အိတ်ထမ်းပြီး တန်းစီစောင့်နေရသလို ဖြစ်နေပြန်တယ်။ သူငယ်ချင်း တချို့ကတော့ အားပေးပါတယ်၊ မနိုင်ရင် ပစ်ချလိုက် သူတို့ ဆက်သယ်မယ်ပေ့ါ။ မဖြစ်ဘူး ရအောင် တက်မယ်။ မောကလည်း မော။ စိတ်ကလည်း တို။ ဖြစ်ချင်ရာဖြစ်ဆိုပြီး ရအောင်ဆက်တက်တယ်။ လှေခါးထစ် ၃၀ အပေါ်ရောက်ဖို့ လှေခါး၂ ထစ်လောက်အလိုကျတော့ ကျနော် နောက်လန်ကျတော့ တာပါပဲ။ “သူငယ်ချင်း … ဆန်အိတ်ပစ်ချလိုက်”လို့ အော်ဟစ်သတိပေးသံနဲ့အတူ ကျနော့်နောက်က ဝင်ထိမ်းလိုက်တာကတော့ ရွှေဘုန်းလူရဲ့အကို အောင်ဒင်။ ကျနော် မောနေတယ်၊ ဒူးတွေ တုန်နေတယ်၊ ခါးနည်းနည်း နာသွားတယ်၊ တောက်တချက် ခတ်တယ်။

တောင်ယာအနေနဲ့ သစ်ပင်တွေ ရေလောင်းရတော့ ရွှေဘုန်းနဲ့ကျနော် အတူတူ ယာခင်းတခင်း တည်း လုပ်ရတယ်။ ရေလောင်းခိုင်းတာက အညာနေ နေ့လည် တနာရီလောက်မှာ ရေလောင်းခိုင်း တယ်။ ရေဆွဲတဲ့သူတွေက ဆွဲပေ့ါ။ ရွှေဘုန်း ပိန်ပိန်ညောင်ညောင်က ရေနှစ်ပုံးကို လက်နှစ်ဖက်ကဆွဲပြီး ဒယိုင်းဒယိုင် ရေလောင်းဖို့ကြိုးစားတယ်။ ပူပြင်းလှတဲ့ နေပူဒဏ်ကိုခံနိုင်အောင် ခေါင်းကို အဝတ်အကျီနဲ့ ခေါင်းပေါင်း လုပ်ရတယ်။ ဒါတောင် အားနည်းတဲ့သူ ဖျားတာပါဘဲ။ ဒီတော့ ကျနော်က ရွှေဘုန်းအစား သစ်ပင်ရေလောင်းပေးတယ်။ ရေလောင်းနေတဲ့ ကျနော့်ကိုကြည့်ပြီး ရေဆွဲနေတဲ့ သူငယ်ချင်းတွေကို

ကြည့်ပြီး ရွှေဘုန်း ကဗျာရေးတယ်။ ကျနော်တို့ ရေလောင်းပြီး ခဏနားတဲ့အချိန်မှာ သူ စပ်ထားတဲ့ ကဗျာကို ရွတ်ပြတယ်။ ကျနော် ဆေးလိပ်သောက်အပန်းဖြေရင်း သူ့ကဗျာတွေကို နားထောင်။ အားတွေ ပြန်ဖြည့်ရတယ်။ 'စက္ကူနံရံတွေ ပြိုလဲချိန်' ဆိုတဲ့ နာမည်နဲ့ပေါ့။

ကျနော်က သူ့စာသားတွေ မမှတ်မိတော့ဘူး။ နမိတ်ပုံနဲ့ပြောချင်တာတွေကိုတော့ ဖမ်းမိတယ်။ အမှန်တော့ ရွှေဘုန်းပြောသလိုပါပဲ၊ ၅ ည တွေအတွက် ထောင်ဆိုတာ အုတ်ရိုးနဲ့ကာရံထားတာမှ မဟုတ်တာ။ အခု ဆုတ်ဖြဲချင်ဖြဲလို့ရတဲ့ စက္ကူတွေနဲ့ ချုပ်နှောင်ထားတာပါ။ ဥပဒေမဲ့ ထောင်ထဲထည့် ချင်သူကို အချိန်မရွေးဖမ်းပြီးထည့်၊ ဥပဒေမဲ့ လွှတ်ချင်တဲ့သူတွေကို အချိန်မရွေးလွှတ်နိုင်တဲ့ အာဏာရှင် တွေပါ။ ၅ ညတွေအတွက် ထောင်ဘယ်လောက်ပဲချချ၊ လွှတ်ရက်ဆိုတာ မနက်ဖြန်ပါပဲ။ ဒီလိုနဲ့ ကျနော် ၁၇ နှစ်ကျတာ ၁၄ နှစ်လောက်နေခဲ့ရပြီး တချို့တွေကျတော့ ၂၅ နှစ်လောက်ကျတာ ၁ နှစ် ကျော်ကျော် လောက်ပဲ နေရသူတွေရှိတယ်။

ထောင်အာဏာပိုင်က အလုပ်တွေမတရားခိုင်းတော့ ပြဿနာဖြစ်တယ်။ အကျဉ်းသားအခွင့် အရေးတွေမပေးတော့ ပြဿနာဖြစ်တယ်။ ထောင်အာဏာပိုင်တွေက အမျိုးမျိုးပညာတွေပြပြီး နှိပ်စက် တယ်။ ၅ ညတွေက အမျိုးမျိုး ဆီလိုအပေါက်ရှာပြီး အခွင့်အရေးတွေရအောင် ပြန်တိုက်တယ်။ ဇာတ် တော်ကိုပေါင်းတော့ ထောင်မှူးတွေ၊ အကြပ်တပ်သားတွေ ပြုတ်တဲ့သူက ပြုတ်။ နယ်လွှင့်တဲ့သူက လွှင့်။ ၅ ည တွေလည်း ရိုက်ခံရတဲ့သူတွေက ရိုက်ခံရ။ တိုက်ပိတ်။ ထောင်ဝင်စာပိတ်။ ရေချိုးပိတ်။ မိလ္လာချခွင့် ပိတ်။ ခြေခြင်းခတ်။ ဒေါက်ခတ်။ ထောင်ပြောင်း။ နောက်အမှုကပ် စသဖြင့်ပေါ့။ သရက်ထောင်က မနိုင်လို့ ပထမဦးဆုံး ထောင်ပြောင်းခံရတာ ရွှေဘုန်းလူပါပဲ၊ သာယာဝတီ ထောင်ကို။

ရွှေဘုန်းလူကနေ တာရာမင်းဝေဖြစ်လာတော့ ကျနော် ထောင်ကမလွှတ်သေးဘူး။ အတွေးဆန်း ဆန်း အရေးဆန်းဆန်းတွေနဲ့ လူငယ်တွေကြားမှာ အောင်မြင်တယ်လို့ကြားတော့ ဝမ်းသာမိတယ်။ ဆောင်းပါးတွေ၊ ကဗျာတွေ၊ ဝတ္ထုတို ရှည်တွေ၊ ဘာမှန်းမသိတဲ့ စာအမျိုးအစားတွေ ရေးတယ်။ လက်ခံ ကြတယ်။ အောင်မြင်တယ်ကြားတော့ ထောင်ထဲမှာ နောက်ထပ်အသစ်အသစ်တွေရောက်လာတဲ့ ကျောင်းသားလူငယ်တွေကို ထောင်ထဲမှာ နေနည်းထိုင်နည်း ဥပမာပေးစရာရသွားတယ်။ (ထောင်ထဲက လွှတ်ခါနီးလူတော်တော်များများနဲ့ တွေ့ဖူးတယ်။ အများစုက ထောင်ကပြန်လွှတ်ရင် ဘာလုပ်ရမှန်း မသိနိုင်တဲ့သူကများတာ တွေ့ရတယ်) ထောင်ထဲမှာ ဘဝရဲ့အဓိပ္ပာယ်ဆိုတာ ဘာလဲ၊ ပုဂ္ဂလိက ရည်ရွယ် ချက်က ဘာလဲ၊ ဘဝမှာ ဖြစ်ချင်တာတွေက ဘာလဲ၊ မဖြစ်ချင်တာတွေက ဘာလဲ၊ မရှိမဖြစ် လိုအပ်ချက် တွေက ဘာလဲ၊ မရှိမဖြစ် မဟုတ်တာတွေကဘာလဲ ဆိုတဲ့မေးခွန်းတွေကို အချင်းချင်း မေးကြ၊ တွေးကြ၊ စိတ်ကူးတွေတည်ဆောက်ကြ၊ အာရုံစူးစိုက်ထားကြ၊ အာရုံတွေစုစည်းထားကြ၊ အဆင်သင့်လို့ ထောင် ထဲကပြန်လွှတ်တာနဲ့ တွန်းကန်အားအပြည့်သုံးတဲ့ အာကာသ ဒုံးပျံယာဉ်ကြီးလို တဟုန်ထိုး တရှိန်ထိုး တက်သွားနိုင်ကြမယ်ပေါ့။ ဒါဆိုရင် ထောင်ဆိုတာ ပြည်သူတွေ ကိုယ်စား နိုင်ငံရေးကိစ္စတွေကိုဆောင် ရွက်ရင်း ထောင်ထဲရောက်လာတဲ့ နိုင်ငံရေးသမားတွေအတွက် ရွံစရာ၊ ကြောက်စရာ၊ ပျင်းစရာ၊ ပျက်စရာ မဟုတ်။

မဂ္ဂင်ဆရာတော်ကြီး ဟောသလို ပျင်းတယ် ပျော်တယ်ဆိုတာလည်း စိတ်။ ကျဉ်းတယ် ကျယ် တယ်ဆိုတာလည်း စိတ်။ နိမ့်တယ် မြင့်တယ်ဆိုတာလည်း စိတ်။ နီးတယ် ဝေးတယ်ဆိုတာလည်း စိတ်။

အဲဒီစိတ်ကို အာရုံစူးစိုက်ထားနိုင်ရင် မင်းကို ဘယ်နေရာမှာ ဘယ်လိုထားထား၊ တုန်လှုပ်မှု မရှိတော့ဘူး။ မင်းကိုယ်မင်း အာဏာပိုင်ဖြစ်နေမယ်။ မင်းကိုယ်မင်း အာဏာပိုင်မှ မင်းကိုယ်မင်း အစိုးရမယ်။ မင်းကိုယ်မင်း အစိုးရမှ မင်းကိုယ်မင်း ကယ်တင်နိုင်မယ်။ မင်းကိုယ်မင်း ကယ်တင်နိုင်မှ မင်းကိုယ်မင်း လွတ်မြောက်နိုင်မယ်။ မင်းလွတ်မြောက်မှ တခြားသူတွေ လွတ်မြောက်အောင် ကူညီနိုင်မယ်။

ရွှေဘုန်းက ကျန်းမာရေးအရ တောင်ယာရေမလောင်းရတော့ မနက်ပိုင်းဆို လမ်းလျှောက်ရင်း ကဗျာအကြောင်း စာအကြောင်း ပြောတယ်။ နေ့ခင်းပိုင်းဆို တရားထိုင်တယ်။ ညနေပိုင်း လမ်းလျှောက်တယ်။ ညဖက်မှာ စိတ်ကူးနဲ့ စာရေးတယ်။ အဲဒါ နေ့စဉ်ရက်ဆက် လုပ်တယ်။ ထောင်ထဲမှာ သူ့ရဲ့ နေပုံထိုင်ပုံ လုပ်ပုံကိုင်ပုံကိုကြည့်ပြီး ကျနော်က “ခင်ဗျား အောင်မြင်တဲ့စာရေးဆရာတယောက် ဖြစ်ကို ဖြစ်ရမယ်လို့”ပြောခဲ့ဖူးတယ်။ “မြန်မာပြည်ရဲ့ စာရေးဆရာတော်တော်များများက အရက်သောက်ကြတယ်။ ယစ်ထုတ်ကြီးတွေ ဖြစ်တတ်ကြတယ်။ ခင်ဗျားစာရေးဆရာဖြစ်တဲ့အခါ အရက်မသောက်ဘဲ နေနိုင်ပါ့မလား”လို့ မှတ်မှတ်ရရ မေးဖူးတယ်။ ရွှေဘုန်းက “ကျနော်ငယ်ငယ်က ကျနော့်အဖေ အရက်သောက်တာတွေ့တာနဲ့တင် အရက်သောက်ချင်စိတ်မရှိတော့ဘူး။ အရက်သောက်ဖြစ်မယ် မထင်ဘူး” လို့တော့ပြောဖူးတယ်။ ဒါပေမယ့် ၂၀၀၅ ကျနော်ပြန်လွတ်တော့ ရွှေဘုန်း အရက်ပုလင်းထဲ ရောက်နေပြီ။ “ကျနော် အရက်ဖြတ်ချင်စိတ်ရှိတယ်။ အရက်ဖြတ်မယ် စာပြန်ရေးမယ်” ဆိုတာနဲ့ ဝမ်းသာ အားရ အရက်ပြတ်အောင်ကူညီခဲ့တယ်။ သူလည်း လုံးဝ အရက်ပြတ်သွားတယ်။ လုံးဝကို မသောက်တော့ဘူး။ ဒါပေမယ့် သိပ်တော့မကြာလိုက်ဘူး။

ပြည်တွင်းက ကုန်တိုက်တွေမှာ ဗုံးကွဲတော့ နအဖ က အမေရိကန်မှာရောက်နေတဲ့ သူ့အကို အောင်ဒင်ရဲ့ လက်ချက်လို့ စွပ်စွဲတယ်။ ဘာမှမဆိုင်တဲ့ ရွှေဘုန်းနဲ့ သူ့အမေကို အောင်သပြေ စစ်ကြောရေးစခန်းမှာ ခေါ်စစ်ဆေးတယ်။ သူ့ညီမလေးလည်း ပါတယ်။ အရက်ဖြတ်ထားလို့ ကျန်းမာရေး အားနည်းနေတဲ့ ရွှေဘုန်းလည်း တော်တော်ခံလိုက်ရတယ်။ အမှုစွဲတင်လို့မရတော့ အိမ်ပြန်ပို့တယ်။ အိမ်နားတဝိုက်မှာ ထောက်လှမ်းရေးတွေ စောင့်ကြည့်တယ်။ တိုင်းအဆင့် ရဲထောက်လှမ်းရေးက အောင်ဒင်နဲ့အဆက်အသွယ်ရှိမရှိ ခဏခဏ ခေါ်မေးတယ်။ မြောက်ဒဂုံရဲစခန်းကလည်း နေ့တိုင်း အိမ်ကိုလာကြည့်တယ်။ အိမ်ကို အဝင်အထွက်လုပ်တဲ့သူတွေကို စစ်ဆေးတယ်။ တကယ်တော့ ယူအက်စ်စီဘီ (USCB)မှာ နအဖ ဆန့်ကျင်ရေး ကမ်ပိန်းလုပ်နေတဲ့ အောင်ဒင့်ကိုချလို့မရလို့ ညစ်တွန်း တွန်းတယ်ဆိုတာ ကျနော်တို့ သိတယ်။ အရက်ဖြတ်ဆေးတွေသောက်နေတဲ့ ရွှေဘုန်း အရက်ပြန်သောက်ဖြစ်တာ နအဖ ကြောင့်လို့ပဲ တည့်တည့်ပြောချင်တယ်။ သူဆုံးတော့ ကျနော် အပြင်ရောက်နေပြီ။

သေတော့လည်း ဘဝပြတ်တာပဲဆိုတဲ့ အယူအဆက ဒိဋ္ဌိ အယူပါ။ သေရင် နောက်ဘဝရှိသေးတယ်ဆိုတာလည်း ဒိဋ္ဌိအယူပဲ။ ဗုဒ္ဓ ဘာသာက တဏှာ၊ ဥပါဒန်၊ ကံ။ အဲဒီ ကံရှိနေသ၍ သံသရာမှာ မွတ်နေအောင် လည်နေဦးမှာပါ။ ရွှေဘုန်းလူ ခေါ် တာရာမင်းဝေ ဘယ်ရောက်သွားတယ်ဆိုတာ ဘယ်သူမှတော့ တပ်အပ်ပြောနိုင်မှာ မဟုတ်ဘူး။ ဒါပေမယ့် ရောက်ရာဘဝမှာတော့ သူ့ကိုယ်သူ အောင်မြင်အောင် စွမ်းဆောင်နိုင်လိမ့်မယ်။ သူအောင်မြင်ရင် သူ့ပတ်ဝန်းကျင်ကို အောင်မြင်လာအောင် စွမ်းဆောင်နိုင်လိမ့်မယ်လို့တော့ ကျနော် ယုံကြည်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပညာဆိုတာ အထုံပါရမီသဘောဆောင်တာကိုး။ ။




မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချိသည်။

# ပန်းခေတ်က လမင်းသို့ လွှမ်းချင်း

## ပန်းချီ ထိန်လင်း

လောက လေအဆန်မှာ
ကိုယ့်ကိုကိုယ် အန်ထုတ်
ငါတို့အားလုံး မိုးမချုပ်မီ
အိမ် ကို ပြန် ကြ မည်။

(တာရာမင်းဝေ ရဲ့ တိမ်ဖြူတို့နှင့်အတူ ... ကဗျာ မှ)

၂ နှစ် ဆိုပါလား။ ခင်ဗျားနဲ့ပတ်သက်လို့တော့ မနေ့တနေ့ကလိုပါပဲ။ ကျုပ်အနေနဲ့ အဲဒီနေ့ဟာ အနေးနဲ့အမြန်ဆိုသလို ကြုံလာရမယ်လို့သိနေပေမယ့် ဒီလောက်မြန်မြန်ကြီး ကြုံရလိမ့်မယ်လို့ မထင်ခဲ့ဘူး။ ဩဂုတ်လ ၅ ရက်။ ရုတ်တရက် ဘီဘီစီ က ကိုဝင်းနိုင်ဦးက ဖုန်းဆက်လာတယ်။ "ဟေ့လူ ... သိပြီးပြီလား၊ တာရာမင်းဝေ ဆုံးသွားပြီ။ အဲဒါ ခဏကြာရင် ဖုန်းပြန်ဆက်မယ်။ သူ့ မိသားစုကိုဆက်ဖို့ ရန်ကုန်မှာ အိပ်ချိန်ကြီးဖြစ်နေလို့ မဆက်နိုင်ဘူး။ အသံလွှင့်ချိန် နီးနေပြီ၊ ခင်ဗျားအသံ လိုချင်တယ်တဲ့"။

မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချိသည်။

ခြံခိုတိုက်တာခံလိုက်ရသလို အလဲလဲအကွဲကွဲကြားမှာ စာအုပ်စင်ကြားကနေ စာအုပ်တချို့ ဆွဲထုတ်လိုက်တယ်။ မိုးခေါင်လို့ တီးတဲ့ဗုံသံ။ ပြိုင်မြင်းတို့ရဲ့ ခွာသံ။ ဟုတ်တယ် … ခင်ဗျားထွက်ခွာ သွားတဲ့ ခွာသံ။ ဒါပေမယ့် ကျုပ်အဖို့တော့ ဗုံသံမဟုတ်ဘဲ ဖုံးသံကို ကြားလိုက်ရသလို ခြောက်ခြောက်ခြားခြား ကျန်ရစ်ခဲ့ရတယ် ကိုရွှေဘုန်းရေ …။

ကြေကွဲစရာနဲ့ နိဂုံးချုပ်ခဲ့တဲ့ ဖတ်ထားပြီးသားဝတ္ထုတခုကို ရုပ်ရှင်အဖြစ်ကြည့်ရတဲ့အခါ ကြိုသိထားပြီးသား နိဂုံးထက်ပိုပြီးကို ကြေကွဲရသလိုမျိုး အလန့်တကြား ကြေကွဲရတာကတော့ အင်တာနက်စာမျက်နှာပေါ်က ဓာတ်ပုံမှာ ခင်ဗျားအလောင်းနားမှာ ကိုသူရ ငေါင်စင်းစင်းကြီး ရပ်နေတဲ့ပုံပါပဲ။ သူ့ကြောင့်ပဲ ခင်ဗျားနဲ့ ကျနော်တို့ တွေ့ဆုံခဲ့တာလေ။

ခင်ဗျားကို လူချင်းမတွေ့ရသေးခင်မှာ မြင်းစီးထွက်သော အိမ်မက်များ ဆိုတဲ့ ခင်ဗျားရဲ့ ဗီဒီယိုဇာတ်ညွှန်းကို ကိုသူရဆီက ဖတ်ရတယ်။ ခင်ဗျား သိပါတယ်။ ကိုသူရ အကြောင်း။ အမှန်တော့ ကျုပ်ကို ထုတ်ကြွားတာလေ။ ကျုပ်ကယူပြီး တခန်းဖတ်ပြီးတာနဲ့ သူနဲ့အဆက်အသွယ်ပြတ်ပြီး ခင်ဗျားဇာတ်ညွှန်းထဲ နစ်ကျွံကျသွားတော့တာကိုး။ “ဒီလိုတော့ ဘယ်ရမှာလဲ။ နောက်မှဖတ်စမ်းပါ။ အဲဒါ ငါဝယ်ထားတာ မင်းအိမ်ယူသွားလို့ ရတယ်။ အဲဒီ တာရာမင်းဝေ ဆိုတဲ့ စာရေးဆရာဆိုတာ …”က အစချီပြီး ဖွဲ့နွဲ့တော့သကိုးဗျ။ နိုင်ငံရေးနဲ့ထောင်ကျပြီး ပြန်လွတ်လာတဲ့အကြောင်းနဲ့ စတာ။

သူ့ အဖွဲ့အနွဲ့မှာ ခင်ဗျားက ဗန်းမော်တင်အောင်တို့ သိန်းဖေမြင့်တို့ဝတ္ထုတွေထဲက ဇာတ်လိုက်လိုလိုဖြစ်လာပြီး ကျုပ်ဘဝမှာ ထောင်မကျမိတာဘဲ တစ်ဖူနာသလိုလို ခံစားလာရတော့တာ။

ခင်ဗျားကိုလည်း ကျုပ်နဲ့ပတ်သက်ပြီး သေချာပေါက် ခင်းကျင်းခဲ့တယ်ဆိုတာကိုး။ သူ လူရွှင်တော်ပြိုင်ပွဲမှာ ရွေးပေးခဲ့တဲ့ လူရွှင်တော်လေးပါပေ့လေ။ အဲဒါ ရှစ်လေးလုံးအပြီးမှာ သူပုန်လေး ဖြစ်သွားပြီး တောထဲမှာ ထောက်လှမ်းရေးအချင်းချင်း အာဏာလုကြတဲ့ပွဲမှာ ထောက်လှမ်းရေးဆိုစွပ်စွဲပြီး ညှဉ်းပန်းနှိပ်စက်တာတွေခံရလို့ ပြန်ပြေးလာပြီးကတည်းက လူပြက်ကနေ ပန်းချီဆရာ လုပ်မယ်ဆိုပြီး ဘာပုံတွေမှန်းမသိတဲ့ စိတ္တဇပန်းချီပုံတွေဆွဲပြီး ယဉ်ယဉ်လေးနဲ့ ရူးနေရှာတဲ့အကြောင်း သူ ပြောမယ်။ ကျုပ်က ဒီလူ့ အဖွဲ့အနွဲ့နဲ့ ခင်ဗျား ဇာတ်ညွှန်းကိုဖတ်ပြီး လူမမြင်ဘူးခင်ကတည်းက အထင်ကြီးနေခဲ့ပြီး ခင်ဗျားကတော့ ကျုပ်ကို လူချင်းမတွေ့ခင်ကတည်းကတင် ကြိုပြီး ပေါက်တတ်ကရ တော်တော်လုပ်တတ်တဲ့ကောင်တကောင်ဆိုတာ သိနေခဲ့ပုံရပါတယ်။

ကျုပ်တို့ချင်း စတွေ့ကြတဲ့နေ့မှာပဲ ကိုသူရအိမ်ကအပြန် ခင်ဗျား ကျုပ်အိမ်လိုက်လာပြီး ကျုပ်ရေးထားတဲ့ ကားတွေကို ပေါက်ထွက်သွားမတတ် စိုက်ကြည့်တယ်။ နောက်တော့ သရုပ် မဂ္ဂဇင်း ‘ပင်လယ်တဝက် တောင်တန်းတဝက်ဖြစ်နေတဲ့ ကောင်လေး’ဆိုတဲ့ဝတ္ထု ပေးဖတ်တယ်။ တရက်တည်းအတွင်းမှာပဲ ကျုပ်တို့ချင်း ငယ်ပေါင်းကြီးဖော်တွေလို တယောက်နဲ့တယောက် ဖောက်ထွင်းသိမြင်ခင်မင်သွားခဲ့ကြ။ ကျုပ်ကလည်း အိမ်ထောင်ကျကာစ ဒဂုံမြောက်က ၅၀ ရပ်ကွက်မှာ အိမ်ငှားနေတဲ့အချိန်။ ခင်ဗျားအိမ်နဲ့က မှတ်တိုင် ခြောက်တိုင်လောက်ပဲ ကွာတာဆိုတော့၊ နောက်ဆုံး ကျနော်တို့အိမ်မှာပဲ နေသလောက်နီးနီး ဖြစ်သွားတော့တာပေ့။

❖❖❖

**မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချိသည်။**

အဲဒီလိုနဲ့ သူကလည်း စာရေးဆရာပေါက်စဘဝနဲ့ စာပေလောကထဲကို အရှိန်ပြင်းပြင်းနဲ့ တိုးဝင်စ၊ ကျနော်ကလည်း သူပုန်လူထွက်ဘဝကနေ ခပ်တည်တည်နဲ့ ပန်းချီဆရာလို့ ကိုယ့်ဖာသာကြေညာပြီး ပန်းချီလောကထဲကို ဆိုင်းမဆင့် ဗုံမဆင့် ဝင်ချလာကာစမှာ ငါးထန်းရွက်တကောင်လို ပူးတွဲမိကြသဗျ။ အဲဒီအချိန် ကိုရွှေဘုန်းကလည်း လူက အလိုလိုက မှုန်ကုပ်ကုပ်၊ သူ့ရဲ့ ပြိုင်မြင်းတို့ရဲ့ ခွာသံ အနုပညာရေးရာဆောင်းပါးတွေရေးတော့လည်း လေသံကခပ်ပြင်းပြင်းဆိုတော့ အတော်လေးတော့ လူများ မျက်စိနောက်ခံရသလို၊ ကျနော်ကလည်း တောထဲက ဒဏ်ရာတွေ၊ အဖြစ်အပျက်တွေနဲ့ တလောကလုံး ကို အချဉ်ပေါက်ပြီး အသောက်ကကြမ်းကြမ်းနဲ့ ရမ်းရမ်းကားကားလုပ်တဲ့နေရာမှာတော့ တော်တော် နာမည်ပျက်လေး ရနေစပြုပါပြီ။ အဲဒီလိုအခြေအနေမျိုးမှာ တွဲမိကြတာပါ။

ဘယ်လောက်အတွဲညီကြသလဲဆိုတော့ ကျနော်တို့ နှစ်ယောက်ကို မိတ်ဆက်ပေးတဲ့ ကိုသူရဆီ လည်း မသွားကြတော့ပါဘူး။ ကျနော်က သူ့ကို ကျနော် သောက်စားရမ်းကားသမျှကို ကြည်ကြည် ဖြူဖြူ နားလည်ခွင့်လွှတ်ပြီး ကျနော့်အတွက် တံခါးအမြဲဖွင့်ပေးထားတဲ့ (အမှန်တော့လည်း အဲဒီပုဂ္ဂိုလ် တွေအားလုံးက ကျနော့်ထက်ဆိုးတဲ့လူချည်းပါ။) ဦးအောင်မြင့်ရဲ့ အင်းလျားပန်းချီပြခန်း၊ ပန်းချီ ကေမြိုး နဲ့ ကန့်ကော်ရွာ ပန်းချီအဖွဲ့။ နောက် လောကနတ်ပြခန်းတို့ကိုခေါ်သွားပြီး သူကတော့ ကျနော့်ကို လူချင်းစရင်းနှီးပြီးတဲ့ နောက်တရက်မှာတင် သူ့ရဲ့ အဲဒီအချိန်က ခံစစ်စည်းလို့ပြောလို့ရ၊ ရှေ့တန်း စစ်မျက်နှာလို့ ပြောရင်လည်းမမှားတဲ့ လမ်း ၃၀ ထဲ သရဖူ မဂ္ဂဇင်းကိုခေါ်သွားပြီး အဖွဲ့သားတွေနဲ့ မိတ်ဆက်ပေးသဗျ။ အဲဒီအချိန်က သရဖူမဂ္ဂဇင်းက ပို့စ်မော်ဒန် အနုပညာတွေကို ဦးစားပေးဖော်ပြနေပြီး အယ်ဒီတာအဖွဲ့ဝင်တွေက ကိုငြိမ်း (ငြိမ်းအေးအိမ်)၊ ကဗျာဆရာ မင်းထက်မောင်နဲ့ နာမည်ကျော် သိမ်းတင်သား အမည်ခံ ကိုကြွက်နီတို့ပါ။ ဝိုင်းသားတွေအနေနဲ့တော့ ဆရာဇော် (ဇော်ဇော်အောင်)၊ ဆရာဦးကိုယု(အဲဒီကာလက မောင်သစ်နာမည်နဲ့ လစဉ် သရော်စာတွေ လက်သံပြောင်နေတာပါ)။ သစ္စာနီ၊ ကိုအောင်ဝေး နောက် မင်းခိုက်စိုးစန်၊ နီကိုရဲ၊ ပန်းချီမောင်နိုး၊ ကိုပိုပို တို့ပါ။ အဲဒီလို ကိုရွှေဘုန်း ကောင်းမှု အကြောင်းပြုပြီး ကျနော်ဟာလည်း သရဖူ ဝိုင်းတော်သားတယောက် ဖြစ်လာသဗျ။ နောက် တော့ ဟန်သစ်မဂ္ဂဇင်းအယ်ဒီတာ ကိုတင်ကိုအောင်နဲ့ပါ ရင်းနှီးဖြစ်သွားပါတယ်။ ကျနော်လည်း ဒီလိုနဲ့ မဂ္ဂဇင်းတွေမှာ ကြိုကြား ကြိုးကြား ကဗျာတွေ ဝင်ရေးဖြစ်ခဲ့ပါတယ်။

သူရော ကျနော်ပါ လက်ထဲမှာ ငွေများများစားစားမရှိတဲ့အချိန်က များပါတယ်။ အဲဒါကြောင့် ကျနော်တို့နှစ်ယောက် ထမင်းစား၊ လက်ဘက်ရည်သောက်ချင်ရင် ကိုရဲ (သစ္စာနီ) ရဲ့ မြောက်ဥက္ကာပ အိမ်၊ ဆရာဇော် (ဇော်ဇော်အောင်)နဲ့ ကိုငြိမ်းအေးအိမ်တို့ရဲ့ ၈ မိုင်ကို ပြေးတော့တာပါပဲ။ အရက် သောက်ချင်ရင်တော့ နောက်ဆုံး ကိုသူရ (ဇာဂနာ) ဘူတာရုံကို ဆိုက်ကပ်ရပါတယ်။ ကျနော်က ကိုသူရ ရိုက်တဲ့ရုပ်ရှင်ကားတွေမှာ ဇာတ်ပို့သရုပ်ဆောင်လုပ်ပြီးဝင် ငွေရှာသလို သူကလည်း ဇာတ်ညွှန်းတွေ ရေးပေးနေတာပါ။ ဒါပေမယ့် ကျနော်တို့က ကိုသူရဆီ သိပ်အသွားနည်းပါတယ်။ တစ်အချက်ကတော့ ကိုသူရက အရမ်းအောင်မြင်နေတဲ့ ဗီဒီယို ဒါရိုက်တာမို့ အလုပ်အရမ်းများလို့ပါ။ နှစ်အချက်ကတော့ ကိုသူရက ကျနော်တို့ရဲ့ ပို့စ်မော်ဒန် ပန်းချီ၊ ပို့စ်မော်ဒန် ကဗျာတွေကို သူ့ရဲ့(ပို့စ်မော်ဒန်) ပြက်လုံး တွေနဲ့ ကောင်းကောင်းနှိပ်ကွပ်တတ်တာမို့ပါ။ ကိုသူရကလည်း ကျနော်တို့ကွယ်ရာမှာ သူ မိတ်ဆက် ပေးခဲ့တဲ့ ကျနော်တို့နှစ်ကောင်ဟာ ဘုန်းကြီးရူးနဲ့ လှေလူး တွေ့နေကြတဲ့အကြောင်း ကျယ်ကျယ်လောင် လောင် ပြောနေကြောင်း သိနေရပါတယ်။ အဲဒီကာလမှာ ကိုသူရက သူ့ရဲ့ ရုပ်ရှင် ရိုက်ကွင်းတခုမှာ ရောက်လာတဲ့ လည်ကတုံး အင်္ကျီအဖြူနဲ့ မွန်မွန်ရည်ရည်လူတယောက်နဲ့ မိတ်ဆက်ပေးသဗျ။ တောင်ငူ

ထောင်က လောလောလတ်လတ် လွတ်လာတဲ့ ကဗျာဆရာ ဇော်သက်ထွေး အမည်ခံ ကိုသက်ဇော် ပါ။ ကျနော့်စိတ်ထဲမှာတော့ ဟင်း ... လာပြန်မဟ ထောင်ထွက်တယောက်ပေ့ါ။ ကိုသက်ဇော်ဟာလည်း အံ့သြစရာကောင်းလောက်အောင် အချိန်တိုတိုလေးအတွင်းမှာပဲ ကျနော်တို့ နှစ်ယောက်နဲ့ သူတော် ချင်းချင်း ပေါင်းဖက်တွေ့ ဆိုသလို ပုလင်းတူ ဖူးဆို့ ဖြစ်သွားသဗျ။ ဒီနေရာမှာ ပြောစရာရှိတာက သူတို့ နှစ်ယောက်စလုံးဟာ အရက်သောက်ဖို့ပဲ ကြံဆနေကြတဲ့သူတွေမဟုတ်ကြောင်း အရင်ပြောဖို့ လိုလာ သဗျ။ ပြောရရင် ကိုရွှေဘုန်းဆို ဘီယာကလွဲလို့ အရက်ပြင်းကို သောက်တတ်တဲ့သူ မဟုတ်သေးပါ။ ဘီယာ ၂ ဗူးလောက်ဆို တော်တော်ကို မူးနေလှပါပြီ။ ကျနော်ကတော့ အဖြူရော အနီရော။ အရည်ရော၊ အငွေ့မှာပါ ပျော်မွေ့နေတဲ့ အခြေအနေမှာပါ။ အနုပညာအရာမှာ သူတို့ထက်ဝါနုပေမယ့် မူးယစ်သောက် စားမှုမှာ ပျော်မွေ့ပုံမှာတော့ သူတို့က လက်မြှောက်ထားရတဲ့အပြင် သူတို့ရည်းစားလေးတယောက် လောက်ရှိရင်ကောင်းမှာပဲလို့ စ’စဉ်းစားချိန်မှာ ကျနော်က အိမ်ထောင်သည်အဖြစ်နဲ့ ပခုံးပေါ်မှာတပွင့် တင်ထားပါပြီ။

ကျနော့် ပထမ ဇနီးကလည်း သူတို့နှစ်ယောက်စလုံးကို ချစ်ခင်ပါတယ်။ တစ်က သူတို့ နှစ်ယောက် လုံးက သူတို့စာမူခရလာတဲ့အချိန်တိုင်း အိမ်ကို သောက်စရာနဲ့ ပြန်လာတတ်သလို၊ ကျနော့်ဇနီးစားဖို့ လည်း တခုခုတော့ ပါအောင်ဆွဲလာတတ်လို့ပါ။ တခါတလေလည်း “ရော့ ... မသင်း၊ အိမ်စရိတ်”ဆိုပြီး အင်မတန် လက်ဖွာတတ်တဲ့ ကိုရွှေဘုန်းက ပေးတတ်တာမို့ သူတို့နှစ်ယောက်စလုံးကို ကျနော့်ဇနီးက ကြည်ဖြူသဗျ။ နှစ်အချက်ကတော့ ကိုရွှေဘုန်းရဲ့စာမူတွေကို မဂ္ဂဇင်း မပို့ခင်ကတည်းက ကြိုဖတ်ခွင့်ရ နေတာမို့ပါ။ စာမူတွေထက် သူမအတွက် ပိုပြီးစိတ်ဝင်စားစရာကောင်းတာကတော့ မိတ်ဆက်စာတွေပါ ခင်ဗျ။ ထုံးစံအတိုင်း စာတွေအများစုကလည်း ကောင်မလေးတွေကချည်းပေ့ါဗျာ။

တခါတရံတော့ သူအိမ်ပြန်မလာတာကြာတော့ ကြီးကြီး (သူ့မိခင်)က မှာတဲ့အခါမှာတော့ ကျနော် ပါ သူ့အိမ်လိုက်သွားတတ်ပါတယ်။ စိတ်မပူဖို့နဲ့ တခြားသွားနေတာမဟုတ်ဘဲ ကျနော်တို့နဲ့ နေ နေ ကြောင်းပြောဆိုပြီး ချက်ပြုတ်ထားတာ စားသောက်ပြီး ပြန်ကြပါတယ်။ ကိုရွှေဘုန်းက သူ့အမေရဲ့ မေတ္တာကြီးမားတဲ့အကြောင်း ငယ်စဉ်က သူတို့ကို ခက်ခက်ခဲခဲ ကျောင်းထားခဲ့ပုံနဲ့ သူနဲ့ ကိုအောင်ဒင် တို့ထောင်ကျနေစဉ်မှာလည်း အပြုံအစူ မရှိ၊ သတ္တိရှိရှိ ရပ်တည်ပံ့ပိုးပေးခဲ့ပုံတွေကို ပြောပြပါတယ်။ ကြီးကြီးက သူ့သားတွေတင်မဟုတ်ဘဲ သားတွေရဲ့သူငယ်ချင်းအပေါ်မှာပါ တာဝန်ကျေတဲ့သူပါ။ သား သူငယ်ချင်းတွေရဲ့ သာရေးနာရေးကိစ္စတွေမှာလည်း မပျက်အကွက် တက်ဖြစ်အောင်တက် တတ်ပါသဗျ။

ကျနော်တို့နဲ့နေဖြစ်တဲ့အချိန်က သူ ရွက်နုဝေ မဂ္ဂဇင်းမှာ ‘ရွှေဘိနပ်မှာ အစိမ်းရောင် ကြက်ခြေ ခတ်နဲ့ ကောင်မလေး’ ဝတ္ထုကို အခန်းဆက် စရေးနေတဲ့အချိန်ပါ။ ကျနော်တို့နေတဲ့အိမ်လေးက မြို့သစ် အိမ်လေးဖြစ်တာနဲ့အညီ လျှပ်စစ်မီးက တော်တော်လေး အားနည်းပါတယ်။ (ခုတော့ လုံးဝ မလာ သလောက်ပဲလို့ကြားရတော့ ငါတို့ကံကောင်းခဲ့ပါလားလို့ ဝမ်းပဲသာရတော့မလိုလိုပါ။) မီးအားမြှင့်စက် တွေ ဘာတွေလည်းမရှိတာမို့ ၁၀ နာရီကျော်လောက်မှပဲ မီးချောင်းက လာပါတယ်။ မီးချောင်းကလည်း တချောင်းပဲရှိတာမို့ အဲ ဒီမီးချောင်းအလင်းရောင်လေးကိုမျှပြီး သူနဲ့ကျနော်တို့ အလုပ် လုပ်ရပါတယ်။ စာရေးစားပွဲကလည်း တလုံးတည်းရှိတာမို့ သူ့ကိုပေးပြီး ကျနော်ကတော့ ကြမ်းပြင်ပေါ်မှာပဲ ပန်းချီပစ္စည်း တွေချပြီး ရေးရပါတယ်။ အဲဒီတုန်းက ကျနော့်အပေါ် အမေရိကန် ပန်းချီဆရာ ဂျပ်ဆင် ပေါလော့ခ် ရဲ့ သြဇာက တော်တော်သက်ရောက်နေတာမို့ ကြမ်းပေါ် တမင်ကိုချပြီးလည်း ဆွဲချင်နေလို့ပါ။ သူ စာရေးပုံ

ရေးနည်းကလည်း တော်တော်ကို ထူးခြားပါတယ်။ ကျနော်က ပန်းချီဆေးဘူးတွေကိုဖွင့် ပြင်ဆင်နေပြီဆို သူကလည်း A4 စာရွက်လွတ်လေးတွေကို ဘေးမျဉ်းကို အရင် ခေါက်ချိုးလိုက်ပြီး ကျန်တဲ့စာရွက်ကို ထပ်ပြီး လေးခေါက် ညီညီလေး ချိုးချပါတယ်။ အဲဒီလို စာရွက်ခေါက်လေးတွေကို တခေါက်ပြီးတခေါက် ချိုးပြီး သပ်သပ်ရပ်ရပ်လေး အရင်ထပ်ထားသဗျ။ ပြီးမှ တရွက်ပြီးတရွက် ဆွဲယူပြီး စာရွက်ခေါက်ထားတဲ့ အတိုင်းမှာ စာမျက်နှာတခုကို ကော်လံနှစ်ခုခွဲပြီး အင်မတန်ကို သပ်ရပ် ဝိုင်းစက်တဲ့ လက်ရေးမျိုးနဲ့ သပ်သပ်ရပ်ရပ်ရေးပြီး အမှားတခုပါရင်လည်း အမှားပြင်တဲ့ မှင်အဖြူနဲ့သုတ်ပြီး အဲဒီအပေါ်ကနေ အမှန်ကို တိတိကျကျဝင်အောင် ပြင်ရေးတတ်တာမို့ သူ့ဝတ္ထု စာမူတွေ ကိုဖတ်ရတာ အင်မတန် စိတ်ချမ်းသာ စရာကောင်းလှပါသဗျ။ စာရေးရင်းကလည်း ခဏခဏ လမ်း ထထလျှောက်သဗျ။ များသောအားဖြင့် တော့ ကြမ်းပေါ်ထိုင်ဆွဲနေတဲ့ ကျနော့်ကို ပတ်လျှောက်နေတာ များပါတယ်။ ကျနော်နဲ့ စကားပြောတဲ့ အခါတွေမှာလည်း အဲလိုပါပဲ။ ကျနော်ကထိုင် သူက ခေါက်တုံ့ ခေါက်ပြန်လျှောက်ပြီး အကြောင်းအရာ မျိုးစုံ ပြောကြပါတယ်။ ဒီအကျင့်ကို သူ ထောင်ထဲကရလာ ဟန်တူပါတယ်။ အဲဒီတုန်းကတော့ ကျနော် လည်း မသိသေးပါဘူး။ နောက် ကိုယ်တိုင်ထောင်ကျပြီး တနေ့ကို နာရီ နှစ်ဆယ်ကျော်လောက် ၁၀ ပေပတ်လည်အခန်းထဲ သူများတွေနဲ့ မျှနေရတော့မှ အညောင်းမမိအောင် ထထလျှောက်ပေးဖို့ အရေးကြီးတယ်ဆိုတာ သိလာရတာပါ။

သူက ကျနော့်ကို ထောင်ထဲမှာနေတုန်းကအကြောင်းတွေကို အကြောင်းတိုက်ဆိုင်လာတိုင်း ပြောပြတတ်ပါတယ်။ သူက အဆောင်မှာ အခြားရာဇဝတ်အကျဉ်းသားတွေနဲ့ပါ တွဲနေခဲ့ရတုန်းက နာမည်ကြီး သိုင်းဝတ္ထုတွေကို ညစဉ် အခန်းဆက် ပြောခဲ့ပါသတဲ့။ 'နဂါးနိုင် ဓား' စာစဉ်တို့၊ 'သိုင်း လောကရဲ့ စိမ်ခေါ်သံ'တို့ပေါ့ဗျာ။ ဆရာလေး တဆူလို နေရတာပေါ့။ ညဆို ဝိုင်းအုံနေဆိုပဲ။ နောက် ဆုံးမှာတော့ ဖတ်ဖူးထားတဲ့ သိုင်းဝတ္ထုကကုန်သွားပေမယ့် ပရိတ်သတ်ကလည်း ထပ်တောင်းတနေ တော့ မထူးဘူးဆိုပြီး ကိုယ့်ဖာသာ သိုင်းဝတ္ထု စိတ်ထဲကနေဖန်တီးပြီး ဟောတော့တာကိုး။ ဆရာသမား ရှုပ်ပုံက။ အဲဒီကျတော့မှ ပရိတ်သတ်က ဒီဝတ္ထုက ပိုကောင်းတယ်ဆိုပြီးတောင် အားပေးကြသတဲ့။ အဲဒီလိုပြောပြီး သူ့ပါးချိုင့်တွေခွက်တဲ့အထိ တခွိခွိနဲ့ ရယ်သဗျ။ ကျနော့်အနေနဲ့တော့ တာရာမင်းဝေ ရယ်လို့ စာရေးဆရာတဦးအဖြစ် အောင်မြင်လာစေဖို့မှာ ထောင်တွင်းကာလတွေဟာ သူ့ရဲ့လေ့ကျင့် ကွင်းဖြစ်ခဲ့တယ်လို့ပဲ ပြောရပါလိမ့်မယ်။

ည နှစ်နာရီလောက်ဆိုရင်တော့ ကျနော့်ကို သူရေးထားတဲ့စာမူကိုပေးဖတ်ပြီး သူကတော့ ကျနော် ဆွဲပြီးစ ကားကို စူးစူးစိုက်စိုက်ကြည့်ပြီး မှတ်ချက်တွေပေးတတ်ပြီး သူပေးတဲ့ အကြံဉာဏ်အများစုဟာ ကျနော့်အတွက်တော့ တန်ဖိုးရှိတာများပါတယ်။

တော်တော်များများက သူ့ဓာတ်ကိုမသိကြတော့ တာရာမင်းဝေ ဆိုတာ ရှူးသိုးသိုး ညစ်ထပ် ထပ် မျက်နှာပေးနဲ့ ဂျစ်ကပ်ကပ် လူတယောက်လို့ ပြောကြတာ မကြာခဏ ကြားရဖူးပါတယ်။ အမှန် တော့ အင်မတန် စကားပြောပြီး အင်မတန် ဟာသဉာဏ်ရွှင်တဲ့သူပါ။ သူ့ကိုနောက်ရင်လည်း မှတ်ထား ပြီး ကြုံရင်ပြန်ပြောတတ်ပါတယ်။ သူ့အိမ်ကို ပထမဆုံးအကြိမ်လိုက်သွားတုန်းက လမ်းကို မှတ်မိအောင် မှတ်နေတုန်း သူက ကျနော့်ကို "ကိုမင်းလူက အကြံပေးဖူးတယ်ဗျ ...၊ ခင်ဗျားအိမ်ကို သူများရှာရ လွယ်အောင် အိမ်ရှေ့မှာ ကားတာရာကြီးတခုဆွဲပြီး အဲဒီပေါ်မှာ မင်းဝေ လို့ ရေးထားပါလားဗျ" ဆိုပြီး ပြောဖူးကြောင်း ပြောပြီး တဟားဟား ရယ်ပါသေးတယ်။

သူ့ရဲ့ ဒုတိယမြောက်ဝတ္ထုဖြစ်တဲ့ ရွှေဖိနပ် ဟာ အခန်းဆက် ဝတ္ထုရှည်ဘဝမှာကို ပရိတ်သတ် တခဲနက်အားပေးမှုရခဲ့ပြီး ဝတ္ထုမပြီးခင်မှာတင် လုံးချင်းထုတ်မယ့်သူ ပေါ်လာသဗျ။ စမ်းကလိုက်လာတော့ လုံးချင်းလည်းထွက်ပြီးရော ဒါရိုက်တာ မောင်သီက ဗီဒီယိုဇာတ်လမ်းအဖြစ်ရိုက်ကူးဖို့ ဝယ်သဗျ။ အဲဒီဝတ္ထုကိုဝယ်ကတည်းက အဓိကဇာတ်ကောင်ရဲ့ သူငယ်ချင်း ပန်းချီဆရာနေရာမှာ ကိုထိန်လင်းကို ငှားပါလို့ပြောထားတာမို့ ကျနော် ဝင်သရုပ်ဆောင်ဖြစ်ခဲ့ပါတယ်။ စားအိုးက တွဲထားတာဆိုတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ် ဆိုသလိုပေါ့ဗျာ။

ကျနော်တို့နှစ်ယောက် ရံဖန်ရံခါ သွားလည်တတ်တဲ့အိမ်ကတော့ ကိုညို (မောင်သစ်ဆင်း) ရဲ့ အိမ်ပါ။ ကိုညိုအိမ်က ကျနော်အိမ်နဲ့ ကိုရွှေဘုန်းအိမ်ကြား လမ်းဆုံမှတ်တိုင်မှာပါ။ တခါမှာတော့ ကျနော်နဲ့ ကိုညိုကို ဆံပင်ကျစ်ဆံမြီးနဲ့ ကောင်မလေးတယောက်ကို မိတ်ဆက်ပေးပါတယ်။ ယဉ်ကျေးမှု တက္ကသိုလ်က ပန်းချီသင်တန်းသူမို့ ကျနော့်ပန်းချီကားတွေကို စိတ်ဝင်စားတဲ့အတွက် ကျနော့်ပန်းချီကားတွေကြည့်ဖို့ သူခေါ်လာရင်းက ကျနော်တို့မိသားစုနဲ့ပါ တော်တော်လေး ရင်းနှီးသွားပါတယ်။ သူလည်း ကျနော့်ကိုအကြောင်းပြုပြီး ကျနော့်သူငယ်ချင်းတွေတင်မက ရံဖန်ရံခါ ရန်ကုန်ကိုအလည်လာတဲ့ ကျနော့်ရွာသားတွေနဲ့ပါအဖွဲ့ကျပြီး သူ့စာဖတ်ပရိတ်သတ်တွေ ဖြစ်လာသဗျ။

၁၉၉၆ မှာတော့ ကျနော့်ရဲ့ ပထမဆုံးသော တကိုယ်တော် ပန်းချီပြပွဲကျင်းပဖြစ်ခဲ့သဗျ။ ပြပွဲအတွက် ပြင်ဆင်နေတုန်း သူက ပန်းချီကျောင်းသူလေး ခိုင် ကို ကျနော်တို့အိမ်ကို အလည်ခေါ်လာပါတယ်။ အကဲခတ်ကြည့်ချင်တဲ့ ကျနော့်ပထမဇနီးကို ကျနော် နေ့တိုင်း ပြောပြောနေတဲ့ မိန်းကလေး က သူပဲလို့ မိတ်ဆက်ပေးပါတယ်။ တကယ် ပြပွဲနားနီးလာချိန်မှာတော့ သူ့ဆီကနေ ထူးထူးဆန်းဆန်း ကဗျာဆရာမ လေးတဦးနဲ့ မိတ်ဆွေဖြစ်လာတဲ့အကြောင်း ပြောလာပါသဗျ။ မနော်ဟရီ လို့ ခေါ်တဲ့အကြောင်း၊ မိဘတွေ က ဆစ်ဒနီမှာ နေနေတဲ့အကြောင်း၊ အဲဒီထဲမှာ ထူးခြားတာကတော့ မနော်ဟရီ က သူ ရွှေဘုန်းလူ ကလောင်နာမည်နဲ့ ရေးခဲ့တဲ့ ကဗျာတွေအားလုံးကို သိမ်းထားခဲ့တယ် ဆိုတာပါပဲ။ ဒီလိုနဲ့ ကျနော်ရဲ့ တကိုယ်တော်ပြပွဲလုပ်ဖြစ်တဲ့ တပတ်တွင်းမှာ သူ့မိတ်ဆွေတွေကို ခေါ်ခေါ်ပြီး ရောက်ရောက်လာတတ်ပါတယ်။ သူခေါ်လာတဲ့ မိတ်ဆွေတွေထဲမှာ အထူးမိတ်ဆွေ ဆရာမ လေး မနော်ဟရီ က ထိပ်ဆုံးကပါ တယ်ဆိုတာတော့ အထူးပြောစရာမလိုတော့ပါဘူး။

နောက်ပိုင်းမှာတော့ အများသိထားကြတဲ့အတိုင်း ဆရာမလေး မနော်ဟရီ နဲ့ ဆရာလေးတို့ စုံတွဲဟာ စာပေလောကထဲမှာ အင်မတန် လိုက်ဖက်ညီတဲ့စုံတွဲတွေထဲက တတွဲအဖြစ် ဟိုဟိုဒီဒီ ပွဲလမ်းတွေ့လာကြရသဗျ။ ကျနော်တို့အိမ်ကိုလည်း မကြာခဏ အလည်ခေါ်လာတတ်သဗျ။

အဲဒီနောက် တရက်မှာ သူပန်းချီ ဆွဲချင်တယ် လို့ ပြောလာသဗျ။ ကျနော်က ဆွဲလေ၊ ကောင်းတာပေါ့ဆိုပြီး ကျနော့်ပန်းချီပစ္စည်းတွေကို ချပေးလိုက်သဗျ။ သူက တချက်မှ မရွံ့မရဲဟန်ပန်မရှိဘဲ ချပေးတဲ့ဆေးရောင်တွေနဲ့ စက္ကူပေါ်မှာ ဘာပုံလို့ လုံးဝ ပြောလို့မရနိုင်တဲ့ ဒြပ်မဲ့ပန်းချီကားတချပ်ကိုဆွဲပြီး ပြီးတဲ့အခါမှာတော့ သူ့ပန်းချီကားလေးကိုသူ စိမ်းစိမ်းကြီးကြည့်နေတုန်း "ဘာနာမည်ပေးမလဲ" လို့ မေးတော့"ကောင်မလေး ရေ"လို့ ပြောသဗျ။ အဲဒီနောက်တော့ နောက်ထပ် ကား တော်တော်များများ ဆွဲဖြစ်သွားပါတယ်။ အဲဒီကားတွေကို သံလွင်လမ်းထဲက Art club ပန်းချီပြခန်းမှာ အုပ်စုပြပွဲလုပ်တော့ ထည့်ပြဖြစ်ခဲ့ပါတယ်။ နောက်ပိုင်း သူ ဆုံးပြီးတော့ အဲဒီကားတွေက ရန်ကုန်အိမ်မှာပဲ ချိတ်ထားတယ်လို့

**မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချီသည်။**

မနော် (မနော်ဟရီ)က ပြောပါတယ်။ သူ့အနေနဲ့ ကဗျာ၊ ပန်းချီ၊ ဂီတ၊ အက ဘာပဲဖြစ်ဖြစ် အနုပညာပုံစံတွေအားလုံးရဲ့ အခြေခံသဘောတရားဟာ အားလုံးအတူတူပဲလို့ နက်နက်ရှိုင်းရှိုင်း ခံယူထားတဲ့သူပါ။ ဒါကြောင့်လည်း တချို့ညတွေမှာ ကျနော်တို့သူငယ်ချင်းတွေစုံလို့ သောက်ကြ စားကြပြီး ထုံးစံအတိုင်း တီးကြ ဆိုကြလို့ အရှိန်ကောင်းလာပြီဆို သူကပါ တက်ကြွလာပြီး သူထောင်ထဲမှာရှိစဉ်က ရေးခဲ့တဲ့ သီချင်းတွေကို အတီး လုံးဝမပါဘဲ သံနေသံထားနဲ့ ကျကျနန ဆိုသဗျ။ အဲဒီတုန်းကတော့ ဘဝဆိုတာ တိုတိုလေးပါလားလို့ သေသေချာချာ မသိသေးတော့ (ခုလည်း သိပ်မသိသေးပါဘူး) အဲဒီ သီချင်းတွေကို အသံဖမ်းထားဖို့ သတိမရကြပါဘူး။

တညမှာတော့ "ဟေ့လူတွေ မနက်ဖြန် စောစောထကြ ဝါးတီးရှိတယ်။ ကျနော့်အကို မင်္ဂလာဆောင် တဲ့"။ ကျနော်တို့ဘတ်ဂျက်ကိုလည်းသိတော့ "ဘာလက်ဆောင်မှယူမလာနဲ့ ဝါးဖို့သက်သက်ဖိတ်တာ။ လာဝါးရင် တာဝန်ကျေပြီ"တဲ့။ ဒီလိုနဲ့ ကိုချစ်ကိုကို ခေါ် ကိုအောင်ဒင်ရဲ့ မင်္ဂလာညွှေ့ခံပွဲကို ကျနော်တို့တပ်ဖွဲ့လိုက်ချီတက်ပြီး တဝ ဝါးဖြစ်ကြပါတယ်။ ကျနော့်အနေနဲ့တော့ ကျောင်းသားခေါင်းဆောင်တဦးရော၊ ခေတ်ပေါ်ကဗျာဆရာတဦးအနေနဲ့ပါ ကြားဖူးထားတဲ့ ကိုအောင်ဒင်ကို ပထမဆုံး လူကိုယ်တိုင် တွေ့ရခြင်းပါပဲ။

အဲဒီညမှာတော့ သူက ကိုအောင်ဒင်ရဲ့ ငယ်စဉ်ကာလက ပညာကို ခက်ခက်ခဲခဲ ကြိုးစားသင်ကြားခဲ့ပုံတွေကို မှတ်မှတ်ရရ ပြောပြဖူးပါတယ်။

နောက်ပိုင်းကာလတွေမှာတော့ မျိုးကျော် စာပေက ကိုမင်းတေဇတို့နဲ့ ဆက်ပြီး လုံးချင်းတွေ စထုတ်ဖြစ်ခဲ့ပါတယ်။ သူ့လုံးချင်းအတွက် အဖုံးတွေကို ကျနော့်ကို ဆွဲခိုင်းပါတယ်။ ကံဆိုးချင်တော့ ကျနော်ဆွဲတဲ့အဖုံးတွေကို စာပေစိစစ်ရေးက ခွင့်မပြုပါဘူး။ မှတ်မှတ်ရရ မိုးခေါင်လို့တီးတဲ့ဗုံသံ အတွက် နှစ်ခါတိတိ ဆွဲခိုင်းပါတယ်။ နှစ်ခါမြောက်ပယ်ပြီးတဲ့နောက်မှာတော့ကို စိုးဝင်းငြိမ်းကို အပ်ရပါတော့တယ်။ ကျနော်လည်း အဲဒီနောက်ပိုင်း စာနယ်ဇင်းတွေမှာ သရုပ်ဖော်ပုံဆွဲဖို့ လက်လျှော့လိုက်ပါတော့တယ်။

၁၉၉၇ နောက်ပိုင်းမှာ ကျနော် ပထမ သမီး မွေးဖို့ ယောက္ခမများနေရာ မြောက်ဥက္ကလာပ စက်မှုလက်မှုရပ်ကွက်က အိမ်ကို ပြောင်းရပါတယ်။ ကိုရွှေဘုန်းက ကျနော်တို့နေခဲ့တဲ့အိမ်ကို ဆက် ငှားထားပြီး ကျနော့်သူငယ်ချင်းတွေနဲ့ အတူဆက်နေခဲ့တာမို့ ကျနော်လည်း မကြာခဏ ရောက်ဖြစ်ခဲ့ပါတယ်။ ၁၉၉၈ ခု ဖေဖော်ဝါရီ ၁၄ ရက်မှာရွှေးပြီး သူတို့လက်ထပ်ဖြစ်ခဲ့ပါတယ်။ ကျနော်က ရုပ်ရှင်အဖွဲ့နဲ့ ချောင်းသာရောက်နေတာမို့လက်ထပ်ပွဲတော့ မတက်နိုင်ခဲ့ပါဘူး။ အဲဒီနောက်ပိုင်းမှာတော့ သူ မောင်မျိုး (ကြောင်နှစ်ကောင်) စာပေနဲ့ လုံးချင်းဝတ္ထုတွေ ဆက်တိုက်ထုတ်ဝေဖို့ စာချုပ် ချုပ်ဖြစ်သွားပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ မြန်မာနိုင်ငံ လုံးချင်းလောကရဲ့ အရောင်းရဆုံး စာရေးဆရာတယောက် အဖြစ်ကို အံ့သြရလောက်အောင် ရောက်ရှိသွားပါတော့တယ်။

ဒီလိုနဲ့ ကျနော်လည်း သူ့တို့မင်္ဂလာပွဲအပြီး ၃ လလောက်အကြာမှာ ထောင်နန်းစံဖို့ ဖြစ်လာပါတယ်။ ကျနော် ထောင်ဝင်စာတွေ့ခွင့်စရတဲ့အချိန်မှာပဲ အိမ်ကို သူ ကြားကြားချင်း မနော်နဲ့ နှစ်ယောက်သားရောက်လာပြီး သတင်းမေးတဲ့အကြောင်းနဲ့ တွေ့ခွင့်ရတာနဲ့သွားတွေ့ဖို့ ငွေလာပေးသွားတယ် ဆိုတဲ့အကြောင်းတွေ အိမ်က ပြောပြပါတယ်။

ဒီလိုနဲ့ နှစ်တွေကြာလာပါတယ်။ ခြောက် နှစ်ခွဲကာလအတွင်းမှာ သူ့သတင်းတွေ ရံဖန်ရံခါ ကြားရပါတယ်။ အထဲမှာ မဂ္ဂဇင်းတွေ ဖတ်ဖြစ်တဲ့အခါတွေမှာလည်း သူ့ဝတ္ထုတိုတွေ စာပေရေးရာ ဆောင်းပါးတွေကိုတွေ့တိုင်း မှတ်မှတ်ရရ ဖတ်ဖြစ်ပါတယ်။ ခြောက်နှစ်ခွဲကာလကို ဖြတ်သန်းပြီးလို့ ကျနော်အပြင်ထွက်လာတဲ့အခါမှာတော့ ကျနော့်ဘဝကလည်း တော်တော်ကြီး ပြောင်းလဲသွားပါတယ်။ ထောင်ကလွတ်ပေမယ့် အိမ်မပြန်နိုင်ဘဲ တရားရိပ်သာမှာ သောင်တင်ပြီး ချည်တိုင်ပျောက်နေချိန်မှာ ထုံးစံအတိုင်း ကိုသူရက သတင်းရသွားတာမို့ ကိုသူရဆီမှာ ခဏနေဖို့ရောက်သွားမှ သူ့အကြောင်း ကိုလည်း တော်တော်သိလာရပါတယ်။

အဲဒီနောက်မှာတော့ သူနေခဲ့တဲ့ မနော်ဟရီတို့အိမ်နားက သူငယ်ချင်းတယောက်ရဲ့ လူမနေတဲ့ အိမ်လေးတလုံးမှာ ခဏနေနေပါတယ်။ အဲဒီနောက်မှာတော့ မနော်ဟရီနဲ့တွေ့ပြီး သူ့ကျန်းမာရေး အခြေအနေ၊ အိမ်ထောင်ရေးအခြေအနေ တော်တော်များများ သိရပါတယ်။ ဒါကြောင့် မနော်ဟရီ ဆီကနေ လိပ်စာတောင်းပြီးတော့ သူနေနေတဲ့ လှိုင်သာယာ က (FMI)အိမ်ယာကို လိုက်သွားပါတယ်။ သူ ကျနော်ရောက်လာလိမ့်မယ်ဆိုတာ ကြိုသိထားပုံရပါတယ်။ မနော်က သူ့ဆီမှာ လိပ်စာတောင်း သွားတယ်လို့ ဖုန်းထဲမှာပြောသွားတယ်လို့ သူ ပြောပါတယ်။ ပြီးတော့ ကျနော့် အိမ်ထောင်ရေး ပြဿနာကို သူ သေသေချာချာ မေးပါတယ်။ ပြီးတော့ "ဟာ ... ဒီလိုလုပ်လို့ဘယ်ဖြစ်မလဲ ငါကိုယ်တိုင် မနက်ဖြန် သွားပြောမယ်"လို့ အတင်းလုပ်နေတာမို့ အခြေအနေတွေက သိပ်မထူးတော့တဲ့အကြောင်း တော်တော် ဖျောင်းဖျရပါတယ်။ ဒါကိုပဲ သူမကျေနပ်နိုင်သေးဘဲ တဗျစ်တောက်တောက်နဲ့ လုပ်နေပါ သေးတယ်။ ကျနော်ကပဲ "တခြားကိစ္စတွေ ပြောရအောင်ဗျာ"လို့ တောင်းပန်ရပါတယ်။ ပြီးတော့ သူနဲ့ မနော်ကြားက ပြဿနာကို အကျဉ်းပြောပြပါတယ်။ မနော်ကို ဖုန်းဆက်ပြီးတော့လည်း ကျနော် ရောက်လာတဲ့အကြောင်း သူ ပြောပါတယ်။ ခဏနေတော့ သူ့ကိုပြုစုနေတဲ့ သူ့တပည့်လေးကို သူ သောက်ဖို့ ဆေးတောင်းပါတယ်။ ပြီးတော့ ကျနော့်ကို ထမင်းကျွေးဖို့ ပြင်ဆင်ခိုင်းပါတယ်။ ကျနော့် ကိုလည်း သူနဲ့အတူလာနေလို့ရတဲ့အကြောင်း ပြောပါတယ်။ ကျနော်ကတော့ ကျန်းမာရေးကို ဂရုစိုက် ဖို့ပဲ သတိပေးဖြစ်ပါတယ်။ သူ့ခြေခုံတွေက တော်တော်လေး အမ်းနေတာမို့ပါ။ ကျနော်တို့ ထမင်းစား ပြီးတော့ ကျနော်က ကျနော်တို့ရွာမှာရှိတဲ့ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် အမှတ်တရ စာကြည့်တိုက်အတွက် သူတို့အရင်ဖွင့်ခဲ့တဲ့ 'ပန်းခေတ်က လမင်း' စာအုပ်အငှားဆိုင်က စာအုပ်တွေ အလှူခံတော့ ချက်ချင်းပဲ သူက ကြိုက်တဲ့အချိန်မှာသွားယူဆိုပြီး လှူတဲ့အပြင် သူ စုဆောင်းထားတဲ့ စာအုပ်တွေထဲကပါလာယူဖို့ ပြောပါတယ်။ စာအုပ်က နည်းနည်းနောနော မဟုတ်ပါဘူး။ ကာလ ပေါက်ဈေးနဲ့တွက်ရင်ကို ၈ သိန်းကျော်ဖိုး ရှိပါတယ်။ ရွာက ဗိုလ်အောင်ကျော်စာကြည့်တိုက်မှာ ခု ပန်းခေတ်က လမင်း စာပေရဲ့ကောင်းမှုကို ကမ္ပည်းထိုးနိုင်ခဲ့ပါတယ်။ သူ့အလှူစာအုပ်တွေကြောင့်လည်း ကျနော့်မှာ ရွာအပြန် မျက်နှာပန်းလှခဲ့ရပါတယ်။

သူနဲ့ကျနော်တို့ ပြောခဲ့တဲ့ကြောင်းအရာတွေကလည်း မျိုးစုံနေခဲ့တာမို့ နောက်ပိုင်းတွေ့တဲ့ အချိန် တွေမှာတော့ စကားတွေ သိပ်မပြောကြတော့ပါဘူး။ အကြာကြီး စကားမပြောဘဲ ထိုင်နေရတာကို ကျနော်တို့နှစ်ယောက်စလုံး ပိုအရသာတွေ့လာကြပါတယ်။ တခါတော့ သူ ဘယ်သူမှ အသုံးမပြုသေးတဲ့ အနုပညာပုံစံသစ်တခု တင်ဆက်ဖို့ လုပ်နေတယ်လို့ ပြောလာပါတယ်။ ကျနော်ကတော့ ကျန်းမာရေး ကိုပဲ အရင်ဆုံးဂရုစိုက်ပါဗျာ လို့ ထပ် ထပ် မှာနေရပါတယ်။ သူ ဘယ်လောက် ခေါင်းမာတယ်၊ ပေတယ် ဆိုတာကိုသိတာမို့ သူ့ကိုပြုစုနေတဲ့လူငယ်လေးကိုလည်း ဖုန်းနံပတ်ပေးထားပြီး သူ့ကို ဂရုစိုက်ဖို့နဲ့

အရေးရှိ ဖုန်းဆက်ဖို့ မှာရပါတယ်။

ဒီလိုနဲ့ ကျနော် ၂၀၀၅ မှာ Recycle ဆိုတဲ့ တကိုယ်တော် ပန်းချီပြပွဲကို လောကနတ် ပန်းချီပြခန်းမှာ လုပ်ဖြစ်ခဲ့ပါတယ်။ ရန်ကုန်မြို့ထဲကို ဘယ်တော့မှ မလာတော့ဘူးလို့ပြောကြတဲ့ သူ့ကို ပြခန်းထဲဝင်လာတွေ့တော့ တခြားလူတွေက တော်တော် အံ့သြနေကြပါတယ်။ ကျနော်ကိုယ်တိုင်လည်း တော်တော် အံ့သြနေမိပါတယ်။ သူရောက်လာလို့ ဝမ်းသာပေမယ့် သူ နေမကောင်းမှန်းသိတာမို့ "ဘာလို့လာရတာလဲ ကိုရွှေဘုန်းရယ်" လို့ ပြောမိပါတယ်။ သူက ဘာမှမတုံ့ပြန်ဘဲ "ချာတိတ်တွေနဲ့ လာတာပါ။ သူတို့ကလည်း သွားချင်နေလို့"လို့ ပြောပါတယ်။ သူနဲ့ပါလာတဲ့ သူ့ကို ရင်ခုန်နေဆဲ ချာတိတ်တွေက ကားတွေ တကားချင်းလိုက်ကြည့်နေကြပေမယ့် သူကတော့ ခန်းမအလယ်က ကုလားထိုင်ပေါ်ကနေ ထိုင်နေရင်းကပဲ တကားချင်းကို မျက်စိရွှေ့ပြီး လိုက်ကြည့်နိုင်ပါတယ်။ သူ အားရတော့မှ ကျနော့်ကို သေသေချာချာကြည့်ပြီး "တော်တော် ပြောင်းလဲသွားတယ်" လို့ တခွန်းပြောပါတယ်။

အဲဒါ သူနဲ့ကျနော်တို့ နောက်ဆုံးတွေ့ဆုံမှုပါပဲ။ ကျနော်လည်း မျှော်လင့်မထားဘဲနဲ့ နောက်ထပ် အိမ်ထောင်ပြုဖြစ်သွားပြီး နိုင်ငံအပြင်ဘက်ကို ရောက်လာရပါတယ်။ အိမ်ထောင်ဘက်ရဲ့အလုပ်က လောလောဆယ် လန်ဒန်မှာမို့ တော်တော်နဲ့ အိမ်မပြန်နိုင်ဖြစ်နေတုန်းမှာပဲ သူထွက်ခွာသွားတော့တာပါပဲ။

ကျနော် ထောင်ကလွတ်ပြီး ကိုသူရက ရုပ်ရှင်ရိုက်ကွင်းကို လာခဲ့ပါခေါ်တာကြောင့် သွားတော့ တော်တော်အံ့သြရပါတယ်။ ရုပ်ရှင်အဖြစ်ဖန်တီးဖို့ မလွယ်လှတဲ့ သူ့ရဲ့ဇာတ်ညွှန်း 'မြင်းစီးထွက်သော အိပ်မက်များ' ကို ရိုက်နေလို့ပါပဲ။ ကိုသူရအိမ်မှာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်ကဖတ်ပြီး သဘောကျခဲ့တဲ့ ဇာတ်ညွှန်းပါ။ "မင်းကို ဝမ်းသာရအောင် တမင်ခေါ်တာ။ ကဲ … ဇာတ်ဝင်ခန်းတခုခုမှာတော့ ဝင်ထိုင်သွားကွာ။ အမှတ်တရ ပေါ့ … ရွှေဘုန်းကတော့ မလာနိုင်ဘူး"ဆိုတာနဲ့ ဝင်ထိုင်ဖြစ်ခဲ့ပါသေးတယ်။ မြန်မာနိုင်ငံက မထွက်ခင်လေးမှာ တည်းဖြတ်ပြီးတာမို့ ကိုသူရအိမ်မှာ ကြည့်ခဲ့ရပါတယ်။ ကိုသူရကလည်း မဲပြာပုဆိုးတွေနဲ့ပဲပြီးနေတဲ့ ဗီဒီယိုလောကမှာ ထူးထူးခြားခြားကားလေး တင်ဆက်ခွင့်ရလို့ ပျော်နေခဲ့ပါတယ်။ ဒါပေမယ့် မကြာခင်မှာပဲ ကိုရွှေဆင်ဆာအဖွဲ့က ပိတ်လိုက်တဲ့အကြောင်းလည်း သိခဲ့ရပါတယ်။ ကျနော်အင်္ဂလန်ရောက်ပြီးနောက်မှာ အဲဒီ ဗီဒီယို ကို DVB ကနေ လွှင့်ထုတ်လာတာမို့ တော်တော်ကို အားရဝမ်းသာရဖြစ်ခဲ့ပါတယ်။ ကိုရွှေဘုန်းကိုယ်တိုင်လည်း နောက်ဆုံးကြည့်ခွင့်ရခဲ့တဲ့ သူ့ရဲ့လက်ရာ ဗီဒီယို ဇာတ်ကားတထုတ် ဖြစ်ခဲ့ပါလိမ့်မယ်။

'မြင်းစီးထွက်သော အိပ်မက်များ' ဇာတ်ကား DVB ကလာပြီး မကြာခင်မှာပဲ သူလည်း လောကထဲက ထွက်ခွာသွားပြီလို့ ကျနော်တို့ သိခဲ့ရတာပါပဲ။ 'လူငယ်တယောက်ရဲ့ ကျောက်ထွင်းရာဇဝင်'မှာ သူနဲ့ ဒီခေတ်ထဲ ခန့်ချခွင့် ကူးခတ်ခွင့်ရတဲ့အတွက် ဒီနေ့ထိဂုဏ်ယူနေရဆဲပါ။ တာရာမင်းဝေ ရဲ့ 'ပြိုင်မြင်းတို့ရဲ့ ခွာသံ' ခေတ်ပေါ် အနုပညာဆိုင်ရာ ဆောင်းပါးတွေဟာ အတိုင်းတာတခုထိ ကျနော့်ရဲ့ ပန်းချီဆရာပေါက်စဘဝမှာ ကျေးဇူးရှိခဲ့ပါတယ်။ တာရာမင်းဝေ ရေးခဲ့သမျှထဲက 'ပန်းခေတ်က လမင်း'၊ 'ဓားသွားပေါ်က ဆပ်ကပ်'၊ 'အရှေ့မြို့ရိုးက မိုးရေစက်များ'တို့ဟာ ကျနော့်ရဲ့ ရင်ထဲမှာ ဒီနေ့ထိ လှုပ်ခတ်နေဆဲပါပဲ။ နောက်ဆုံးအချိန်ထိရေးသွားတဲ့ အိုင်ဒီယာ မဂ္ဂဇင်းက ဝတ္ထုတိုတွေနဲ့ တာရာမင်းဝေ ရဲ့ နှလုံးသားစွမ်းအားကို ပြသွားတယ်လို့ ပြောရပါလိမ့်မယ်။

ရွှေဘုန်းလူရဲ့ နိုင်ငံရေးဖြတ်သန်းမှုမှာလည်း သူ့ယုံကြည်ချက်ကို နောက်ဆုံးအချိန်ထိ ဆုတ်ကိုင်သွားခဲ့ခြင်းအတွက် ဂုဏ်ယူခဲ့ရပါတယ်။

သူ့ရဲ့ နောက်ဆုံးအချိန်တွေမှာ ကိုယ်က အနားမှာမရှိခဲ့ရလို့ ကိုယ့်ကိုကိုယ် အပြစ်ရှိနေသလို အမြဲခံစားနေခဲ့ချိန်မှာ ခု ၂ နှစ်ပြည့် အမှတ်တရ စာစုလေး ရေးခွင့်ရလို့ တော်သေးရဲ့လို့ နှလုံးသွင်းပြီး ပန်းခေတ်က လမင်း သို့ လွမ်းချင်း စာစီခဲ့မိပါတယ်။

လောက လေအဆန်မှာ ကိုယ့်ကိုကိုယ် အန်ထုတ်
ငါတို့အားလုံး မိုးမချုပ်မီ အိမ် ကို ပြန် ကြ မည်။ ။

(တာရာမင်းဝေ ရဲ့ တိမ်ဖြူတို့နှင့်အတူ … ကဗျာ မှ)

# ညီလေးမွန် အလည်လာတုန်းက

## မင်းလွင်

မိုးတွေကလည်း တနေ့လုံးရွာလိုက်တာ။ ချင်းမိုင်မိုးကတော့ အရင်နှစ်တွေထက်တောင် ပိုရွာတယ်လို့ ထင်သေးတယ်။ မြောက်ဘက်က လွိုင်ဆူထစ်တောင်မှာတော့ မိုးစက်တွေကြား ထီးထီးကြီး။ ညက အိပ်မရတာနဲ့ အခန်းအပြင်ထွက်ထိုင်မယ်လို့ စိတ်ကူးတာနဲ့ အပြင်ကို ထွက်ခဲ့တယ်။ အပြင်ကိုထွက်ထိုင်လည်း မိုးကလည်း မစဲဘဲ ရွာနေတယ်။ အငြိုးတကြီးနဲ့ပဲ။ မိုးရွာနေတုန်း အိမ်ရှေ့မှာ လူတယောက် အိမ်ထဲကိုဝင်လာနေသလိုပုံစံနဲ့ လူတယောက်ဝင်လာတယ်လို့ ထင်တယ်။ ဒါနဲ့ အိမ်ရှေ့ကိုထွက်လာလိုက်တယ်။ တကိုယ်လုံးလည်း မိုးတွေစိုရွှဲနေတာ အပေါ်က ဂျင်းအင်္ကျီဝတ်ထားတာတောင် မလုံဘဲနဲ့ အတွင်းထိ ခန္ဓာကိုယ်ထိတောင် စိုနေတာ။ တလမ်းလုံး မိုးမိလာတဲ့ပုံမျိုးပဲ။ ငိုက်စိုက် ငိုက်စိုက် အိမ်ထဲကို ဝင်လာတယ်။ သူဝင်လာတဲ့ အိမ်ရှေ့ဘက်ကို မီးမထွန်းထားတော့ ချက်ချင်း ဘယ်သူမှန်း ခွဲမရဘူး။ မီးအလင်းရောင်ဘက် ဝင်လာတာတောင် ကိုယ်က ဘယ်သူမှန်းခွဲမရဘူး။ ဦးနှောက်ကို အမြန်ဆုံး စဉ်းစားတယ်။ သူကတော့ ငိုက်စိုက် ငိုက်စိုက် ဧည့်ခန်းထဲထိ ဝင်လာတယ်။ ပြီးတော့ ကျနော့်ကို မော့ကြည့်ပြီး နှုတ်ဆက်တယ်။

“ဟော့ ကောင်လေး ... မင်းဘာလုပ်နေတာလဲ။ ငါ့မှာတော့ မနည်း မင်းဆီရောက်အောင် လာခဲ့ရတယ်။ မိုးကလည်း ရွာလိုက်တာ၊ အေးနေတာ” ပြောလည်းပြီး တဆက်တည်း သူ့ခေါင်းကို မော့လိုက်တယ်။

“ဟာ … ကိုရွှေဘုန်း” ကျနော် အဲဒီအသံပဲ ပြောနိုင်တယ်။ ကျနော် တကယ်ကို အရမ်းအံ့သြသွားတယ်။ ကျနော် တအံ့တသြ)နဲ့ သူ့ကို ကြည့်တယ်။ ရင်ဘတ်တခုလုံး ကျားခေါင်းအပြည့်ပုံပါတဲ့ အဖြူရောင် တီရှပ်ကိုဝတ်ထားတယ်။ ပါးစပ်မှာလည်း အရင်အတိုင်း ကွမ်းဝါးထားတယ်။ ထူးခြားတာက သူ့လည်ပင်းနဲ့ လက်ကောက်ဝတ်မှာ သတ္တုတမျိုးကို ပုံဖော်ပြီး ဝတ်ထားတယ်။

“ခင်ဗျား ဘယ်လိုလုပ် ရောက်လာတာလဲဗျာ။ ခင်ဗျား ဝ လာတယ်ဗျာ။ ကျနော်တို့ မတွေ့ရတာတောင် ဆယ်စုနှစ်တစု ရှိပြီနော်။ ကျနော် ထင်တယ်၊ နောက်ဆုံးအခေါက်က ကိုဝင်းကို မင်္ဂလာဆောင်မှာ မဟုတ်လား” ကျနော် အဆက်မပြတ် ပြောချလိုက်တယ်။ သူကတော့ သူ့ဇာတ်ကောင်တွေ ထဲကလိုပဲ မထိတထိ။

“ကောင်လေးရာ … မင်းတို့ကို ရှာရတာ လွယ်ပါတယ်။ အခု ငါလာတာ မင်းကို တွေ့ချင်လို့ပါ”

ကျနော် ကိုရွှေဘုန်းကိုစတွေ့ဖူးတာ သဃ်္ဃန်းကျွန်းမြို့နယ်က ၁၆ ရပ်ကွက်က အိမ်ကလေးမှာပါ။ ကိုရွှေဘုန်းက အဲဒီအိမ်ကလေးကို လာတတ်တယ်။ အဲဒီတုန်းက ကိုရွှေဘုန်း အိုးဝေ မဂ္ဂဇင်းရဲ့ အယ်ဒီတာလို့ ထင်တယ်။ မိတ်ဆက်ပေးတာက ဆုံးသွားတဲ့ ကိုမြတ်မော်။ သူက ကိုမိုးသီးတို့ ရပ်ကွက်မှာ နေတယ်။ ကိုမင်းကိုနိုင်တို့နဲ့လည်း သူငယ်ချင်းပေါ့။ နောက်သိပ်မကြာဘူး၊ ကိုရွှေဘုန်း အဖမ်းခံရတယ်။ အပြင်မှာတော့ သူ့အကြောင်း အများကြီးပြောကြတာ ကြားနေတယ်။ ကိုမြတ်မော်လည်း ၈၉ နှစ်ကုန်ပိုင်းလောက်မှာ အဖမ်းခံရတယ်။ ထောင်ထဲမှာ ကိုရွှေဘုန်းနဲ့အတူနေရတယ်။ ကိုမြတ်မော်က ကိုရွှေဘုန်းရဲ့အလုပ်အပေါ် စည်းကမ်းရှိမှု ရဲဘော်ရဲဘက်အပေါ် ကာကွယ်နိုင်မှုတွေ ပြောတတ်တယ်။ ပြဿနာတခုပေါ်ရင် မညည်းမညူ လုပ်ပေးတတ်တာ၊ အဲဒီတုန်းက အနစ်နာခဲ့စရာရှိလည်း အနစ်နာခံတတ်တဲ့ ရဲဘော်ရဲဘက်စိတ်။ ကိုမြတ်မော်ရဲ့ပြောစကားအရ ကိုရွှေဘုန်း ကံဆိုးတယ်ပဲ ပြောရမလား။ သူ့ကို ဖမ်းမိသွားတဲ့အချိန် သူ့ဒိုင်ယာရီလေးကို ထောက်လှမ်းရေးက သိမ်းနိုင်ခဲ့တယ်။ အဲဒါနဲ့ကွင်းစပ်လိုက်ပြီး မုံရွာက သူ့ရဲဘော်တယောက် အဖမ်းခံရတယ်။ သူတောင့်ခံထားပေမယ့် ဒိုင်ယာရီစာအုပ်ကြောင့်ဖြစ်ပေမယ့် သူအတော်လေးကို စိတ်မကောင်းဘူး။ သူပြန်လွတ်လာချင်းပဲ အဲဒီ ရဲဘော်ကို မုံရွာထိတောင် သွားတွေ့တယ်။ ၁၉ နှစ်နီးပါးက အဖြစ်အပျက်တွေ။

ကျနော် အတွေးတွေကို ဖြတ်လိုက်တယ်။ သူ့ကို စကားပြန်ပြောတယ်။

“ကိုရွှေဘုန်း ဘာစားပြီးပြီလဲ။ ဘာစားချင်လဲ”လို့ ကျနော်က မေးတယ်။

“အစားကတော့ မစားချင်တော့ပါဘူး။ လက်ဖက်ရည်ချိုချိုတခွက် သောက်ချင်တယ်”လို့ပြောတော့ ကျနော် အိမ်နောက်ဖေး မီးဖိုးဘက်ထွက်ပြီး ကိုရွှေဘုန်းအတွက် လက်ဖက်ရည်တခွက် သွားဖျော်ပေးတယ်။ ပြန်ထွက်လာတော့ ကိုရွှေဘုန်းက လက်ရမ်းပါတဲ့ နှစ်ယောက်ထိုင်ခုံမှာ ထိုင်နေတယ်။ အရင်အတိုင်း သူ တခုခုကို စဉ်းစားနေတယ်။ ကဗျာတွေပဲ စိတ်ကူးထဲမှာ ဖွဲ့နေလားမသိဘူး။ မိုးစက်မိုးမှုန်တွေကြားမှာ ကိုရွှေဘုန်းစိတ်တွေ အုံ့ပြနေမလား။

❖ ❖ ❖

**မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချိသည်။**

ဒီနေ့ပွဲဟာ
ရှုံးရှုံး နိုင်နိုင်
ယှဉ်ပြိုင်ခြင်းသာ အဓိက ဆိုတဲ့ ပွဲမဟုတ်ဘူး
သူသေ ကိုယ်သေ အပြိုင်နွှဲ
ဝိဉာဉ်ချင်း ရိုက်ခွဲတဲ့ ပွဲ ဖြစ်တယ်။

"ဟော့ ... ကြိုးစင်"
ငါ ရင်ကော့ပြီး လာခဲ့မယ်။
(ဥဒါန်း)

နောက်ဆုံးမှာ ...
ဒေါင်းအလံကို ... ပြောင်းဆန်အောင် လွှင့်ထူရင်း
အမှန်တရားတခုထံ
ငါတို့ သစ္စာအဓိဋ္ဌာန်ပြု
အို ... သူရဲကောင်းတို့
အို ... ကျဆုံးခဲ့လေသော
ဒီမိုကရေစီ တိုက်ပွဲဝင်
သူငယ်ချင်းဟောင်း ...
သူရဲကောင်းတို့
ထာဝစဉ် မပျက်ပြယ်နိုင်လောက်အောင်
မြင့်မြတ်စွာ ကျဆုံးခဲ့သော ...
သင်တို့၏ဝိဉာဉ်တန်ခိုးတော်များသည်
ငါတို့၏ ရှေ့နောက်ဝဲယာ ...
ထက်အောက်ဝန်းကျင်၌
ပျံ့နှံ့တည်ရှိကြကုန်တော့၏။
(ကျောင်းဖွင့်ချိန်)

ကိုရွှေဘုန်း ထောင်ထဲရောက်သွားပေမယ့် သူ့ကဗျာတွေကတော့ ကျောင်းသားလူငယ်အကြား ပျံ့နေပြီ။ ဥဒါန်း နဲ့ ကျောင်းဖွင့်ချိန်။ အဲဒီကဗျာတွေထွက်လာလို့ ကိုရွှေဘုန်း အဖေ 'ဘဘ' ကို ခေါ်စစ် ခံရတယ်။ ဘဘ ကတော့ ထောက်လှမ်းရေးမေးသမျှကို မဖြေတဲ့အပြင် စကားတလုံးမှ မပြောဘူး။ ထောက်လှမ်းရေးက ဘဘပါးစပ်ကို သူတို့လက်တွေနဲ့ အတင်းဟခိုင်းတယ်။ လုံးဝ မဟဘူး။ နောက်ဆုံးတော့ ထောက်လှမ်းရေး အရှုံးပေးရတော့တာပါပဲ။ ဘဘကို အိမ်ပြန်ပို့ပေးရတော့တာပေါ့။ ကိုရွှေဘုန်းကဗျာတွေက ကျောင်းသားလူငယ်တွေအပေါ် ဘယ်လောက်ထိတောင် ဩဇာလွှမ်းမိုးသလဲ ဆိုရင် နောက်ပိုင်းမှာ ကိုမင်းခိုက်စိုးစံ ကတောင် ပြောဖူးတယ်။ သူ ကိုရွှေဘုန်းကဗျာတွေဖတ်ပြီး သူ ကဗျာရေးခဲ့ရတာပါ တဲ့။ ကိုရွှေဘုန်းကဗျာတွေ သူ့အပေါ် လွှမ်းမိုးပါတယ် တဲ့။

သူ့နဲ့ပိုပြီးနီးစပ်တာက သူလွတ်ပြီး မကြာဘူး။ ကျနော်တို့တတွေ ရန်ကုန်မြို့ပြင်ကို ခရီးတို

တခေါက်သွားတယ်။ သွားတာကတော့ ကျောက်တန်းမြို့မှာရှိတဲ့ ရေလယ်ဘုရား။ ဒီနောက် သန်လျင် ကျိုက်ခေါက် ပါ။ ပါတဲ့လူက ကိုရွှေဘုန်းနဲ့ ကျနော့်အပြင် မန္တလေးထောင်မှာ ကျသွားတဲ့ ကိုသက်ဝင်း အောင်၊ ကိုနန်းနွယ်နဲ့ ရှမ်းပြည်က ဧည့်သည်နှစ်ယောက်ပါတယ်။ တနေ့တာ ခရီးဆိုတော့ စကားတွေ အများကြီး ပြောဖြစ်တယ်။ ထောင်ထဲအတွေ့အကြုံကတော့ လတ်လတ်ကြီးလွတ်လာတဲ့သူ့အတွက် ပြောစရာအသစ်တွေပဲပေ့ါ။ သူက ၃ ထောင် ပြောင်းခဲ့ဖူးတယ်လို့ ထင်တယ်။ ထောင်ကထွက်ပြီးမကြာ ဘူး၊ ကဗျာတပုဒ်စပြီး မဂ္ဂဇင်းမှာ စပါတယ်။ 'ညီလေးမွန်' နာမည်နဲ့။ ဒီနောက်ပိုင်း 'ညီလေးမွန်' ကနေ 'တာရာမင်းဝေ' ဖြစ်သွားတယ်။ ကိုရွှေဘုန်းကို တာရာမင်းဝေ နာမည်နဲ့ မြန်မာစာပေနယ်မှာ ဝတ္ထုတို နယ်ပယ်မှာ အောင်မြင်တယ်။ 'မောင်ယော' ဆိုပြီး ဝေဖန်ရေးတွေ စ ရေးတယ်။

"ကိုရွှေဘုန်းကို ကျနော် မေးချင်တယ်။ အရင်ကလည်း ကျနော် မေးဖူးတယ်။ ကိုရွှေဘုန်း ဘာလို့ မောင်ယော နဲ့ ကဗျာဆရာ ကြည်အောင်တို့ကို ဝေဖန်တာလဲ။ သူတို့ဘာသာ သူတို့နေနေတာ အကောင်းသား မဟုတ်လား။ အဲဒီလို ဝေဖန်လို့လဲ မောင်ညိုမှိုင်းတို့ကလည်း 'ရွှေဘုန်းလူ' အနေနဲ့ ဆက်ဆံရေး မပျက်ချင်ပေမယ့်လည်း 'မောင်ယော' ကိုတော့ အတော်နာတာလည်း ခင်ဗျားသိသားနဲ့" လို့ ပြောတယ်။

ချက်ချင်းအဖြေမပေးဘဲ လက်ဖက်ရည်ချိုချိုကို သူ အကုန်သောက်လိုက်တယ်။ လက်ဖက်ရည် ပုဂံလုံးကို အသံမမြည်အောင်ချလိုက်ပြီးမှာ ကျနော် မေးတာကို ဖြေတယ်။

"အသစ်ထွင်ဖို့အတွက် ဒီလူတွေက ပိတ်နေတာကွ" ဒါပဲပြောပြီး ကိုရွှေဖုန်းဆက်မပြောတော့ ဘူး။

နောက်ပိုင်းတော့ မောင်ယောနာမည်နဲ့ ကျနော် မတွေ့ရတော့ပါ။ ကျနော် ခရီးသွားနေရလို့ မတွေ့ ဖြစ်၊ မဖတ်ဖြစ်တာလည်း ဖြစ်နိုင်တယ်။

"နောက်ပိုင်း ကိုရွှေဘုန်း အယူအဆတွေ ပြောင်းလာတယ်နော်" ကျနော် မေးတော့ ...

"ကောင်လေးရာ ... မင်း ငါ့ဝတ္ထုတွေ အကုန်လုံးနီးပါး ဖတ်ဘူးလို့လားကွာ။ ငါက ပြောင်းတာမှ မဟုတ်ဘူး။ ငါ့စိတ်ထဲရှိတာကို ရေးတာ။ သရုပ်မှန်တို့ မော်ဒန်တို့ မခွဲဘူး။ သိုးဆောင်း စကားလိုပေ့ါကွာ။ လေးသည်တော်တယောက် ကျော်ကြားတာက သူမြားကြောင့် မဟုတ်။ သူ့ရဲ့ ချိန်သားကိုက်မှုကြောင့်ပဲ လို့ ပြောတယ်လေ။ ငါက ငါ့အနုပညာ ချိန်သားကိုက်အောင် လွတ်နိုင်ဖို့ပဲ မဟုတ်လား"

ကိုရွှေဘုန်း တာရာမင်းဝေနဲ့ အောင်မြင်နေတဲ့အချိန်မှာပဲ ကိုမင်းဇင်နဲ့ ကျနော်တို့ အခြေခံပညာ ကျောင်းသားများသမဂ္ဂက ရဲဘော်တွေ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်ကနေပြီး နိုင်ငံရေး ယဉ်ကျေးမှုစာတမ်းကို အိုးဝေ ကနေပြီး အမှတ်စဉ်လိုက် ထုတ်တယ်။ အဲဒီနောက်ပိုင်း ကိုရွှေ ဘုန်းအိမ်ကို ကျနော်တို့ မကြာမကြာ ရောက်တယ်။ အထူးသဖြင့် ကိုမင်းဇင်နဲ့ ကျနော်။ ကိုမင်းဇင် မပါလည်း ကျနော်က ပိုရောက်ဖြစ်တယ်။

❖❖❖

ဗကသ ရဲ့ ၉၄–၉၆ လှုပ်ရှားမှုတွေကို အထူးသဖြင့် ကျနော်နဲ့ ပိုပြီးစကားပြောဖြစ်တယ်။ ကိုရွှေဘုန်းကိုလည်း အသိပေးတဲ့သဘောပေ့ါ။ ကိုရွှေဘုန်းနဲ့ စကားတွေအများကြီး ပြောဖြစ်တယ်။ နိုင်ငံရေး၊ ကျောင်းသားရေး၊ ဒီမိုကရေစီပညာရေး၊ စစ်အာဏာရှင်ချုပ်ငြိမ်းရေး။

“တကယ်တော့ကွာ ကောင်လေးရ။ ပါဝါ (Power) ကို ကစားတဲ့အခါမှာ အခင်းအကျင်း (Space) နဲ့ ခေါင်းဆောင်နေရာယူမှု (Position) လိုတယ်ကွ။ တခါတလေ ပွန်း ကနေပြီး ဘုရင် ကို ချက်လို့ရတယ်လေ”

ကိုရွှေဘုန်းရဲ့ ဆယ်စုနှစ်ကျော်တုန်းက နိုင်ငံရေးသဘောတရားက အခုထိရှိနေတုန်းလို့ ကျနော်မေးတယ်။

သူ မဖြေဘူး။ အဝေးက မိုးစက်တွေကြားက လွှိုင်ဆူထစ်တောင်ကို ငေးနေတယ်။ အရင်တုန်းကတည်းက ထော်လော်ကန့်လန့်ဖြစ်တဲ့သူ့အတွက်က အခုချိန်ထိ ထော်လော်ကန့်လန့်ဖြစ်နေတုန်းမှာပါပဲ။ ကိုရွှေဘုန်းက နဂိုကတည်းက ဘီလူးဆိုတာ တကယ်ရှိမရှိ သံသယ ရှိနေသူပဲလေ။ အနုပညာက ကိုရွှေဘုန်းရင်ဘတ်ထဲမှာ ကိန်းဝပ်သွားခဲ့လေပြီ။

“ကိုရွှေဘုန်း ခင်ဗျား ‘အာလူးစားသူများရဲ့တညနေခင်း’ ကိုရေးတာ ဘာရည်ရွယ်ပြီး ရေးခဲ့တာလဲဗျ”

ကျနော်က ကိုရွှေဘုန်းရဲ့ အအောင်မြင်ဆုံးဝတ္ထုတခုကို မေးမိတယ်။ အဲဒီဝတ္ထုတိုလေးက မြန်မာစာပေနယ်မှာ အောင်မြင်ခဲ့တဲ့တခုပေ့ါလေ။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်တုန်းက။

“ကိုယ်ရေးခဲ့တုန်းက အဓိကကတော့ ခေတ်ကိုလည်း ထင်ဟပ်ချင်တယ်။ လူတွေ စစ်ဘေးစစ်ဒဏ်ကြုံနေရတာကိုး။ ငါက အဲဒါကို အဓိက မီးမောင်းထိုးပြချင်တယ်”

တကယ်တော့ ကိုရွှေဘုန်းဟာ တောင်တွင်းရှင်ငြိမ်းမယ်ရဲ့ရာပြည့်အိုင်တွေကို ကြိုက်တယ်။ ဆရာဇော်ဇော်အောင်ရဲ့ ယုဇန မခင်ပျိုကိုလည်း ကြိုက်တယ်။

ကျနော်တို့ရဲ့ဘဝတွေထဲ ညစ်ထေးကြမ်းတမ်းအောင် ဆေးရောင်ဆိုးမည့် တိမ်တိုက်တွေရောက်လာတဲ့ ၁၉၉၆ ခုနှစ်မတိုင်ခင်ထိ ကိုရွှေဘုန်းနဲ့ ပိုတွေ့ဖြစ်တယ်။ အဲဒီအချိန်တုန်းက ကိုရွှေဘုန်းရဲ့ လမင်းလေးက မန္တလေးလမ်းမှာ သာနေပြီလေ။

ချစ်သူလွမ်းရင်
မျှော်တိုင်းမြင်လွန်းလို့
လက်ညှိုးညွှန်ရာ
သူဖြစ်ပါစေသား
အရှင်ဘုရား ...

"ကိုရွှေဘုန်း ခင်ဗျားမှတ်မိလား။ ခင်ဗျားပြောတယ် အိမ်ထောင်ရေးနဲ့ပတ်သတ်တဲ့ သဘောတရားလေ။ နှစ်ကတော့ ကြာခဲ့ပြီနော်" ကျနော်စကားစတော့ ကိုရွှေဘုန်းက ဘယ်ဘက် နှုတ်ခမ်းကို ပါးပါးလေးတွန့်ပြီး ပြုံးတယ်။

"ဟာ ... မှတ်မိတာပေါ့ ကောင်လေးရ။ မင်းကို ကိုယ်ပြောဖူးသားပဲ။ ကိုယ့်မှာ အိမ်ထောင်ရေးနဲ့ ပတ်သတ်တဲ့အယူအဆက နှစ်ခုပဲရှိတယ်။ ကိုယ်လက်ထပ်ဖြစ်ခဲ့ရင် ဘာမှမသိတဲ့ သာမန်အမျိုးသမီး ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် တနေရာရာမှာ သိပ်တော်တဲ့ အမျိုးသမီးမျိုး ဖြစ်ရမယ်။ အစွန်းနှစ်ဘက်ပေါ့ကွာ။ ဘာမှမသိတဲ့လူနဲ့ သိပ်သိတဲ့လူပေါ့။ ဟိုလိုလို ဒီလိုလိုတော့ နည်းနည်း သိတဲ့လူကိုတော့ လက်မထပ်ချင်ဘူး"

ကိုရွှေဘုန်းက သူ့ဝတ္ထုထဲက ဇာတ်ကောင်ပြောသလိုမျိုး သိုးဆောင်းစကားနဲ့ ပြောတယ်။ "Little knowledge is dangerous" တဲ့။

ဟိုးအဝေးက ကိုရွှေဘုန်းရဲ့ ပွဲတော်ညက လင်းပြာလှပနေဆဲ။ တဖက် မိုးကောင်းကင်သို့ မျှော်ကြည့်လိုက်သောအခါ မန္တလေးလမ်းဟာ လရောင်အောက်မှ တိမ်ခိုးတွေ မျောလွင့်နေတာကို တွေ့မယ်။ အခုတော့ အဲဒီပွဲတော်ရဲ့ ခေါင်မိုးမှာ နှင်းငွေ့နှင့် မီးခိုးငွေ့တွေ လူးလိမ့်နေတယ်။

ကိုရွှေဘုန်းက "ငါ ပြန်တော့မယ်"ပြောတယ်။ သူပြောတဲ့အချိန်က သန်းခေါင်ကျော်ပြီပေါ့။ ကျနော်က "နေပါအုံး ..." လို့ တားသေးတယ်။

"မင်းက အလုပ်ရှိတယ်။ မနက်ဖြန် အလုပ်ကိုသွားရအုံးမယ်။ မဖြစ်ပါဘူး" တဲ့။

ကျနော်က "ဟာ ... ဖြစ်ပါတယ်။ ကိုရွှေဘုန်းရယ် အေးအေးဆေးဆေး တရက် နေသွားပါအုံး။ ကျနော်မှာ ကိုရွှေဘုန်းကို ပြောစရာတွေရှိသေးတယ်။ နေပါအုံးဗျာ" ပြောတယ်။

မရဘူး။ ကိုရွှေဘုန်း ပြန်ဖို့ပြင်တယ်။ သူ့နောက်ဆုံးအကျန် ကွမ်းယာကို ပလစ်စတစ်အိတ်ထဲက ထုတ်ပြီး ဝါးတယ်။

ကိုရွှေဘုန်း မန္တလေးလမ်းဘက်ကို ပြန်ရောက်ဖြစ်သေးလားလို့ မေးတော့ ပြန်မဖြေဘူး။ အဝေးကို သီကရီ ငေးနေတယ်။ အရင်လိုပါပဲ အတွေးပေါင်းများစွာနဲ့ ကိုရွှေဘုန်း ကျနော့်အိမ်ကနေ ပြန်ထွက်သွားခဲ့ပြီ။

ကိုရွှေဘုန်းက ဩဂုတ်စ်ရဲ့ မိုးရေစက်တွေကြားမှာ ပြန်ထွက်သွားခဲ့ပြီ။ ခင်ဗျားက ကျနော်တို့ကို ပြုစားပြီး ထားခဲ့တာလားဗျာ။ မန္တလေးလမ်းက ကိုရွှေဘုန်းရဲ့ရင်ဘတ်တနေရာတည်းမှာ ရှိနေမှာပါ။ ဒါမှမဟုတ်လည်း အဓိပတိလမ်းက ကိုရွှေဘုန်း ရင်ဘတ်ထဲမှာလား။ နတ်ဆိုးတို့လည်း ပျော်နေလောက်ပြီထင်ပါရဲ့။ အမှောင်တခေတ်မှာ ပွင့်လျှက်ပြောင်မြောက် ကိုရွှေဘုန်း က ခေတ်တခေတ်ကို ထောင်ခဲ့ပြီလေ။

**မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချီသည်။**

မြန်မာပြည် ငြိမ်းချမ်းပါစေ
သွေးစတွေ စိုလူး
အလံဦးမှာ ကိုယ့်အမည်ချိတ်လို့
ကြိုးစင်ရိပ်ဝယ်
ကျနော်တို့ တိုက်ပွဲဝင်နေပါတယ်။

ပိတ်မထားရသေးတဲ့
သားကြီးတို့ရဲ့ ကျောင်းစာအုပ်မှာ
ဒေါင်းရုပ်လေးတွေ သားငယ်ဆွဲတော့
မေမေ မျက်ရည်ဝဲရော့မယ်။

ရှစ်ဆယ့်ရှစ်ခုနှစ်ရဲ့
လက်နက် နဲ့ လွယ်အိတ် တိုက်ပွဲများ
မှုန်ဝါးပြာဝေ
ကမ္ဘာမကြေဘူး
ဘီလူး တခေတ်၊ ဒေါင်း တခေတ်။

တနေ့နေ့လေ
မသေသေးရင် ပြန်လာချင်တယ်
ရင်ခွင်မှာ ထွေးလို့ကြိုပါ မေမေရယ်။

မြန်မာပြည် ငြိမ်းချမ်းပါစေ
သွေးစတွေ စိုလူး
အလံဦးမှာ ကိုယ့်အမည်ချိတ်လို့
ကြိုးစင်ရိပ်ဝယ်
ကျနော်တို့ တိုက်ပွဲဝင်နေပါတယ်။ ။

(ရွှေဘုန်းလူ ၏ … မျှော်)




မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချိသည်။

# တာရာမင်းဝေနဲ့ သူ့မွေးစားအာပေ အကြောင်း

## မောင်စွမ်းရည်

တာရာမင်းဝေကို ကျနော် ပထမဆုံးသိပုံက ကဗျာဆရာတင်မိုးရဲ့ မွေးစားသားတယောက်အဖြစ်နဲ့ပါ။ 'တင်မိုးရဲ့ မွေးစားသား' တယောက်လို့ ပြောရတာက တင်မိုးမှာ မွေးစားသားတွေ အများကြီး ရှိနေလို့ပါပဲ။

တင်မိုးဟာ ထောင်ထဲမှာ ကျောင်းသားအရွယ် လူမမယ်ကလေးတွေ အများကြီးနဲ့ တွေ့ဆုံပေါင်းသင်းခဲ့ရပါတယ်။ လူငယ်လေးတွေကို တွေ့ရတဲ့အခါ ကလေးချစ်တတ်၊ ကျောင်းသား ချစ်တတ်တဲ့ တင်မိုးက အလွန်သနားဂရုဏာသက်မိပါတယ်။ သူ့ဒုက္ခသူမေ့ပြီး ကလေးတွေရဲ့ဒုက္ခကို အတတ်နိုင်ဆုံး ကူညီဖြေရှင်းပေးပါတယ်။ စားရေး သောက်ရေး ကျန်းမာရေး လူမှုဆက်ဆံရေး ပညာရေး စသည်တို့ကို အစွမ်းကုန် ကူညီပါတယ်။ ကလေးတွေကလည်း သူ့ကို မိရင်း၊ ဖရင်း ဆရာရင်းလို အောက်မေ့ပြီး သူ့အတွက်ဆို အသေခံရမလား ဆိုတာမျိုးအထိ ချစ်ခင်ကြပါတယ်။ သူတို့အချင်းချင်း သံယောဇဉ်က ထောင်အပြင်အထိ ပါလာခဲ့ပါတယ်။

တင်မိုးက စားစရာရှိရင် သူမစားဘဲ ကလေးတွေကို ကျွေးသလို၊ ကလေးတွေကလည်း ဆေးလိပ်လိုဟာမျိုးက အစ သူ့ကို အလွန်စုံမက်ပါလျက် သူတို့ဆရာကြီးအတွက် သိမ်းဆည်း ချွေတာ ရှာကြံပြီး ပေးကြပါတယ်။ ကလေးတွေမှာ စာသင်ပေးစရာရှိလည်း သင်ပေးပါတယ်။ ဆိုဆုံးမစရာရှိရင်လည်း ဆုံးမပါတယ်။ ကဗျာစပ်နည်းလိုဟာမျိုး သင်ပေးပါဆိုလည်း သင်ပေးပါတယ်။

ပျင်ရိပြီးငွေ့လာရင် တင်မိုးက သူ့မိသားစုအကြောင်း၊ သူ့ငယ်ဘဝမှာ ဆင်းဆင်းရဲရဲ ပညာရှာခဲ့ရပုံအကြောင်း၊ သူ့သူငယ်ချင်းများအကြောင်း စသည်တို့ကို အထပ်ထပ်အခါခါ ပြန်လည် ပြောပြလေ့ရှိပါတယ်။ ဒါကြောင့် ကလေးတွေက မောင်သာနိုး၊ မောင်စွမ်းရည်၊ ကြည်အောင် စတဲ့ တင်မိုးရဲ့ သူငယ်ချင်းတွေအကြောင်းကို 'ချေးခါး အူမ မကျန်' ဆိုသလို သိရှိရင်းနှီးနေကြပါတယ်။ ဒီလို သိရှိနေကြသူတွေထဲမှာ 'တာရာမင်းဝေ' လည်း ပါခဲ့ပါတယ်။

တာရာမင်းဝေ ထောင်ကလွတ်လာတော့ ကျနော်တို့ကို စိမ်းမနေပါဘူး။ အလွန်ရင်းနှီးတဲ့ ဦးကြီး၊ ဦးလေးတွေလို ဆက်ဆံပါတယ်။ သူ ထောင်ကလွတ်လာတော့ ရန်ကုန်တက္ကသိုလ်ကျောင်း၊ တောင်ဂူဆောင်ရှေ့၊ တောင်ပိန္နဲပင်အောက်က စာပေစကားဝိုင်းကို ရောက်လာတတ်ပါတယ်။ တင်မိုးက သူ့ကို ဇုစ်တောက် ဇုစ်တောက်နဲ့ဆဲဆိုရင်း သူ့ကို ပေါင်းပေါ်ဆွဲထိုင်ခိုင်းပြီး ပွေ့ဖက်ထားပါတယ်။ တာရာမင်းဝေရဲ့ပုခုံးကို မေးနဲ့ ဖိလိုက်၊ ကိုက်လိုက်၊ နမ်းလိုက်နဲ့ စကားတွေ ပြောမဝ ဖြစ်နေပါတယ်။ ပြီးမှ ကျနော်တို့နဲ့ မိတ်ဆက်ပေးပါတယ်။

အကယ်၍ တာရာမင်းဝေက သူ့အရင်လွတ်တာဆိုရင် ကျနော့်ဆီ တာရာမင်းဝေ အရင်ရောက်ရပါမယ်။ ကျနော့်ဆီကို စာအကြောင်း၊ ပေအကြောင်း လာပြောမယ်။ သူရဲ့ ငယ်ပေါင်းသူငယ်ချင်းလို ကျနော့်အကြောင်းတွေ ပြန်ပြန်ပြောမယ်။ တချို့ကလေးတွေဆိုရင် ကျနော့်ရည်းစားစာတို့၊ ကျနော် မေ့နေပြီဖြစ်တဲ့ ကျနော့်ငယ်လက်ရာ ကဗျာတို့ကိုတောင် ရွတ်ပြတတ်ပါတယ်။ တချို့ကို အဖွဲ့လိုက် စာသင်ပေးရပါတယ်။ ကိုယ်မနိုင်တဲ့ ဘာသာရပ်ကို သူများဆီကို လိုက်အပ်ပေးရပါတယ်။ အတန်းမအောင်သေးရင် မအောင်မခြင်း သင်ပေးဖို့ မှာပါတယ်။

တာရာမင်းဝေက ကျနော့်နာမည်ကိုမှုတည်ပြီး မန္တလေးစာပေသမားတွေကို ကလိတဲ့ ဆောင်းပါး တစောင်ရေးလိုက်တယ်လို့ ကြားရပါတယ်။ တင်မိုးက တာရာမင်းဝေ လာတော့ "ခွေးကောင်လေး … မင်းဘာသိလို့လဲ၊ လူကြီးတွေကို မကလိနဲ့ …" လို့ဆိုပြီး ဗိုက်ဆွဲလိမ်ပါတယ်။ တာရာမင်းဝေက တခွီးခွီးနဲ့ သဘောကျနေပါတယ်။

အဲဒီနေ့မှာ ကျနော် တက္ကသိုလ်စကားဝိုင်းထဲကစောပြီး အပြင်ထွက်လာတော့ ပြည်လမ်းမဖြတ်အကူးမှာ သမိုင်းဆရာ ကိုအေးချမ်း(ရခိုင်) နဲ့ တွေ့ပါတယ်။ (ကိုအေးချမ်းက ခုအခါ ဂျပန်မှာ သမိုင်းပါမောက္ခ ဒေါက်တာအေးချမ်း ဖြစ်နေပါတယ်)။ ကိုအေးချမ်းနဲ့နှုတ်ဆက်ရင်း "ခင်ဗျား တပည့် ရောက်နေတယ်" လို့ သတင်းပေးလိုက်ပါတယ်။ "ဘယ်သူလဲ" လို့ သူကမေးတော့ "တာရာမင်းဝေ" လို့ ပြောပြလိုက်ပါတယ်။ ထောင်ထဲမှာ ဆရာအေးချမ်းနဲ့ တာရာမင်းဝေ တို့ တွေ့ဆုံရင်းနှီးခဲ့ကြတယ် လို့ ကျနော် သိထားရလို့ ပြောပြလိုက်တာပါ။

"ကျနော့်ကို ကလိတဲ့ ဆောင်းပါးရေးလို့ တဲ့၊ ဆရာဂျမ်း(တင်မိုး)က ဆုံးမနေတယ်" လို့လည်း ကျနော်က ပြောပြလိုက်ပါတယ်။ ဆရာအေးချမ်းက "အောင်မယ်၊ ဒီအကောင် နေနှင့်အုံး၊ ဆုံးမရအုံးမယ် .." ဆိုပြီး သူတို့ ထောင်ဆွေမျိုးတွေ ဆုံဖို့ ဝမ်းပန်းတသာနဲ့ ပြေးပါတယ်။

မကြာခင် တာရာမင်းဝေ စာတွေ အများကြီးရေးလာတာတွေ့ရတော့ ကျနော်တို့ မီအောင်ရှာ

မဖတ်နိုင်တော့ပါဘူး။ တနေ့တော့ ကျနော် ရယ်၊ တင်မိုး ရယ်၊ ပန်းချီယဉ်မင်းပိုက် ရယ်၊ ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေအိမ်ကို သွားလည်ကြတယ်။ ခရစ်ယာန်သာသနာပိုင်ချုပ် အင်ဒရူး မြဟန် (ကဗျာဆရာ မောင်ပေါက်စည်၊ မန်းတက္ကသိုလ်)က ကားနဲ့လိုက်ပို့တာပါ။ အဲဒီကမှ ဦးထွန်းဝေကိုပါ ခေါ်ပြီး ပန်းချီ ကိုညိုဝင်းအိမ်ကို သွားကြပါတယ်။ မြောက်ဒဂုံထဲကို သွားတာပါ။ အဲဒီကမှ ထွက်လာပြီး မြောက်ဥက္ကလာလမ်းဆုံက စားသောက်ဆိုင်လေး ဝင်ရအောင်၊ သစ်ပင်အုပ်ကလေးနဲ့ သာယာတယ် ဆိုပြီးဝင်ကြတော့ တာရာမင်းဝေနဲ့ မိန်းကလေးတယောက် အေးအေးဆေးဆေး စားသောက်ဖို့ ထိုင်နေတာ တွေ့လိုက်ပါတယ်။ အဲဒါ သူနဲ့ရခါစ ဇနီးပါ။ တင်မိုးက အလျင်စလို ပြေးသွားပြီး တာရာမင်းဝေကို ပွေ့ဖက်နှုတ်ဆက်ပါတယ်။ သူတို့ ဇနီးမောင်နှံနဲ့ ကျနော်တို့တဖွဲ့လုံးနဲ့ မိတ်ဆက်ပေးပါတယ်။

တာရမင်းဝေရဲ့ဇနီးက ခရစ်ယာန်မကလေး လို့ဆိုတော့ ခရစ်ယာန်သာသနာပိုင်ချုပ်ကြီးဖြစ်သူ အင်ဒရူးမြဟန်က ဆုမွန်ကောင်းတွေတောင်းပြီး ဆုံးမပါတယ်။

"ငါတို့ တပည့်မကလေးကို ကောင်းကောင်း ပေါင်းသင်းပါ။ ငါ့တပည့်မကလေး စိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်ပါနဲ့၊ လုပ်ရင် ငါနဲ့တွေ့မယ် ..." စသည်ဖြင့် ရယ်မောနောက်ပြောင် ဆုံးမပြီး ဆရာတော်ကပဲ ဒကာခံလိုက်ပါတယ်။

အဲဒီတုန်းက ဆရာတော်က ဓာတ်ပုံရိုက်ပေးပါတယ်။ ကျနော်တို့တဖွဲ့လုံးနဲ့ တာရာမင်းဝေ ဇနီးမောင်နှံပုံ ကျနော့်အိမ်က ဓာတ်ပုံအယ်လ်ဘန် စာအုပ်ထဲမှာ ရှိရစ်ပါတယ်။

တာရာမင်းဝေရဲ့ဖခင်ဟာ ဖက်ဆစ်တော်လှန်ရေးသမား၊ နိုင်ငံရေးသမားဟောင်းကြီးတဦးလို့ သိရတဲ့အခါ တာရာမင်းဝေကို စိတ်ထဲက ပိုရင်းနှီးသွားမိပါတယ်။ နိုင်ငံရေးသမားဟောင်းကြီးတွေဆိုရင် ကိုယ့်ဦးကြီး ဦးလေးလိုပဲ ခင်လေ့ရှိပါတယ်။ ကိုအောင်ဒင်နဲ့လည်း ညီအကိုဆိုတာ သိလာရတော့ ဒီမိုကရေစီမိသားစုအဖြစ် ပိုမိုသံယောဇဉ် တွယ်ရပါတယ်။

နယူးယောက်မှာ 'ဆုံဆည်းရာ' စာအုပ်ဆိုင်ဆိုတာ ရှိပါတယ်။ နယူးယောက်ကို ရောက်ရှိတဲ့ စာပေသမားတိုင်း အဲဒီစာအုပ်ဆိုင်ကို ဝင်ကြပါတယ်။ တင်မိုးနဲ့ ကျနော် ရောက်ရင်လည်း အဲဒီမှာ တချိန်လုံး စာထိုင်ဖတ်ကြပါတယ်။ တင်မိုးက စာအုပ်ဆိုင်ပြတင်းပေါက်နားမှာ ဆေးလိပ်သောက်ရင်း စာဖတ်လေ့ရှိပါတယ်။ တာရာမင်းဝေ အသစ်တွေ့ရင် ကျနော်က သူ့ဆီသွားပေးပါတယ်။

"ရော့ ခင်ဗျားသားရဲ့စာ" လို့လည်း ပြောလေ့ရှိပါတယ်။ တခါတလေ လေး၊ ငါး အုပ် ပုံပေးလိုက်ပါတယ်။ တင်မိုးက "ဒီကောင်ရေးတာတော့ အသစ်အဆန်းတွေချည်းပဲ။ ဘာတွေမှန်းလည်း မသိဘူး" လို့ ဆိုလေ့ရှိပါတယ်။ "တော်တော်ရေးနိုင်တဲ့ ကောင်" လို့လည်း အမြဲ မှတ်ချက်ချပါတယ်။

များလွန်းလို့ ကျနော်လည်း စုံအောင် မဖတ်နိုင်ပါ။ ခုတော့ တာရာမင်းဝေလည်း ကွယ်လွန်ရှာပြီ။ သူ့မွေးစားအဖေလည်း ကွယ်လွန်ခဲ့ရှာပါပြီ။ ထောင်က အလျှိုလျှိုထွက်လာကြတဲ့ လူငယ်တွေဟာ တချို့က စာပေသမား မဟုတ်ကြပါ။ တင်မိုးနဲ့တွေ့ပြီး ကဗျာတွေ၊ စာတွေ ရေးချင်စိတ်ပေါ်လာပြီး ခုဆိုရင် ထောင်ထွက်စာရေးဆရာလေးတွေရဲ့စာတွေကို လိုက်ဖတ်လို့ မဆုံးနိုင်ပါ။ ပြည်တွင်းမှာ ရေးခွင့် မရှိပါ။

စာအုပ်ထုတ်ခွင့်လည်း မရှိပါ။ ပြည်ပမှာ ရေးကြ၊ ထုတ်ကြလို့ ဖတ်ရပါတယ်။

တာရာမင်းဝေနဲ့ တင်မိုးတို့ရဲ့ စာပေအုပ်စုဟာ ထောင်ထဲမှာ ဘယ်လိုနေခဲ့ကြပါသလဲ။ ဘယ်လို စာပေဆည်းပူးကြပါသလဲ။ သုတေသန ပြုကြရပါလိမ့်မယ်။ တာရာမင်းဝေရဲ့စာတွေကိုလည်း ပြန်လည် စုစည်း ဖတ်ရှုပြီး သူ့စာပေအယူအဆ၊ သူ့အရေးအသားကို လေ့လာပြီး စာတမ်းရေးကြရပါလိမ့်မယ်။ သူ့စာအမျိုးအစားဟာ ခေတ်တခေတ်ဖြစ်ခဲ့တယ်လို့ ထင်ပါတယ်။ သူ့စာအမျိုးအစားမှာ သူဟာ လွှမ်းမိုး ခဲ့တယ်လို့လည်း နားလည်ထားပါတယ်။ တနေ့တော့ တက္ကသိုလ်က စာတမ်းဖတ်ပါလိမ့်မယ်။

ကျနော် စိတ်ဝင်စားတာကတော့ တာရာမင်းဝေ အပါအဝင် ထောင်တွင်း စာပေလုလင်များဟာ သူတို့စာပေဘဝကို ဘယ်လိုပြုစုပျိုးထောင်ခဲ့ကြပါသလဲ။ တင်မိုးတို့လို၊ ဦးဝင်းတင်တို့လို လူကြီးတွေက ဘယ်လိုအခန်းက ပါခဲ့ကြပါသလဲ။

အဲဒီ ၂ ချက်ကို စိတ်ဝင်စားပါတယ်။ ။

(ဇူလိုင် ၁၇၊ ၂၀၀၉)

# ၈၈ ထဲက တယောက်

## ဇေမာင်ရစ်

၁၉၈၈ အရေးတော်ပုံမှာ အလွန်ငယ်ရွယ်၊ နုနယ်တဲ့ ကျောင်းသားလူငယ်တွေဟာ စစ်လက်နက် အပြည့်အစုံ၊ ရက်စက်ကြမ်းကြုတ်မှု ကမ်းကုန်တဲ့ စစ်အာဏာရှင်တွေကိုဖီဆန်လို့ တော်လှန်ခဲ့ကြပါ တယ်။ အဲသည် လက်နက်မဲ့တော်လှန်ရေးမှာ မိဘပြည်သူတွေဟာ လှိုင်းလုံးများသဖွယ် တဝုန်းဝုန်းနဲ့ ထကြွလာခဲ့ကြတယ်။ ယခုအချိန်အထိ စစ်အာဏာရှင်လက်အောက်က လွတ်မြောက်ဖို့ စခဲ့ကြရတဲ့ ခြေလှမ်းတွေ မဆုံးသေးပါ။ အဲသည် ခြေလှမ်းတွေနောက် ဆက်လျှောက်လာကြတဲ့ ရဲရင့်တဲ့ မျိုးဆက်သစ် လူငယ်တွေရဲ့ လက်ဆင့်ကမ်းခရီးကြမ်းကလည်း ရှေ့သို့ အမြင့်မားဆုံး ချီတက်နေဆဲပါပဲ။

ဟိုး လွန်ခဲ့တဲ့ အနှစ် ၂၀ တုန်းက ကျနော်တို့ တဦးကို တဦးလည်း မသိကြဘူး။ တဦးကို တဦးလည်း မရင်းနှီးကြပါဘူး။ သို့သော်လည်း တလှေတည်းစီး၊ တခရီးတည်းသွားကြတဲ့သူတွေအဖြစ် တဦးလက်မှာ တဦးအသက်ကိုအပ်ပြီး ချီတက်နေကြတယ်ဆိုတဲ့ ရဲဘော် ရဲဘက်စိတ်အပြည့်ဆိုတာကိုတော့ အခိုင်အမာ သိခဲ့တယ်။

ဥပမာ ကျောင်းသားညီလာခံတွေမှာ အနယ်နယ်အရပ်ရပ်က သမဂ္ဂ နဲ့ တပ်ဦး အသီးသီးက ချီတက်လာကြတဲ့ ကျောင်းသားလူငယ်တွေကို ညီအကိုမောင်နှမအရင်းတွေလို ပကတိအတိုင်း ခင်မင်ချစ်ခင်နေတာမျိုး။ ထောင်တွေ ရဲစခန်းတွေထဲမှာ ကြမ်းတပြေးထဲ၊ ကွပ်ပြစ်တခုထဲ ရင်ဘောင်တန်း နေထိုင်ရင်းမှာ သေအတူ ရှင်မကွဲ အကာအကွယ်ပေးရမယ့် သွေးသောက်သူပုန်တွေလိုမျိုး။ လမ်းပေါ်မှာ၊ ပြီးတော့ သေနတ်ပြောင်းတွေရှေ့ ချီတက်ကြတဲ့အခါ လက်ချင်းမြဲမြဲချိတ်လို့ အံတင်းတင်းကြိတ်လို့ ငါတို့ရဲဘော်တွေ ဒီနေရာမှာ တခါပဲ အတူတူသေကြမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးတွေနဲ့ တက်ကြွခဲ့ကြသလိုမျိုး ကျနော်တို့တတွေ အဲသည်လို ရဲဘော် ရဲဘက် စိတ်တွေနဲ့ ကျနော်တို့ အသက်ရှင်ခဲ့ကြတယ်။ အသက်ရှူခဲ့ကြတယ်။

အဲသည် အသိ၊ အဲသည် ယုံကြည်မှုနဲ့ အဲသည်ရဲ့ စိတ်ဓာတ်ဟာ အဲသည် ၁၉၈၈ အရေးတော်ပုံကြီးကနေ ကျနော်တို့ရဲ့ လိပ်ပြာထဲကို ချင်းနင်းရောက်ရှိခဲ့လို့ အဲသည်စိတ်ဓာတ်အမွေနဲ့ ကျနော်တို့တတွေ ချစ်ခင်လို့ ရဲရင့်လို့ သစ္စာတွေရှိလို့လာခဲ့ပါတယ်။

၁၉၈၈ နောက်ပိုင်းမှာ ကျနော်တို့တတွေ အရပ် ၁၀ မျက်နှာ ဘယ်နေရာ၊ ဘယ်ကမ္ဘာသို့ လွင့်စင်ကျရောက်ခဲ့ပါစေ၊ အဲသည် သံယောဇဉ်တွေဟာ မြဲမြဲခိုင်ခိုင်မြဲစွာ ကျနော်တို့ကို ချည်နှောင်ခဲ့တယ်။ ကျနော်တို့တတွေဟာ တခါဖူးမျှ မဆုံခဲ့ဖူးပါစေ။ တွေ့လိုက်ရတဲ့ခဏမှာ ၈၈ အရေးတော်ပုံတုန်းက ဖြတ်သန်းခဲ့ကြရတဲ့ ရဲဘော်တွေလို့ သိလိုက်ရတယ်ဆိုရင်ပဲ တမဟုတ်ချင်း နှစ်ပေါင်းများစွာက ငယ်ပေါင်းကြီးဖော်များပမာ ဖြစ်လို့သွားခဲ့ကြတာ ဘယ်လိုမှရှင်းပြလို့မလွယ်တဲ့ လှပတဲ့ခံစားမှုတခုပဲ ဖြစ်ပါတယ်။

အဲသည်လိုမျိုးနဲ့ ရွှေဘုန်းလူကို ကျနော်တို့ ချစ်ခင်ညီညွတ်ခဲ့တယ်။ အဲသည်လိုမျိုးနဲ့ တာရာမင်းဝေကို နားလည်ခံစားခဲ့တယ်။ အဲသည်လိုမျိုး ချစ်ခင်ညီညွတ်တဲ့ အဲသည်လိုမျိုး နားလည်ခံစားတဲ့ ၈၈ ထဲက လူတယောက် ရေးလိုက်တဲ့ အနုပညာတွေဆိုတာ အားလုံးကို ရပ်တန့် ငေးမောမိစေအောင် သြဇာကြီးစေခဲ့တာပေ့ါ လို့ နားလည်မိပါတယ်။

အဲသည်လိုမျိုးခံစားချက်တွေဆိုတာ နှစ်ကာလကြာလာသည်နှင့်အမျှ တဖြည်းဖြည်းချင်း ဖွံ့တည်လာ စွဲမြဲလာတာမျိုးပါ။ ၁၉၈၈ နဲ့ တဖြည်းဖြည်းဝေးလာတဲ့အခါ ကျနော်တို့တတွေ ကျနော်တို့ရောက်နေတဲ့နေရာလေးတွေမှာ အထီးကျန်သလိုဖြစ်ခဲ့ကြရတဲ့ ကာလတွေလည်း အများကြီးပါ။ အကျဉ်းထောင်ထဲက ရဲဘော်တွေ၊ နယ်စပ်ဒေသက ရဲဘော်တွေ၊ ကျဆုံးသွားတဲ့ ရဲဘော်တွေ ပြီးတော့ ကျနော်တို့လို လွင့်စင်ပျောက်ဆုံးသွားတဲ့ ရဲဘော်တွေဟာ တစိမ်းတွေကြားမှာ ခွန်အားတွေတင်းပြီး ရှင်သန်ခဲ့ကြတဲ့ ရက်တွေလည်း အများကြီးပါ။

ဒါပေမယ့် ၂၀၀၄ ခုနှစ်ကာလများမှာ အကျဉ်းထောင်ထဲက ကျနော်တို့ရဲ့ ကျောင်းသားလူငယ်တွေ နှစ်ပေါင်းများစွာ အကျဉ်းကျနေရာက လွတ်မြောက်လာကြတဲ့အချိန်ကစပြီး ကျနော်တို့ရှေ့က ရဲဘော်ကြီးတွေ (မင်းကိုနိုင်၊ ကိုကိုကြီး၊ ဂျင်မီ၊ လှမျိုးနောင်၊ ကိုဒွေးကြွယ် အစရှိတဲ့ ...) အကျဉ်းထောင်အသီးသီးက ထွက်လျှောက်လာကြတဲ့ အချိန်ကစပြီး အဲသည် 'လိပ်ပြာ' ဟာ ကျနော်တို့အားလုံးရင်ထဲမှာ ပိုမိုပြင်းထန်စွာ နိုးထလို့လာခဲ့ကြတယ် ထင်ပါတယ်။

❖ ❖ ❖

**မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချီသည်။**

'၈၈ မျိုးဆက် ကျောင်းသား ...' လို့ သူတို့တတွေက လူသိရှင်ကြား မော်ကွန်းထိုးပြီး ရဲရဲဝံ့ဝံ့ ထုတ်ဖော်ခံယူပြလိုက်တာဟာ ကျနော်တို့တတွေအားလုံး တစစီကွဲကွာနေကြတဲ့ ညီအကို မောင်နှမတွေကို ရဲဘော် ရဲဘက်တွေအဖြစ် အသစ်တဖန် သွေးသစ်လောင်းလိုက်သလိုပါပဲ။ မြန်မာပြည်တနံ့တလျားမှာ၊ မြန်မာပြည်ပြင်ပ ကစင့်ကလျားမှာရောက်ရှိနေကြတဲ့ ၁၉၈၈ အရေးတော်ပုံက ကျောင်းသားလူငယ်တွေဟာ ရောက်တဲ့နေရာက ချက်ချင်းကို မတ်မတ်ထရပ်လို့ ကျနော်တို့ ရဲဘော်တွေ အချင်းချင်း ပြန်လည်လို့ ရှာဖွေတွေ့ရှိခဲ့ပေါ့။

ကျနော်တို့ အဲသည်အချိန်မှာ ပြန်စဉ်းစားမိလိုက်တာက ငါတို့တတွေ နေရာဒေသအသီးသီးမှာ ဘယ်လောက်ပဲ ဝေးကွာနေနေ၊ ကွဲကွာနေနေ ငါတို့တတွေဟာ တလှေတည်းစီး တခရီးတည်း သွားနေကြတဲ့ ရဲဘော်မိတ်ဆွေတွေပါလား ဆိုတာပါပဲ။ ၈၈ မျိုးဆက်တွေထဲမှာ ထောင်ထွက်တွေ၊ သူပုန်တွေ၊ ဝရမ်းပြေးတွေအပြင် ကဗျာဆရာ၊ စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ၊ ဈေးသည်၊ ဝန်ထမ်း၊ လုပ်ငန်းရှင်နဲ့ ဘဝမျိုးစုံ အဖုံဖုံနဲ့ ဘယ်လိုပဲ ရုပ်ဖျက်လို့ ဖုံးကွယ်ထားပါစေ။ ငါတို့တတွေဟာ ၈၈ တွေပါလား ဆိုတဲ့ အသိလိပ်ပြာဟာ ပိုလို့ ခိုင်မာသွားပါတော့တယ်။

၂၀၀၇ ဩဂုတ်လ ၅ ရက်မှာ ရွှေဘုန်းလူ (တာရာမင်းဝေ) ကွယ်လွန်တယ်။

၈၈ မျိုးဆက် ကျောင်းသားလူငယ်များ တစုတဝေးတည်း ရပ်တည်ကြပြီး သူတို့ရဲ့ ရဲဘော်ရဲ့ နောက်ဆုံးခရီးကို ပို့ဆောင်နှုတ်ဆက်ကြတယ်။ ရပ်နီး ရပ်ဝေးက ၈၈ ခွပ်ဒေါင်းတွေဟာ သူတို့သိတဲ့ ရွှေဘုန်းလူ၊ သူတို့ခင်တဲ့ တာရာမင်းဝေကို သူတို့ရဲ့ ရဲဘော် ၈၈ ထဲက တယောက်အဖြစ်နဲ့ ဝမ်းနည်းခြင်း အထိမ်းအမှတ်ပြုကြတယ်။ အဲသည်မှာ ကျနော် ပြန်လည်ခံစားလို့ရတာက ၈၈ အရေးတော်ပုံကြီးမှာ အချင်းချင်း လက်တွဲညီညွတ် ရဲဝံ့စွန့်စား စိတ်ကူးယဉ်ခဲ့ကြဖူးတဲ့ ရဲဘော်ရဲဘက် ဆိုတဲ့ စိတ်ကူးလိပ်ပြာ ဖြစ်ပါတယ်။ ပြီးတော့ ၈၈ က ရွှေဘုန်းလူ တဖြစ်လဲ ကဗျာဆရာ တာရာမင်းဝေ အမည်နဲ့ လက်ဆင့်ကမ်းလိုက်တဲ့ သူ့အနုပညာအလင်းရောင်အောက်မှာ သူရဲ့ ချစ်ခင်သူ လူငယ်ပရိသတ်တွေကိုလည်း ကျနော်တို့ရဲ့ ရင်ခုန်သံချင်းတူတဲ့ ညီအကို မောင်နှမတွေလိုမျိုး ရှာဖွေတွေ့ရှိလိုက်ပါတယ်။

သူက နောက်ဆုံး ကဗျာတပုဒ်မှာ ရေးခဲ့တယ်။ သူရဲ့ အထုပ္ပတ္တိကို ဖွင့်ကြည့်တယ် တဲ့။ ရေထဲကို ခဲကျသလို၊ ရေထဲက ငါး ခုန်တက်လာသလိုမျိုး တဲ့။ 'ပလုံ' တဲ့။ ကျနော့်အနေနဲ့ သူ့ကို အဲသလိုမျိုး မမြင်ပါ။ ၈၈ ထဲက တယောက် ... ပြီးတော့ ရွှေဘုန်းလူ အတွက် ... ကျနော်တို့တွေမှာ လက်ဆင့်ကမ်းတဲ့ဂယက်တွေနဲ့ ကျန်ရစ်ခဲ့တယ်လို့ ယုံပါတယ်။ ဘာကြောင့်ဆိုတော့ ၈၈ ထဲက တယောက်မို့လို့ပါ။

ကျနော်ကတော့ ၈၈ ထဲက တယောက်ကို ပေးလိုက်စရာ ကဗျာတပုဒ်ပဲ ရှိပါတယ်။

၂၀၀၈ က ရေးခဲ့တဲ့ ကဗျာပါ။

❖ ❖ ❖

၈၈ သစ်ပင်
ဩဂုတ် ၈၊ ၂၀၀၈

အဲသည်တုန်းက
သူတို့မှာ ပေးစရာဆိုလို့
အသက်ပဲ ရှိတယ်။


သူတို့မှာ စွန့်စရာ
ခန္ဓာပဲ ရှိတယ်။

အဲဒါကို
အကုန်လုံး မြှုပ်နှံလို့
အဲဒီက အရေးတော်ပုံမှာ
သူတို့ကိုယ် သူတို့
ခြေစုံပစ် ချီတက်ခဲ့ကြ။

သူတို့ သွေးတွေ
သူတို့ အသက်တွေနဲ့
သူတို့ စိုက်ခဲ့တဲ့ သစ်ပင်
အဲဒီက ရှင်သန်လာတဲ့ ...
၈၈ အရေးတော်ပုံ သစ်ပင်။

ငါတို့ ...
သင်တို့ အရိပ်အောက်မှာ
သင်တို့ ခြေရင်းမှာ
ငါတို့ အလေးပြုလိုက်ပါတယ်။ ။

(ဇူလိုင် ၂၀၊ ၂၀၀၉)




## ကျေးဇူး မှတ်တမ်း

တာရာမင်းဝေ ကွယ်လွန်ခြင်း ၂ နှစ်ပြည့် အမှတ်တရအဖြစ် ဒီစာအုပ်ကလေးကို စီစဉ်ထုတ်ဝေလိုက်ပါတယ်။ ၂၀၀၇ ဩဂုတ်စ် ၅၊ သူ ကွယ်လွန်ချိန်ကတည်းက စီစဉ်ဖို့ဆန္ဒရှိခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် တာဝန်မကျေခဲ့ပါ။ ခုတော့ ထုတ်ဝေဖြစ်ပါပြီ။

တာရာမင်းဝေ ကို ချစ်တဲ့လူတွေရှိကြသလို မုန်းတဲ့လူတွေလည်း ရှိကြမှာပါ။ သူ့ကို သတိရနေကြတဲ့လူတွေရှိသလို မေ့ပျောက်ထားချင်တဲ့လူတွေလည်း ရှိကြမှာပါ။ သူဟာ လူအားလုံးအတွက် တာဝန်ကျေနိုင်ခဲ့သူမဟုတ်တာ သေချာပါတယ်။ ဒါပေမယ့် သူ့ကြောင့် နာကျင်ခဲ့ရသူတွေတော့ သိတ်များများ ရှိမယ်မထင်ပါ။ သူဟာ သူ့ကို မုန်းတဲ့လူတွေကိုတောင် နာကျင်အောင် တုံ့ပြန်ရက်သူမဟုတ်ပါ။ သူ့ကို ချစ်တဲ့လူတွေအတွက် ဒီစာအုပ်ကလေးဟာ အလွမ်းပြေစရာ ဖြစ်ပါလိမ့်မယ်။ သူ့ကြောင့် နာကျင်ခံစားခဲ့သူတွေအတွက်လည်း ဒီစာအုပ်ကလေးဟာ မျက်ဖြေလက်ဆောင်ဖြစ်ပါစေ လို့ ဆုတောင်းပါတယ်။

**မိုးမခ စာနယ်ဇင်းအဖွဲ့က ထုတ်ဝေဖြန့်ချီသည်။**

သံယောဇဉ်ကြီးမားစွာနဲ့ အမှတ်တရ ကဗျာ စာစုများ ပါဝင်ရေးသားကြသူအားလုံးကို ကျေးဇူး အထူးတင်ရှိကြောင်း ပြောပါရစေ။ တချို့က သူ့ကို ရွှေဘုန်းလူအနေနဲ့ သိကျွမ်းခဲ့ကြပြီး တချို့ကတော့ သူ့ကို တာရာမင်းဝေ အဖြစ် ရင်းနှီးခဲ့ကြ၊ သူ့ကဗျာများ၊ ဝတ္ထုများကို နှစ်သက်ခဲ့ကြသူတွေပါ။ တချို့ ကတော့ သူ့ကို ရွှေဘုန်းလူ အနေနဲ့ရော၊ တာရာမင်းဝေ အဖြစ်နဲ့ပါ ဘဝနှစ်ခုစလုံးနဲ့ ပတ်သက်ခဲ့ကြ သူတွေပါ။ သူတို့ရဲ့ ပါဝင်ရေးသားမှုကြောင့်သာ ဒီစာအုပ်ကလေး အသက်ဝင်လာတာပါ။ အချိန်တိုတို အတွင်းမှာ တက်သုတ်ရိုက် စီစဉ်ရတာမို့ အချို့ရင်းနှီးသူများထံ စာမူ မတောင်းနိုင်ခဲ့တဲ့အတွက် တောင်းပန်ပါရစေ။

မျက်နှာဖုံး ဒီဇိုင်းရေးဆွဲပေးတဲ့ ပန်းချီဆရာ ကိုသန်းဌေးမောင်ကိုလည်း ကျေးဇူးတင်ရပါတယ်။ စာအုပ်အတွင်းမှာ သူ့ပန်းချီကားတွေ သုံးဖို့ခွင့်ပြုတဲ့ ထိန်ထိန် (ပန်းချီ ထိန်လင်း) ကိုလည်း ကျေးဇူး တင်ပါရစေ။ စာအုပ်ဖြစ်မြောက်အောင် ဖွဲ့စည်းပြင်ဆင်ပေးတဲ့ ကိုမောင်ရစ်၊ ကိုဦး၊ မသဉ္ဇာ နဲ့ မိုးမခ အဖွဲ့သားများကိုလည်း မမေ့မလျော့ မှတ်တမ်းတင်ရပါတယ်။ တာရာမင်းဝေရဲ့ ကဗျာတွေ၊ စာမူတွေကို စနစ်တကျ စုစည်းထားတဲ့ စိုးညီညီ (ခေလွန်း) ကိုလည်း အထူးကျေးဇူးတင်ရပါတယ်။ စာမူတွေကို စာလုံးပေါင်း၊ သတ်ပုံစစ်ပေးတဲ့ မမငြိမ်း ကိုလည်း မှတ်တမ်းတင်ရမှာပါ။ နောက်ဆုံးမှရောက်လာတဲ့ စာမူတချို့ (ဆရာ မောင်စွမ်းရည်၊ မောင်ရစ်၊ ပန်းချီ ထိန်လင်း နဲ့ ဒီ ကျေးဇူး မှတ်တမ်း) ကို စာလုံးပေါင်း၊ သတ်ပုံ စစ်ချိန်မရခဲ့ပါ။ ကိုမှတ်သုန်၊ ကိုမောင်နီ၊ ကိုဘိုဘိုထွန်းတို့၏ ပန်းချီကားများ နှင့် ခေလွန်း၊ မိုးလှိုင်ညာ၊ ကိုဖြိုး တို့ရဲ့ ကဗျာများအတွက်လည်း ခွင့်ပြုချက် မတောင်းနိုင်ခဲ့ပါ။

တာရာမင်းဝေရဲ့ နောက်ဆုံးအချိန်တွေမှာ အနီးကပ်စောင့်ရှောက်ခဲ့ပြီး ဈာပန အစီအစဉ် လုပ အောင် ဝိုင်းဝန်းခဲ့ကြတဲ့ သူငယ်ချင်းများအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင် လွမ်းဆွတ်မိပါတယ်။ အတော်များများဟာ မတရားသဖြင့် အကျဉ်းချခံနေကြရတာမို့ သူတို့အကျဉ်းထောင်များက အမြန်ဆုံး ပြန်လွတ်ကြပါစေ လို့လည်း ဆုတောင်းပါတယ်။

ကဗျာရေးဖို့လူဖြစ်လာတာမို့ တမလွန်မှာလည်း သူ ကဗျာတွေ ဆက်ရေးနေမှာပါပဲ။ တမလွန် မှာဆက်ရေးနေမယ့် သူ့ရဲ့ကဗျာတွေကို ကျနော်တို့ ဖတ်ခွင့်မရှိတော့ပါ။ အနှစ် ၄၀ နေခဲ့တဲ့ဘဝမှာ သူ ချန်ထားရစ်ခဲ့တဲ့ကဗျာတွေနဲ့ပဲ သူ့ကို လွမ်းဆွတ်နေရပါတော့မယ်။ ရွှေဘုန်းလူ (ခေါ် ) တာရာမင်းဝေ တမလွန်မှာ ငြိမ်းချမ်းပါစေ။ ။

မေတ္တာဖြင့် ...

**အောင်ဒင်**
**ဩဂုတ် ၅၊ ၂၀၀၉**




'ပလို'

ရေထဲကို ခဲကျသွားတာလည်း ဖြစ်နိုင်တယ် ...
ရေထဲက ငါး ခုန်တက်လာတာလည်း ဖြစ်နိုင်တယ်။

တနေ့မှာ ငါ့ အတ္ထုပ္ပတ္တိကို ငါ ဖွင့်ကြည့်လိုက်တယ် ...
ဘယ်လိုဖြစ်သွားသလဲ မသိဘူး။

တာရာမင်းဝေ

'ပလို'

## မိုးမခမီဒီယာ က ထုတ်ဝေခဲ့သည့် စာအုပ်နှင့် မှတ်တမ်းများ စာရင်း

၁။ မိုးမခ ရေဒီယို – တင်မိုးနဲ့ ၁၂ လရာသီ ခံစားမှုများ၊ အသံသွင်းအင်တာဗျူး စုစည်းမှုများ၊ ၂၀၀၄

၂။ မိုးမခ ရေဒီယို – ၂၀၀၄ ခုနှစ် အပတ်စဉ် အစီအစဉ်များ အသံဖိုင်ပေါင်းချုပ်၊ ၂၀၀၅

၃။ ဇာဂနာ – သီးလေးသီးနဲ့ ဆေးရောင်စုံအငြိမ့် – ဒီဗီဒီ ရုပ်သံခွေ၊ ၂၀၀၆

၄။ မိုးမခ မီဒီယာ – လစဉ်သတင်းလွှာများ ၂၀၀၆ ပေါင်းချုပ် – ပီဒီအက်ဖ် စီဒီ၊ ၂၀၀၇

၅။ ဇာဂနာ – ၁၉၉၀ သင်္ကြန် သံချပ်များ – စီဒီ ရုပ်သံခွေ၊ ၂၀၀၇

၆။ ၂၀၀၇ သံဃာ့သပိတ် အရေးတော်ပုံ ဓာတ်ပုံမှတ်တမ်းများ – ပီဒီအက်ဖ် စီဒီ၊ ၂၀၀၇

၇။ ၂၀၀၇ သံဃာ့သပိတ် အရေးတော်ပုံ အမှတ်တရ တေးသီချင်း၊ ကဗျာ မှတ်တမ်းများ – ဒီဗီဒီ ရုပ်သံခွေ၊ ၂၀၀၇

၈။ ကဗျာဆရာကြီး ဦးတင်မိုး ကွယ်လွန်ခြင်း ၁ လ ပြည့်၊ ဖလ်မီးအိမ်သို့ အလွမ်းစာ စာစုများ – စာအုပ်၊ ၂၀၀၇

၉။ ကဗျာဆရာကြီး ဦးတင်မိုး ကွယ်လွန်ခြင်း ၆ လ ပြည့်၊ စာပေဆွေးနွေးပွဲ အထိမ်းအမှတ် – စာအုပ်၊ ၂၀၀၇

၁၀။ မိုးမခ မီဒီယာ – ကြေးမုံ ဦးသောင်း (အောင်ဗလ) ကွယ်လွန်ခြင်း၊ အမှတ်တရ စာစုများ – စာအုပ်၊ ၂၀၀၈

၁၁။ သီးလေးသီးနဲ့ ဆေးရောင်စုံ အငြိမ့်၊ ကန်တော်ကြီး မျှော်စင်ကျွန်းပွဲ ၂၀၀၇ – ဒီဗီဒီ ရုပ်သံခွေ၊ ၂၀၀၈

၁၂။ မိုးမခ မီဒီယာ – ဒေါ်အောင်ဆန်းစုကြည် ၆၃ နှစ်မြောက်မွေးနေ့ပွဲ ဒေါ်မာမာအေး ဂုဏ်ပြုအစီအစဉ် – ဒီဗီဒီ ရုပ်သံခွေ၊ ၂၀၀၈

၁၃။ မိုးမခ မီဒီယာ – ဟံသာဝတီ ဦးဝင်းတင် နှင့် စာနယ်ဇင်းဆောင်းပါးများ – စာအုပ်၊ ၂၀၀၈

၁၄။ မိုးမခ မီဒီယာ – မာမာအေး ဖောင်းဒေးရှင်းရန်ပုံငွေ – သီချင်းစီဒီ – ၂၀၀၈

(အမျိုးသားရေးသီချင်းသစ်များ နှင့် နိုင်ငံတော်သီချင်း ပြန်လည်ထုတ်ဖော်မှု)

ယခု

၁၅။ မိုးမခ မီဒီယာ – တာရာမင်းဝေ အမှတ်တရ စာစုများ – စာအုပ်၊ ၂၀၀၉

ဆက်သွယ်ရန် – မိုးမခ ရေဒီယို နဲ့ မီဒီယာ၊ စာတိုက်သေတ္တာအမှတ် ၃၂၀-၂၀၇

ဆန်ဖရန်စစ္စကိုမြို့၊ ကယ်လီဖိုးနီးယား၊ ယူအက်စ်အေ၊ ၉၄၁၃၂-၀၂၀၇၊

အင်တာနက်လိပ်စာ – မိုးမခ ဒေါ့ကွန်း



# ပလုံ -

' ပလုံ '

ရေထဲကို ခဲကျသွားတာလည်း ဖြစ်နိုင်တယ် -
ရေအောက်က ငါးရှူ့တက်လာတာလည်း ဖြစ်နိုင်တယ်..

တစ်နေ့မှာ ငါ့ အဆွေးပုဂ္ဂိုလ်ကို ဂါဖွင့်ကြည့်လိုက်တယ်..
ဘယ်လိုဖြစ်သွားသလဲမသိဘူး

' ပလုံ '

<တာရာမှိုင်းဝေ>